ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၀ အရဆိုလျှင်၊ မူလအမှုတွင် အမှုသည်အဖြစ်ပါဝင်ပြီး၊ အယူခံအမှုတွင်အမှုသည်အဖြစ် မပါဝင်သော သူတဦးတယောက်အား၊ ထိုသူသည် အယူခံမှု အဆုံးအဖြတ်နှင့် သက်ဆိုင်သေးလျှင်၊ ထိုသူအား အမှုသည်အဖြစ် ထည့်သွင်း၍ အမှုကုစီရင်ဆုံးဖြတ်နိုင်သည်။ ။ဘီ၊ပီ၊အာ(ရ်)၊ဗီ၊ချတ်ကလင်ကာ ချစ်တီးနှင့် ဆီသဲအာချား၊ ရန်ကုန် စီရင်ထုံးများ အတွဲ ၆၊ စာမျက်နှာ (၂၉)၊ ပရိဗီကောင်စီကို ရည်ညွှန်းသည်။ ။မဿန်းမေနှင့် မဟာမက်အီစုပ်၊ ရန်ကုန်စီရင်ထုံး အတွဲ ၉၊ စာမျက်နှာ (၆၂၄)။ ။စိန်ဒတ်(စ်)နှင့် လခါးချီး၊ ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာမျက်နှာ (၆၉၃) တို့ကိုသဘောတူလက်ခံသည်။ ။တရားမကျင့်ထုံးအမိန့် ၁၊ နည်းဥပဒေ ၁၀(၅) အရ၊ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ၊ ဆိပ်ကမ်းအရာရှိအား အယူခံတရားခံအဖြစ်ထည့်သွင်းခြင်း မပြုနိုင်ပေ။ ။တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၃၃ အရ၊ အယူခံရုံးတော်သို့ အပ်နှင်းသည့်အာဏာများသည် အလွန်မှပင် ကျယ်ဝန်းပေ၏။ သို့သော် ထိုအာဏာများက် အသုံးပြုရာ၌၊ တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၂၀၊ ထိုပြင် တရားမကျင့်ထုံး ပုဒ်မ ၁၀၇ နှင့် အမိန့် ၁၊ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာလျှင် အသုံးပြုသင့်ပေသည်။ ယင်းသို့အသုံးပြုလျှင်၊ အဆိုပါ ပြဋ္ဌာန်းချက်များ အားလုံးအရပင် ကာလစည်းကမ်းသတ်ကို ဂရုမမူပြုရမည်။ အကြောင်းမူကား၊ ကာလစည်းကမ်းသတ်အား ဖြင့် ရရှိပြီးဖြစ်သော အတိုးထိုက်တန်လှသည့် အခွင့်အရေးကို တရားရုံးတော်က ပေါ့ပေါ့တန်တန်ဖျက်သိမ်းခြင်းမပြုအပ်၊ မပြုသင့်သောကြောင့်တည်း။ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၃၃ ပါ အာဏာများကို အသုံးပြုရာ၌၊ ကာလစည်းကမ်းသတ်ကို ကျော်လွန်နိုင်သည်ဆိုစေကာမူ၊ အယူခံတရားလိုပေါ်လျော်မှုမရှိဘဲလျက်၊ အကြောင်းတခုခုကြောင့် အယူခံ တရားလိုမှာ မဆုံးရှုံးမနစ်နာသင့်ဘဲ ဆုံးရှုံးနစ်နာမည်ဖြစ်ကြောင်းကို ရုံးတော်က တွေ့ရှိမှသာလျှင် ထိုအာဏာကို အသုံးပြုသင့်ကြောင်း၊ ပြုသင့်ပေမည်။ ။ထိုပြဋ္ဌာန်း ချက်များ၏ ရည်ရွယ်ရင်းမှာ တရားစီရင်ရေး ကမောက်ကမ ဖြစ်ခြင်းမှ ထိန်းသိမ်းကာကွယ်ရန် အတွက် ဖြစ်

PAGE

ဟန်တူသည်။ ။တရားလွှတ်တော်က ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိအား၊ အယူခံတရားခံအဖြစ် ထည့်သွင်းပြီး၊ ၎င်းအပေါ်၌ ဒီကရီချမှတ်ခြင်းမှာအထင်အရှားမှားယွင်းသည်။

စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိနှင့် ရခိုင်တိုင်းသယ်ယူပို့ဆောင်ရေးဆင်ဒီကိတ် အဖွဲ့ပါ ၃ .... ၁၉

နေအိမ်ကိုငှါးရမ်းခြင်း၊ မည်သည့်အခါ လစဉ် စံနှစ်ဖြင့် ငှါးရမ်းသည်ဟု ယူဆရမည် ဖြစ်ခြင်း၊ ကာလ အပိုင်းအခြားဖြင့် ငှါးရမ်းသည် မဟုတ်လျှင်၊ လစဉ် ငှါးစံနှစ်ဖြင့် ငှါးရမ်းသည်ဟု ယူဆရပေမည် ၂၂၉

နိုင်ငံခြားမှ မှာသော စက်ပစ္စည်းနှင့် ရောက်ရှိလာသော စက်ပစ္စည်းအဆင်နှင့်တန်ဘိုးမတူသည့်ကိစ္စ။ ။မရိုးသား မဖြောင့်မတ်သော စိတ်ထားနှင့် ပြုလုပ်ခြင်းနှင့် မှာယူသူနှင့် ကုန်ပို့သူ ပူးပေါင်းဆောင်ရွက်ခြင်းဟု မယူဆ နိုင်သည့် အချက်။ ။လျှောက်ထားသူသည်၊ မိမိ၏ ရေကြောင်းသယ်ယူရေး၊ စီးပွါးရေး လုပ်ငန်းတွင် အသုံးပြုရန်အတွက်၊ ဒီဇယ်ရေကြောင်း စက်ငါးလုံးနှင့် လိုအပ်သော ပစ္စည်းများကို သွင်းကုန် လိုင်စင်ဖြင့် ဟောင်ကောင်မြို့မှမှာယူရာ၊ အဆိုပါ ပစ္စည်းများရောက်ရှိ၍ ရန်ကုန်ဆိပ်ကမ်းတွင် အကောက်တော်အရာရှိများက ဖွင့်လှစ်စစ်ဆေးကြည့်ရှုသောအခါ၊ သက်ဆိုင်သော စာရွက်စာတမ်းများတွင်ဖော်ပြထားသော သင်္ဘော စက်များမဟုတ်ဘဲ၊ တခြားအမေရိကန်စက်များမှ အစိတ်အပိုင်းများကိုအသုံးပြု၍ တပ်ဆင်ထားသော စက်ဟောင်းများဖြစ်ပြီးလျှင် ကုန်မှာစာရင်းတွင် ပါရှိသော အင်္ဂလိပ်တိုင်းပြည်တွင် ပြုလုပ်သည့် စက်များမဟုတ်ကြောင်း တွေ့ရှိသည့်အပြင်၊ လျှောက်ထားသူက ကုန်ပို့သူများထံ ပေးပို့ထားသော နိုင်ငံခြားငွေ၏ ၁/၄ လောက်မျှ တန်သော ပစ္စည်းများဖြစ်ကြောင်း တွေ့ရှိရသည့်အတွက်၊ နိုင်ငံခြားငွေ ပိုမိုရှိ နိုင်ငံခြားသို့ ပေးပို့လိုသောကြောင့် စက်ဟောင်းများကို မှာယူပြီး အင်္ဂလိပ်ပြည်လုပ် သင်္ဘောစက်အသစ်များ၏ တန်ဘိုးများကို လိမ်လည်ပေးပို့သည်ဟု ယူဆ၍၊ လျှောက်ထားသူ အပေါ်တွင် ဒဏ်ငွေ ၅၉,၀၀၀ ကျပ် အကောက်တော် မင်းကြီးက အမိန့်ချမှတ်လေသည်။ ။**ဆုံးဖြတ်ချက်**။ ။လျှောက်ထားသူသည်၊ မိမိထံ ရရှိထားသော ကုန်တင်စာရင်းများတွင် ပါရှိသည့်အတိုင်း၊ ကုန်စာရင်းပြုလုပ်၍ အကောက်တော်ဌာနသို့ တင်သွင်းခြင်းမှာ မရိုးသား မဖြောင့်မတ်သော စိတ်ထားနှင့် ပြုလုပ်ခြင်းမဟုတ်ဟု ယူဆသင့်သည်။ ရောက်ရှိလာသော ကုန်ပစ္စည်းများမှာ မိမိမှာယူသော ကုန်ပစ္စည်းများနှင့် အဆင်မတူ၊ တန်ဘိုးမတူဟူသော ကိစ္စသည်ကား၊ ကုန်မှာယူသောလျှောက်ထားသူနှင့် ကုန်ပို့သော ဟောင်ကောင်မြို့ရှိ ကုမ္ပဏီတို့၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ဖြစ်သည်ယု ယူဆစရာ အကြောင်း မည်သို့မျှ မရှိချေ။ ။သလ္လာဝတီ ကုမ္ပဏီ လီမိတက်နှင့် ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီး ပါ ၂။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ (တရားလွှတ်တော် ချုပ်) စာမျက်နှာ ၁၃၆ ကို ရည်ညွှန်းသည်။

ဦးကျင်ဟုတ်နှင့် ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီး ပါ ၃.... .... ၆၃

PAGE

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄၊ ချေပလွှာကိုပြင်ဆင်ရန် လျှောက်လွှာကို ပယ်ချ၍ အမှုခေါ် စာချုန်တော် လျှောက်ထားခြင်း၊ အယူခံ ငြင်းချက်အဖြစ် ထည့်သွင်းနိုင်ခြင်း၊ စောဒကဝင်နိုင်ခြင်းတို့ကြောင့် အမှုခေါ် စာချုန် တော်ထုတ်ပေးမည်မဟုတ် ၂၂၆

ပဋိညာဉ် အက်ဥပဒေပုဒ်မ ၅၆၊ ယစ်မျိုးလိုင်စင်ကို ရောင်းသည့်ကိစ္စနှင့် မဆိုင် ၂၂၂

ပင်လယ်ရေကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၉ နှင့် ၁၆၇ (၈)၊ သွင်းကုန် လုပ်သူ၏ သွင်းကုန် လုပ်ငန်း မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးမှ ရောက်ရှိလာသော ကုန်များအပေါ် ဒဏ်ငွေချိုက်ခြင်း ဥပဒေအရ အရေးယူနိုင်ခြင်းကိစ္စ ၅၉

ပင်လယ်ရေကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) နှင့် (၃၇) နိုင်ငံခြားမှ မှာသော စက်ပစ္စည်းနှင့် ရောက်ရှိလာသောစက်ပစ္စည်း အဆင်နှင့် တန်ဘိုးမတူသည့်ကိစ္စ ၆၃

ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေ ပုဒ်မ ၄၂ (၃) " အပြီးသတ် အတည် ဖြစ်စေရမည် " ဟု ဆိုသော စကားရပ် တရားလွှတ်တော်ချုပ်၏ ကြီးကြပ်ရေး အာဏာကို ချုတ်ချယ်ပိတ်ပင်ခြင်းမပြုနိုင် ၂၀၇

ပိုင်ရှင်နှင့်အိမ်ငှါး—အိပ်ခန်းတခုကို ပိုင်ရှင်က အိမ်ငှါးအား၊ ငှါးရမ်းသည် ရှိသော် ထိုအခန်းသို့ ဝင်ရောက်ရန်အတွက် လိုအပ်သောတံခါး၊ လမ်းပေါက်၊ လှေခါး စသည်တို့ကို အသုံးပြုသည့် ကိစ္စများလည်း ပါဝင်သည်။ ထိုအပေါက်၊ လှေခါး တို့ကို အိမ်ငှါးအသုံးပြုခြင်းကို အိမ်ရှင်က တားမြစ်ခွင့် မရှိ ၁၆၉

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄—

ငင်းပုဒ်မကို ပြဋ္ဌာန်းခြင်းအကြောင်း—ရွေးကောက်ပွဲ ခံတော်အဖွဲ့—တရားရုံး စစ်စစ် မဖြစ်သော်လည်း၊ လွှတ်တော်ချုပ်က ကြီးကြပ် ကြည့်ရှုရမည့် " တရားမှု " တခုဖြစ်သည် ၂၀၇

ပြည်နှင့်ဒဏ်နှင့် ထုချေခွင့်ကိစ္စ၊ ထုချေခွင့်မပေးသည့်အတွက်၊ အမိန့်များ ပျက်ပျယ်ခြင်း။ ထုချေခွင့်ပေးရာတွင်လိုက်နာရန် အရေးကြီးသည့်အချက် ၅၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် ချင်းရေးရာကောင်စီ လုပ်ငန်းစဉ်နည်းဥပဒေများသည်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ ပုဒ်မ ၅ (၂) အရ၊ ပြဋ္ဌာန်းသော နည်းဥပဒေများဖြစ်သည်။ ချင်းရေးရာကောင်စီ ညီလာခံ ဆင့်ခေါ် ရေးသည်၊ မူလ အခွင့်အရေးမဟုတ်။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော် ချင်းရေးရာ ကောင်စီ လုပ်ငန်းစဉ် နည်းဥပဒေများကိုပြဋ္ဌာန်းရာ၌၊ အခြေခံဥပဒေအရ၊ ပြုလုပ်သော ၁၉၇၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ ပုဒ်မ ၅ (၂) အရ၊ ပြဋ္ဌာန်းသည်ဟု အတိအလင်းမဖော်ပြသော်လည်း အဆိုပါ နည်းဥပဒေများသည်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ ပုဒ်မ ၅ (၂) အရ၊ ပြဋ္ဌာန်းသော နည်းဥပဒေများ ဖြစ်သည်ဟု ယူဆရမည်။ ။သို့သော်ငြားလည်း ချင်းရေးရာကောင်စီ ညီလာခံ ဆင့်ခေါ် ရေးနှင့် သက်ဆိုင်သည့် အခွင့်အရေးသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အခန်း ၂ တွင် ပြဋ္ဌာန်းထားသော မူလ အခွင့် အရေးမျိုး မဟုတ်ပေ။

ဦးဟရန်နော် (လ်) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ချင်းရေးရာ ဝန်ကြီး ၂၃၁

PAGE

ပြည်နှင်ဒဏ်—လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၇ (၂) ထိုပုဒ်မ အရ၊ ဝန်ကြီးက အာဏာ မသုံးစွဲမီ ပဏာမ ဆုံးဖြတ်ချက် ချမှတ်ရန် လိုအပ်ခြင်း ၁၁၇

ဇွဲစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၇၊ ပြည်ထောင်စုသား၏ အခွင့်အရေး။ ၎င်း အခွင့်အရေး ချုတ်ချယ်ရာတွင် အာဏာပိုင်က ထည့်သွင်း စဉ်းစားအပ်သည့် အချက်။ ။ဆုံးဖြတ်ချက်။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၇ အရ ဆိုလျှင်၊ ပြည်ထောင်စုသား တဦးသည်၊ ပြည်ထောင်စု နိုင်ငံအတွင်းတွင် မည်သည့်နေရာဌာနဆို အခြေဆိုက်ခြင်း၊ အလုပ်လုပ်ကိုင်နိုင်ခြင်း၊ စီးပွါးရှာနိုင်ခြင်း စသော အခွင့်အရေးများ ရှိလေသည်။ ထိုအခွင့်အရေးများကို ချုပ်ချယ်ရာ၌ သက်သေခံ အထောက်အထား ခိုင်လုံစွာရှိရမည့်အပြင်၊ ယင်းသို့ ချုတ်ချယ်ရန် အကယ်ပင် လိုအပ်သည်၊ မလိုအပ်သည်ကိုလည်း သက်ဆိုင်ရာ အာဏာပိုင်က ထည့်သွင်းစဉ်စားရမည်ဖြစ်သည်။

လင်ပိန်ကွန် (ခေါ်) မောင်ထွန်းစိန် နှင့် ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် ၁၀

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၈၂ (၁) ပိတ်ပင်ချက်—ပုဒ်မ ၁၁၂ (၁) ခံကျည်ချက်အာဏာ— ပုဒ်မ ၁၂၁ နှင့် ၈၃ .... ၁၄၉

မလွှဲပြောင်းနိုင်သည့် ပစ္စည်း လွှဲပြောင်းရေး (ကန့်သတ်ချက်)အက်ဥပဒေ ပုဒ်မ ၁ တားမြစ်သည့်အရာ။ ။မည်သည့်အခါ နေအိမ်ကို လစဉ်ငှါးစံနှစ်ဖြင့် ငှါးရမ်းသည်ဟုယူဆခြင်း။ လျှောက်ထားသူက မိမိမူလပိုင်ထိမှ လစဉ်ငှါးစံနှစ်ဖြင့် ငှါးရမ်းထားသည့်အိမ်ခန်းကို အခြားသူတဦးအား ထိုစံနှစ်ဖြင့်ပင် ငှါးရမ်းခွင့်ပေးရန် လျှောက်ထားသည်ကိုရန်ကုန်မြို့ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က လစဉ်စံနှစ်ဖြင့် ငှါးရမ်းခြင်းသည်၊ ကာလအပိုင်းအခြားသတ်မှတ်၍ ငှါးရမ်းသည် မဟုတ်သောကြောင့် တနှစ်ထက် ကျော်လွန်၍ ငှါးရမ်းသည်ဟု ယူဆရမည် ဖြစ်ခကြောင်းနှင့် ဆုံးဖြတ်ပြီး မလွှဲမပြောင်းနိုင်သည့်ပစ္စည်း လွှဲပြောင်းရေး(ကန့်သတ်ချက်)အက်ဥပဒေ ပုဒ်မ ၃ အရ ဆန့်ကျင်သည်ဟု ယူဆ၍လျှောက်လှဘကို ပယ်လိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။အထက်ပါ ငှါးရမ်းသည့်ဥပစာသည် နေအိမ်ဖြစ်ပြီး ကာလအပိုင်းအခြားအားဖြင့်ငှါးရမ်းသည်မဟုတ်သောကြောင့် လစဉ်ငှါးစံနှစ်ဖြင့် သာငှါးရမ်းသည်ဟု ယူဆရပေမည်။မလွှဲမပြောင်းနိုင်သည့်ပစ္စည်း လွှဲပြောင်းရေး (ကန့်သတ်ချက်)အက်ဥပဒေပုဒ်မ ၃ သည် နိုင်ငံခြားသားများအား တနှစ်ထက် ကျော်လွန်သည့် ကာလ အပိုင်းအခြားများအတွက် မလွှဲမပြောင်း နိုင်သည့် ပစ္စည်းကို ငါးရမ်းခြင်းမှ တားမြစ်သည်။

မက်ဆာ၊ ဂန်ဂျန်ဒတ် (စ်) ရန်နာဂန်ဂျန်ဒတ်(စ်)နှင့် ရန်ကုန်မြို့ ငှါးရမ်းခ ကြီးကြပ်ရေးဝန် ၂၂၉

မြို့ပြဆိုင်ရာ ငှါးရမ်း ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) မြေငှါးတဦးသည် မိမိ ဆောက်လုပ်ထားသော အဆောက်အဦ မီးလောင်ပြီး ထိုမြေကွက်ပေါ်တွင် နေထိုင်ခြင်းသည် ပိုင်ရှင်၏ ခွင့်ပြုချက်မရဘဲ နေထိုင်ခြင်းသာဖြစ်သည်။ ပုဒ်မ ၁၂ (၁) တွင် အကျုံးဝင်သောဒေါမိုင်ငှါး မြေငှါးမဟုတ်။ ထိုကဲ့သို့သော သူတဦးက ဆက်လက်၍ နေထိုင်သော ကိစ္စကို လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့်အမိန့် ပေးပိုင်ခွင့်မရှိခြေ ၁၄၀

PAGE

မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့်အကျုံးမဝင်သော အဆောက်အဦ၊ ပုဒ်မ ၁၃ (၁) အရ အမိန့်ချမှတ်နိုင်ရန် အာဏာမရှိသောကိစ္စ။ ။ဆုံးဖြတ်ချက် ။ ။၁၉၆၀ ခုနှစ်တွင်၊ မီးလောင်သွားသော အိမ်နေရာတွင် နောက်ထပ်၍ ဆောက်လုပ်သောအိမ်သည်၊ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ ဘဏ္ဍာ ရေးနှင့် အခွန်တော် ဝန်ကြီးဌာန အမိန့်ကြော်ငြာစာ အမှတ် ၃၅ အရ၊ မြို့ပြ ဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေတွင် အကျုံးမဝင်သော အဆောက် အဦအသစ်ဖြစ်သည့်အလျောက် အဆိုပါ အိမ်သစ်၏ အခန်းတွင် မီးလောင် သွားသောအိမ်တွင် အိမ်ငှါးအဖြစ် နေထိုင်ခဲ့သူများအား လက်ထောက် ငှါးရမ်း ခကြီးကြပ်ရေးဝန်က ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁)အရ၊ အိမ်ငှါးချထားရန် အမိန့်ချမှတ်နိုင်ရန် အာဏာမရှိ။

မည့်နှ့ည့်နှ့် ပါ ၂ နှင့် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၊ ညောင် တုံးမြို့ ပါ ၂ .... ၁၃၁

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆ ငှါးရမ်းခသည် စံငှါးရမ်းခ မဟုတ်၊ ပုဒ်မ ၂ (စ) စံငှါးရမ်းခ။ ။လျှောက်ထားသူက၊ အိမ်ရှင်၏ ကိုယ် စားလည်သည်၊ မိမိငှါးရမ်း နေထိုင်သော အိမ်အတွက်၊ အိမ်လခကိုပေးရာ၊ လက်မခံသဖြင့်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက် ဥပဒေ ပုဒ်မ ၁၆ အရ၊ ပေးသွင်းနိုင်ခွင့် လျှောက်ထားသည်ကို အင်းစိန်မြို့ပြ ဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က၊ ထိုငှါးရမ်းခမှာ၊ ယင်းအက်ဥပဒေ ပုဒ်မ ၂၇ အရ၊ ကြီးကြပ်ရေးဝန် သတ်မှတ်ထားသော စံငှါးခ မဟုတ်သဖြင့်၊ လက် မခံနိုင်ကြောင်း ဖော်ပြပြီး၊ လျှောက်လွှာကို ပယ်လိုက်သည်။ ။ဆုံးဖြတ်ချက် ။ ။မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၆ တွင်ဖော်ပြထား သည်မှာ ငှါးရမ်းခသာ ဖြစ်သည်၊ စံငှါးရမ်းခ မဟုတ်ချေ။ စံငှါးရမ်းခမှာ၊ ယင်းအက်ဥပဒေပုဒ်မ ၂ (စ)တွင် ဖော်ပြထားသည့် ငှါးရမ်းခများသ ဖြစ်သည်။

မစ္စ (စ်)၊ ဂျေ၊ ဟာဇဝတ်နှင့် အင်းစိန်မြို့ လက်ထောက်ငှါးရမ်းခကြီးကြပ် ရေးဝန် ၅၁

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြပ်ကြီးရေး အက်ဥပဒေ၊ ၁၉၆၀ ခုနှစ်၊ ပုဒ်မ ၂၁ (၄) နှင့် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆၊ ကက(၄) တို့ခြားနားချက်။ ကြီးကြပ်ရေးဝန်တွင် မရှိသော အာဏာ။ ။ဆုံးဖြတ်ချက်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၄) ပါ ပြဋ္ဌာန်းချက်များနှင့် သက်တမ်းကုန်ဆုံးခဲ့သည့် ၁၉၄၈ ခုနှစ်၊မြို့ပြ ဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆၊ ကက (၄) ပါ ပြဋ္ဌာန်း ချက်များခြားနားချက် တရပ်မှာ ထို ၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အရဆိုလျှင် ကြီးကြပ်ရေးဝန်သည်၊ နိုင်ငံတော် သမတက ဖွဲ့စည်းသည့် အကြံပေးအဖွဲ့နှင့် တိုင်ပင်၍ ဆောင်ရွက်ရမည် ဖြစ်သည်။ ယခုမူကား ယင်းသို့ တိုင်ပင်ရုံမျှနှင့် မပြီးဘဲ ကြီးကြပ်ရေးဝန်သည် အကြံပေးအဖွဲ့၏ အကြံဉာဏ်အတိုင်း ဆောင် ရွက်ရမည် ဖြစ်သည်။ သို့ဖြစ်၍ ကြီးကြပ်ရေးဝန်မှာ အိမ်ခန်းအငှါး ချထားရန် အတွက် မိမိ၏ သဘောအတိုင်းဆင့်ဆိုနိုင်သည့်အာဏာမရှိ။

ဂျော့မိတ်လင့်ဒန်ကင်နှင့် ဒေါ်စောကြည် ပါ ၂ .... ၁၇

PAGE

မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ၁၉၆၀ ခုနှစ်၊ ပုဒ်မ ၂၁ (၄)။ အစီရင်ခံရန် ညွှန်ကြားသော အမိန့်သည် အပြီးအပြတ် ချမှတ်သော အမိန့်မဟုတ်၊ အခင်းဖြစ် အိမ်ခန်းကို အငှါးချထားရန်အတွက် ကြီးကြပ်ရေးဝန် လိုက်နာရမည့် အချက်။ ပုဒ်မ ၂ (ခ) (ကြီးကြပ်ရေးဝန်) ဆိုသည့်စကား၊ လက်ထောက် ကြီးကြပ်ရေးဝန် မပါဝင်၊ ဥပဒေဟောင်းတွင် ယင်းသို့ပင်။ ။ဆုံးဖြတ်ချက်။ ။ ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည်၊ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေဟောင်း ပုဒ်မ ၁၆ (ကက) နှင့် ၁၆ (ခ) အရ၊ အရေးယူ၍ ဆုံးဖြတ်ချက် ချပြီးနောက် ယခုတည်ဆဲ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) အရ၊ အခင်းဖြစ် အိမ်ခန်းကို သင့်တော်သောသူ တဦးဦးအား အငှါး ချထားရန်အတွက် လက်ထောက်ကြီးကြပ်ရေးဝန်က ဆက်လက်ဆောင်ရွက်ပြီး ပြန်လည် အစီရင်ခံရန် အမိန့်သည် အပြီးအပြတ် ချမှတ်သော အမိန့်မဟုတ်သေး၍ အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်ရန်အတွက် စဉ်းစားရန် အခြေခံမကျသေးခြေ။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) ပါ ပြဋ္ဌာန်းချက်များအရ၊ ကြီးကြပ်ရေးဝန်သည် နိုင်ငံတော် သမတက ဖွဲ့စည်းသည့် အကြံပေးအဖွဲ့၏ အကြံဥာဏ်အတိုင်း ဆောင်ရွက်လျက်၊ အခင်းဖြစ်အိမ်ခန်းကို အငှါးချထားရန် ဆင့်ဆိုရမည် ဖြစ်သည်။ ။ (ကြီးကြပ်ရေးဝန်) ဆိုသည်မှာ၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ ခန့်ထားသော ငှါးရမ်းခ ကြီးကြပ်ရေးဝန်ကို ဆိုလိုသည်ဟု ထိုအက်ဥပဒေပုဒ်မ ၂ (ခ) တွင် ပြဋ္ဌာန်းထားလေသည်၊ ထိုစကားရပ်တွင် လက်ထောက် ကြီးကြပ်ရေးဝန် ပါဝင်သည်ဟု ပြဋ္ဌာန်းထားသည်ကို မတွေ့ရချေ။ ကြီးကြပ်ရေး အက်ဥပဒေဟောင်းတွင်လည်း ယင်းသို့ပင် ဖြစ်သည်။

ဒေါက်တာမစ္စစ် ဒီရပ် (ရ) နှင့် ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန် ပါ ၂ .... ၁၂၅

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ၁၉၆၀ ပြည့်နှစ်၊ ပုဒ်မ ၄၃၊ ပြဋ္ဌာန်း ချက်များ။ ပုဒ်မ ၁၃ အရ၊ ကြီးကြပ်ရေးဝန်မ မည်သို့မျှ မဆောင်ရွက်နိုင်သော ကိစ္စ။ ပုဒ်မ ၂ (အိမ်ရှင်) နှင့် (ဥပစာ) တို့၏ အဓိပ္ပါယ်။ ။အခင်းဖြစ်မြေတွင် နေထိုင်နိုင်ရန်အတွက် လျော်ကာထားရာ၊ အစိုးရက လျော်ကာထားသူအား၊ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၃ ရက်နေ့အထိ ၃ နှစ်လိုင်စင်ထုတ်ပေးပြီးနောက် လျော်ကာထားခံရသူ အမှတ် ၂၊ ဦးတင်မောင်က လျော်ကာထားခံရသူ အမှတ် ၁၊ မန္တလေးမြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ၊ ၁၉၆၀ ပြည့်နှစ်၊ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ အရ၊ အခင်းဖြစ်မြေပေါ်၌ ရှိးဖြောင့်သော သဘောဖြင့် နေထိုင်သူအဖြစ်နှင့် ဆက်လက်နေထိုင်ခွင့် ရရှိရန် လျော်ကာထားရာ၊ ကြီးကြပ်ရေး ဝန်က လျော်ကာထားသည့် အတိုင်း အမိန့် ချမှတ်လိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အစိုးရ၊ သို့တည်းမဟုတ် အစိုးရဌာန၊ သို့တည်းမဟုတ် ထိုပြဋ္ဌာန်းချက်များတွင် ဖေါ်ပြထားသည့် အဖွဲ့တခုခုက အိမ်ရှင် ဖြစ်သော ဥပစာတခုခုနှင့်စပ်လျဉ်း၍၊ ကြီးကြပ်ရေးဝန်သည် ယင်းအက်ဥပဒေ ပုဒ်မ ၁၃ အရ၊ မည်သို့မျှ ဆောင်ရွက်ခြင်း မပြုနိုင်ပေ။ (အိမ်ရှင်) ဆိုသော စကားရပ်နှင့် (ဥပစာ) ဆိုသော စကားရပ်များ၏ အဓိပ္ပါယ်ကို အထက်ဖေါ်ပြပါ

PAGE

ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ တွင် သတ်မှတ်ထားရာ၊ ယခုမှုခင်းကိုစွတွင် နိုင်ငံတော် အစိုးရသည်လည်း (အိမ်ရှင်) ဖြစ်သည်ကိုငှင်း၊ အခင်းဖြစ်မြေသည်လည်း (ဥပစာ) ဖြစ်သည်ကိုငှင်း တွေ့ရှိရသည်။

မစိန်နှင့် မန္တလေးမြို့ လက်ထောက်မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန် ပါ ၂ .... ၁၂၈

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ၊ ၁၉၆၀ ပြည့်နှစ်၊ ပုဒ်မ ၄၄ (ခ) အကျုံးဝင်၊ အကျုံးမဝင်သည့်အမှုများ၊ ပုဒ်မ ၂၁ (၄)၊ မည်ကဲ့သို့သော အိမ်ဥပစာများနှင့် သက်ဆိုင်ခြင်း၊ ကြီးကြပ်ရေးဝန်တွင် မရှိသော အာဏာနှင့် တာဝန်။ ။ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၄၄ (ခ) သည်၊ တရားမဝင်၍ ပယ်ဖျက်ပြီး၊ ပယ်ဖျက်ထိုက်သောအမှုမျိုးကို ရည်ရွယ်ခြင်းမဟုတ်ချေ။ ယခင် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ အာဏာတည်ခြင်းမှ ရပ်စဲမသွားမီ၊ စတင်ဆောင်ရွက်သော တရားဝင်အမှုများသာလျှင် ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေပုဒ်မ ၄၄ (ခ) တွင် အကျုံးဝင်သည်။ ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) တွင် ပါဝင်သော စကားရပ်များသည် ဥပဒေဟောင်း သက်တမ်းကုန်ဆုံးပြီးနောက် အဆိုပါ အက်ဥပဒေသစ် မဖြစ်ပေါ်လာမီ တဆက်တည်း လစ်လပ်လျက်ရှိသော အိမ်ခန်းနှင့် အခြားဥပစာ များနှင့် သက်ဆိုင်သည်။ ဥပဒေဟောင်း သက်တမ်းကုန်ဆုံးပြီးနောက် ဥပဒေသစ် သက်တမ်းမစမီအတွင်း အိမ်ငှါးနှင့် အိမ်ရှင်တို့ ပဋိညာဉ်ပြု၍ အငှါးချပြီးသော ဥပစာများနှင့် မသက်ဆိုင်ချေ။ ဥပဒေဟောင်းသက်တမ်း ကုန်ဆုံးသည့်အခါတွင် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၌ အိမ်ငှါးများအား ၎င်းတို့နေထိုင်လိုသော ဥပစာများတွင် နေထိုင်ခွင့်ပြုရန် အာဏာသော်၎င်း တာဝန်သော်၎င်း မရှိချေ။

ဒေါ်အေးနှင့် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၊ ရန်ကုန်မြို့ ပါ ၄ .... ၃

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ၁၉၆၀ ပြည့်နှစ်၊ ပုဒ်မ ၄၄ (ခ)တရားဝင်သောအမိန့်။ ။၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၄ (က)အရ၊ လျှောက်ထားသည့် ကိစ္စတွင်၊ ကြီးကြပ်ရေးဝန် စီရင်ဆုံးဖြတ်ခွင့်မရှိသော အချက်များ။ **။ဆုံးဖြတ်ချက်။** ။လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၄ (က) အရ၊ လျှောက်ထားသော အမှုကို အမှုမပြီးပြတ်မီအတွင်း၊ ထိုအက်ဥပဒေသက်တမ်း ကုန်ဆုံးသဖြင့်၊ အမှုကိုရပ်ဆိုင်းထားခဲ့ရာ၊ ထိုနောက် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ အတည်ဖြစ်လာသည်တွင်၊ ကြီးကြပ်ရေးဝန်သည် အဆိုပါအမှုကို ဆက်လက် အရေးယူဆောင်ရွက်ပြီး အမိန့်ချမှတ်ခြင်းသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (ခ) တွင် ပြဋ္ဌာန်းချက်များအရ ဖြစ်သဖြင့် တရားဝင်သောအမိန့် ဖြစ်ပေသည်။ ။၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၄(က) အရ၊ လျှောက်ထားရာတွင် ကြီးကြပ်ရေးဝန်သည် တရားစွဲဆိုရန် အခွင့်အမိန့် မပေးမီ၊လုံလောက်သောအကြောင်းရှိမရှိကို

PAGE

ရွှေပြေးအနေနှင့် တီးခေါက်ကြည့်ခြင်းသာဖြစ်သည်။ အမှုဌ် ပေါ်ပေါက်မည့် ပိုင်ဆိုင်ခွင့် စသည့် အချက်များကိုသော်၎င်း၊ တရားဥပဒေအကြောင်း ဆိုင်ရာ အချက်များကိုသော်၎င်း၊ သေချာစေ့စပ်စွာ လေ့လာစီရင် ဆုံးဖြတ်ခွင့်မရှိချေ။

ကိုညွန့်ပါခုနှင့် တီစူပွန် ပါ ၅ .... ၂၀၄

ယစ်မျိုးလိုင်စင်ကို လေလံပဲတင် ရောင်းချသည့်အရာ၊ သာမန် ပစ္စည်းမျိုး မဟုတ်၊ နိုင်ငံတော်အစိုးရအား တရားစွဲဆိုပိုင်ခွင့် မရှိသော အကြောင်းပြချက်၊ ယစ်မျိုး လိုင်စင် ရောင်းပြီးနောက် အစိုးရတွင် ထပ်မံဆောင်ရွက်ရန် တာဝန်မရှိခြင်း၊ ယစ်မျိုးအခွန်တော်ငွေကို အရစ်ကျပေးရန် အခွင့်၊ အခွန်တော်ငွေကို ပေးနိုင်စွမ်း ရှိအောင် ပြုလုပ်သော အစီအစဉ်မျှသာ၊ လိုင်စင်ရောင်းချမှု အပြီးအပြတ် မဟုတ် သေးဟု မဆိုနိုင်၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၅၆ နှင့် မဆိုင်။ ။ဆုံးဖြတ်ချက်။ ။ယစ်မျိုးလိုင်စင်ကို လေလံပဲတင် ရောင်းချသည့် အရာသည်၊ သာမန်ပစ္စည်းမျိုးမဟုတ်၊ မြန်မာပြည် ယစ်မျိုး အက်ဥပဒေ ၁၂ အရ၊ တားမြစ်ထားသောလိုင်စင်မရှိဘဲ၊ ယစ်မျိုးဝင်ပစ္စည်းများကို ပြုလုပ်ခြင်းနှင့် ထိုအက်ဥပဒေ ပုဒ်မ ၁၀ အရ၊ တားမြစ်ထားသော လိုင်စင်မရှိဘဲ။ သေရည် သေရက်များကို ရောင်းချခြင်း လုပ်ငန်းတို့ကို လုပ်ဆောင်ရန်အတွက် အခွင့်မျှသာဖြစ်သဖြင့်။ ယင်းသို့ပြုလုပ်ခွင့်ကို ဝယ်ယူရရှိခဲ့ခြင်းမှာ၊ သာမန်ပစ္စည်း အနေနှင့် ဝယ်ယူရရှိခဲ့သည်မဟုတ်၊ တရားဥပဒေအရ၊ တားမြစ်ထားသော လုပ်ငန်းကို လုပ်ဆောင်ရန် အတွက် အခွင့်ရှိခဲ့ခြင်းမျှသာဖြစ်သဖြင့်၊ လိုင်စင်ဝယ်သူမှာ ပစ္စည်းအနေနှင့် မည်သည့် အရာကိုမျှမရရှိခဲ့ချေ။ ။၁၉၅၀ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ တရားလွှတ်တော်ချုပ်၊ စာ ၁၆ ကိုရည်ညွှန်းသည်။ ။သို့ဖြစ်၍၊ လိုင်စင်ဝယ်ယူသူသည်၊ သောင်းကျန်းမှုကြောင့် လိုင်စင်နှစ်အတွင်း အချို့လမျာတွင် မိမိ၏ ယစ်မျိုးဆိုင်ပိတ်ထားခဲ့ရသည့် အတွက်၊ အကျိုးခံစားခွင့် ဆုံးရှုံးရသည်ဟူသော အကြောင်းပြချက်ဖြင့်၊ မိမိကပေးသွင်းရန်ကျန်ရှိနေသေးသော ယစ်မျိုးအခွန်တော်ကို မိမိထံမတောင်းခံသင့်ကြောင်း ကျေညာရန်နှင့်၊ အစိုးရအား ထိုငွေတောင်းခံခြင်းမှ တားမြစ်သည့် ဒီကရီရရန် အတွက် နိုင်ငံတော် အစိုးရအား တရားစွဲဆိုပိုင်ခွင့်မရှိချေ။ ။ယစ်မျိုးလိုင်စင်ကို ရောင်းချပြီးနောက်၊ နိုင်ငံတော်အစိုးရက ထပ်မံဆောင်ရွက်ရန် ကျန်ရှိသော မည်သည့်ကိစ္စမျှ မရှိတော့ချေ။ ။ဝယ်ငွေဖြစ်သော ယစ်မျိုးအခွန်တော်ကို လိုင်စင်ဆဲဝယ်သူက၊ အရစ်ကျပေးရန်အခွင့်မှာ၊ ဝယ်ယူသူ ယစ်မျိုးလုပ်ငန်းကို လုပ်ဆောင်ပြီး အရစ်ကျ ပေးနိုင်စွမ်းရှိအောင် ပြုလုပ်ထားသော အစီအစဉ်မျှသာ ဖြစ်ချေသည်။ ထိုအစီအစဉ် ပြုရုံမျှဖြင့် ယစ်မျိုးလိုင်စင်ရောင်းချမှုမှာ အပြီးအပြတ်မဟုတ်သေးဟုမဆိုနိုင်ချေ။ထိုကြောင့် မပြီးပြတ်သေးသော ပဋိညာဉ်များနှင့်သာ သက်ဆိုင်သော ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၅၆ လာပြဋ္ဌာန်းချက်များတွင်ပါရှိသည့် အမှုတခုခုကို ဆောင်ရွက်ရန်အတွက်၊ ပဋိညာဉ်ပြုလုပ်ရာ၌၊ ထိုပဋိညာဉ်ပြုလုပ်ပြီးနောက်၊ ထိုအမှုကို ဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့် အခြေသို့ဆိုက်ရောက်လျှင် ထိုပဋိညာဉ်မှာ ပျက်ပျယ်ရမည်ဟူသော ပြဋ္ဌာန်းချက်သည်၊ ကြုံအမှု အဖြစ်အပျက်များဖြင့် လုံးဝမသက်ဆိုင်ချေ။

အထောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပါ ၂ ... ၂၂၂

ရွှေနေစာရေးနှင့်ရွှေနေ ရွှေနေစာရေး၏ အလုပ်ကို မိမိရွှေနေကြီးကကြပ်မတ်ရန် ထာဝန်ရှိခြင်း ၂၅

PAGE

ရွှေးကောက်ပွဲ ခုံတော်အဖွဲ့နှင့် အမြဲတန်း တရားရုံးများခြားနားခြင်း—ရွှေးကောက်ပွဲ အက်ဥပဒေပုဒ်မ ၃၈ (၁)—တရားရုံး စစ်စစ်မဖြစ်—အခြေခံဥပဒေ ပုဒ်မ ၁၅၀ အရ၊ ဖွဲ့စည်းထားသော အဖွဲ့ဝင်ဖြစ်သည်။ ၂၀၇

ရွှေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း (၁၉၆၁-ခုနှစ်) နှင့် အခြေခံ အက်ဥပဒေ (ဒုတိယ) ပြင်ဆင်ချက်ဥပဒေကြမ်း (၁၉၆၁ ခုနှစ်)—ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၁၁၂ (၁)— အလိုအလျောက် အက်ဥပဒေဖြစ်လာပုံ ၁၁၇

ရောင်းခွန်အက်ဥပဒေ ပုဒ်မ ၄ "ရောင်းရငွေ" ပေါ်တွင် အခွန်စည်းကြပ်ခြင်း ပုဒ်မ ၂ (၄) "ရောင်းရငွေ" ၏ အဓိပ္ပါယ်၊ စီးကရက်ယစ်မျိုးခွန် ကောက်ယူသော ဝတ်တရားကို၊ စီးကရက် ကုန်ထုတ်လုပ်သူအား ပေးမထား၊ ထမ်းဆောင်ပြီးသော စီးကရက် ယစ်မျိုးခွန်ကို စီးကရက်၏ အဘိုးတွင် ထည့်သွင်းသဖြင့် အဘိုးစားနားအဖြစ်ပေးရသောငွေ၊ ၎င်းငွေပေါ်တွင်အခွန်စည်းကြပ်ခြင်းသည်ဥပဒေနှင့်ညီညွတ်သည်။ ။လျှောက်ထားသူများက မိမိတို့ထုတ်လုပ်သော စီးကရက်များအပေါ်တွင်၊ ၁၉၅၆-၅၇ ခုနှစ်အတွက် ရောင်းခွန်တော် ၇,၀၆,၀၂၅ ကျပ် ၉၀ ပြား ပေးဆောင်ရန် ကုန်သွယ် လုပ်ငန်းခွန် အရာရှိက စည်းကြပ်ရာ၊ ၎င်းငွေများအနက် ငွေ ၂,၉၇,၅၄၀ ကျပ် ၂၀ ပြားမှာ မိမိတို့ ထမ်းဆောင်ရသော ယစ်မျိုးခွန်ပေါ်တွင် ဥပဒေနှင့် မညီသည့် စည်းကြပ်သော ရောင်းခွန်တော်ဖြစ်သဖြင့် အဆိုပါငွေကို ပြန်လည် ထုတ်ပေးသင့်ကြောင်း လျှောက်ထားရာတွင် လျှောက်ထားသူများက တင်ပြသော အကြောင်းလေးရပ်တို့မှာ—(၁) ၁၉၅၂ ခုနှစ်၊ ရောင်းခွန်တော် အက်ဥပဒေ ပုဒ်မ ၄ (၁) အရ၊ ရောင်းခွန်ကို "ကုန်တန်ဘိုး" ပေါ်တွင်သာ စည်းကြပ်ရမည်။ (၂) ယခုကိစ္စတွင် အဆိုပါ အက်ဥပဒေ ပုဒ်မ ၄ (၃) (က) အရ "ကုန်တန်ဘိုး" သည် "ရောင်းရငွေ" ဖြစ်သည်။ (၃) "ရောင်းရငွေ" ထဲတွင် အဆိုပါ အက်ဥပဒေ ပုဒ်မ ၂ (၃) အရ၊ ယစ်မျိုးခွန်မပါရှိချေ။ (၄) သို့ကြောင့် ငွေပေါင်း ၂,၉၇,၅၄၀ ကျပ် ၂၀ ပြားကို ရောင်းခွန်တော်အဖြစ် ယစ်မျိုးခွန်ပေါ်တွင် စည်းကြပ်ခြင်းမှာ ဥပဒေနှင့် မညီသောကြောင့် ပြန်လည်ထုတ်ပေးသင့်သည်။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများ ရောင်းချသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၄ အရ၊ "ရောင်းရငွေ" ပေါ်တွင် ရောင်းခွန်တော် စည်းကြပ်ရမည် ဖြစ်သည်။ ။"ရောင်းရငွေ" ဆိုသည်မှာ ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၂ (၃) အရ၊ အောက်ပါအတိုင်း ဖြစ်သည်။ ။"ရောင်းရငွေ" ဆိုသည်မှာ ကုန်စည် ရောင်းသည့်အတွက် ကုန်ပြုလုပ်သူအား၊ သို့တည်းမဟုတ် ကုန်ထုတ် လုပ်သူအား၊ သို့တည်းမဟုတ် ကုန်တင်သွင်းသူအား အဘိုးစားနားအဖြစ်ဖြင့် ပေးသင့်သောငွေထဲမှ ကုန်သွယ်မှုသာမန် ထုံးစံအတိုင်း ခွင့်ပြုသော လျှော့နှုန်းကို နုတ်ပြီးသည့်နောက် ကျန်ရှိသောငွေကို ဆိုလိုသည်....။ ။စီးကရက်ကုန်ထုတ်လုပ်သူမှာ မိမိထုတ်လုပ်သောကုန်များအပေါ်တွင် ကုန်ထုတ်လုပ်သည်နှင့် တပြိုင်နက် စီးကရက်ယစ်မျိုးခွန် ထမ်းဆောင်ရန် ကျရောက်ခဲ့၍ ၎င်းယစ်မျိုးခွန်ကို စီးကရက်ကုန်ထုတ်လုပ်သူက မိမိထုတ်လုပ်သော စီးကရက်များကို ဝယ်ယူသူထံမှ တဆင့် စီးကရက်အဘိုးစားနား၏ အဝိတ်အပိုင်း အဖြစ်ပြန်၍ ရယူခြင်းမျှသာဖြစ်သည်။ ။စီးကရက်ယစ်မျိုးခွန်ကို၊ နိုင်ငံတော်အစိုးရက စီးကရက် ဝယ်ယူသူများထံမှ စီးကရက် ကုန်ထုတ်လုပ်သူက စီးကရက် ဘိုးတွင် ထည့်သွင်း၍ ကောက်ယူနိုင်သည်ဟု အခွန်အကောက်ယူသော ဝတ်တရား

PAGE

ကို ဥပဒေအရ သီးခြား တာဝန်ပေးအပ်ထားခြင်း မရှိချေ။ မိမိ၏ စီးပွါးရေး လုပ်ငန်းစဉ်အရမိမိပေးဆောင်ပြီးသော စီးကရက် ယစ်မျိုးခွန်ကိုစီးကရက် အဘိုး တွင် ထည့်သွင်း တောင်းဆိုခြင်းမျှသာ ဖြစ်သည်။ ။စီးကရက်ထုတ်လုပ်ပြီး နောက်၊ ၎င်းကုန်ပစ္စည်းများကို ရောင်းချသည့်အခါတွင် နိုင်ငံတော် အစိုးရအား စီးကရက်ခွန် အဖြစ် ပေးထားပြီးသော ငွေသည်၊ စီးကရက် ကုန်ထုတ်လုပ်သည့် ကိစ္စတွင် ကုန်ကျသောငွေဖြစ်သည့်အလျောက် စီးကရက် ရောင်းချရသည့်အခါတွင် စီးကရက်၏ အဘိုးဖြင့် ထည့်သွင်းရောင်းချရသည်။ ၎င်းအဘိုး စျေးနှုန်းသာလျှင် ကုန်ပြုလုပ်သူက ကုန်ဝယ်သူထံမှ အဘိုးစားနား အဖြစ် တောင်းဆိုသောငွေဖြစ် သောကြောင့် ဥပဒေအရ ပြဋ္ဌာန်းထားသော "ရောင်းရငွေ" မှာ ထိုကဲ့သို့ စီးကရက် ဝယ်ယူသူက ကုန်ထုတ်လုပ်သူအား ပေးရသောငွေပင် ဖြစ်သည်။ ***Bata Shoe Co. v. Memr., Board of Revenue, West Bengal,*** 53 **C.W.N. 278;** ***Fethlal, Virajlal, Assessee applicant v. The State of Madhya Pradesh,*** **A.I.R. (1953)** ***Nag.*** **194;** ***Messrs. Tate Iron & Steel Co. Ltd., Petitioners v. State of Bihar,*** **A.I.R. (1956) Pat. 92;** အန်ဒရာပြည် ကုန်သွယ်လုပ်ငန်းခွန် မင်းကြီးနှင့် ***Messrs. Shree Bajranga Jute Mills Ltd., Guntar, Respondent,*** **A.I.R. (1955) Andhra 241** တို့ကို ရှင်းလင်း ဖေါ်ပြသည်။ ။အစိုးရအား ကုန်ပစ္စည်း ထုတ်လုပ်သည့် အတွက် ယစ်မျိုးခွန် ပေးရသော ငွေမှ အထက်က ဖေါ်ပြပြီးသည့်အတိုင်း မိမိစီးပွါးရေး လုပ်ငန်းတွင် ကုန်ကျရသော စရိတ်ငွေ တရပ်ပင် ဖြစ်သည်။ ထိုကဲ့သို့ အစိုးရအား ပေးသင့်သောငွေကို မိမိကုန် ပစ္စည်း၏ အဘိုးစားနားတွင် ထည့်သွင်း ကောက်ယူခြင်းမှာ သာမန် စီးပွါးရေးအရ ပြုလုပ်သော ကိစ္စသာဖြစ်သည်။ အစိုးရက အပ်နှင်းထားသော ဝတ်တရားကို ဆောင်ရွက်သည့် အနေနှင့် ထည့်သွင်း တောင်းဆိုခြင်းမဟုတ်ချေ။ ။သို့အတွက် အခွန်စည်းကြပ် သော ကုန်သွယ်လုပ်ငန်း အရာရှိသည် လျောက်ထားသူက နိုင်ငံ တော်အစိုးရအား စီးကရက်များ ထုတ်လုပ်သည့်အတွက် ယစ်မျိုးခွန်အဖြစ် ပေးဆောင်ရသော ငွေများကို ရောင်းရငွေထဲတွင် ထည့်သွင်း၍ ရောင်းခွန်စည်း ကြပ်ခြင်းမှာ တရားဥပဒေနှင့် မညီဟု မဆိုနိုင်ပေ။

လူထုစီးကရက် ကုမ္ပဏီ နှင့် မြန်မာနိုင်ငံ လက်ထောက် ကုန်သွယ်ခွန် မင်းကြီး ပါ ၃ .... ၁၆၁

လူဝင်မှု ကြီးကြပ်ရေးအက်ဥပဒေအရ၊ ပြည်နှင်ဒဏ်အမိန့်၊ ထုချေခွင့်မပေးရ ဖယ်ဖျက် ရခြင်း။ ထုချေခွင့်ပေးရာတွင် လိုက်နာရန် အရေးကြီးသည့်အချက်။ ။ဆုံးဖြတ် ချက်။ ။သက်ဆိုင်ရာအာဏာပိုင်က လူဝင်မှု ကြီးကြပ်ရေး အရာရှိများစစ်ဆေး သော မှတ်တမ်းများကို ကြည့်ရှုလေ့လာပြီးနောက်၊ လျှောက်ထားသူများအား၊ မြန်မာနိုင်ငံတွင်းသို့ မတရားဝင်ရောက်နေထိုင်သူများဟု မှတ်ယူ၍ ပြည်နှင်ဒဏ် အမိန့်များချထားသည့် ကိစ္စတွင်၊ အာဏာပိုင်က လျှောက်ထားသူများကို ထုချေ သက်သေပြရန် အခွင့် မပေးသည့်အတွက် အဆိုပါ အာဏာပိုင်၏ အမိန့်များကို ပယ်ဖျက်လေသည်။ ။ယခုကဲ့သို့သော အမှုမျိုးတွင် လျှောက်ထားသူများအား ထုချေခွင့် ပေးရာ၌ သာမန်တရားရုံးတော်များထွင် လိုက်နာသော နည်းဥပဒေများ အရ၊ စစ်ဆေးရန် မလိုချေ။ အရေးကြီးသည့်အချက်မှာ ဘင့်တော်သလို စုံစမ်း

PAGE

ရရှိသော သက်သေခံချက်များကို အရေးယူ ခံရသော သူများအား သိစေပြီး၊ ၎င်းတို့အား ထိုအချက်များ မမှန်လျှင်မမှန်ကြောင်း ငြင်းကွယ်ရန်ရှင်း၊ သက်သေ အထောက်အထားပြရန်ရှင်း၊ အခွင့်အရေး ပေးရမည်ဖြစ်သည်။ ။ဦးပစ်နှင့် သဲကုန်းရွာ၊ လယ်ယာစိုက်ပျိုးရေး ကော်မီတီနှင့် ၂ ဦး၊ ၁၉၄၈ ခုနှစ်၊ မြန်မာ ပြည်စီရင်ထုံးများ ၇၅၉။ ဟာဆန်အလီနှင့် လူဝင်မှုကြီး ကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဝန်ကြီးဌာန အတွင်းဝန်မင်း ပါ ၂။ ၁၉၅၉၊ မြန်မာပြည်စီရင်ထုံး များ (တရားလွှတ်တော်ချုပ်) ၁၀၇ တို့ကို ရည်ညွှန်းသည်။

မဘီမ်ဘဟာခါတွန် ပါ ၁၄ နှင့် အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့ ပါ ၂ .... ၁၃

လူဝင်မှုကြီး ကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ၊ ပြည်နှင့်ဒဏ် ပေးလိုလျှင် ပြဋ္ဌာန်းချက်များ လိုက်နာရမည်။ ပဏာမအနေနှင့် ဆုံးဖြတ်ရမည့် အချက်။ ပြည်တွင်းသို့ မတရားဝင်ရောက်လာသည်ဟု စွပ်စွဲခံရသူ၏ တာဝန်နှင့် အခွင့်အရေး။ ပုဒ်မ ၇ (၂) အရ၊ အခိန့်ခွဲမှတ်နိုင်ရန် ဝန်ကြီးတွင်အာဏာရှိခြင်း၊ ၎င်းအာဏာကို မသုံးစွဲမီ ပဏာမဆုံးဖြတ်ချက် ချမှတ်ရန်လိုအပ်ခြင်း၊ ထောက်ခံ ချက်ကို လက်မှတ်ထိုးရမှုနှင့် ပဏာမဆုံးဖြတ်ချက်ချသည်ဟုမဆိုနိုင်။ တိကျ ပြတ်သားသောဆုံးဖြတ်ချက်ချရန်လိုခြင်း။ ။ဆုံးဖြတ်ချက်။ ။အချုပ်အခြာ အာဏာပိုင်နိုင်ငံတခုအနေနှင့် နိုင်ငံခြားသား အက်ဥပဒေကဲ့သို့သော သက်ဆိုင် သည့်ဥပဒေအရ၊ အကြောင်းပင် မပြဘဲ မြန်မာပြည်မှ နှင်နိုင်ခွင့်ရှိသည်။ သို့သော် ပြည်နှင်ဒဏ်ပေးရာ၌ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ၊ အရေးယူလိုလျှင် ယင်းအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်သည်။ ။ပုဒ်မ ၇(၂) အရ၊ ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတသော်၎င်း၊ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာများကို လွှဲအပ်ခြင်းခံရသူ အရာရှိတဦးကသော်၎င်း၊ ပဏာမအနေနှင့် နိုင်ငံခြားသားတဦးတယောက်သည် အက်ဥပဒေ၊ သို့မဟုတ် အက်ဥပဒေ အရ၊ ပြဋ္ဌာန်းသည့်နည်းဥပဒေကို ချိုးဖောက် သည်ဟုဆုံးဖြတ်ရမည်။ ။လျှောက်သူများက် မြန်မာပြည်တွင်းသို့ မတရား ဝင်ရောက်လာသူ ဖြစ်သည်ဟု စွပ်စွဲခံသောကြောင့် တရားသဖြင့် ဝင်ရောက် ပါသည်ဟုထုချေပြသရန် လျှောက်ထားသူများ အပေါ်တွင် တာဝန်ရှိသည်။ တာဝန်ရှိသည့်အလျှောက် ၎င်းတို့အား သက်သေသာဓက တင်ပြခွင့်ပေးမှသာ တရားဥပဒေသဘာဝကျနိုင် ပေမည်။ ။ယေဘုယျစကားရပ်များ ဥပဒေပုဒ်မ ၁၃ အရ၊ နိုင်ငံတော် သမ္မတ၏ အာဏာဝတ္တရားမျိုးကို၊ နိုင်ငံတော်အစိုးရက သုံးစွဲနိုင်၍ ဝန်ကြီးတပါးသည် အာဏာတာဝန်ဝတ်တရားများကို ထမ်းဆောင် ရွက်၌၊ အခြေခံဥပဒေအပိုဒ် ၁၁၅ အရ၊ အစိုးရအဖွဲ့တခုလုံးအတွက် ဆောင်ရွက် သည်ဖြစ်၍၊ ထိုဝန်ကြီးမင်းသည် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက် များ) အက်ဥပဒေ ပုဒ်မ ၇(၂) အရ၊ အမိန့်ချမှတ်နိုင်ရန် အာဏာရှိသူ တဦး ဖြစ်သည်မှာ မှန်ပေသည်။ သို့သော်ဤအာဏာကို မသုံးစွဲမီ လျှောက်ထားသူများ သည် အက်ဥပဒေ၊ သို့မဟုတ် နည်းဥပဒေတရပ်ရပ်ကို တကယ်ပင်ချိုးဖောက် သလောဟူသော ပြဿနာကို ပဏာမအချက် အနေနှင့်ဆုံးဖြတ်ပြီးမှ ပုဒ်မ ၇ (၂) အရ၊ ဆက်လက် ဆောင်ရွက်ခွင့်ရှိပေမည်။ ။ဝန်ကြီးမင်းသည် ပြည်နှင်ဒဏ် ပေးသင့်ပါသည်ဆိုသော ထောက်ခံချက်ကို လက်မှတ်ထိုးရမှုနှင့် မိမိကိုယ်တိုင်

PAGE

ပဏာမအချက်ကိုစဉ်းစားဆုံးဖြတ်ခဲ့သည်ဟုမယူဆနိုင်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအပိုဒ် ၁၅၀ အရ၊ ကန့်သတ်ထားသည် တရားစီရင်ရေး အလယ်ကို သုံးစွဲရာ၌ တိကျပြတ်သားစွာဆုံးဖြတ်ချက်ကိုချမှတ်ရပေမည်။ ထို့ပြင်လည်း လျှောက်ထား သူများထုချေရန် အခွင့်အရေးမပေးခဲ့သည့် အတွက် ချမှတ်သည့် အမိန့်များမှာ တရားမဝင်။

တန်ချောင်ဆင်းပါ ၂ နှင့် အတွင်းဝန် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ဝန်ကြီးဌာန ၁၁၇

လွှတ်တော်အမတ်အဖြစ် အရွေးခံပိုင်ခွင့်၊ မူလအခွင့်အရေးမဟုတ်၊ အခြေခံ ပုဒ်မ ၅၀။ တရားစီရင်ရေးဆိုင်ရာ အလယ် ဝတ်တရားနှင့် အာဏာများကို လွှဲအပ်နိုင်ခြင်း။ ရွေးကောက်ပွဲ ခုံတော် အဖွဲ့နှင့် အမြဲတန်း တရားရုံးများ ခြားနားခြင်း။ ခုံတော် အဖွဲ့က ပခါန် အားဖြင့် စဉ်းစားဆုံးဖြတ်ရမည့်အချက်၊ ခုံတော်အဖွဲ့သည် တရားရုံး စင်စစ်မဖြစ်နိုင်၊ သို့သော်တရားလွှတ်တော်ချုပ်က ကြီးကြပ် ကြည့်ရှုရမည်ဖြစ်သော "တရားရုံး" တခုပင်ဖြစ်သည်၊ ခုံတော်အဖွဲ့၏ အစီရင်ခံစာ၊ သမ္မတ၏ အမိန့် ထုတ်ပြန်ချက်များသည် တရားစီရင်ရေး ဆိုင်ရာ အရေးယူဆောင်ရွက်ချက်များ ဖြစ်သည်။ ။ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ ကိုပြဋ္ဌာန်းခြင်း၏ အကြောင်း။ တရားလွှတ်တော်ချုပ်၏ ဆောင်ရွက်ချက်။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ရည်ရွယ်ချင်း။ တရားရုံးများ တရားလွှတ်တော်ချုပ်၏ ကြီးကြပ် ကွပ်ကဲရေး အာဏာစက်ဘွင်းသာ တည်ရှိရမည်။ ကင်းချိမတည်နိုင်၊ ကြီးကြပ်ရေး အာဏာ တရားလွှတ်တော်ချုပ်ကို တည်ထောင်သည်နှင့် တပြိုင်နက် အပ်နှင်းပြီးခြင်း။ ။ပါလီမန် ရွေးကောက်ပွဲ အက်ဥပဒေ ပုဒ်မ ၄၂(၃) "အပြီးသတ် အတည်ဖြစ်စေရမည်" ဟုဆိုသော စကားရပ်၊ သာမန် ဥပဒေ ပြဋ္ဌာန်းချက်က ချုတ်ချယ်ပိတ်ပင်ခြင်း မပြုနိုင်သောအချက်။ ။တရားမျှတသော ရွေးကောက်ပွဲ ဟု မယူဆနိုင်ခြင်း အကြောင်း၊ "လက်ခံသည်" ဟူသော စကားရပ်၏ အဓိပ္ပါယ်။ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ (၄)အရ၊ ကြီးကြပ်ရေးအာဏာကို သုံးစွဲရာဘုင် တရားလွှတ်တော်ချုပ်က ဆောင်ရွက်မည့်ကိစ္စ။ ။ဆုံးဖြတ်ချက်။ လွှတ်တော် အမတ်အဖြစ် အရွေးခံပိုင်ခွင့်သည် မူလအခွင့်အရေးတခု မဟုတ်။

တရားရုံးမှအပ၊ ကန့်သတ်ထားသည့် တရားစီရင်ရေး ဆိုင်ရာ အလုပ်ဝတ်တရားများ ကိုငင်း၊ အာဏာများကိုငင်း သုံးစွဲဆောင်ရွက်စေရန် ပုဂ္ဂိုလ် တဦးတယောက် အားဖြစ်စေ၊ အဖွဲ့တဖွဲ့အားဖြင့် ဖြစ်စေ၊ အခြေခံ ဥပဒေပုဒ်မ ၁၅၀ အရ၊ လွှဲအပ် နိုင်သည်။ ။မြန်မာပြည် ရေနံကုမ္ပဏီနှင့် မြန်မာပြည် ရေနံကုမ္ပဏီအလုပ် သမားများ 1957, B.L.R. (S.C.) 61 ကိုရည်ညွှန်းသည်။ ။ရွေးကောက်ပွဲ ခုံတော် အဖွဲ့နှင့် အမြဲတန်း တရားရုံးများမှာ ခြားနားသည်။ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေပုဒ်မ ၃၈ (၁) အရ၊ မကျေနပ်သော ယှဉ်ပြိုင် အရွေးခံခဲ့သူ တဦးက၊ သို့မဟုတ် မဲဆန္ဒရှင်တဦးက ရွေးကောက်ပွဲ ကန့်ကွက်လွှာ တင်သွင်းမှု နိုင်ငံတော် သမတက ခုံအဖွဲ့ဒုံးစည်းရသည်။ ။ခုံတော်အဖွဲ့သည် စုံစမ်း စစ်ဆေးရာ၌ အခြေခံ ဥပဒေအရဖြစ်စေ၊ အက်ဥပဒေအရဖြစ်စေ၊ တည်ထောင်ထားသော တရားရုံးများ ကဲ့သို့ပင် တရားဥပဒေနှင့် ကျင့်ထုံးတို့ကို လိုက်နာ ဆောင်ရွက်ရမည်ဖြစ်သော် လည်း၊ သာမန် တရားရုံးများကဲ့သို့ လူသိနှင့်ကြား စီရင်ချက်အမိန့်ချမှတ်နိုင်ခွင့်

မရှိ၊ နိုင်ငံတော် သမ္မတထံသို့သော အစီရင်ခံစာ တင်သွင်းရမည်ဖြစ်သည်။ ။ ခံတော်အဖွဲ့က ပဓါနအားဖြင့် စဉ်းစား ဆုံးဖြတ်ရမည့် အချက်မှာ၊ ကျင်းပခဲ့သည့် ရွေးကောက်ပွဲသည်၊ တရားမဲ့ပြုကျင့်မှုများမှ ကင်းရှင်းရဲ့ တရားမျှတပြီး လွတ်လပ်စွာ မဲပေးနိုင်ခွင့်ရှိသော ရွေးကောက်ပွဲဟုတ် မဟုတ်ဟူသော အချက်ပင်ဖြစ်သည်။ ။ရွေးကောက်ပွဲ ခံခွဲးတော်အဖွဲ့သည် တရားရုံးစစ်စစ်မဖြစ်နိုင်၊ အခြေခံဥပဒေပုဒ်မ ၁၅၀ အရ၊ တရားစီရင်မှုဆိုင်ရာ အလုပ်ဝတ်တရားနှင့် အာဏာများကို သုံးစွဲ ဆောင်ရွက်လျက်၊ ခံမိတို့၏ ယူဆချက်နှင့် တွေ့ရှိချက်တို့ကို အစီရင်ခံစာဖြင့်၊ နိုင်ငံတော်သမ္မတထံသို့တင်သွင်းရန် ဖွဲ့စည်းထားသည့်အဖွဲ့ပင်ဖြစ်သည်။ သို့ရာတွင် ထိုအဖွဲ့သည်၊ ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေပုဒ်မ ၄ တွင် အကျုံးဝင်၍ တရားလွှတ်တော်ချုပ်က ကြီးကြပ် ကြည့်ရှုရမည်ဖြစ်သော "တရားရုံး" တခုပင် ဖြစ်သည်။ ဒီ၊ ဒီ၊ ဂရိုဘာနှင့် ကေ၊စီ၊ကွန်ဒါ၊ 1955, B.L.R. (S.C.) 54 ကို၊ ရည်ညွှန်းသည်။ ။တရားစီရင်မှုဆိုင်ရာ အာဏာ ဝတ်တရားများကို ကျင့်သုံး ဆောင်ရွက်ပြီးနောက်၊ ဥပဒေအရ၊ နိုင်ငံတော် သမ္မတထံသို့ တင်သွင်းသည့် အစီရင်ခံစာမှာလည်း၊ တရားစီရင်မှုဆိုင်ရာအစီအရင်တရပ်ဟူ၍ပင်ယူဆရပေမည်၊ နိုင်ငံတော် သမ္မတထံသို့ ရောက်ရှိသည့်အခါ၊ နိုင်ငံတော်သမ္မတသည်၊ မိမိ၏ သဘောအတိုင်း ဆောင်ရွက်နိုင်ခွင့်မရှိ၊ အစီရင်ခံစာကို လက်ခံရမည်သာမက အစီရင်ခံစာအတိုင်း အမိန့်ထုတ်၍ လူသိနတ်ကြားဖြစ်မြောက်အောင် အစီရင်ခံစာကိုပါ အစိုးရပြန်တမ်းတွင် ကျေညာရမည်ဖြစ်သည်။ ဤကဲ့သို့ ကျေညာရာ၌ အစီရင်ခံစာတွင် ပါရှိသည့်အတိုင်း၊ မိမိအနေဖြင့် အမိန့်ထုတ်ပြန်ခြင်းမှာလည်း၊ တရားစီရင်ရေးဆိုင်ရာ အာဏာဝတ်တရားကို ကျင့်သုံး ဆောင်ရွက်ခြင်းသာ ဖြစ်ရပေမည်။ အမှန်မှာ အစီရင်ခံစာနှင့် နိုင်ငံတော် သမ္မတ၏ အမိန့်သည် တစ်ထည်းဖြစ်၍၊ တရားစီရင်ရေးဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်များ ဖြစ်သည်ဟု ယူဆရပေမည်။ ။အခြေခံဥပဒေ အခန်း (၈) ပုဒ်မ ၁၃၃ မှ ၁၅၃ အထိပါ ပြဋ္ဌာန်းချက်များသည်၊ တရားစီရင်ရေး အာဏာအားလုံးကို တရားလွှတ်တော်ချုပ်လျှင် အမှူး, ပြုသော တရားရုံးများသို့ အပ်နှင်းထားသည်။ ထိုအာဏာများတွင် ပုဒ်မ ၁၅၀ အရ၊ ရည်ညွှန်းသည့် ဟိုက်ရိလ်၊ သို့မဟုတ် အဖွဲ့သို့ ကန့်သတ်လျက်၊ လွှဲအပ်သည့် အာဏာမျိုးလည်း အကျုံးဝင်ပြီးဖြစ်သည်။ ဤကဲ့သို့ ပေးအပ်ပြီးသော တရားစီရင်ရေး အာဏာကို သုံးစွဲရာတွင် ပို့ခိုထိရောက်နိုင်စေရန်အလို့ငှါ တရားလွှတ်တော်ချုပ်အား ထပ်ဖြည့် အာဏာများ အပ်နှင်းနိုင်ရန် ပုဒ်မ ၁၅၃ တွင် ရည်ညွှန်းထားသည့်အလျောက်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ ကို ထပ်မံ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ။ထို့ကြောင့်၊ တရားလွှတ်တော်ချုပ်သည်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၄ အရ၊ အပ်နှင်းသော ကြီးကြပ်ရေး အာဏာကို သုံးစွဲရာ၌၊ အခြေခံ ဥပဒေအရ ပေးအပ်ထားသော တရားစီရင်ရေး အာဏာကို ပို့ပို့ထိရောက်စွာ သုံးစွဲခြင်းဟု ဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၏ ရည်ရွယ်ရင်းမှာ၊ တရားစီရင်ရေးဆိုင်ရာ အချုပ်အခြာအာဏာကို နိုင်ငံသားတို့၏ ကိုယ်စား ထိရောက်စွာ သုံးစွဲ ဆောင်ရွက်နိုင်စေခြင်းအလို့ငှါ၊ တရားလွှတ်တော်ချုပ်အား၊ တရားမဏ္ဍိုင်၏ အထွဋ်အထိပ်အဖြစ် ဖြင့်၊ ကြီးကြပ် ကွပ်ကဲ ကြည့်ရှုစေလျက်၊ တရားရုံးအဆင့်ဆင့်ကို တည်ထောင် ထားခြင်း ဖြစ်လေရာ သာမန် တရားရုံးများသည်ငင်း၊ အခြေခံ ဥပဒေပုဒ်မ ၁၅၀ တွင် ရည်ညွှန်းသည့် ကန့်သတ်ထားသော တရားစီရင်ရေးဆိုင်ရာ၊ အလုပ်ဝတ်တရား

နှင့် အာဏာများကို သုံးစွဲ ဆောင်ရွက်သည့် တရားရုံးများသည်၎င်း တရားလွှတ်တော်ချုပ်၏ ကြီးကြပ်ကွပ်ကဲရေး အာဏာစက်အတွင်း၌သာ တည်ရှိရမည် ဖြစ်သည်။ ကင်း၍ မတည်ရှိနိုင်ခေါ။ ထိုကြီးကြပ်ရေး အာဏာသည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ၊ အချုပ်အခြာ ဖြစ်သော တရားလွှတ်တော်ချုပ်ကို တည်ထောင်သည်နှင့်တပြိုင်နက်၊ တပါတည်း အပ်နှင်းပြီး ဖြစ်သည်ဟု ယူဆရပေမည်။ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၄ အရ၊ တရားလွှတ်တော်ချုပ်အား ကြီးကြပ်ရေးအာဏာ အပ်နှင်းသည်မှာလည်း၊ အခြေခံ ဥပဒေအရ ပေးအပ်ထားသော စီရင်ပိုင်ခွင့် အာဏာကို ပိုမိုထိရောက်စွာ သုံးစွဲရန်အတွက် ဖြစ်ရကား၊ မူလရှိပြီး အာဏာကို ပေါ်လွင် ထင်ရှားစေခြင်းမျှသာ ဖြစ်သည်ဟု ယူဆရပေမည်။ ။ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေပုဒ်မ ၄၂ (၃) တွင် ပါရှိသော "အပြီးသတ် အတည်ဖြစ်စေရမည်" ဟု ဆိုသော စကားရပ်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ပုဒ်မ ၁၀၇ (၁) တွင် သုံးစွဲသော (final and conclusive) စကားရပ်မျိုး ဖြစ်သည်။ ။သခင် မောင်နှင့် တရားဝန်ကြီး ဦးအောင်သာကျော် (1949) B.L.R. (S.C) 188; *Commonwealth* v. *Limerick Steamship Co.*, 35 C.L.R. 63; *Novain* v. *Freeman*, (1889) 15 A.C. 1, တို့ကိုရည်ညွှန်းသည်။ ။ မည်သို့ပင် ဖြစ်စေ၊ တရား လွှတ်တော်ချုပ်က အခြေခံ ဥပဒေ အရ အပ်နှင်းထားသည့် တရားစီရင်ပိုင်ခွင့်အာဏာတွင် အကျုံးဝင်သော ကြီးကြပ်ရေးအာဏာကို သုံးစွဲရာ၌ သာမန် အက်ဥပဒေအရ ပြဋ္ဌာန်းသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ချုပ်ချယ် ပိတ်ပင်ခြင်း မပြုနိုင်ခေါ။ ။ဒိုက်ဦး မဲဆန္ဒနယ် အတွက် မဲရုံ ၃၂ ရုံအနက်၊ မဲရုံ ၂၀ အတွက် ထုတ်ပေးသည့် မဲပြားမှားမှာ၊ ၁၆,၀၄၆ ပြားဖြစ်သော်ငြားလည်း၊ ထိုမဲရုံများရှိ မဲပုံးများတွင် ထည့်ထားသော မဲများမှာ ၁၉,၂၉၉ ဖြစ်နေရာ၊ ၎င်းမဲပုံးများထဲသို့ မရောက်ထိုက်သော မဲပြား ၂,၄၅၃ ပြား ရောက်ရှိနေ၍ ချုပ်ငုံးသည် ယူဆရမည်သာဖြစ်၍၊ မဲရုံ ၂၀ ၌ အသစ် တဖန် ရွေးကောက်ပွဲ မကျင်းပခဲ့သည်မှာ၊ ဒိုက်ဦး မဲဆန္ဒနယ်အတွက် တရားမျှတသော ရွေးကောက်ပွဲ ကျင်းပခဲ့သည်ဟု ယူဆနိုင်ရန် ခဲယဉ်းပေသည်။ ပို့နေသည့် မဲပြားများသည်၊ မတရားမဲ၊ သို့မဟုတ် ပျက်ပြယ်သော မဲများဖြစ်ခဲ့ပါမူ၊ အရေးပါ အရာရောက် လေ့လာအောင် အကျိုးသက်ရောက်သည် မသက်ရောက်သည်ကို ထည့်သွင်းစဉ်းစားရန်မလိုခေါ။ ရွေးကောက်ပွဲသည် တရားမျှတသော ရွေးကောက်ပွဲ ဖြစ် မဖြစ်ကိုသာစဉ်းစား ဆုံးဖြတ်ရပေမည်။ "လက်ခံသည်" ဟူသော စကားရပ်အဓိပ္ပါယ်ကောက်ရာ တဦးတယောက်၏ လက်ထဲသို့ ထည့်မှ လက်ခံခြင်းဖြစ်ရမည်ဟု မဆိုနိုင်။ ။ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ (၄) အရ၊ ဤရုံးတော်က ကြီးကြပ်ရေး အာဏာကို သုံးစွဲရာ၌၊ စာချုန်တော်များ ထုတ်သည့် နည်းအတိုင်းသာ ဆောင်ရွက်ရမည် ဖြစ်သောကြောင့်၊ နိုင်ငံတော်သမ္မတ၏ အမိန့်ကို ပယ်ဖျက်သင့်က ပယ်ဖျက်၍၊ ကျည်မြစေသင့်က ကျည်မြစေရမည်သာ ဖြစ်သည်၊ ခုံထောင်အဖွဲ့၏ အဓိရင်ခံစာ အစား၊ ဤရုံးတော်၏ အဆုံးအဖြတ်ကို အစားထည့်သွင်း၍ မပေးနိုင်။

PAGE

ဝိနိစ္ဆယဋ္ဌာန (ပြင်ဆင်ချက်) ဥပဒေ (၁၃၁၆) ခုနှစ်၊ ပုဒ်မ ၁ (၄) ခြွင်းချက်တွင် ပြဋ္ဌာန်းချက်၊ ဝိနိစ္ဆယဋ္ဌာနတွင် မပြီးမပြတ် ရှိနေသေးသော အမှုများ ပြီးဆုံးအောင် ဆောင်ရွက်မည့်ကိစ္စများ၊ ရှင်းလင်း ဖော်ပြချက်၊ နယ်ပိုင် တရားမတရား သူကြီးရုံးတွင် မရှိသော အာဏာ။ မည်သို့ ပြုမူခြင်းသည် ကန့်ကွက်ရာရောက်ခြင်း။ ။၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဋ္ဌာန (ပြင်ဆင်ချက်) အက်ဥပဒေ ဗုဒ်မ ၁၊ ပုဒ်မခွဲ (၄)၏ ခြွင်းချက်တွင်ပြဋ္ဌာန်းချက်အရမှာ ပြင်ဆင်ချက်အက်ဥပဒေ စတင်အာဏာ တည်သည့်နေ့၌ ဝိနိစ္ဆယဋ္ဌာနများတွင် မပြီးမပြတ်ရှိနေသေးသောအ မှုများကို ဝိနိစ္ဆယဋ္ဌာနများက ဆက်လက်၍ ပြီးဆုံးသည့်တိုင်အောင် ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရန် အာဏာနှင့် တာဝန်ဝတ္တရားများသည် ဝိနိစ္ဆယဋ္ဌာနများတွင် ရှိနေသည်ဟု ယူဆရပေမည်။ အကယ်၍ နှစ်ဦး နှစ်ဘက်သော အမှုသည်များက ဤသို့ မပြီးမပြတ်ရှိနေသည့် အမှုကို ဝိနိစ္ဆယခုံသို့ လွှဲအပ်လိုလျှင် သက်ဆိုင်ရာ ဝိနိစ္ဆယဋ္ဌာနသို့ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (၂) အရ၊ လျှောက်ထားနိုင်ခွင့်ရှိသည်။ ထိုအခါ ဝိနိစ္ဆယဋ္ဌာနက ပုဒ်မခွဲ (၃) အရ၊ ဝိနည်းဝိုရ်ဆရာတော်များ၏ ဘွဲ့တော်များနှင့် လိပ်စာများကို အမှုသည်များက တင်သွင်းစေရမည်ဖြစ်သည်။ ထိုသို့ အပြည့်အစုံ ရရှိသောအခါတွင် အမှုသည်များ၏ လျှောက်ထားချက်အတိုင်း ထိုသို့ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်ပေးရမည်ဖြစ်သည်။ ။ အဓိပ္ပါယ်မှာ သာမန် တရားရုံးများ၏ ထုံးတမ်း စဉ်လာအတိုင်း နှစ်ဦး နှစ်ဘက်သော အမှုသည်များက ခုံကို လွှဲအပ်လိုသောအခါ၊ ၎င်းတို့ သဘောတူ ရွေးကောက်တင်မြှောက်သောသူများဖြင့် ခုံကို ဖွဲ့စည်းလျက်တရားရုံးက သက်ဆိုင်ရာ အမှုကို လွှဲအပ်ပေးရသည့်နည်းတူ၊ ဝိနိစ္ဆယဋ္ဌာနများကလည်း နှစ်ဘက်သော အမှုသည်များက တင်မြှောက်သည့် ခုံဝိနည်းခိုရ်ဆရာတော်များဖြင့် ဝိနည်းဝိုရ်ခုံကို ဖွဲ့စည်းပြီးလျှင် အမှုကို လွှဲအပ်ရမည်ဖြစ်သည်။ ။ဝိနိစ္ဆယဋ္ဌာနများတွင် မပြီးမပြတ် ရှိနေသည့် အမှုများနှင့် စပ်လျဉ်း၍၊ နယ်ပိုင် တရားမ တရားသူကြီးရုံးတွင် ပုဒ်မ ၃၆ အရသော်၎င်း၊ အခြားဥပဒေတခုခုအရသော်၎င်း၊ ခုံဖွဲ့ပေးနိုင်သည့် အာဏာ လုံးဝမရှိခြေ။ စောဒကက နယ်ပိုင် တရားမ တရားသူကြီးထံသို့ ခုံဖွဲ့ပေးခြင်း မပြုဘဲ၊ ဝိနိစ္ဆယရုံးသို့ အမှုကိုပြန်၍ ပေးပို့ရန်စာဖြင့် မေတ္တာရပ်ခံခြင်းသည်၊ တရားသူကြီးက ခုံဖွဲ့ပေးခြင်းကို ကန့်ကွက်ရာရောက်သည်ဟု ယူဆရပေသည်။ ။ဦးဥာဏိန္ဒဇနှင့် နိုင်ငံတော်ဝိနိစ္ဆယဋ္ဌာန ပါ ၄ (၁၉၅၄ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာမျက်နှာ ၆၁) နှင့် ခြားနားခြင်းကို ပြသည်။

ဦးဇနိန္ဒနှင့် ဦးပဏ္ဍိတ ပါ ၆ .... ၃၂

ဝိနိစ္ဆယခုံမပေးနိုင်သော အဆုံးအဖြတ်။ ။ဝိနိစ္ဆယခုံ ရွှေမျောက်တွင် အဆုံးအဖြတ်ပေးရန်ရှိသော ပြဿနာမှာ ရန်ကုန်မြို့၊ ဗဟန်း ၃ လမ်းအနီးရှိ သခမ္မကျောင်းတိုက်သည်၊ သံဃိကကျောင်းတိုက် ဖြစ်သလော၊ ဦးကဏ္ဍလ (ကြီး) ဖိုင် ပုဂ္ဂလိကကျောင်းတိုက်ဖြစ်သလော ဟူသည့် ပြဿနာသာ ဖြစ်ငြားသော်လည်း၊ ဝိနိစ္ဆယခုံက စောဒကအဖြစ်၎င်း၊ စုဒီတက အဖြစ်၎င်း ပါဝင်ခြင်းမရှိသော် အမှုတွင် သက်

PAGE

သေအဖြစ်သာ ပါဝင်သော ဦးဇာဂရသာလျင်၊ သုဇမ္မာကျောင်းတိုက်နှင့် ငါး
ထပ်ကြီးကျောင်းတိုက် စသည့် ပစ္စည်းများကို ပဋိလိကပိုင် ဖြစ် ကြောင်း အဆုံး
အဖြတ်ပေးခြင်းသည်၊ ဝိနိစ္ဆယခုံက မပေးနိုင်သော အဆုံးအဖြတ်ဖြစ်သည်။

ဦးအရိယဝံသနှင့် ဦးဥတ္တမ ပါ ၅၊ ၁၉၅၉ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ
တရားလွှတ်တော်ချုပ်) ၂၁၇ ကို ရည်ညွှန်းသည်။

ဦးအာစိဏ္ဏ ပါ ၄ နှင့် ဦးဥတ္တမ ပါ ၁၀ .... ၂၃၅

ဝိနိစ္ဆယခုံရုံးတော်ကသာ စစ်ဆေးရမည့်ပြဿနာ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၂၄၊ ၃၂ (၃)။ ဝိနိစ္ဆယဌာန ချမှတ်သော စီရင်ချက်အမိန့်များနှင့် ပတ်သက်၍ တရား ရုံးများ၌ရှိသော အာဏာ။ ။စောဒကများဖြစ်သူ ဦးမာလာနှင့် ဦးရာဇိန္ဒတို့ အပေါ်၌ ဦးသာသနက ဝါးခယ်မမြို့နယ်၊ ဝိနိစ္ဆယရုံးတော်တွင် အနိုင်ရရှိသော ဆုံးဖြတ်ချက်ကိုဝါးခယ်မမြို့နယ် တရားမရုံး၏ အာဏာစက်ဖြင့် ဇာရီပြုလုပ်နေစဉ် အတွင်း ဦးသာသန ပျံလွန်တော်မူရာ၊ စုဒိတကများဖြစ်သော ဦးကုဏ္ဍလနှင့် ဦးသုမနတို့က ဝါးခယ်မမြို့နယ် ဝိနိစ္ဆယဌာနရုံးတော်၌ မိမိတို့သည်ပူးတွဲ တင်ပြ သော တိသန္ဆကစာချုပ်အရ၊အခင်းဖြစ်ကျောင်းတိုက် အထုပ်နှင့်တကွ ဂရုဘဏ်၊ လဟုဘဏ်ပစ္စည်းများကို ဆရာတော် ဦးသာသန ပျံလွန်တော်မမူမီကပင် ပေးပြီး ဖြစ်သဖြင့် ထိုဆရာတော် ဦးသာသနပိုင်ဆိုင်သမျှသော ပစ္စည်းအရပ်ရပ်တို့နှင့် အခင်္ဂအရေး အလုံးစုံတို့ကို မိမိတို့နှစ်ဦးသာ ပိုင်ဆိုင်ခွင့် ရှိကြောင်းဖြင့် အထက် ဖေါ်ပြပါ ဆုံးဖြတ်ချက်ကို ဆက်လက်ဇာရီပြုလုပ်နိုင်ရန်အတွက် လျှောက်ထား ရာ၊ဝိနိစ္ဆယခုံရုံးတော်က တင်ပြသော စာချုပ်စာတမ်းနှင့် သက်သေများကို စစ် ဆေးပြီးလျှင်လျှောက်ဆိုသည့်အတိုင်း ဦးသာသနပျံလွန်တော်မမူမီက ဦးကုဏ္ဍလ နှင့် ဦးသုမနတို့အား၊ တိသန္ဆကစာချုပ်အရ ပေးပြီးဖြစ်ကြောင်း ဆုံးဖြတ်၍ ဆက်လက်ဇာရီပြုရန် အခွင့်ပေးသည့်ကိစ္စနှင့်ပတ်သက်၍ စောဒကများကဝါးခယ် မမြို့နယ် တရားမရုံးတော်၌ ဇာရီမှုမပြီးပြတ် ရှိနေသေးသဖြင့် ဦးကုဏ္ဍလနှင့် ဦးသု မနတို့သည်၊ ထိုရုံးတော်သို့ လျှောက်ထားခြင်း မပြုဘဲ ဝါးခယ်မမြို့နယ် ဝိနိစ္ဆယ ဌာန ရုံးတော်သို့ လျှောက်ထားသည်မှာ တရားဥပဒေအရ မှားယွင်းကြောင်း အရေးဆိုလေသည်။ ။**ဆုံးဖြတ်ချက်**။ ။ဦးသာသန ပျံလွန်တော်မမူမီ ဦးကုဏ္ဍ လနှင့်ဦးသုမန တို့အား၊အခင်းဖြစ်ပစ္စည်းများကို တိသန္ဆကအဖြစ် ဝိနည်းတော် အရ၊အပိုင်ပေး မပေးဆိုသည့်ပြဿနာမှာ သက်ဆိုင်ရာ ဝိနိစ္ဆယခုံရုံးတော်ကသာ စစ်ဆေး ဆုံးဖြတ်ရမည့် ပြဿနာဖြစ်သည်။ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မငယ် ၂ တွင် ဝိနိစ္ဆယဌာနက ယင်းဌာန၏ စီရင်ခွင့် အာဏာအရ၊ချမှတ်သည့် စီရင်ချက်၊ သို့မဟုတ် အမိန့်တစုံတရာကို ထိုစီရင်ချက်၊ သို့မဟုတ် အမိန့်အတိုင်း လိုက်နာအောင် ပုဒ်မ ၂၄၊ သို့မဟုတ် ပုဒ်မ ၃၂ (၃) အရ၊ ဆောင်ရွက်ခြင်းမှ တပါး အခြားနည်းအားဖြင့် ဝင်ရောက်စွက်ဖက် သက်ဆိုင်ရန် မည်သည့် တရားရုံးတွင်မျှ အခွင့်အာဏာ မရှိစေရဟု အတိအလင်း ပြဋ္ဌာန်းထားလေသည်။ ယင်းသို့ဖြစ်၍ သက်ဆိုင်ရာ တရားရုံးများက ဝိနိစ္ဆယဌာန ချမှတ်သော ဆုံးဖြတ်ချက်ကို ထိုတရား ရုံးများမှာ ရှိမြဲအခွင့်အာဏာများနှင့်အညီ အာဏာစက်ဖြင့် ကူညီပြုလုပ်ပေးခြင်းမှ အပ၊ အခြားမည်သည့်ဆောင်ရွက်မှုကိုမျှ မပြုနိုင်ချေ။

ဦးမာလာနှင့် ဦးကုဏ္ဍလ ပါ ၄ .... ၁၃

PAGE

သတင်းစာတွင် ဖေါ်ပြမှု ကလေးသူငယ်များ အက်ဥပဒေ ၆၇

သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၃၊ (ခြင်းချက်) (က) ကေ ၅၀ ထက်မပိုသော မိမိပိုင် လယ်မြေကို မည်သည့်အခါ လုပ်ကိုင်ခွင့် ရှိသနည်း။ ။လျှောက်ထားသူက မိမိပိုင် ၄၄·၉၃ ရှိ မြေကို မိမိကိုယ်တိုင် လုပ်ကိုင်ရန် အတွက် မိမိမှာ လယ်ထွန်ကိရိယာ အစုံအလင်ရှိပြီး လယ်ယာမြေ လုပ်ကိုင်ခဲ့ကြောင်း သက်သေ အထောက် အထားနှင့် လျှောက်ထားရာ၊ မြို့နယ်သီးစားချထားရေး ကော်မိတီက လျှောက်ထားသူအား၊ ၎င်းမြေကို လုပ်ကိုင်ခွင့် ပြု၏။ ၎င်းခွင့်ပြုခြင်းကို ခရိုင် သီးစားချထားရေးကော်မိတီက အတည်ပြုသော်လည်း တိုင်း သီးစားချထားရေး ကော်မိတီက လျှောက်ထားသူ သီးစားချရေး အက်ဥပဒေ ပုဒ်မ ၃၊ (ခြင်းချက်) (က) အရ၊ ကိုယ်တိုင် ကိုယ်ထိ လက်ရောက် ထွန်ယက် လုပ်ကိုင်သူ မဟုတ်ဟုယူဆ၍၊ မြို့နယ်သီးစားချထားရေး ကော်မိတီနှင့် ခရိုင်သီးစားချထားရေး ကော်မိတီတို့၏ အမိန့်များကို ပယ်ဖျက်လိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၃၊ ခြင်းချက် (က) အရ ဆိုလျှင်၊ အဓိက အသက်မွေးဝမ်းကျောင်း အဖြစ်ဖြင့် ကိုယ်ထိ လက်ရောက် လယ်ယာ စိုက်စိုက်ပျိုး လုပ်ကိုင်သူ ပိုင်သည်လည်း ဖြစ်၍၊ ကိုယ်တိုင်လည်း လက်ရှိ စိုက်ပျိုး လုပ်ကိုင်လျက်ရှိသော ဧရိယာ ကေ ၅၀ ထက်မပိုသည့် လယ်ယာမြေကို ထိုအက်ဥပဒေအရ၊ ဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် ပေးခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ မြို့နယ် သီးစားချထားရေး ကော်မိတီနှင့် ခရိုင် သီးစားချထားရေး ကော်မိတီက အခင်း ဖြစ်မြေကိုလျှောက်ထားသူအား၊ ကိုယ်တိုင်လုပ်ကိုင်ရန်အတွက် ချထားခြင်းသည် ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေနှင့်သော်၎င်း၊ ထိုနှစ် သီးစားချထားရေး နည်းဥပဒေ များနှင့်သော်၎င်း ဆန့်ကျင်သည်ဟု မဆိုနိုင်ခေ့။

ဒေါ်ခင်မြင့် နှင့် ဥက္ကဋ္ဌ၊ မကွေးတိုင်း သီးစားချထားရေး ကော်မိတီ ပါ ၁၄ .... ၁၂၂

သီးစားချထားရေး နည်းဥပဒေ ၁၉၅၃ ခုနှစ်၊ အပိုဒ် ၁၁ မည်သူကို သီးစားချထားရမည်နည်း။ ။ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ သီးစား ချထားရေး နည်းဥပဒေ အပိုဒ် ၁၁ အရ၊ ပျက်ကွက်မှု မရှိခဲ့လျှင် ၎င်းနည်းဥပဒေ အပိုဒ် အရ၊ လက်ငုတ် သီးစားဖြစ်သူကိုသာ သီးစားချထားရေး ကော်မိတီက သီးစားချထားရမည်ဖြစ်သည်။

ဦးအောင်ဘ ပါ ၃ နှင့် ဥက္ကဋ္ဌ၊ ပဲခူးတိုင်း သီးစားချထားရေး အဖွဲ့ ပါ ၅ .... ၄

သီးစားချထားရေး နည်းဥပဒေ ၁၉၅၃ ခုနှစ်၊ အပိုဒ် ၁၃၊ သီးစားချထားရန် အတွက် လျှောက်လွှာ တင်သွင်းရန်ထိုခြင်း။ ။လျှောက်ထားသူသည်၊ လွန်ခဲ့သော ၄ နှစ်လောက်က သောင်းကျန်းသူများ၏ ဘေးရန်ကြောင့်၊ မိမိပိုင် ၅၄ ကေမျှရှိ လယ်မြေကို လျှောက်ထားခံရသူ ဦးဘိုးတောအား၊ သီးစားချပြီး၊ ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေခဲ့ရာ၊ အခြေအနေ ကောင်းမွန်လာသောအခါ၊ မိမိရွာသို့ ပြန်ပြီး အခင်းဖြစ်မြေအနက် ၂၅ ကေကို၊ မိမိလုပ်ကိုင်ရန်အတွက်၊ ပြန်လည်တောင်းဆိုရာ၊ ဦးဘိုးတောက ငြင်းဆန်သောကြောင့် ၁၉၆၀-၆၁ ခုနှစ်အတွင်း၊ အဆိုပါမြေ ၂၅

PAGE

ကေကို မိမိအား ချထားပါရန် ကျောက်တန်းမြို့နယ် သီးစားချထားရေး အဖွဲ့သို့ လျောက်ထားရာတွင် မြို့နယ်သီးစားချထားရေး ကော်မိတီကၚ်း၊ ခရိုင် သီးစားချထားရေး ကော်မိတီကၚ်း၊ တိုင်းသီးစားချထားရေးကော်မိတီကၚ်း၊ လက်ဝတ် သီးစား လုပ်ကိုင်နေသူ ဦးဘိုးတောမှာ သီးစားခပေးဆောင်ရာ၌ ပျက်ကွက်ခြင်း မရှိသဖြင့် လျောက်ထားသူ၏ လျောက်လွှာကို ပယ်လိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။သီးစားချထားရေး ကော်မိတီ အသီးသီးသည်၊ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၃ ပါ ပြဋ္ဌာန်းချက်များကို သတိမူဟန် မတူချေ။ ထိုပြဋ္ဌာန်းချက်များအရ၊ ခရိုင်သီးစားချထားရေး ကော်မိတီက သတ်မှတ်ထားသော အချိန်ကာလအတွင်း၊ လယ်ယာမြေ လုပ်နေ သူနှင့် လုပ်ကိုင်လိုသူတို့သည်၊ သီးစားချထားရန်လျောက်လွှာများကို၊ သက်ဆိုင်ရာ ကော်မိတီသို့ တင်သွင်းရမည်ဖြစ်သည်။ ယခုမူကား ဦးဘိုးတောသည်၊ ကျောက်တန်းမြို့နယ် သီးစားချထားရေး ကော်မိတီသို့၊ ၁၉၆၀-၆၁ ခုနှစ်အတွက်၊ သီးစားအဖြစ် လုပ်ကိုင်ရန် လျောက်လွှာတင်သွင်းခြင်း မပြုခဲ့ပေ။ သို့ဖြစ်၍ လျောက်ထားသူသည်၊ မိမိ လျောက်ထားသည့် ၂၅ ကေကို ရရှိမည်။

မရမ်းလုံး နှင့် ပဲခူးတိုင်း သီးစားချထားရေး အဖွဲ့ပါ ၄ .... ၅၃

သီးစားချထားရေး နည်းဥပဒေ ၁၉၅၃ ခုနှစ်၊ အပိုဒ် ၁၆ (၁)၊ မြို့နယ် သီးစားချထားရေးကော်မိတီ အမိန့်ကို၊ အယူခံရန် စည်းကမ်းသတ်ရက်၊ အပိုဒ် ၇၊ တိုင်း သီးစားချထားရေး ကော်မိတီ အမိန့်ချမှတ်ရာတွင် လိုက်နာရန်အချက်။ ။လက်ဝတ် သီးစားများ ဖြစ်ကြသော လျောက်ထားခံရသူ ဒေါ်ယုံ နှင့် ဦးဘိုးဆိုင်တို့ သီးထောက်ခပေးရန် ပျက်ကွက်သည်ဟု ယူဆပြီး၊ အခင်းဖြစ် လယ်မြေကို၊ ဒုံဦး မြို့နယ် သီးစားချထားရေး ကော်မိတီက ပိုင်ရှင် ဒေါ်ရွှေချယ်အား၊ ချထား လိုက်သဖြင့်၊ ယင်းအမိန့်ကို ဒေါ်ယုံ နှင့် ဦးဘိုးဆိုင်တို့က ပဲခူးခရိုင် သီးစားချထားရေး ကော်မိတီသို့ အမိန့်ချပြီး ၁၅ ရက်ကျော်လွန်မှ အယူခံဝင်ရာတွင်၊ ပဲခူးခရိုင် သီးစားချထားရေး ကော်မိတီက ဒေါ်ယုံ၊ ဦးဘိုးဆိုင်တို့ အယူခံဝင်သည်မှာ၊ ကာလစည်းကမ်းသတ် ကျော်လွန်ပြီး ဖြစ်သောကြောင့် အယူခံလွှာကို ပယ်လိုက်ရာ၊ ဒေါ်ယုံ၊ ဦးဘိုးဆိုင်တို့က ပဲခူးတိုင်း သီးစားချထားရေး ကော်မိတီထံ စာဒဏဝင်လေ၏။ တိုင်းသီးစားချထားရေး ကော်မိတီက ထိုအချက်ကို သတိမမူဘဲ ဒေါ်ယုံ၊ ဦးဘိုးဆိုင်ထံသည်၊ သီးထောက်ခပေးရန် ပျက်ကွက်ခြင်း မရှိဟု ယူဆ၍ အခင်းဖြစ်မြေကို ၎င်းတို့အား သီးစားချထား လိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၆ (၁) အရ၊ မြို့နယ် သီးစားချထားရေးကော်မိတီ အမိန့်ကို မကျေနပ်လျှင်၊ အမိန့်ချမှတ်သော နေ့မှ ၁၅ ရက် အတွင်း၊ သက်ဆိုင်ရာ ခရိုင် သီးစားချထားရေး ကော်မိတီထံ အယူခံဝင်နိုင်သည်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၇ အရဆိုလျှင်၊ တိုင်း သီးစားချထားရေး ကော်မိတီက၊ လက်အောက် ကော်မိတီ တခုခု၏ ဆုံးဖြတ်ချက်သည်၊ သီးစားချထားရေး နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဟု ထင်မြင်လျှင်၊ ထိုနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မ ဆန့်ကျင်စေဘဲ၊ သင့်လျော်သည် ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်သည်၊ ယခုမူကား တိုင်း သီးစား

PAGE

ချထားရေး ကော်မိတီ၏ အမိန့်သည်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၆ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေသဖြင့် ပယ်ဖျက်လိုက်သည်။

ဒေါ် ရွှေချယ်နှင့် ပဲခူးတိုင်း သီးစားချထားရေး ကော်မိတီ ရန်ကုန်မြို့ပါ ၃ .... ၄၈

ဆိုးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ စွဲဆိုသောအမှုတွင် ပုဒ်မ ၄၅ အရ၊ အမိန့်ပေး ဒီဂရီ (**Mandamus**) မချနိုင်။ မည်သည့်အခါငင်းအမိန့်မျိုးကို ချနိုင်ခြင်း၊ ပုဒ်မ ၄၅ ခြွင်းချက်(က)။ ။၁၉၄၉ ခုနှစ်၊ ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၉၊ တရားစွဲပိုင်ခွင့် မရှိဟု မှားသောယူဆချက်။ ရောင်းခွန် အက်ဥပဒေနှင့် နည်းဥပဒေများက မအပ်နှင်းထားသော အာဏာ၊ မည်သည့် ကိစ္စမျိုးနှင့် ပတ်သက်၍ ရုံးတွင်တရားမစွဲဆိုနိုင်ခြင်း။ ။၁၉၅၁ ခုနှစ်၊ ဖုတ် ကြန်ဆင်ဒီကိတ်နှင့် ၁၉၅၂ ခုနှစ်၊ သိန်းယူးဖုတ်ကြန်ဆင်ဒီကတ် ခေါ် ကုန်သွယ်မှု လုပ်ငန်း ၂ ရပ်တို့က ပေးရန်ရှိသော ရောင်းခွန်တော်နှင့် ကုန်သွယ်မှု လုပ်ငန်း ဥပစာအခွန်များ ပြေလည်ရရှိရေးအတွက် အဆိုပါ လုပ်ငန်း ၂ ရပ်ထွင် အစု ရှယ်ယာ ပါဝင်သူတဦး ဖြစ်သည့်အနေနှင့် အယူခံတရားလိုပိုင် ရန်ကုန်မြို့၊ ဥဇ္ဈ လမ်း၊ အိမ်အမှတ် ၁၂၁ ကို ရန်ကုန်မြို့၊ ကော်လိပ်တော်အရာရှိက ဝါးရမ်းကပ်ခဲ့ရာ အယူခံတရားလိုက ကော်လိပ်တော် အရာရှိထံသို့ငင်း၊ ရောင်းခွန်တော် မင်းကြီး ထံသို့ငင်း ကန့်ကွက်ခြင်း ပြုလုပ်ငြားသော်လည်း၊ အဆိုပါ အာဏာပိုင်များက မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုသောကြောင့် တရားလွှတ်တော် မူလဘက် ဆိုင်ရာ တရားရုံးတော်၌ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ မိမိသည် အထက်ဖော်ပြပါ ကုန်သွယ်မှုလုပ်ငန်း ၂ ရပ်တို့တွင် အစုရှယ်ယာပါ ဝင်သူတဦး မဟုတ်၍ အဆိုပါလုပ်ငန်းမှ ပေးစရာရှိသော အခွန်ကြေးငွေများ အတွက် မိမိကိုယ်ပိုင်ပစ္စည်းကို ဝါးရမ်း မကပ်ထိုက်ကြောင်း ပြဋ္ဌာန်းကျေညာ ပါရန်နှင့် ဝါရမ်းကပ်ခြင်းနှင့် ရောင်းချခြင်းမှ တားမြစ်ပေးပါရန် တရားစွဲဘို့ရာ၊ အမှုတွင် ပေါ်လွင်သော သက်သေခံ စာရွက်စာတမ်းတို့ကို အကြောင်းပြု၍ အယူခံတရားလိုစွဲဆိုသော အမှုကိုပလပ်လိုက်သည်။ ။တရားလွှတ်တော်တွင် အယူခံဝင်ရာ တရားလွှတ်တော်က အယူခံတရားလိုမှာ ၁၉၅၁ ခုနှစ်၊ တည် ထောင်သော ကုန်သွယ်မှုလုပ်ငန်း ဖုတ်ကြန်ဆင်ဒီကိတ်တွင် ပါရှိသော ၃ ဦးအစု စပ် အနက် တဦးပါသူဖြစ်၍ အဆိုပါလုပ်ငန်းမှာလည်း၊ အစုစပ်လုပ်ငန်း အက် ဥပဒေ ပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ပြီးဖြစ်သော လုပ်ငန်းတရပ်ဖြစ်သဖြင့် အဆိုပါ အက်ဥပဒေပုဒ်မ ၆၈ အရ၊ မိမိသည် အဆိုပါလုပ်ငန်းတွင် အစုရှယ်ယာဝင် တဦး မဟုတ်ဟု ငြင်းဆိုပိုင်ခွင့်မရှိဟု ဆုံးဖြတ်သည်ပြင်၊ ၁၉၅၂ ခုနှစ်၊ တည် ထောင်သော နှယူးဖုတ်ကြန်ဆင်ဒီကိတ် အစုစပ်လုပ်ငန်းတွင်လည်း အစုစပ်ဝင်တဦး ဖြစ်ကြောင်းကို သက်သေ အထင်အရှား မရှိသော်ငြားလည်း၊ အယူခံတရားလို၏ ငြင်းဆိုချက်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် တာဝန်မှာ ဥပဒေအရ ရောင်းခွန် တော်မင်းကြီး အပေါ်တွင် ကျရောက်သည် ဖြစ်ခြင်းကြောင့် ထိုတာဝန်ကို ဆောင်ရွက်ရန် ညွှန်ကြားသော ဒီဂရီအမိန့်တရပ် ချမှတ်ပေးခဲ့လေသည်။ ။ ဆုံးဖြတ်ချက်။ ။အဆိုပါ လုပ်ငန်းတွင် အယူခံတရားလို ပါဝင်သည် မပါဝင် သည်ကို ထပ်လောင်းစစ်ဆေးရန် ရောင်းခွန်တော်မင်းကြီးအား လွှဲအပ်ခြင်းသည် ကား အလျဉ်းသင့်တော်သော အမိန့်တရပ်မဟုတ်ဟု ယူဆရပေမည်။ အဘယ် ကြောင့်ဆိုသော် အယူခံတရားလို စွဲဆိုသောအမှုတွင် တင်သွင်းထားသော ဆို

PAGE

လွှာနှင့် ချေလွှာများတွင် ၎င်းကိစ္စနှင့်စပ်လျဉ်း၍ မည်သို့မျှပြောဆို ချေပခြင်း မရှိချေ။ အမှုစစ်ဆေးရန် ကောက်ချက်များ ထုတ်သည့်အခါ တွင်လည်း ၎င်း ကိစ္စမှာ မည်သို့မျှ မပေါ်ပေါက်ခဲ့ချေ။ သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊စွဲဆိုသော အမှုတွင် ၎င်းဥပဒေပုဒ်မ ၄၅ အရ၊အမိန့်ပေး(Mandamus) ဒီဂရီကဲ့သို့သော အမိန့်ဒီဂရီတရပ် ချမှတ်နိုင်ခွင့်မရှိချေ။ အဆိုပါ ပုဒ်မ အရ၊ သက်သာခွင့် တောင်းလိုလျှင် အယူခံတရားလို ကိုယ်တိုင်လျှောက်တောင်းရမည် သာဖြစ်သည် [ရုံးတော်က မိမိအလိုအလျောက် သက်သာခွင့် ပေးနိုင်ခြင်းအာဏာ မရှိချေ။ ပုဒ်မ ၄၅၊ ခြွင်းချက် (က)ကို ကြည့်ပါ]။ ဤကဲ့သို့ အမိန့် ဒီဂရီ ချမှတ်ခြင်းမှာ မူအားဖြင့် မှားယွင်းသည်။ ။ဂျိုင်းတားယား၊ ဒတ်စီးနှင့် မိုဟာမက်မိုဘာရပ်(က်) ကာလကတ္တားစီရင်ထုံး အတွဲ (ဂ) စာမျက်နှာ ၉၇၅ (၉၈၀)ကို ရည်ညွှန်းသည်။ ။အောက်အယူခံရုံး စီရင်ချက်တွင် အထက်ဖော်ပြပါ ၁၉၄၉ ခုနှစ်၊ ရောင်းခွန်အက်ဥပဒေ ပုဒ်မ ၁၉ ကို အမှီသဟဲပြု၍ အယူခံ တရားလိုတွင် ယခုကဲ့သို့ တရားလွှတ်တော်မူလဘက်ဆိုင်ရာ တရားမရုံးတွင် သွား ရောက် တရားစွဲဆိုပိုင်ခွင့် မရှိဟုဆိုခြင်းမှာလည်း မှားယွင်းသော ယူဆချက် တရပ် ဖြစ်သည်။ အယူခံတရားလိုနှင့် ရောင်းခွန်တော် မင်းကြီးတို့ အငြင်းဖြစ် ပွါးသောကိစ္စမှာ အခွန်စည်းကြပ်ခြင်း ခံရသူတဦးနှင့် အခွန်စည်းကြပ်သော အာဏာပိုင်တို့ အခွန်စည်းကြပ်ချက်နှင့် စပ်လျဉ်း၍ ဖြစ်ပွါးသော အကြောင်း ကိစ္စတရပ် မဟုတ်ချေ။ ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၄ အရ၊ အခွန်စည်းကြပ် ပြီးနောက် အခွန်တောင်းသည့်အခါတွင် အခွန်စည်းကြပ်ခြင်းနှင့် မသက်ဆိုင်သော ပြင်ပလူတဦးက မိမိပိုင်ပစ္စည်းတခုကို ကာကွယ်လို၍ အရေးဆိုသော ကိစ္စတရပ် ဖြစ်သောကြောင့် အပြင်တရားရုံးတွင် သာအရေးဆိုသင့်သည့်အလျောက် အရေးဆို ပိုင်ခွင့်ရှိသည်။ ရောင်းခွန် အက်ဥပဒေနှင့် နည်းဥပဒေများတွင် ဤကဲ့သို့သော ကိစ္စမျိုးကို စစ်ဆေးဆောင်ရွက်ရန် အာဏာအပ်နှင်းထားခြင်း မတွေ့ရချေ။ ရောင်းခွန် အက်ဥပဒေအတွင်း ဆောင်ရွက်သော ကိစ္စများနှင့် စပ်လျဉ်း၍သာလျှင် ရောင်းခွန်တော်မင်းကြီး၏ အမိန့်အာဏာကို ရှောင်ဖယ်၍ တရားမရုံးတွင် သွား ရောက် အရေးဆိုပိုင်ခွင့်မရှိချေ။ ။ရာဂျာဘီဟစ်ဝါ နှင့် ဘီဟာတိုင်း။ ပတ်နာ စီရင်ထုံး အတွဲ ၂၇၊ စာမျက်နှာ ၈၂၀ ကိုရည်ညွှန်းသည်။

ရောင်ရောက်စိန် (ခေါ်) ဝိုင်အစိန် (ခေါ်) ဦးစိန်နှင့် ကုန်သွယ်လုပ်ငန်းခွန် မင်းကြီး ပါ ၂ .... ၁၄၃

သီးစားချထားရေး နည်းဥပဒေ ၁၉၅၃ ခုနှစ်၊ စောဒကလွှာကို အဆုံးအဖြတ်ပေးရာတွင် သတိမူရမည့် အဓိက ကန့်သတ်ချက်။ အဆိုပါ နည်းအက်ဥပဒေနှင့် အက်ဥပဒေ တို့၏ ရည်ရွယ်ချက်၊ သီးစားချထားရန် လျှောက်လွှာများကို သတ်မှတ်သော အချိန်တွင် တင်သွင်းရန် မတင်သွင်းလျှင် လုပ်ကိုင်ခွင့်မရ၊ မူလကော်မီတီ၏ အမိန့်ကို မကျေနပ်လျှင် ၁၅ ရက် အတွင်း အယူခံဝင်နိုင်ခွင့်၊ ၁၅ ရက်မှကျော်လွန် သော အယူခံလွှာကို လက်ခံနိုင်ခွင့်မရှိ။ ။လျှောက်ထားသူနှင့် လျှောက်ထား ခံရသူများဖြစ်သူ မောင်လှထွန်းနှင့် မောင်ကျော်ရင်တို့သည် အခင်းဖြစ်မြေကို ၁၉၆၀-၆၁ ခုနှစ်တွင် လုပ်ကိုင်ရန်အတွက် ဘိုကလေးမြို့နယ်၊ သီးစားချထားရေး ကော်မီတီသို့ အပြိုင်လျှောက်ထားကြရာ၊ မြို့နယ်သီးစားချထားရေး ကော်မီတီက အခင်းဖြစ်မြေကို လျှောက်ထားသူသို့ ချထားလိုက်သည်ကို မောင်လှထွန်းနှင့်

PAGE

မောင်ကျော်ရင်တို့သည် ခရိုင်သီးစားချထားရေး ကော်မိတီသို့ အယူခံဝင်ခွင့် ရှိလျက်နှင့် အယူခံမဝင်ဘဲ အယူခံခွန်အတွက် ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ ရောဝတီတိုင်း သီးစားချထားရေး ကော်မိတီသို့ စောဒကဝင်ရာ၊ တိုင်းသီးစားချထားရေးကော်မိတီက မြို့နယ်သီးစားချထားရေး ကော်မိတီ၏အမိန့်ကို ပယ်ဖျက်ပြီး အခင်းဖြစ်မြေကို မောင်လှထွန်းနှင့် မောင်ကျော်ရင်တို့အား ချထားလိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။တိုင်းသီးစားချထားရေး ကော်မိတီသည်၊ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေအပိုဒ် ၁၇ အရ စောဒကလွှာကို လက်ခံ၍ လေ့လာသုံးသပ်၍ အဆုံးအဖြတ်ပေးရာ၌ သတိမူရမည့် အဓိကအားဖြင့် ကန့်သတ်ချက်တရပ်မှာ၊ အဆိုပါ နည်းဥပဒေပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်း မပြုရန်ဖြစ်သည်။ ။၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေ၊ နည်းဥပဒေများကို ပေါင်းခြုံ၍ လေ့လာသုံးသပ်သော် လယ်ယာမြေများကို သက်ဆိုင်ရာ သီးစားနှစ်အတွက် အချိန်မီချထားခြင်းပြု၍ တောင်သူလယ်သမားများအား လုပ်ကိုင်စေရန်ဖြစ်သည်။ သို့ဖြစ်သောကြောင့် ခရိုင်သီးစားချထားရေး ကော်မိတီက သတ်မှတ်သော အချိန်ကာလအတွင်း လယ်ယာမြေလုပ်ကိုင်နေသူနှင့် လုပ်ကိုင်လိုသူတို့သည် သီးစားချထားရန် လျှောက်လွှာများကို သက်ဆိုင်ရာမူလ ကော်မိတီသို့ တင်သွင်းရမည်ဟု ပြဋ္ဌာန်းပြီးလျှင်၊ ထိုမူလကော်မိတီက ချမှတ်သော စီရင်ချက်ကို မကျေနပ်လျှင် ၁၅ ရက်အတွင်း သက်ဆိုင်ရာ ခရိုင်သီးစားချထားရေး ကော်မိတီထံ အယူခံဝင်နိုင်သည်။ သက်ဆိုင်ရာ မူလကော်မိတီသို့ အချိန်မီ လျှောက်ထားခြင်းမပြုလျှင် လက်ငုတ် သီးစားပင် ဖြစ်လင့်ကစား လုပ်ကိုင်ခွင့်မရနိုင်ခြေ။ ထို့ပြင်လည်း ထိုကော်မိတီ၏ အမိန့်ကိုမကျေနပ်သဖြင့် အယူခံဝင်ရာတွင် စီရင်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း အယူခံမဝင်လျှင် ထိုအယူခံကို ခရိုင်သီးစားချထားရေး ကော်မိတီက လက်ခံနိုင်ခွင့်မရှိ။

မောင်ညွန့်မောင် နှင့် ရောဝတီတိုင်း သီးစားချထားရေးကော်မိတီ ဥက္ကဋ္ဌ ပါ ၃ .... ၁၃၃

ဆွင်းကုန် ထုတ်ကုန်ပိုင်ရှင်များ၏ သွင်းကုန် ထုတ်ကုန် ယာယီ ကြိုးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (၁)၊ တားပြစ်ခြင်းကို၊ မည်သည့်အခါ ချိုးဖောက် ကျူးလွန်ရာ ရောက်သနည်း။ ။မှတ်ပုံတင်ပြီးသော သွင်းကုန် လုပ်ကိုင်သူ တဦးဖြစ်သည့် လျှောက်ထားသူတို့သည်၊ မိမိတို့ရရှိသော သွင်းကုန်လိုင်စင်ဖြင့် ကုန်ပစ္စည်းများကို၊ နိုင်ငံခြားမှ မှာယူခဲ့ရာ၊ အဆိုပါ ကုန်များကို နိုင်ငံခြားကုန်သည်များက တင်မပို့မီ၊ သက်ဆိုင်ရာ အာဏာပိုင်များက လျှောက်ထားသူများ၏ သွင်းကုန်လုပ်ငန်းမှတ်ပုံတင်ခြင်းကို ပယ်ဖျက်လိုက်လေသည်။ ထိုကဲ့သို့ ပယ်ဖျက်ခြင်းကို သက်ဆိုင်ရာ အာဏာပိုင်များထံ အယူခံဝင်သော်လည်း ကုန်တင်ပို့သူများထံ ကုန်တင်ပို့ခြင်းကို အယူခံကိစ္စ ပြီးစီးသည့်တိုင်အောင် ဆိုင်းငံ့ထားရန် အမှာစာများကို မပို့ခဲ့သဖြင့်၊ ကုန်သည်များက မူလအမှာစာရှိသည့်အတိုင်း ကုန်များကို တင်ပို့လိုက်ရာ၊ ကုန်များ ရောက်ရှိပြီးနောက်၊ ရက်သတ္တ ၃ ပတ်အတွင်းတွင် လျှောက်ထားသူများ၏ မှတ်ပုံတင်ခြင်းကိုပယ်ဖျက်သောအထက်အာဏာပိုင်များကချပ်သိမ်းလိုက်သည်။ သို့သော်လည်း အဆိုပါ ကုန်ပစ္စည်းများသည်၊ လျှောက်ထားသူများ၏ သွင်းကုန် လုပ်ငန်းမှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးမှ ရောက်ရှိလာခြင်းကြောင့်၊ ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက် နေ့စဲပါ သွင်းကုန် ထုတ်ကုန်ပိုင်ရှင်များ၏ သွင်းကုန်ထုတ်ကုန် ယာယီ

PAGE

ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃ (၁) အရ၊ တားမြစ်ခြင်းကို ချိုးဖောက် ကျူးလွန်သည်ဟု ယူဆ၍ ပင်လယ်ရေကြောင်း အကောက်တော် အက်ဥပဒေပုဒ်မ ၁၉ နှင့် ၁၆၇ (၇) အရ၊ တိုက်ဝိုက်ဒဏ်ငွေ ၄,၃၀၀ ကျပ်ပေးဆောင်စေရန် အကောက်တော် မင်းကြီးက ချမှတ်သော အမိန့်ကို ဘဏ္ဍာတော်မင်းကြီးက အတည်ပြုလေသည်။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများ မှာယူတင်သွင်းသော ကုန်များသည် မိမိတို့မှတ်ပုံတင်ခြင်းကို ရှပ်သိမ်းပြီးမှ ရောက်ရှိလာရာ၊ ထိုသို့ရောက်ရှိပြီးနောက်၊ ရက်သတ္တ ၃ ပတ်အတွင်း အဆိုပါ ရှပ်သိမ်းသော အမိန့်ကို မယ်ဖျက်သော်လည်း လျှောက်ထားသူများ ကျူးလွန်သော ပြစ်မှုမှာ ဥပဒေအရ အရေးယူပိုင်သည်။

ရင်ရင်ကုမ္ပဏီနှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး ပါ ၃ .... ၅၉

အခြေခံဥပဒေ ပုဒ်မ ၂၅၊ ချေပလွှာကို ပြင်ဆင်ရန် အခွင့်အရေး၊ မူလအခွင့်အရေးမျိုး ၎ ဟုတ်၊ အမှုခေါ်စာချုပ်တော် မထုတ်ပေးနိုင် ၂၂၆

အခြေခံဥပဒေပုဒ်မ (၁၅၀)—တရားစီရင်ရေးဆိုင်ရာ အလုပ်ဝတ်တရားနှင့် အာဏာများကို လွှဲအပ်နိုင်ခြင်း—ရွှေကောက်ပဲ့ ခုံတော်—အဖွဲ့ ၎င်း၏ အစီရင်ခံစာနှင့် နိုင်ငံတော်သမ္မတ၏ အမိန့် ၂၀၇

အခြေခံဥပဒေ အခန်း ၂ တွင် ပြဋ္ဌာန်းထားသော မူလအခွင့်အရေး။ ။ချင်းရေးရာ ကောင်စီ ညီလာခံ ဆင့်ခေါ်ရေးနှင့် သက်ဆိုင်သည့် အခွင့်အရေးသည် ၎င်းအခွင့်အရေးမျိုးမဟုတ် ၂၃၁

အဆောက်အဦ မီးလောင်သွားသဖြင့် မြေယာပေါ်တွင် ဆက်လက်နေထိုင်ခြင်း။ ။မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁) အရ၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန် ပေးပိုင်ခွင့်မရှိသောအမိန့်။ ။လျှောက်ထားခံရသူ အမှတ် (၁) သည် အခင်းဖြစ်မြေကွက်ပေါ် တွင်၊ ၁၉၄၆ ခုနှစ်မှစ၍ တလလျှင် မြေခ ၁၂၀ ပေး၍ နေထိုင်လာခဲ့ရာ၊ အဆိုပါ မြေကွက်ပေါ် တွင် ဆောက်လုပ်ထားသော အဆောက်အဦမှာ ၁၉၄၉ ခုနှစ်ကတကြိမ်၊ ၁၉၅၆ ခုနှစ်ကတကြိမ် မီးလောင်ပျက်စီးသွားပြီးနောက် ဆက်လက်၍ အဆိုပါ မြေကွက်ပေါ် တွင် နေထိုင်လျက်လာခဲ့ရာ၊ လျှောက်ထားသူက လျှောက်ထားခံရသူအပေါ် တွင် တောင်မြို့၊ နယ်ပိုင်တရားမရုံးတွင် မြေမှုထွက်ခဲ့သွားရန် တရားစွဲဆိုရာ၊ မြေမှုထွက်ခဲ့သွားရန် အနိုင်ဒီဂရီ ပေးလေသည်။ အဆိုပါ တရားမမှု စွဲထားသည့်အတွင်း လျှောက်ထားခံရသူက လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင် အိမ်ဌါးမြေငှါး အက်ဥပဒေပုဒ်မ ၁၂ (၁) နှင့် ၁၉ (၂) တို့အရ၊ အဆိုပါ မြေယာတွင် စံငှါးခပေးရှိ ဆက်လက်နေထိုင်ခွင့်ရှာ ရန် လျှောက်ထားခဲ့ရာ၊ နယ်ပိုင်တရားမရုံးက မြေယာမှ ထွက်သွားစေရန် အမိန့်ဒီဂရီချမှတ်ပြီး ၉ လ မျှကြာပြီးနောက်မှ၊ လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးဝန်က၊ လျှောက်ထားခံရသူအား အဆိုပါ အိမ်ယာမြေတွင် ဆက်လက်နေထိုင်ရန် ခွင့်ပြုသည်။ ။ဆုံးဖြတ်ချက်။ ။အခင်းဖြစ် မြေပေါ် တွင် ဆောက်လုပ်ထားသော အဆောက်အဦသည်၊ ၁၉၅၆ ခုနှစ်တွင် မီးလောင်ပျက်စီးသွားပြီးနောက် လျှောက်ထားခံရသူသည်၊ ဆက်လက်၍ အဆိုပါ မြေကွက်တွင် နေထိုင်လာခဲ့ခြင်းမှာ ယခင်မြေငှါးဖြစ်သူက ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ ဆက်လက်

PAGE

နေထိုင်လာခဲ့ခြင်းမျှသာဖြစ်သည်။ မြို့ပြဆိုင်ရာဌာနဆိုင်ရာ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁) တွင် အကျုံးဝင်သော အိမ်ငှါးမြေငှါး မဟုတ်ပါလျှက်၊ ဥပစာ တခုခုတွင် နေထိုင်လာသော သူတယောကျာ်း မဟုတ်ကြောင်း ထင်ရှားသည်။ ထိုကဲ့သို့ အိမ်ငှါးမြေငှါး ဖြစ်သူတဦးက ဆက်လက်၍ နေထိုင်သောကိစ္စကို လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့် အမိန့်ပေးပိုင်ခွင့် မရှိချေ။

မိုဟာမက်ဆာဒတ် (က) နှင့် ရှဟာဘူဒင် ပါ ၂ .... ၁၄၀

အပြီးအပြတ်ချမှတ်သောအမိန့်မဟုတ်ခြင်း။ ။ကျွန်ုံးတော်က လေ့လာသုံးသပ်စစ်ဆေးဆုံးဖြတ်ခြင်းမလုပ်သည့်အရာ။ ။သတိပေးခြင်းမျှဖြစ်၍၊ အပြီးအပြတ်ချမှတ်ခြင်းချသော အမိန့်မဟုတ်သည့် ဆင့်ဆိုခြင်း။ ။ဆုံးဖြတ်ချက်။ ။အကြောင်းခြင်းရာနှင့် ပတ်သက်၍၊ အမှုခေါ် စာချွန်တော်အမိန့်လျှောက်ထားရာတွင် ကျွန်ုံးတော်က လေ့လာသုံးသပ် စစ်ဆေးဆုံးဖြတ်မည်မဟုတ်။ ။မြန်မာနိုင်ငံတော်အစိုးရ၏ ပညာတော်သင်အဖြစ်ဖြင့် နိုင်ငံခြားတွင် ပညာသင်နေစဉ်အတွင်း ပညာတော်သင် ဥပဒေစည်းမျဉ်းကို ချိုးဖောက်သည်ဟုဆို၍ကာ လျှောက်ထားခံရသူက ပညာတော်သင်အတွက် ခံဝန်ချုပ်ဆိုခဲ့သူ၊ လျှောက်ထားသူအား တလအတွင်း လျော်ကြေး ၅,၀၀၀ ကျပ်ပေးဆောင်ရမည်။ ယင်းသို့ ပေးဆောင်ခြင်း မပြုက၊ ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် ဆင့်ဆိုခြင်းသည် သတိပေးခြင်းသာ ဖြစ်၍၊ အပြီးအပြတ်ချမှတ်သော အမိန့်မျိုးဖြစ်သည်ဟု မဆိုနိုင်ချေ။

ဦးချစ်ဆွေနှင့် တွဲဘက်အတွင်းဝန်မင်း၊ ပညာရေးဝန်ကြီးဌာန ၃၀

အမှုခေါ် စာချွန်တော်လျှောက်လွှာ ကာလစည်းကမ်းသတ် ကျော်လွန်၍ ထင်သွင်းခြင်း ရှေ့နေစာရေး၏အလုပ်ကို ရှေ့နေက ကြပ်မတ်ရန် တာဝန်ရှိခြင်း ၂၅

အမှုခေါ် စာချွန်တော်အမိန့်—မြို့ပြဆိုင်ရာဌာနဆိုင်ရာ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၂၁ (၄) အရ၊ အိမ်ငှါးချထားနိုင်စေရန် အတွက် လက်ထောက်ညွှန်ကြားရေးဝန်အား အစီရင်ခံရန် ချထားသောအမိန့်သည်၊ ပြီးပြတ်သော အမိန့်မဟုတ်သေး၍ အမှုခေါ် စာချွန်တော်ဖြင့် စဉ်းစားရန် အချိန်မကျသေးပေ ၁၂၅

အမှုခေါ် စာချွန်တော် ချေပလွှာပြင်ဆင်ရန် လျှောက်လွှာကိုပယ်၍ တင်သွင်းသည့်ကိစ္စ၊ အခြေခံဥပဒေ ပုဒ်မ ၂၅ အရငင်း၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ အရငင်း ထုတ်ပေးမည်မဟုတ် ၂၂၆

အမှုခေါ် စာချွန်တော်—သတိပေးခြင်းမျှသာဖြစ်ပြီး၊ အပြီးအပြတ် ချမှတ်သော အမိန့်မျိုးမဟုတ်လျှင်—တရားလွှတ်တော်ချုပ်က မစဉ်းစားနိုင် ....

၃၀

အမှုခေါ် စာချွန်တော်—အပြတ်တော်ခွန် (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၄ ခုနှစ်)—အပြတ်တော်ခွန် ဥပဒေ ပုဒ်မ ၅—အပြတ်တော်မင်းကြီးဆိုရာ၌—တွဲဘက်အပြတ်တော်မင်းကြီးလည်း ပါဝင်သည်။ ထို့ကြောင့် တွဲဘက်အပြတ်တော်မင်းကြီးသည် လက်ထောက်အပြတ်တော်မင်းကြီးအဖြစ်နှင့် ချမှတ်ခဲ့သော အမိန့်

PAGE

အပေါ် စောဒကဝင်သောအမှုကို တဲ့ဘက်အမြတ်တော်မင်းကြီးအဖြစ် ပြန်လည် စစ်ဆေးခြင်းမပြုနိုင်—သဘာဝ တရားမျှတရေး စည်းကမ်းများ (natural justice) နှင့် ဆန့်ကျင်နေသည် ၁၇၄

အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၆၆ (၂) (၃) (၃-က) (၄) (၅) (၆) နှင့်သက်ဆိုင်သည့် လျှောက်လွှာများ၊ ပုဒ်မ ၅ (ခ) ပါ ပြဋ္ဌာန်းချက်များ၏ အဓိပ္ပါယ်ပေါ်လွင်ရန် ဖတ်ရှုရမည့် စကားရပ်များ။ ။ဆုံးဖြတ်ချက်။ ။အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၆၆၊ ပုဒ်မငယ် (၂) (၃) (၃-က) (၄) နှင့် (၆) တို့ပါ ပြဋ္ဌာန်းချက်များကို စီစစ်ရာ၌ ၎င်းတို့သည် အယူခံမှုနှင့်ဖြစ်စေ၊ စောဒကမှုနှင့်ဖြစ်စေ မသက်ဆိုင်၊ ဥပဒေကြောင်းဆိုင်ရာ ပြဿနာများကို စဉ်းစားရန်အတွက် လွှဲအပ်ရန် လျှောက်ထားသည့် လျှောက်လွှာများနှင့်သာ သက်ဆိုင်သည်။ ။ပုဒ်မ ၅ (ခ) ပါ ပြဋ္ဌာန်းချက်များတွင် "**in relation to the appeals and proceedings referred to in clauses (*a*) and (*b*)**" ဆိုသည့် စကားရပ်များကို ကြည့်ပြီး ဖတ်ရှုမှသာလျှင်၊ ပုဒ်မ (ခ) ပါ ပြဋ္ဌာန်းချက်များမှာ အဓိပ္ပါယ် ပေါ်လွင်နိုင်ပေမည်။ " **Maxwell on the Interpretation of Statutes, 9th Edition, page 230** ကို ရည်ညွှန်းသည်။

ဂျီတမ်ရမ်ရမ်ပရတပ် နှင့် ရန်ကုန်မြို့၊ အမြတ်တော်ခွန်မင်းကြီး ၁၁၁

အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၃၃၊ အမြတ်တော်မင်းကြီးထံ စောဒကဝင်သည့်ကိစ္စ။ မိမိလက်ထောက် အမြတ်တော်မင်းကြီး ဖြစ်စဉ်က ချမှတ်ခဲ့သောအမိန့်ကို တဲ့ဘက် အမြတ်တော်မင်းကြီးဖြစ်လာသောအခါ၊ ပြန်လည် စစ်ဆေး ဆုံးဖြတ်ခြင်းမပြုနိုင်။ ။လျှောက်ထားသူအပေါ် တွင် အမြတ်တော်ဝန်ထောက်က၊ အမြတ်တော်ခွန် စည်းကြပ်သည့်အမိန့်ကို၊ အမြတ်တော်လက်ထောက် မင်းကြီးထံတွင် အယူခံရန် တရားရုံးသဖြင့်၊ ထိုအမိန့်များကို ပယ်ဖျက်ရန်အတွက်၊ အမြတ်တော်မင်းကြီးထံ စောဒကဝင်ရာ၊ အယူခံအမိန့်ကို ချမှတ်သော လက်ထောက် အမြတ်တော်မင်းကြီး ပင်လျှင် အမှုအတောအတွင်း တဲ့ဘက်အမြတ်တော်မင်းကြီး အဖြစ်ဖြင့် ခန့်အပ်ခြင်းခံရသဖြင့်၊ စောဒကအမှုကို၊ မြန်မာပြည်အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၃ အရ၊ ကြားနာစစ်ဆေးပြီးလျှင် လက်ထောက်မင်းကြီး အဖြစ်ဖြင့်၊ ၎င်မိကိုယ်တိုင် ချမှတ်ခဲ့သောအမိန့်ကို အတည်ပြုလိုက်လေသည်။ ။ ဆုံးဖြတ်ချက်။ ။၁၉၅၄ ခုနှစ်၊ မြန်မာပြည် အမြတ်တော်ခွန် (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ (အက်ဥပဒေ အမှတ် ၅၀/၅၄) အရ၊ အမြတ်တော်မင်းကြီးဆိုသည်မှာ မြန်မာပြည် အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၅ အရ၊ ခန့်အပ်သည့် အမြတ်တော်မင်းကြီးဟု ဆိုလိုသည့်အပြင်၊ တဲ့ဘက်အမြတ်တော်မင်းကြီးအဖြစ် ခန့်အပ်ခြင်းခံရသူလည်း ပါဝင်သည်ဟု ပြဋ္ဌာန်းထားရာ၊ အမြင်အားဖြင့် တဲ့ဘက် အမြတ်တော်မင်းကြီးသည် အမြတ်တော်မင်းကြီး၏ အာဏာများကို အသုံးပြုနိုင်ပေမည် ဖြစ်သော်လည်း၊ မိမိကိုယ်တိုင် လက်ထောက်အမြတ်တော်မင်းကြီး အဖြစ်ဖြင့် ချမှတ်ခဲ့သော အမိန့်ကို မကျေနပ်သူက စောဒကဝင်ရာတွင်၊ တဲ့ဘက်အမြတ်တော်

PAGE

မင်းကြီးအဖြစ်ဖြင့် ပြန်လည်စစ်ဆေး ဆုံးဖြတ်ခြင်းမပြုနိုင်။ ။ဦးပစ်နှင့် သဲကုန်း ကျေးရွာ၊ သီးစားချထားရေး ကော်မိတီ (၁၉၄၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ ၂၅၉) ကို ရည်ညွှန်းသည်။

ဦးထွေး (ခေါ်) အေ၊ အီး၊ မဒါရီး နှင့် ဘဏ္ဍာတော်မင်းကြီး၊ ရန်ကုန်မြို့ပါ ၂ .... ၁၇၄

အယူခံမှု—တရားမကျင့်ထုံးအမိန့် (၄၁)၊ နည်းဥပဒေ (၃၃) အရ အယူခံရုံးတော်သို့ အပ်နှင်းသည့်အာဏာများသည် ကျယ်ဝန်းခြင်း—သို့သော် ကာလ စည်းကမ်း သတ်ကို ဂရုဝင်မပြုရမည် ၁၉

အိမ်ခန်းကို ငှါးရမ်းထားတွင် ပါဝင်သည့်ကိစ္စ၊ အိမ်ငှါး၏သာမန်အခွင့်အရေး၊ အိမ်ပိုင်ရှင် သစ်ထံမှ ဆက်လက် ခံစားနိုင်ခွင့်၊ အိမ်ပိုင်ရှင်သစ်၏ သာမန်ရထိုက်သော အခွင့်အရေး။ ။အယူခံတရားလိုသည်၊ အင်းစိန်မြို့နယ်၊ ကမာရွတ်ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၂၀၊ "Wren's Nest" ခေါ်၊ တထပ်တိုက်အိမ်ကို၊ ဟင်နရီဂျာဗစ် ဆိုသူပိုင်ရှင်ထံမှ ၁၉၅၅ ခုနှစ်တွင် ဝယ်ယူခဲ့သည်၊ ၎င်းဝယ်ယူခဲ့သည့် နေရက်မတိုင်မီကပင် အယူခံတရားခံသည် အဆိုပါတထပ်တိုက်၏ သုံးပုံတပုံဖြစ်သော တောင်ဘက်အခန်းများတွင် အိမ်ငှါးအဖြစ် နေထိုင်လျက်ရှိသည့် အယူခံတရားခံမှာ မိမိနေထိုင်သော အိမ်ခန်းများသို့ ဝင်ထွက်သွားလာရန် အိမ်၏ အလယ်ပိုင်းဖြစ်သော ခန်းမကြီးသို့ အိမ်၏ဝရံတာမှ သံတံခါးမှတဆင့်၊ အိမ်အလယ် ခန်းမကြီးမှတဖန် မိမိနေသောအိမ်ခန်းထဲသို့ တခြားတံခါးတခုမှတဆင့် သွားလာဝင်ထွက်ခွင့် ရရှိခဲ့သည်။ အယူခံတရားလိုသည်၊ အထက်ဖော်ပြပါအိမ်ကို ဝယ်ပြီး နောက်တလ လောက်အကြာတွင်၊ အယူခံတရားခံ အသုံးပြုလျက်ရှိသော တံခါး နှစ်ခုကိုအသုံးပြုရှိ မိမိနေသောအခန်းများသို့ ဝင်ထွက်သွားလာခြင်းကို ထာဝစဉ် ပိတ်ပင်ပေးရန်၊ အယူခံတရားခံအား တရားစွဲဆိုရာ၊ အရေးရှုံးနိမ့်ခဲ့သဖြင့်၊ တရား လွှတ်တော်တွင် အယူခံဝင်ပြန်ရာ၊ ထဖန်အရေးရှုံးနိမ့်ခဲ့ပြန်၍၊ တရားလွှတ်တော် ချုပ်သို့ထပ်မံ အယူခံဝင်လေသည်။ ။ဆုံးဖြတ်ချက်။ ။အိမ်ခန်းတခုကိုပိုင်ရှင်က အိမ်ငှါးအား ငှါးရမ်းသည်ရှိသော် အဆိုပါအိမ်ခန်းကို ဝင်ရောက်နေထိုင်ရန် အတွက် လိုအပ်သော တံခါးလမ်းပေါက် လေ့ခါးစသည်တို့ကို အသုံးပြုသည့်ကိစ္စ များလည်း ငှါးရမ်းသည့်ကိစ္စတွင် ပါဝင်သင့်သည်။ အိမ်ခန်းများမှ အိမ်ပြင်ဘက် ဝရံတာသို့ ထွက်ပေါက်များ၊ တောင်ထပေါက်၊ မြောက်ထပေါက် သီးခြားရှိနေ၍ အယူခံထရားခံအား ငှါးရမ်းသော် တောင်ဘက်ရှိ အိမ်ခန်းများသို့ တောင်ဘက်ရှိ သံတံခါးမှဝင်ရခြင်းထက်ရခြင်းသည် အိမ်ငှါး၏သာမန်အခွင့်အရေးတရပ်ဖြစ်သည်။ ထိုကဲ့သို့အယူခံတရားခံက ၎င်းတံခါးများကိုသုံးစွဲခြင်းသည် အိမ်ငှါး၏သာမန် အခွင့် အရေးများထဲတွင် ပါဝင်ခဲ့သည်ဖြစ်၍၊ အိမ်ကိုအထက်ပိုင်ရှင်က အယူခံတရားလို အား ရောင်းချသည့်အခါတွင်၊ ထိုအခွင့်အရေးသည် အယူခံတရားခံ၏လက်ထဲတွင် ပင်ကျရောက်ခဲ့၍ ပိုင်ရှင်သစ်ဖြစ်သော အယူခံတရားလိုထံမှအခွင့်အရေးကို အယူခံ တရားခံက ဆက်လက်ခံစားပိုင်ခွင့်ရှိသည်။ ။အယူခံတရားခံက အိမ်၏အလယ် ခန်းမဆောင်မှတဆင့် မိမိနေထိုင်သောအခန်းသို့ ဝင်ထွက်သွားလာသော ကိစ္စနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ အခွင့်အရေးရှိသည် မရှိသည်အကြောင်းကို ရောင်းသူ တဦးထံမှမဟုတ်ဘဲ ထိုအိမ်တွင်အိမ်ငှါးအဖြစ် နေထိုင်သူများထံမှလည်း စုံစမ်းမေး

PAGE

မြန်းပြီး သင့်တော်သလို စေ့စပ်မှုမပြုလုပ်ဘဲ တရားစွဲဆိုခဲ့ရာ၊ အယူခံတရားလို ပိုင်ရှင်သစ်၏ သာမန်ရထိုက်သော အခွင့်အရေးမှာ မိမိအားပစ္စည်းရောင်းချသူ၏ အခွင့်အရေးမျှသာဖြစ်ခဲ့ချသည်။ ။အယူခံတရားလိုသည် အယူခံတရားခံက အငြင်းပွါးသောတံခါးနှစ်ခုမှ ဝင်ထွက်သွားလာခြင်းကို ပိတ်ပင်တားမြစ်နိုင်ခြင်းငှါအခွင့်အရေးမရှိ။

ဦးတင်အိန် (ခေါ်) ဦးတင်နှင့်ဦးဘရူတ် ၁၆၉

ဥပဒေကြမ်းနှင့် အက်ဥပဒေခြားနားခြင်း။ ဥပဒေကြမ်းသည်၊ မည်သည့်အခါ အက်ဥပဒေဖြစ်၍ မည်သည့်အခါ အာဏာတည်ခြင်း။ ။၁၉၆၁ ခုနှစ်၊ ရွှေကောက်ပဲ့ကော်မရှင် ဥပဒေကြမ်း အခြေခံဥပဒေ ပုဒ်မ ၁၁၂(၁) အရ၊ အလိုအလျောက် အက်ဥပဒေ ဖြစ်လာပုံ၊ သမ္မတ ထုတ်ပြန်ကျေညာလျှင် တရားဥပဒေ နှင့်ကိုက်ညီသည်။ ။ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ဂ၂(၁) ပိတ်ပင်ချက်၊ ပုဒ်မ ၁၁၂(၂) ကျေညာရန်အာဏာ၊ ပုဒ်မ ၁၂၁၊ ယေဘုယျစကားရပ်များ၊ အက်ဥပဒေပုဒ်မ ဂဥ၊ နိုင်ငံတော်သမ္မတအမိန့်နှင့်သာ ကျေညာနိုင်ခြင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတော်သမ္မတအမည်ဖြင့် အရေးယူ မဆောင်ရွက်နိုင်။ ။အာဏာမတည်သေးသော အက်ဥပဒေကို မှီး၍၊ ရွှေကောက်ပဲ့မင်းကြီးချုပ်နှင့်မင်းကြီးများ ခန့်အပ်ရန်အတွက် ပါလီမန်ဆိုင်ရာ လုတ်တော်နှစ်ရပ်က သဘောတူညီချက် မပေးနိုင်။ ။ပြည်ထောင်စုမြန်မာနိုင်ငံတွင်၊ ပါလီမန်ဒီမိုကရေစီ ထွန်းကားစေရေးကို ရွေ့ရွှဲပြီး၊ လုတ်လပ်ရှိတရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်အလို့ငှါ၊ ရွေးကောက်ပဲ့လုပ်ငန်းဆိုင်ရာ အရပ်ရပ်တို့နှင့် စပ်လျဉ်း၍ ညွှန်ကြားခြင်း၊ အုပ်ချုပ်ခြင်းစသည်တို့ဖြင့် ကြီးကြပ်ကွပ်ကဲမည့် ရွေးကောက်ပဲ့ကော်မရှင်ကြီး တည်ထောင်၍ ထိုကော်မရှင်ကြီး တည်တန့်ခိုင်မြဲစေရန်ရည်သန်၍၊ သာမန်အက်ဥပဒေဖြင့် ပြဋ္ဌာန်းခြင်းမပြုဘဲ၊ တည်ဆဲဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပုဒ်မ ၁၁၃(က)မှ ပုဒ်မ ၁၁၃(ည)အထိကို ထည့်သွင်းရန် ၁၉၆၁ ခုနှစ်၊ **အခြေခံအက်ဥပဒေ (ဒုတိယ) ပြင်ဆင်ချက်ဥပဒေကြမ်းကို**၊ ဥပဒေအရကျေညာ၍ ပြည်သူ့လုတ်တော်၊ လူမျိုးစုလုတ်တော်နှင့် လုတ်တော်နှစ်ရပ်လုံးကပင် အသီးသီးအတည်ပြုပြီး၊ နိုင်ငံတော်သမ္မတက ပုဒ်မ ၂၁၀ အရ၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ လက်မှတ်ထိုးကျေညာခဲ့၍၊ ထိုနေ့တွင် အဆိုပါဥပဒေ ကြမ်းသည် အက်ဥပဒေဖြစ်ပြီး အာဏာတည်ခဲ့သည်။ ။အခြေခံဥပဒေ ပုဒ်မ ၁၁၃(ခ)ကိုရည်ညွှန်းပြီး ထပ်မံဖြည့်စွက်သည့် အခြေခံဥပဒေကို အကောင်အထည် ဖော်ရန်အတွက်ဖြစ်သော၊ **၁၉၆၁ ခုနှစ်၊ ရွှေကောက်ပဲ့ ကော်မရှင် ဥပဒေကြမ်းကိုလည်း** ဥပဒေအရ ကျေညာပြီး၊ လူမျိုးစုလုတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ(ဒုတိယ) ပြင်ဆင်ချက်ဥပဒေကို အတည်ပြုသော ၁၉၆၁ ခုနှစ်၊ မတ်လ ၁၅ရက်နေ့၌ တင်သွင်းအတည်ပြုခဲ့သည်။ ။အခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်ရန် လုတ်တော်နှစ်ရပ်လုံးက တူဘာက်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုသော ၁၉၆၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့၌ပင်၊ အခြေခံဥပဒေတွင် ထည့်သွင်းမည်ဖြစ်သော ပုဒ်မ ၁၁၃(ခ)အရ၊ ခန့်အပ်နိုင်ခွင့်ရှိသော ရွှေကောက်ပဲ့မင်းကြီးချုပ်နှင့် မင်းကြီးနှစ်ဦးခန့်အပ်ရန် သဘောတူညီကြောင်းအဆိုများကို၊ လုတ်တော်နှစ်ရပ်၏ တူဘာက်အစည်းအဝေးက အတည်ပြုခဲ့သည်။ ။အဆိုပါဥပဒေကြမ်း နှစ်ရပ်လုံးကို လူမျိုးစုလုတ်တော်နှင့် ယက နိုင်ငံတော်သမ္မတထံသို့ လက်မှတ်ထိုး၍ ထုတ်ပြန်ကျေညာရန်အတွက်၊ ၁၉၆၁၊

PAGE

ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ကပေးပို့ခဲ့ရာ၊ ၁၉၆၁ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက်ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက ပုဒ်မ ၂၁၀ အရ၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ လက်မှတ်ထိုးကျေညာခဲ့သဖြင့်၊ ၎င်းနေ့တွင် ထိုဥပဒေကြမ်းသည် အက်ဥပဒေဖြစ်ပြီး အာဏာတည်ခဲ့၏။ ၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းနှင့်ပတ်သက်၍မူ၊ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအာဏာမတည်မီ အခြေခံဥပဒေထဲတွင် ပါဝင်ခြင်းမရှိသေးသော၊ ပုဒ်မ ၁၁၃(ခ)ကို ရည်ညွှန်းထားပြီး အဆိုပါရွှေးကောက်ပွဲ ကော်မရှင်အက်ဥပဒေကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုခဲ့ကြသည်မှာ တရားဥပဒေနှင့် ကိုက်ညီပါမည် လောဟု ယုံမှားသံသယရှိသဖြင့်၊ အခြေခံဥပဒေ ပုဒ်မ ၆၅ တွင်ပါရှိသည့် အတိုင်း၊ ပါလီမန်တည်းဟူသော ဥပဒေပြုမှုအာဏာကို သုံးစွဲရမည့်အဖွဲ့တွင် ပါရှိနေသော နိုင်ငံတော် သမ္မတက နိုင်ငံတော်ရွှေ့နေချုပ်၏ ထင်မြင်ယူဆ ချက်ကိုရယူပြီးလျှင် ပိုခိုရှိဒွိ ဟသံသယ ကင်းစိမ့်သောငှါ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ၊ ဤရုံးတော်က စဉ်းစားရန်အတွက် ၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းနှင့် ရွှေးကောက်ပွဲကော်မရှင်၊ ရွှေးကောက်ပွဲမင်းကြီး ချုပ်နှင့် မင်းကြီးများခန့်ထားနိုင်ရန် ကိစ္စတို့ကိုလွှဲအပ်ရာတွင်၊ အဓိကအားဖြင့် စဉ်းစားဝေဖန်ရန် လိုအပ်သည့် အချက်များမှာ ၁။ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေ အာဏာတည်ပြီးအနေဖြင့်၊ ထိုအက်ဥပဒေ အာဏာမတည်သေးမီ၊ ထိုအက်ဥပဒေပါ ပုဒ်မ ၁၁၃(ခ)ကို ရည်ညွှန်း၍ ၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို၊ လူမျိုးစု လွှတ်တော်တွင်၎င်း၊ ပြည်သူ့လွှတ်တော်တွင်၎င်း အဆင့်ဆင့်တင်သွင်း အတည်ပြုခြင်းသည် တရားဥပဒေနှင့်ကိုက်ညီပါသလော။ ၂။ ၁၉၆၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေ အာဏာမတည်သေးမီ၊ ထိုအက်ဥပဒေပုဒ်မ ၁၁၃(ခ)အရ၊ ခန့်ထားရမည်ဖြစ်သော၊ ရွှေးကောက်ပွဲမင်းကြီး ချုပ်နှင့် ရွှေးကောက်ပွဲ မင်းကြီးများကို ခန့်ထားရန်အတွက် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ် တွဲဘက်အစည်းအဝေးက သဘောတူချက်သည် တရားဥပဒေနှင့် ကိုက်ညီပါသလော။ ။ပဌမပြသနာနှင့်ပတ်သက်၍ အစီရင်ခံချက်။ ။အာဏာတည်ပြီး အက်ဥပဒေ (Act)နှင့် ယင်းသို့သော အက်ဥပဒေ ဖြစ်မြောက်ရန်ကို ရည်မှန်း၍ တင်သွင်းဆွေးနွေး အတည်ပြုသော ဥပဒေကြမ်း (Bill)တို့ကွဲပြားခြားနားချက်ကို သတိမူအပ်ပါသည်။ ပါလီမန်လွှတ်တော်နှစ်ရပ် သဘောတူအတည်ပြုပြီးရုံမျှဖြင့်၊ ဥပဒေကြမ်းတရပ်သည် အကောင်အထည်မပေါ်သေးပါ၊ အတည်ပြုပြီးဥပဒေကြမ်း (Bill) (ဝါ)ဆုံးဖြတ်ချက် (Resolution) အဖြစ်နှင့် သာလျှင် တည်ရှိနေပါသေးသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၆၅နှင့် ပုဒ်မ ၉၀ တို့အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဥပဒေပြုမှု အာဏာသည်၊ နိုင်ငံတော်သမ္မတ၊ ပြည်သူ လွှတ်တော်နှင့် လူမျိုးစုလွှတ်တော် တို့ပါဝင်သည့် ပါလီမန်တွင်သာ တည်ရှိသည်ဖြစ်ရကား၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၁၁ နှင့် ၁၁၂ ပါပြဋ္ဌာန်းချက်များအရ၊ လွှတ်တော်နှစ်ရပ် အတည်ပြုပြီးဖြစ်သော ဥပဒေကြမ်းကို၊ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးလျှင်သော်၎င်း၊ အကယ်၍လက်မှတ်ရေးထိုးခြင်းမပြုပါက၊ နိုင်ငံတော်သမ္မတထံတင်ပြပြီး၊ ခုနှစ်ရက်မြောက်သောနေ့၌သော်၎င်း၊ အက်ဥပဒေအဖြစ် အကောင်အထည်ပေါ်လာပါသည်။ ထိုအက်ဥပဒေကို နိုင်ငံတော်သမ္မတ၏အမိန့်အရ၊ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာ

PAGE

သောအခါ၊ အသက်ဝင်အာဏာတည်လာပါသည်။ ဆာသောမတ်(စ်) အာစကင်းမေ (Sir Thomas Erskine May) ပြုစုခဲ့သော ၁၉၅၀ ခုနှစ်ထုတ်၊ ကျမ်းကြီး၊ ကျမ်းဆိုင်၊ စာမျက်နှာ ၂၀၁၊ ၅၆၇၊ ၅၇၇ တို့ကို ရည်ညွှန်းသည်။ ။၁၉၆၁ ခုနှစ် ရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို လူမျိုးစုလွှတ်တော်တွင်၎င်း၊ ပြည်သူ့လွှတ်တော်တွင်၎င်း၊ ၁၉၆၁ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် ဥပဒေအာဏာမတည်သေးမီ တင်သွင်းအတည်ပြုခြင်းသည်၊ လွှတ်တော်မျှားဆိုင်ရာ လုပ်ငန်းစဉ်နည်းလမ်းအတိုင်း မကျနရုံမျှလောက်သာ ချို့ယွင်းချက်ဖြစ်၍၊ ဥပဒေကြမ်းလည်း အခြေခံဥပဒေပုဒ်မ ၁၁၂(၁)အရ၊ အလိုအလျောက် အက်ဥပဒေဖြစ်လာပြီး ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတထုတ်ပြန်ကျေညာခဲ့ပါလျှင်၊ တရားဥပဒေနှင့်မကိုက်ညီသော အက်ဥပဒေဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပါ။ ။ထို့ပြင်လည်း၊ လွှတ်တော်မျှားဆိုင်ရာလုပ်ငန်းစဉ် နည်းလမ်းအတိုင်း၊ မကျနရုံမျှနှင့် ပါလီမန်တွင်ဆောင်ရွက်သည့် မှုခင်းကိုင်တရပ်သည်မခိုင်လုံဟုမည်သည့်တရားရုံးကွင်မျှ ငြင်းခုံနိုင်ခွင့်မရှိစေရဟု အခြေခံဥပဒေပုဒ်မ ဂ၂(၁)ပြဋ္ဌာန်း ထားပါသည်။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေသည် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌သာ တည်ဖြစ်၍၊ ရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းသည်၊ ထိုနေ့နောက်မှ အက်ဥပဒေအဖြစ်သို့ ရောက်ရှိရကား၊ ထိုအက်ဥပဒေမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ တရားဝင်သည်သာ ဖြစ်ပါသည်။ အာဏာတည်စေခြင်းငှါ၊ နိုင်ငံတော်သမ္မတ၏အမိန့်နှင့် အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာ ရန်သာ ရှိပါတော့သည်။ ။ယင်းသို့ထုတ်ပြန် ကျေညာခြင်းနှင့်ပတ်သက်၍၊ ပုဒ်မ ၁၁၂(၂) က အပ်နှင်းသောကျေညာရန် အာဏာဝတ္တရားမှာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက အပ်နှင်းသည့် ဥပဒေပြုအာဏာဝတ္တရား ဖြစ်သည့်အလျောက်၊ အခြေခံဥပဒေ ပုဒ်မ ၁၂၁ အရသော်၎င်း၊ ယေဘုယျ စကားရပ်များ အက်ဥပဒေ ပုဒ်မ ၈၃ အရသော်၎င်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတော်သမ္မတ အမည်ဖြင့် အရေးယူဆောင်ရွက်ပိုင်ခွင့် မရှိသောကြောင့်၊ နိုင်ငံတော်သမ္မတ၏ အမိန့်နှင့်သာ ကျေညာရမည်ဖြစ်ကြောင်း ဖေါ်ပြအပ်ပါသည်။ ။**ဒုတိယပြဿနာနှင့် ပတ်သက်၍အစီရင်ခံချက်**။ ။၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေသည် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌သာ၊ အာဏာတည်သည်ဖြစ်သောကြောင့် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့၌ အာဏာမတည်သေးသော ထိုအက်ဥပဒေပုဒ်မ ၁၁၃ (ခ)ကို မှီး၍၊ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်က ရွေးကောက်ပွဲ မင်းကြီးချုပ် နှင့် အခြားရွေးကောက်ပွဲ မင်းကြီးများကို ခန့်အပ်ရန်အတွက် တရားဝင် အတည်ဖြစ်သော သဘောတူညီချက် မပြုနိုင်ပေ။

၁၉၆၁ ခုနှစ်၊ ရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းနှင့် ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲ မင်းကြီးချုပ်နှင့် မင်းကြီးများမန္တ်ထားနိုင်ရန် ကိစ္စများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၁၅၁ အရ၊ လွှတ်အပ်မှု ၁၄၉

SUPREME COURT.

P. C. RAY AND ONE (APPLICANTS)

v.

THE UNION OF BURMA (RESPONDENT).*

† S.C. 1961

Feb. 3.

FOREIGN EXCHANGE REGULATION ACT, 1947, s. 11—*Necessary ingredient of offence under—Company—Not made accused—Finding against. Unwarranted—Manager—Not guilty—Company and Officers not guilty, when—Trial* in absentia—*Not countenanced.*

The General Manager, the former Manager, the Secretary so-called, the Managing Director and the Director of Messrs. P. C. Ray & Co. (Burma) Ltd. were prosecuted under s. 11 and 13 read with s. 24 of the Foreign Exchange Regulation Act, 1947, on the ground that Messrs. P. C. Ray and Co. had failed to repatriate two sums of money, one from India and the other from Belgium, both of which, however, were repatriated during the pendency of the trial. After acquitting the General Manager, the former Manager and the so-called Secretary the trial Court proceeded against the Managing Director and Director, who were permanent residents in India under s. 512, Criminal Procedure Code and held them to be responsible for the delay in repatriation of the money from India. He also held that the company was guilty, despite the fact that the company was not joined in as an accused at any stage of the trial. In fact the complaint was not made against the company.

The Managing Director and the Director, the two absent accused, then moved the High Court to quash the proceedings under s. 512 of the Criminal Procedure Code contemplated against them. The High Court holding that the accused could not be absconders as they had never lived in Burma quashed the proceedings, but in the course of the judgment remarks were made pointing to a suggestion of guilt in respect of the company as well as the two directors

Held : That mere failure to repatriate is not an offence under s. 11 of the Foreign Exchange Regulation Act and that the intent to secure delay of despatch or to cease payment is a necessary ingredient.

Held also : That—

(*a*) the company not having been made an accused, the finding of guilt against it was unwarranted ;

(*b*) when the Manager himself (who conducts the affiairs of the company) had been found Not Guilty in that he had done all he could to secure and did secure eventual repatriation of the proceeds, it is

---

* Criminal Misc. Application No. 167 of 1960.

† *Present :* U MYINT THEIN, Chief Justice of the Union, U BO GYI and U AUNG THA GYAW, JJ.

S.C. 1961

P. C. RAY AND ONE v. THE UNION OF BURMA.

difficult to see how the company which he manages or its officers can be deemed to be guilty ; and

(c) the system of law in Burma does not ordinarily countenance a trial in *absentia* to enable a finding of guilt or innocence to be made against an absent accused.

Ba Maw and *Zali Maw* for the applicants.

Tin Maung (Government Advocate) for the respondent.

U MYINT THEIN, C.J.—Messrs. P. C. Ray & Co. (Burma) Ltd. undertook to export timber at a price above that fixed by the State Timber Board and agreed to share the profits with the Board on a 60/40 basis. It must have been a large undertaking for during the years 1947 and 1954 the company exported K 2,54,00,000 worth of timber, a process which must have augmented the foreign exchange reserves of this country. The proceeds of these sales had all been repatriated to Burma except two sums of K 2,79,134 and £2,911-14-3*d*. These were outstandings in respect of six shipments to India made between the period 17th November 1948 and 6th May 1949 valued at K 6,52,050 and two shipments to Belgium, both made on the 26th August 1948, valued at £2,911-14-3*d*.

Whatever may have been the propelling reason, in point of fact a prosecution was launched and the immediate effect was the suspension of the firm's activities as exporters, and by this process the goose that laid the golden eggs was killed. The complaint was under sections 11 and 13 read with section 24 of the Foreign Exchange Regulation Act, 1947, in respect of these two sums, the accused being—

(1) R. C. Ray, the General Manager,
(2) P. M. Bose, a former Manager,
(3) D. C. Lazarus, Secretary, so-called,
(4) P. C. Ray, Managing Director, and
(5) S. C. Ray, Director.

The bare assertion in the complaint was that Messrs. P. C. Ray & Co. had failed to repatriate the sums mentioned and that the accused were liable under sections 11 and 13 and 24 of the Foreign Exchange Regulation Act.

It has come out in evidence that there are two separate companies of the same name, one in India and one in Burma. The directors are the same in the two concerns.

The shipments mentioned earlier, made during the period 17th November 1948 and 6th May 1949 were consigned to the firm in India while the shipments of the 26th August 1948 were consigned to a firm in Belgium.

For the purpose of this case we need only say in respect of section 13 that in exporting certain goods, such as timber, a declaration is required of the exporter that the amount representing a return for the goods will be paid for within a prescribed period, which is defined by a notification as six months from the date of shipment *plus* any extension which the Union Bank in its discretion may grant. The exporter naturally becomes a person entitled to receive monies from some one resident outside Burma, and under section 11 such a person is punishable, if he does or refrains from doing any act with intent to secure—

(*a*) that the receipt by him of the whole or part of that foreign exchange or, as the case may be, of that payment in Burma currency, is delayed; or

(*b*) that the foreign exchange or payment ceases, in whole or in part, to be receivable by him.

Section 24 is the penal section but sub-section (2) is relevant for the purpose of this case and it reads:

"If the person committing an offence punishable under this section is a company or other body corporate, every Director, Manager, Secretary or other officer thereof shall, unless he proves that the offence was committed without his knowledge or that he exercised all due diligence to

S.C. 1961

P. C. RAY AND ONE v. THE UNION OF BURMA.

prevent its commission, be deemed to be guilty of such an offence."

The two directors are permanent residents in India and thus from the outset, their attendance could not be secured and the case proceeded without them.

The prosecution evidence was heard and the charges when framed against the three remaining accused started with the recital that " P. C. Ray & Co. (Burma) Ltd. . . . . failed to repatriate K 2,79,134·75 from India and £2,911-14-3*d.* from Belgium . . . . ." and ended with " that you in your capacity as Manager/Secretary of the said P. C. Ray & Co. (Burma) Ltd. knowingly had failed to exercise due diligence to have the said amount repatriated in due time. . . . . ."

We would remark at this stage that mere failure to repatriate is not an offence. The intent to secure delay of despatch or to cease payment is a necessary ingredient. The failure, for example, may be due to stringent foreign exchange laws prevailing in the country to which the goods were exported, despite genuine efforts on the part of the exporter to secure repatriation.

During the course of the trial, the sums involved were in fact repatriated but nevertheless the case proceeded. The learned Government Advocate conceded at the trial that if the offence was proved, it would be a technical one. Ultimately the Manager who joined the firm in October 1950 and became General Manager only in February 1951, was acquitted on the ground that he had done all he could to have the amount repatriated. The former Manager was acquitted on the ground that when he left the firm, the repatriation was not yet due, because of extension of time granted by the Union Bank. The so-called Secretary was acquitted because he was actually never the Secretary.

It would have been fitting, had the matter ended there but the learned trial Judge decided to proceed against the

absent accused declaring them as absconders and to justify his attitude, he held that they were in fact responsible for the delay in repatriation at the other end, in respect of the consignments to India. He held also that the company was guilty, despite the fact that the company was not joined in as an accused at any stage of the trial. In fact the complaint was not made against the company.

The two accused then, through their learned Counsel, Dr. Ba Maw, moved the High Court to quash the proceedings under section 512 of the Criminal Procedure Code contemplated against them. The learned Judge held that the accused had never lived in Burma and that therefore they could not be absconders. The proceedings were quashed but in the course of the judgment, the learned Judge made remarks pointing to a suggestion of guilt in respect of the company as well as the two directors.

The matter has come before us for action under section 561A of the Criminal Procedure Code. Dr. Ba Maw seeks to have the remarks in the judgment of the High Court, relating to the guilt of the company and to the guilt of the two accused, expunged, on the ground that irreparable damage is being done in that P. C. Ray & Co. is not allowed to carry on its business of timber exporters, the authorities being naturally wary of a firm that has been deemed guilty of offending against the provisions of the Foreign Exchange Regulation Act. He stressed the fact that the company not being made an accused, the finding of guilt against the company was unjustifiable. He maintained also that for the officers of a company to be adjudged guilty, the company itself must first be tried and found guilty, and only then would vicarious liability attach to its officers under section 24 (2). He pointed to section 1 of the Act and maintained that even if the scope of the Act extends to Burmese Government servants and Burmese nationals, wherever they may be, it cannot extend to foreign nationals residing beyond the territories

S.C. 1961

P. C. RAY AND ONE v. THE UNION OF BURMA.

of Burma and who are alleged to have caused the delay by their action or inaction in India, not as directors of the Burmese firm but as directors of an Indian firm to which the timber shipments were consigned.

These are substantial arguments but to give a decision in regard to them would be *obiter* and we refrain from doing so. But we think that to meet the ends of justice we should declare that our views are—

(*a*) the company not having been made an accused, the finding of guilt against it was unwarranted;

(*b*) when the Manager himself (who conducts the affairs of the company) had been found Not Guilty in that he had done all he could to secure and did secure eventual repatriation of the proceeds, it is difficult to see how the company which he manages or its other officers can be deemed to be guilty; and

(*c*) our system of law does not ordinarily countenance a trial *in absentia* to enable a finding of guilt or innocence to be made against an absent accused.

For these reasons it was erroneous on the part of the lower courts to deem the company and the directors guilty.

With these remarks, the application is dismissed. The case (Criminal Regular Trial No. 45 of 1954) is to be classified as "Mistaken".

တရားလွှတ်တော်ချုပ်

ဒေါ်အေး (လျှောက်ထားသူ)

နှင့်

ဌါးရမ်းခကြီးကြပ်ရေးဝန်၊ရန်ကုန်မြို့ ပါ ၄ (လျှောက်ထားခံရသူများ) *

† ၁၉၆၁ ဇန်နဝါရီလ ၂၇ ရက်။

မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ၊ ၁၉၆၀ ပြည့်နှစ်၊ ပုဒ်မ ၄၄ (ခ)။ အကျုံးဝင်၊ အကျုံးမဝင်သည့်အမှုများ၊ ပုဒ်မ ၂၁ (၄)၊ မည်ကဲ့သို့သော အိမ်ဥပစာများနှင့်သက်ဆိုင်ခြင်း၊ ကြီးကြပ်ရေးဝန်တွင်မရှိသော အာဏာနှင့်တာဝန်။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (ခ) သည်၊ တရားမဝင်၍ ပယ်ဖျက်ထိုက်သောအမှုမျိုးကိုရည်ရွယ်ခြင်းမဟုတ်ဟု၊ ယခင် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ အာဏာတည်ခြင်းမှ ရပ်စဲမသွားမီ စတင်ဆောင်ရွက်သော တရားဝင်အမှုများသာလျှင် ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေပုဒ်မ ၄၄ (ခ) တွင် အကျုံးဝင်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၁ (၄) တွင် ပါဝင်သော စကားရပ်များသည် ဥပဒေဟောင်းသက်တမ်း ကုန်ဆုံးပြီးနောက်၊ အဆိုပါ အက်ဥပဒေသစ် မဖြစ်ပေါ်လာမီ တဆက်တည်း လစ်လပ်လျက်ရှိသော အိမ်ခန်းနှင့် အခြားဥပစာများနှင့် သက်ဆိုင်သည်။ ဥပဒေဟောင်းသက်တမ်း ကုန်ဆုံးပြီးနောက်၊ ဥပဒေသစ်သက်တမ်း မစမီအတွင်း အိမ်ငှါးနှင့်အိမ်ရှင်တို့ ပဋိညာဉ်ပြု၍ အငှါးခံပြီးသောဥပစာများနှင့် မသက်ဆိုင်ဟု။ ဥပဒေဟောင်းသက်တမ်း ကုန်ဆုံးသည့်အခါတွင် ဌါးရမ်းခ ကြီးကြပ်ရေးဝန်၌ အိမ်ငှါးများအား ၎င်းတို့နေထိုင်လိုသော ဥပစာများတွင် နေထိုင်ခွင့်ပြုရန် အာဏာသော်၎င်း၊ စာဝန်သော်၎င်း မရှိခဲ့ဟု။

လျှောက်ထားသူအတွက်။ ။ဦးတင့် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၄) အတွက်။ ။မစ္စတာ မိုဟာမက် ဂျဖါး လိုက်ပါဆောင်ရွက်သည်။

တရားခန်းကြီး ဦးအောင်သာကျော်။ ။ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ အိမ်နံပါတ် ခဝဂ/ဂ၁၁၊ အခန်းအမှတ် ၁၂ တွင် အိမ်ပိုင်ဌှင် တတိယ လျှောက်ထားခံရသူ ဘဂင်နဒတ် (စ်) ဘက်ဂလာရိုင်ဘဟာဒူး၏ အိမ်ငှါးအဖြစ် နေထိုင်သူ ဒေါ်အေး (ခေါ်) အင်

* ၁၉၆၁ ခုနှစ်၊ တရားမ အသေးအဖွဲလျှောက်လွှာအမှတ် ၃။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်းနှင့်နိုင်ငံတော်တရားဝန်ကြီးများဖြစ်သော ဦးဘိုကြီးနှင့် ဦးဗဲအောင်သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၁
ဒေါ်အေး
နှင့်
ငှါးရမ်းခကြီး
ကြပ်ရေးဝန်၊
ရန်ကုန်မြို့
ပါ ၄ ။

ကုတ်ဟွာက ရန်ကုန်မြို့ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်ကို ဤရုံးတော်က အမှုခေါ် စာချန်တော်ဖြင့် ပယ်ဖျက်ပေးပါရန် လျှောက်ထားသော ကိစ္စဖြစ်သည်။

အဆိုပါ အိမ်ခန်းကို လျှောက်ထားသူ ဒေါ်အေးက အိမ်ရှင် ဘဂဝန်ဒတ် (စ်) ဘက်ဂလာရိုင် ဘဟာဒူးထံမှ တလလျှင် အိမ်ငှါးခ ၅၀ ကျပ်နှင့် ၁၉၆၀ ပြည့်နှစ်၊ မေလ ၁ ရက်နေ့မှစ၍ ငှါးရမ်းနေထိုင်လာခဲ့ရာ၊ လျှောက်ထားခံရသူ အမှတ် (၄) ဦးလှကျော်ဆိုသူက ရန်ကုန်မြို့၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံး၊ ၁၉၆၀ ပြည့်နှစ်၊ အမှုတွဲ အမှတ် ၂၁၃ (က) တွင် လျှောက်ထားသူသည်၊ ကြီးကြပ်ရေးဝန်၏ အခွင့် မရှိဘဲ အိမ်ခန်းတွင် ဝင်ရောက်နေထိုင်သူဟု စွပ်စွဲလျက် ၎င်းအပေါ် အရေးယူရန် လျှောက်ထားရာ၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အဆိုပါ တိုင်တန်းချက်နှင့် စပ်လျဉ်း၍ စစ်ဆေးပြီးလျှင်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၄) အရ၊ အရေးယူ ဆောင်ရွက်ရန် လုံလောက်သော အကြောင်းပေါ်ပေါက်သည်ဟု ယူဆလျက် အဆိုပါ အိမ်ခန်းကို သင့်တော်သူ တဦးအား၊ အငှါးချထားရန် ကြီးကြပ်ရေးဝန်ထံ ထောက်ခံသော အမိန့်တရပ်ကို ချမှတ်ခဲ့သည်။

လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်ကို ဘတ်ရှုကြည့်ရာ၊ ယခင်ဤရုံးတော်မှ ၁၉၆၀ ပြည့်နှစ်၊ တရားမ အသေးအဖွဲမှု အမှတ် ၃၁ တွင် အမှုခေါ် စာချန်တော်ဖြင့် ပယ်ဖျက်ပြီးသော ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံး အမှုအမှတ် ၇၆၇/၅၉ ကို အကိုးအကားပြု၍ ချမှတ်ထားသော အမိန့်တရပ်ဖြစ်ကြောင်း သိရှိရသည်။ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ညွှန်ပြသော ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေပုဒ်မ ၄၄ (ခ) သည်၊ ထိုကဲ့သို့ တရားမဝင်၍ ပယ်ဖျက်ပြီး ပယ်ဖျက်သိုက်သော အမှုမျိုးကို ရည်ရွယ်ခြင်းမဟုတ်ချေ။ ယခင် ၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အာဏာတည်ခြင်းမှ ရုပ်စဲမသွားမီ စတင်ဆောင်ရွက်သော တရားဝင် အမှုများသာလျှင် ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေပုဒ်မ ၄၄ (ခ) တွင် အကျုံးဝင်သည်။

သို့ဖြစ်သောကြောင့် ယခင် ၁၉၄၈ ခုနှစ်၊ အက်ဥပဒေသက်တမ်းကုန်ဆုံးပြီးနောက်၊ အိမ်ငှါးနှင့် အိမ်ရှင်တို့ ဆောင်ရွက်သော ကိစ္စများတွင် အိမ်ရှင်နှင့် အိမ်ငှါးအပေါ်တွင် ယခုကဲသို့ အရေးယူ ဆောင်ရွက်နိုင်ခြင်းငှါ၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်တွင် အာဏာမရှိကြောင်းကို ဤရုံးတော်က* ၁၉၆၀ ပြည့်နှစ်၊တရားမ အသေးအဖွဲ့ လျှောက်လွှာ အမှတ် ၁၀၈၊ ရမ်ဂျီဝပ်ရမ်နှင့် ငှါးရမ်းခကြီးကြပ်ရေးဝန် ပါ ၄ ဦးတို့အမှုတွင် ဆုံးဖြတ်ပြီးဖြစ်သည်။

---

* ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်္ဘာလထုတ် မြန်မာနိုင်ငံ စီရင်ထုံးတွင် ထည့်သွင်းဖေါ်ပြသည်။

ထပ်လောင်းဖြည့်စွက်၍ ဖော်ပြလိုသည်မှာ၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၄) တွင် ပါဝင်သော စကားရပ်များသည် ဥပဒေ ဟောင်း သက်တမ်း ကုန်ဆုံးပြီးနောက်၊ အဆိုပါ အက်ဥပဒေသစ် မဖြစ်ပေါ်လာမီ တဆက်တည်း လစ်လပ်လျက်ရှိသော အိမ်ခန်းနှင့် အခြားဥပစာများနှင့်သာ သက်ဆိုင်သည်။ ဥပဒေဟောင်း သက်တမ်း ကုန်ဆုံးပြီးနောက် ဥပဒေသစ်သက်တမ်း မစမီ အတွင်း အိမ်ငှါးနှင့် အိမ်ရှင်တို့ ပဋိညာဉ်ပြု၍ အငှါးချပြီးသော ဥပစာများနှင့် မသက်ဆိုင်ချေ။ ဥပဒေဟောင်းသက်တမ်း ကုန်ဆုံးသည့်အခါတွင် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၌ အိမ်ငှါးများအား၊ ၎င်းတို့ နေထိုင်လိုသော ဥပစာများတွင် နေထိုင်ခွင့်ပြုရန် အာဏာ သော်၎င်း၊ တာဝန်သော်၎င်း မရှိချေ။

၁၉၆၁

ဒေါ်အေး နှင့် ငှါးရမ်းခ ကြီး ကြပ်ရေးဝန်၊ ရန်ကုန်မြို့ ပါ ၄။

သို့သော်လည်း မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေမှာ အိမ်ငှါးများ၏ အခွင့်အရေးကို စောင့်ရှောက်ရန် အတွက် ပြုလုပ်ထားသော ဥပဒေတရပ်ဖြစ်၍ ဥပဒေ ဟောင်းသက်တမ်း ကုန်ဆုံးပြီးနောက်၊ အိမ်ရှင်များက အိမ်ငှါးများအပေါ်တွင် တရား မျှတမှုမရှိဘဲ ပြုမူခြင်းကို ကာကွယ်စေလိုသော သဘောဖြင့် ဥပဒေဟောင်းတွင် အသုံး ပြုသော စကားရပ်များကို ဥပဒေသစ်တွင်လည်း ထပ်တူထပ်မျှ ထည့်သွင်းဖော်ပြ ထားသည်ဟု ထင်မှတ်စရာအကြောင်းရှိသည်။ မိမိတို့၏ အခွင့်အရေးကို ကာကွယ်လို၍ ဥပဒေသစ် ဖြစ်ပေါ်ပြီးနောက် အိမ်ငှါးများက မိမိတို့ နေထိုင်သော အိမ်ခန်း ဥပစာ များနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်ကို လျှောက်တောင်းခဲ့သော်၊ ကြီးကြပ်ရေးဝန်က အိမ်ငှါးများ၏ အလိုဆန္ဒကို လိုက်လျောသင့်ကြောင်း မြွက်ကြား ဖော်ပြလိုက်သည်။

ဤအမှုတွင် လျှောက်ထားသူက ကန့်ကွက်သော လက်ထောက်ငှါးရမ်းခ ကြီးကြပ် ရေးဝန်၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။

တရားလွှတ်တော်ချုပ်

†၁၉၆၁
ဇန္နာဝါရီလ
၁၃ ရက်။

လင်ပိန်ကွန်(ခေါ်)မောင်ထွန်းစိန် (လျှောက်ထားသူ)
နှင့်
ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် (လျှောက်ထားခံရသူ)*

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၇၊ ပြည်ထောင်စုသား၏အခွင့်အရေး။ ၎င်းအခွင့်အရေး ချုတ်ချယ်ရာတွင် အာဏာပိုင်က ထည့်သွင်းစဉ်းစားအပ်သည့်အချက်။

ဆုံးဖြတ်ချက်။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၇ အရဆိုလျှင် ပြည်ထောင်စုသား တဦးသည်၊ ပြည်ထောင်စုနိုင်ငံ အတွင်းတွင် မည်သည့်နေရာ၌မဆို အခြေစိုက်ခြင်း၊ အလုပ် လုပ်ကိုင်နိုင်ခြင်း၊ စီးပွါးရှာနိုင်ခြင်းစသော အခွင့်အရေးများရှိလေသည်။ ထိုအခွင့်အရေးများကို ချုတ်ချယ်ရာ၌ သက်သေခံ အထောက်အထား ခိုင်လုံစွာရှိရမည့်အပြင်၊ ယင်းသို့ချုတ်ချယ်ရန် အကယ်ပင် လိုအပ်သည်၊ မလိုအပ်သည်ကိုလည်း သက်ဆိုင်ရာအာဏာပိုင်က ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

လျှောက်ထားသူအတွက်။ ။ဦးဖသာထော် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရ လွှတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ယခုအမှုတွင် လျှောက်ထားသူ လင်ပိန်ကွန်(ခေါ်) မောင်ထွန်းစိန်အား၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ပြည်ထဲရေး ဝန်ကြီး ဌာနက ၁၉၅၈ ခု၊ မေလ ၂၄ ရက်နေ့စွဲပါ အမိန့်ဖြင့် ၁၉၅၃ ခုနှစ်၊ ပြည်သူ့ ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၅ (က) (၁) (ဃ) (င) (ဇ) နှင့် ပုဒ်မ ၅ (က) (၂) တို့အရ၊ ရန်ကုန်မြို့မှ အထက်ချင်းတွင်းခရိုင်၊ ဖေါင်းပြင်မြို့သို့ ရွှေပြောင်းနေထိုင်ပြီး၊ အခွင့်အမိန့် တစုံတရာမရရှိဘဲ၊ ထိုဖေါင်းပြင်မြို့နယ်နိမိတ်အတွင်းမှ အခြားနေရာများသို့ ထွက်ခွါသွားခြင်း လုံးဝမပြုရန် အမိန့်ချမှတ်လိုက်လေသည်။ ထို့နောက် ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့၌ သရက်မြို့ခရိုင်၊ အောင်လံမြို့သို့ ပြောင်းရွှေ့နေထိုင်ရန် အမိန့်ချမှတ် လိုက်လေသည်။ ထို့နောက် တဖန် ၁၉၅၉ ခု၊ ဇန္နာဝါရီလ ၂၉ ရက်နေ့၌တကြိမ်၊ ၁၉၆၀ ပြည့်နှစ်၊ ဇန္နာဝါရီလ ၁၁ ရက်နေ့၌တကြိမ် အောင်လံမြို့၌ပင် ဆက်လက်နေထိုင်ရန် အမိန့်ချမှတ်ပြန်လေသည်။ ထိုနောက်ဆုံးအမိန့်သည်၊ ၁၉၆၁ ခု၊ ဖေဖေါ်ဝါရီလ ၄ ရက်နေ့ အထိ အတည်ဖြစ်သည်။

---

* ၁၉၆၀ ခုနှစ်၊ ရာဇဝတ် အသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၅၅။

† နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့်ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီးက အမိန့်ချမှတ်သည်။

၁၉၆၁

လင်ပိန်ကွန် (ခေါ်) မောင်ထွန်းစိန်နှင့် ပြည်ထဲရေး ဝန်ကြီးဌာန၊ အတွင်းဝန်။

ပြည်ထဲရေး ဝန်ကြီးဌာနမှ ချမှတ်သော မူလပဌမအမိန့်ကို ယခုလျှောက်ထားသူက ဤရုံးတော် ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲ လျှောက်လွှာအမှတ် ၂၇ တွင် အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန် လျှောက်ထားရာ၊ ဤရုံးတော်က ၎င်းအပေါ်၌ အရေးယူသည်တွင်၊ အထောက်အထား ရှိကြောင်း တွေ့ရှိရသဖြင့် ၎င်း၏လျှောက်လွှာကိုပယ်လိုက်လေသည်။ သို့သော် လျှောက်ထားသူ၏ကျမ်းကျိန်ချက်ကို၎င်း၊ အောင်လံမြို့၌နေစဉ် အိမ်နီးချင်းများဖြစ်သူ သရက်ခရိုင် လူမျိုးစုလွှတ်တော် အမတ် ဦးသန်းမြင့်နှင့် အထွေထွေ ကုန်စုံစတိုးပိုင်ရှင် မောင်ဟုတ်လှိုင်တို့၏ ကျမ်းကျိန်ထွက်ဆိုချက်များအရ၊ လျှောက်ထားသူသည် အောင်လံမြို့သို့ ရောက်ရှိသည့်နေ့မှစ၍ အကျင့်စာရိတ္တ ကောင်းမွန်စွာ နေထိုင်ကြောင်း။ မတရားသော လှုပ်ရှားမှုများ မရှိကြောင်းဖြင့် ထောက်ခံထားသည်ကို တွေ့ရလေသည်။ ပြည်ထဲရေး ဝန်ကြီးဌာနမှ တင်သွင်းသော ကျမ်းကျိန် ချေပလွှာတွင် လျှောက်ထားသူ၏ ရန်ကုန်မြို့ရှိ နေအိမ်တွင်၊ ၁၉၅၂ ခုနှစ်က ရှာဖွေရာ၌၊ ဘိန်းစသည့်ပစ္စည်းများ မတွေ့ရှိရသော်လည်း ဘိန်းကုန်ကူးသန်းရောင်းဝယ်ရာ၌ ထားရှိသော စာရင်းအင်းများ တွေ့ရှိရကြောင်း ဖေါ်ပြလေသည်။ ယင်းသို့ တွေ့ရှိသည်မှာ အချိန်ကာလ ကြာမြင့်လှလေပြီ။ ထိုနေ့မှစ၍ ယနေ့တိုင် လျှောက်ထားသူသည် ဘိန်းကုန် ခိုးထုတ်ခိုးသွင်းခြင်း အမှုပြုကြောင်း သက်သေခံ အထောက်အထားမရှိချေ။ ပညာရှိ အစိုးရရှေ့နေကြီးက လျှောက်ထားသူနှင့် ပတ်သက်သော အမှုတွဲစာမျက်နှာ ၂၁၂ ၌ပါရှိသည့် လက်ထောက်ယစ်မျိုးမင်းကြီး (စုံစမ်းထောက်လှမ်းရေး)၏ အစီရင်ခံစာကို ညွှန်းပြီးလျှင်၊ ၎င်းအစီရင်ခံစာတွင် လျှောက်ထားသူ၏ ဇနီးသည် ပန်းရောင်စာရင်းဝင် နာမည်ကြီး ဘိန်းကုန်ကူးသူ လင်ကျူလိုင်ထံမှ အထောက်အပံ့များ ရယူစားသောက်လျက်ရှိကြောင်း။ ထို့ပြင် လျှောက်ထားသူ၏ တပည့်များသည် ဘိန်းကုန်ကူး၍ လျှောက်ထားသူ၏ ဇနီးအား၊ အထောက်အပံ့ ပေးနေသည်ဟု သတင်းရရှိကြောင်း ပါရှိသည်ကို အထောက်အထားပြုပြီး၊ ၎င်း၏လျှောက်လွှာကို ပယ်ရန် လျှောက်ထားလေသည်။ ထိုအစီရင်ခံချက်မှာ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့စွဲဖြင့် တင်သွင်းသော အစီရင်ခံချက်ဖြစ်ရာ၊ အကယ်၍သာ ပြည်ထဲရေး ဝန်ကြီးဌာနက ထိုအချက်များ ခိုင်လုံသည်ဟု ယူဆပါက အထက်ဖေါ်ပြပါ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်္ဘာလ ၅ ရက်နေ့တွင် ကျိန်ဆိုသော ကျမ်းကျိန်ချေပလွှာတွင် အဓိကထား၍ ဖေါ်ပြမည်မှာ မုချပင်ဖြစ်သည်။ သို့သော် ထိုအကြောင်းများနှင့် စပ်လျဉ်း၍ အနည်းဝယ်မျှ ဖေါ်ပြခြင်း မပြုခဲ့ချေ။ ထို့ပြင် ပန်းရောင် စာရင်းဝင် လင်ကျူလိုင်ကို မူလက နယ်နှင်ခြေချုပ်နှင့် ထားခဲ့ရာ၊ ထိုသူ လွှတ်မြောက်လာသည်မှာ အတန်ပင် ကြာရှိပြီဟု သိရလေသည်။

၁၉၆၁

လင်ဝိန်ကွန် (ခ၊) မောင်ထွန်းစိန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အတွင်းဝန်။

ထိုသူသည် လျှောက်ထားသူ၏ ဇနီးနှင့် ဆွေမျိုးတော်စပ်သူ ဖြစ်သဖြင့်၊ လျှောက်ထားသူ နယ်နှင်ခြေချုပ်ဒဏ် ခံနေရစဉ် အကူအညီ ထောက်ပံ့သည်မှာ ထူးဆန်းသည်ဟု မယူဆနိုင်ချေ။ လျှောက်ထားသူ၏ တပည့်များက ၎င်း၏နေရိုးကို ယင်းကဲ့သို့ အခြေအနေတွင် ထောက်ပံ့နေသည် ဆိုသည်မှာလည်း ထူးဆန်းလှသည်ဟု မယူဆနိုင်ချေ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အပိုဒ် ၁၇ အရဆိုလျှင်၊ ယခုလျှောက်ထားသူကဲ့သို့သော ပြည်ထောင်စုသားတဦးသည်၊ ပြည်ထောင်စု နိုင်ငံအတွင်းတွင် မည်သည့် နေရာ၌မဆို အခြေစိုက်နိုင်ခြင်း၊ အလုပ် လုပ်ကိုင်နိုင်ခြင်း၊ စီးပွါးရှာနိုင်ခြင်း စသော အခွင့်အရေးများ ရှိလေသည်။ ထိုအခွင့်အရေးများကို ချုတ်ချယ်ရာ၌ သက်သေခံ အထောက်အထား ခိုင်လုံစွာ ရှိရမည့်အပြင်၊ ယင်းသို့ ချုတ်ချယ်ရန် အကယ်ပင် လိုအပ်သည်၊ မလိုအပ်သည်ကိုလည်း သက်ဆိုင်ရာ အာဏာပိုင်က ထည့်သွင်း စဉ်းစား ရမည်ဖြစ်သည်။ ယခုမူကား လျှောက်ထားသူ အပေါ်၌ နယ်နှင်ခြေချုပ် အမိန့် ဆက်ကာဆက်ကာ ချမှတ်ရာ၌ ထိုအချက်အလက်များကို သက်ဆိုင်ရာ အာဏာပိုင်တို့က ထည့်သွင်း စဉ်းစား ခဲ့ကြဟန် မတူပေ။ လျှောက်ထားသူ၏ အခွင့်အရေးများကို ချုတ်ချယ်ထားခဲ့သည်မှာလည်း ၂ နှစ်နှင့် ၇ လကျော်မျှ ကြာရှည်ပြီဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် လျှောက်ထားသူ အပေါ်၌ ချမှတ်သော နောက်ဆုံး အမိန့်ကို အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

တရားလွှတ်တော်ချုပ်

ဦးမာလာ ပါ ၂ (စောဒကများ)

နှင့်

ဦးကုဏ္ဍလ ပါ ၄ (စုဒိတကများ)*

†၁၉၆၁

ဇန္နာဝါရီလ ၂၇ ရက်။

ဝိနိစ္ဆယခုံ ရုံးတော်ကသာ စစ်ဆေးရမည့်ပြဿနာ၊ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၂၄၊ ၃၂ (၃)။ ဝိနိစ္ဆယဌာန ချမှတ်သော စီရင်ချက်အမိန့်များနှင့် ပတ်သက်၍ တရားရုံးများ၌ရှိသောအာဏာ။

စောဒကများဖြစ်သူဦးမာလာနှင့် ဦးရာဇိန္ဒတို့အပေါ်၌ ဦးသာသနက ဝါးခယ်မမြို့နယ် ဝိနိစ္ဆယရုံးတော်တွင် အနိုင်ရရှိသော ဆုံးဖြတ်ချက်ကို ဝါးခယ်မမြို့နယ် တရားမရုံး၏ အာဏာစက်ဖြင့် ဇာရီပြုလုပ်နေစဉ်အတွင်း ဦးသာသန ပုံလွန်တော်မူရာ၊ စုဒိတကများဖြစ်သော ဦးကုဏ္ဍလနှင့် ဦးသုမနတို့က ဝါးခယ်မမြို့နယ် ဝိနိစ္ဆယဌာနရုံးတော်၌ မိမိတို့သည် ပူးတွဲတင်ပြသော တိသန္ဆကစာချုပ်အရ အခင်းဖြစ်ကျောင်းတိုက် အရာမ်နှင့်တကွ ဂရုဘဏ်၊ လဟုဘဏ်ပစ္စည်းများကို ဆရာတော် ဦးသာသန ပုံလွန်တော်မမူမီကပင် ပေးပြီးဖြစ်သဖြင့် ထိုဆရာတော် ဦးသာသန ပိုင်ဆိုင်သမျှသော ပစ္စည်းအရပ်ရပ်တို့နှင့် အခွင့်အရေးအလုံးစုံတို့ကိုမိမိတို့၂ ဦးသာပိုင်ဆိုင်ခွင့်ရှိကြောင်းဖြင့် အထက်ဖေါ်ပြပါ ဆုံးဖြတ်ချက်ကို ဆက်လက်ဇာရီပြုလုပ်နိုင်ရန်အတွက် လျှောက်ထားရာ၊ ဝိနိစ္ဆယ ခုံရုံးတော်ကတင်ပြသော စာချုပ်စာတမ်းနှင့် သက်သေများကို စစ်ဆေးပြီးလျှင် လျှောက်ဆိုသည့်အတိုင်း ဦးသာသန ပုံလွန်တော်မမူမီက ဦးကုဏ္ဍလနှင့် ဦးသုမနတို့အား တိသန္ဆကစာချုပ်အရ ပေးပြီးဖြစ်ကြောင်း ဆုံးဖြတ်၍ ဆက်လက် ဇာရီပြုရန် အခွင့်ပေးသည့်ကိစ္စနှင့်ပတ်သက်၍ စောဒကများက ဝါးခယ်မမြို့နယ် တရားမရုံးတော်၌ ဇာရီမှု မပြီးပြတ်ရှိနေသေးသဖြင့် ဦးကုဏ္ဍလနှင့် ဦးသုမနတို့သည် ထိုရုံးတော်သို့လျှောက်ထားခြင်းမပြုဘဲ၊ ဝါးခယ်မမြို့နယ် ဝိနိစ္ဆယဌာနရုံးတော်သို့လျှောက်ထားသည်မှာ တရားဥပဒေအရ မှားယွင်းကြောင်း အရေးဆိုလေသည်။

ဆုံးဖြတ်ချက်။ ။ဦးသာသန ပုံလွန်တော်မမူမီ ဦးကုဏ္ဍလနှင့် ဦးသုမနတို့အား အခင်းဖြစ် ပစ္စည်းများကို တိသန္ဆကအဖြစ် ဝိနည်းတော်အရ အပိုင်ပေး မပေးဆိုသည့်ပြဿနာမှာ သက်ဆိုင်ရာ ဝိနိစ္ဆယခုံရုံးတော်ကသာ စစ်ဆေးဆုံးဖြတ်ရမည့်ပြဿနာဖြစ်သည်။ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မငယ် ၂ တွင် ဝိနိစ္ဆယဌာနက ယင်းဌာန၏ စီရင်ခွင့်အာဏာအရ ချမှတ်သည့် စီရင်ချက်၊ သို့မဟုတ် အမိန့်တစုံတရာကို ထိုစီရင်ချက်၊ သို့မဟုတ် အမိန့်အတိုင်း လိုက်နာအောင် ပုဒ်မ ၂၄၊ သို့မဟုတ် ပုဒ်မ ၃၂ (၃) အရ ဆောင်ရွက်ခြင်းမှတပါး၊ အခြားနည်းအားဖြင့် ဝင်ရောက်စွက်ဖက် သက်ဆိုင်ရန်မည်သည့်တရားရုံးတွင်မျှ အခွင့်အာဏာမရှိစေရဟု အတိအလင်း ပြဋ္ဌာန်းထားလေသည်။ ယင်းသို့

---

* ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၂၇ ။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများ ဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၁
— —
ဦးမာလာ ပါ ၂ နှင့် ဦးကုဏ္ဍလ ပါ ၄။

ဖြစ်၍ သက်ဆိုင်ရာ တရားရုံးများက ဝိနိစ္ဆယဌာန ချမှတ်သော ဆုံးဖြတ်ချက်ကို ထိုတရားရုံးများမှာ ရှိမြဲအခွင့်အာဏာများနှင့်အညီ အာဏာစက်ဖြင့် ကူညီပြုလုပ်ပေးခြင်းမှအပ၊ အခြားမည်သည့် ဆောင်ရွက်မှုကိုမျှ မပြုနိုင်ချေ။

စောဒကမျှားအတွက်။ ။ဦးမွန်စံလှိုင် လိုက်ပါဆောင်ရွက်သည်။

စုဒိတကအမှတ် (၁) နှင့် (၂) တို့အတွက်။ ။အစိုးရလွှတ်တော်ရှေ့နေ ဦးဘသန်း (၁) လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှုတွင် စောဒက မျှားဖြစ်သူ ဦးမာလာနှင့် ဦးရာဇိန္ဒတို့အပေါ်၌၊ ဦးသာသနက ဝါးခယ်မမြို့နယ် ဝိနိစ္ဆယရုံးတော်တွင် ကျုံမင်းမြို့၊ စေ့းကျောင်းတိုက်အရာမ်အတွင်းမှ၊ မိမိတို့ပိုင်ဆိုင်သော အဆောက်အဦများကိုဖျက်သိမ်းယူငင်၍ ထွက်ခွါသွားစေရန် ဝိဝါဒ အစီကျရုံးမှစွဲဆိုရာတွင်၊ စွဲဆိုသည့်အတိုင်း အနိုင်ရရှိခဲ့ရာ၊ ဦးမာလာ‡ဦးရာဇိန္ဒတို့က မြောင်းမြ ခရိုင် ဝိနိစ္ဆယရုံးတော်သို့ငင်း၊ နိုင်ငံတော် ဝိနိစ္ဆယရုံးတော်သို့ငင်း အဆင့်ဆင့် စောဒနာဝင်ခဲ့ရာ၊ မြို့နယ်ဝိနိစ္ဆယရုံးတော်၏ ဆုံးဖြတ်ချက်ကို အတည်ပြုတော်မူလိုက် ကြလေသည်။ ယင်းသို့အတည်ပြုသည့်အတိုင်း၊ ဦးသာသနက ထိုဆုံးဖြတ်ချက်ကိုဝါးခယ်မမြို့နယ် တရားမရုံး၏ အာဏာစက်ဖြင့် ဇာရီ ပြုလုပ်ရာတွင်၊ ဦးမာလာနှင့်ဦးရာဇိန္ဒတို့က မြောင်းမြခရိုင် တရားမရုံးတော်တွင်အယူခံဝင်ရောက်လေသည်။ အယူခံမှုရုံးသောအခါတရားလွှတ်တော်သို့ ဒုတိယအယူခံမှုတင်သွင်းလေသည်။ တရားလွှတ်တော် တရားမ ဒုတိယအယူခံမှုအမှတ် ၅၀/ ၅၉ ၌ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့စွဲပါ နေ့စဉ်မှတ်တမ်းဖြင့် အမိန့်ချမှတ်သည်မှာ၊ ဦးသာသန၏ လွှတ်တော်ရှေ့နေကြီးက ဦးသာသနပျံလွန်တော်မူပြီဖြစ်သဖြင့်၊ မိမိလိုက်ပါဆောင်ရွက်ရန် မလိုတော့ကြောင်းနှင့် လျှောက်ထားသည်တွင်၊ ဦးမာလာ၊ ဦးရာဇိန္ဒတို့၏ လွှတ်တော်ရှေ့နေကြီးက၊ အမှုကို စရိတ်မရှိ ရုပ်သိမ်းခွင့် ပြုပါရန် လျှောက်ထားသဖြင့်၊ လျှောက်ထားသည့် အတိုင်း၊ အမှုကို စရိတ်မရှိ ရုပ်သိမ်းသည့် အနေနှင့် ပယ်လိုက်ကြောင်း ရေးမှတ်ထားသည်ကို တွေ့ရှိရလေသည်။

ထိုအတောအတွင်းမှာပင်၊ ဦးမာလာ၊ ဦးရာဇိန္ဒတို့သည် ဤရုံးတော်၊ ၁၉၅၉ ခုနှစ်၊ တရားမသေးမှုအမှတ် ၁၅၃ တွင် မိမိတို့အပေါ်၌ ချမှတ်သော၊ ဝိနိစ္ဆယရုံးတော်၏ အမိန့်နှင့် ဝါးခယ်မမြို့နယ် တရားမရုံး ဇာရီမှုအမိန့်များကို အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်ပေးပါရန် လျှောက်ထားလေသည်။ ဤရုံးတော်တွင်လည်းဦးသာသန ပျံလွန်တော်မူကြောင်းသိရှိရသည်တွင် ၁၉၆၀ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ထိုအမှုအတွက် ဦးသာသနကိုယ်စား အခြားပုဂ္ဂိုလ် တဦးတယောက်ကို ထည့်သွင်းရန်အကြောင်းမမြင်သည် တကြောင်း၊ ဦးသာသန ပျံလွန်တော်မူပြီးနောက်၊ ဝိနိစ္ဆယ ဌာနများက

၁၉၆၁

ဦးမာလာ ပါ ၂ နှင့် ဦးကုဏ္ဍလ ပါ ၄။

ချမှတ်သော စီရင်ဆုံးဖြတ်ချက်ကို ဇာရီပြုလုပ်နိုင်မည့် တရားဝင်ပုဂ္ဂိုလ် ရှိနိုင်ရန် အကြောင်းမမြင်သည် တကြောင်းတို့ကြောင့်၊ ဦးမာလာနှင့် ဦးဆုဇိန္ဒတို့၏ မေတ္တာရပ် ခံလွှာကို စရိတ်မရှိ ပယ်လိုက်သည်။ သို့သော် အကယ်၍ ပုဂ္ဂိုလ်တဦးတယောက်က ဦးသာသနထံမှ မိမိသည် တရားဥပဒေနှင့်အညီ ထိုအချင်းဖြစ်ကျောင်းတိုက်ကိုသော်၎င်း၊ ဦးသာသန၏ အခွင့်အရေး တခုခုကိုသော်၎င်း၊ လွဲပြောင်းခံရသူဖြစ်၍ ဇာရီပြုလုပ်ထိုက်သည်ဟု အဆိုရှိပါမူ၊ ယင်းသို့ အရေးဆိုခြင်းဟုတ်မဟုတ်ကို ခုခံချေပ နိုင်ခွင့် ရှိကြောင်း ကိုလည်း ဖေါ်ပြခဲ့လေသည်။

ထို့နောက် ၁၉၆၀ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် စုဒိတကအမှတ် (၁) ဦးကုဏ္ဍလနှင့် စုဒိတက အမှတ် (၂) ဦးသုမနတို့က ဝါးခယ်မမြို့နယ် ဝိနိစ္ဆယဌာန ရုံးတော်၌ မိမိတို့သည် ပူးတွဲ တင်ပြသော တိသန္တကစာချုပ်အရ အခင်းဖြစ်ကျောင်းတိုက် အရာမ်နှင့်တကွ ဂရုဘဏ် ဂဟုဘဏ် ပစ္စည်းများကို၊ ဆရာတော် ဦးသာသနပိုလွန်တော် မမူမိကပင် ပေးပြီးဖြစ်သဖြင့်၊ ထိုဆရာတော် ဦးသာသနပိုင်ဆိုင်သမျှသော ပစ္စည်းအရပ်ရပ်တို့နှင့် အခွင့်အရေး အလုံးစုံတို့ကို၊ ကျန်ရှိသော မိမိတို့ ၂ ဦးသာပိုင်ဆိုင်ခွင့်ရှိကြောင်းဖြင့်၊ အထက်ဖေါ်ပြပါ ဆုံးဖြတ်ချက်ကို ဆက်လက်ဇာရီ ပြုနိုင်ရန်အတွက် လျှောက်ထားလေသည်။ ဝိနိစ္ဆယရုံးတော်က တင်ပြသော စာချုပ်စာတမ်းနှင့် သက်သေများကို စစ်ဆေးပြီးလျှင် လျှောက်ဆိုသည့် အတိုင်း၊ ဦးသာသန ပိုလွန်တော်မမူမိက ဦးကုဏ္ဍလနှင့် ဦးသုမန တို့အား တိသန္တက စာချုပ်အရ ပေးပြီးဖြစ်ကြောင်း ဆုံးဖြတ်၍ ဆက်လက် ဇာရီပြုရန် အခွင့်ပေးလေသည်။ ထိုစာချုပ်၏ မိတ္တူကို သက်ဆိုင်ရာ အမှုတွဲတွင် တင်သွင်းထားသည်ကို တွေ့ရလေသည်။ ထို မိတ္တူပေါ်၌ ရေးမှတ်ချက်များအရ၊ ထိုစာချုပ်ကို ဝါးခယ်မမြို့၊ မြို့နယ်ဝိနိစ္ဆယဌာနရုံး၌ မှတ်ပုံတင်ခဲ့ကြောင်း တွေ့ရှိရလေသည်။

ဤအမှုတွင် အဓိကအားဖြင့် မေတ္တာရပ်ခံသည်မှာ ဝါးခယ်မမြို့နယ် တရားမရုံးတော်၌ ဇာရီမူ မပြီးမပြတ် ရှိနေသေးသဖြင့်၊ ဦးကုဏ္ဍလနှင့် ဦးသုမနတို့သည်၊ ထိုရုံးတော်သို့ လျှောက်ထားခြင်း မပြုဘဲ၊ ဝါးခယ်မ မြို့နယ် ဝိနိစ္ဆယဌာနရုံးတော်သို့လျှောက်ထားသည်မှာ တရားဥပဒေအရ မှားယွင်းကြောင်းဖြင့် လျှောက်ထားခြင်း ဖြစ်သည်။ သို့သော် ဦးသာသန ပိုလွန်တော် မမူမိ ဦးကုဏ္ဍလနှင့် ဦးသုမနတို့အား အခင်းဖြစ် ပစ္စည်းများကို တိသန္တက အဖြစ် ဝိနည်းတော်အရ အပိုင်ပေး မပေး ဆိုသည့်ပြဿနာမှာ၊ သက်ဆိုင်ရာ ဝိနိစ္ဆယ ရုံးတော်ကသာ စစ်ဆေးဆုံးဖြတ်ရမည့် ပြဿနာဖြစ်သည်။ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မငယ် ၂ တွင် ဝိနိစ္ဆယဌာနက ယင်းဌာန၏ စီရင်ခွင့် အာဏာအရ၊ ချမှတ်သည့်စီရင်ချက်၊သို့မဟုတ်အမိန့် တစုံတရာကို ထိုစီရင်ချက်၊သို့မဟုတ်အမိန့်အတိုင်း လိုက်နာအောင် ပုဒ်မ ၂၄ ၊သို့မဟုတ် ပုဒ်မ ၃၂ (၃) အရ ဆောင်ရွက်ခြင်းမှတပါး၊ အခြားနည်းအားဖြင့် ဝင်ရောက် စွက်ဖက်နိုင်ရန် မည်သည့်တရားရုံးတွင်မျှ အခွင့်

၁၉၆၁

ဦးမာလာ ပါ ၂ နှင့် ဦးကုဏ္ဍလ ပါ ၄။

အာဏာ မပျိုစေမဟု အတိအလင်း ပြဋ္ဌာန်းထားလေသည်။ ယင်းသို့ဖြစ်၍ ဤအမှုတွင် သက်ဆိုင်ရာ တရားရုံးများက ဝိနိစ္ဆယဌာန ချမှတ်သော ဆုံးဖြတ်ချက်ကို ထိုတရားရုံးများမှာ ရှိမြဲအခွင့်အာဏာများနှင့် အညီ အာဏာစက်ဖြင့် ကူညီပြုလုပ်ပေးခြင်းမှအပ အခြားမည်သည့်ဆောင်ရွက်မှုမျိုးကိုမျှ မပြုနိုင်ခေ။

သို့ဖြစ်၍၊ မြို့နယ်ဝိနိစ္ဆယဌာန ချမှတ်သည့်အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မမြင်သဖြင့်၊ ဤမေတ္တာရပ်ခံလွှာကို ပယ်လိုက်သည်။ စောဒကနှင့် စုဒိတက တို့သည် ရဟန်းတော်များ ဖြစ်သည့်အတွက်၊ မိမိတို့တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံစေရမည်။

တရားလွှတ်တော်ချုပ်

ကျော့မိတ်လင့်ဒန်ကင် (လျှောက်ထားသူ)

နှင့်

ဒေါ်စောကြည် ပါ ၂ (လျှောက်ထားခံရသူ)*

† ၁၉၆၁ ခုနှစ် မြို့လ ၄ ရက်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဒုံးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) နှင့် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဒုံးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆၊ ကက (၄) တို့ ခြားနားချက်၊ ကြီးကြပ်ရေးဝန်တွင် မရှိသောအာဏာ။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည်နှစ်၊ မြို့ပြဆိုင်ရာ ဒုံးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) ပါ၊ ပြဋ္ဌာန်းချက်များနှင့် သက်တမ်းကုန်ဆုံးခဲ့သည့် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဒုံးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆၊ ကက (၄)ပါ ပြဋ္ဌာန်းချက်များ ခြားနားချက်တရပ်မှာ ထို ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအရဆိုလျှင်၊ ကြီးကြပ်ရေးဝန်သည် နိုင်ငံတော် သမတက ဖွဲ့စည်းသည့် အကြံပေးအဖွဲ့နှင့် တိုင်ပင်၍ ဆောင်ရွက်ရမည်ဖြစ်သည်။ ယခုမူကား၊ ယင်းတို့တိုင်ပင်ရွဲမျှနှင့် မပြီးဘဲ၊ ကြီးကြပ်ရေးဝန်သည်၊ အကြံပေးအဖွဲ့၏ အကြံဉာဏ်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်၍ ကြီးကြပ်ရေးဝန်မှာ အိမ်ခန်းအငှါး ချထားရန်အတွက် မိမိ၏ သဘောအတိုင်း ဆင့်ဆိုနိုင်သည့် အာဏာမရှိ။

လျှောက်ထားသူအတွက်။ ။မစ္စတာ အင်၊အာ၊ဘာဂျော်ဂျီ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁)အတွက်။ ။မစ္စတာ ရိဂျီရမ်း လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ရန်ကုန်မြို့၊ ဘောင်ဒရီလမ်း၊ အိမ်အမှတ် ၂၃၆ အောက်ထပ်ရှိ အခန်းတခန်းကို ယခုလျှောက်ထားသူ မစ္စတာ ဒန်ကင်က မစ္စတာ ဖစ်ရှာဆိုသူအား တဆင့် အငှါးချထားခဲ့ရာ၊ မစ္စတာ ဖစ်ရှာသည် ကျဆင့်သော အိမ်ခန်းခကို မပေးဆောင်သဖြင့် မစ္စတာ ဒန်ကင်က ၎င်းအား ထိုအခန်းမှ နှင်ထုတ်လိုမှုဖြင့် တရားစွဲဆိုရာ အနိုင်ဒီကရီ ရရှိလေသည်။ ထို့နောက် မစ္စတာ ဖစ်ရှာ

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၈၇။

† ခေတ္တ နိုင်ငံတော်တရားဝန်ကြီး ဦးချန်ထွန်း၊ နိုင်ငံတော် တရားဝန်ကြီးများ ဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီးဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၁
ကျော်မိတ်လင့်
ဒန်ကင်
နှင့်
ဒေါ်စောကြည်
ပါ ၂။

သည်၊ အခန်းလော့ကို ပေးအပ်ခဲ့လေသည်။ သို့ရာတွင် မစ္စတာ ဖစ်ရှာ၏ခယ်မတော်သူ လျှောက်ထားခံရသူ အမှတ် (၁) ဒေါ်စောကြည်သည်၊ ထိုအခန်းတွင် ဝင်ရောက်နေထိုင်ပြီးလျှင် မိမိအား ထိုအခန်းကိုအငှါးချထားပါရန် မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဝန်ထံသို့ လျှောက်ထားလေသည်။ မစ္စတာ ဒန်ကင်ကလည်း မိမိမှာ နှလုံးရောဂါရှိသဖြင့် ထိုအောက်ခန်းကိုပင် နေထိုင်ရန်အတွက် အလိုရှိကြောင်းဖြင့် လျှောက်ထားလေသည်။ နှစ်ဦးနှစ်ဘက် စစ်ဆေးပြီးလျှင် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ဒေါ်စောကြည်အား ထိုအိမ်ခန်းကို အငှါးချထားလိုက်လေသည်။ ယင်းအမိန့်ကိုမကျေနပ်သဖြင့် အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်ပါရန် မစ္စတာ ဒန်ကင်က ဤရုံးတော်တွင် လျှောက်ထားလေသည်။

ဒေါ်စောကြည် လျှောက်ထားသော လျှောက်လွှာမှာ (၁၅-၇-၆၀) နေ့၌ တင်သွင်းသည်ဖြစ်ရကား။ (၄-၅-၆၀) နေ့၌ အတည်ဖြစ်ခဲ့သော ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ စစ်ဆေး ဆုံးဖြတ်ရမည်ဖြစ်သည်။ ယင်း အက်ဥပဒေ ပုဒ်မ ၂၁ (၄) အရဆိုလျှင်၊ ယခုပေါ် ပေါက်ခဲ့သည့် အခြေအနေမျိုးတွင် ကြီးကြပ်ရေးဝန်သည် နိုင်ငံတော် သမတက ယင်းသို့သော ကိစ္စအလို့ငှါ ဖွဲ့စည်းသည့် အကြံပေးအဖွဲ့၏ အကြံအတိုင်း ဆောင်ရွက်လျက်၊ လူနေထိုင်ရာဥပစာကို အငှါးချထားရန်အတွက် ဆင့်ဆိုရမည်ဖြစ်သည်။ သို့သော်လည်း အဆိုပါ အကြံပေးအဖွဲ့ကို နိုင်ငံတော် သမတက ယခုတိုင်ဖွဲ့စည်းခြင်းမပြုရသေးခေ့။ အထက်ဖော်ပြပါ အက်ဥပဒေ ပုဒ်မ ၂၁ (၄)ပါ ပြဋ္ဌာန်းချက်များနှင့် သက်တမ်းကုန်ဆုံးခဲ့သည့် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆-ကက (၄) ပါပြဋ္ဌာန်းချက်များ ခြားနားချက် တရပ်မှာ ထို ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအရဆိုလျှင် ယခုကဲ့သို့သော အခြေအနေမျိုးတွင် ကြီးကြပ်ရေးဝန်သည် နိုင်ငံတော် သမတကဖွဲ့စည်းသည့် အကြံပေးအဖွဲ့နှင့် တိုင်ပင်၍ ဆောင်ရွက်ရမည်ဖြစ်သည်။ ယခုမူကား ယင်းသို့ တိုင်ပင်ရုံမျှနှင့်မပြီးဘဲ ကြီးကြပ်ရေးဝန်သည် အကြံပေးအဖွဲ့၏အကြံဉာဏ်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ မည်သည့်အကြောင်းကြောင့် ယင်းကဲ့သို့ ဥပဒေ ပြောင်းလဲသည်ကို ဥပဒေပြုသည့် ပါလီမန် လွှတ်တော်ကသာလျှင် သိမည်ဖြစ်သည်၊ တရားရုံးတော်များအနေနှင့်မူကား ယခုလက်ရှိ ဥပဒေအတိုင်းသာလျှင် ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်၍ ကြီးကြပ်ရေးဝန်မှာ အိမ်ခန်းအငှါးချထားရန်အတွက် မိမိသဘောအတိုင်း ဆင့်ဆိုနိုင်သည့် အာဏာ မရှိကြောင်း တွေ့ရှိရလေသည်။ သို့ဖြစ်သဖြင့် ကြီးကြပ်ရေးဝန်၏ အမိန့်ကို အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့ တရားစရိတ်ကို မိမိတို့ကိုယ်တိုင် ကျခံစေရမည်ဖြစ်သည်။

တရားလွှတ်တော်ချုပ်

စစ်တွေမြို့ဆိပ်ကမ်းအရာရှိ (အယူခံတရားလို)

နှင့်

ရခိုင်တိုင်းသယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ ပါ ၃ (အယူခံတရားခံများ)*

၁၉၆၀
ဧပြီလ ၂၄ ရက်။

တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၀၊ အယူခံအမှုတွင် မပါဝင်သော မူလအမှုသည်အား အမှုသည်အဖြစ် ထည့်သွင်းဆုံးဖြတ်နိုင်ခြင်း။ အမိန့် ၁၊ နည်းဥပဒေ ၂၀ (၅)၊ စည်းကမ်းသတ် ကျော်လွန်လျှင် အမှုသည်အဖြစ် မထည့်နိုင်၊ အမိန့် ၄၁၊ ဥပဒေ ၃၃၊ အယူခံချုံးအာဏာ ကျယ်ပြန့်ခြင်း၊ ၎င်းအာဏာများ သုံးစွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် ပြဋ္ဌာန်းချက်များ၊ ဂရုစမ္မ ပြုရမည့်အာ ချက်။

အယူခံ တရားခံ အမှတ် (၂) ချန်မာဘီလာနှင့် (၃) အင်ကဘရာတို့က သဘော်ပိုင်ရှင် ကုမ္ပဏီ ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေးဆင်ဒီကိတ်အဖွဲ့၊ အယူခံတရားလိုဖြစ်သူ စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဘုတ်အား မိမိတို့ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့လိုက်သော ကုန်ပစ္စည်းအချို့ စစ်တွေမြို့ ဆိပ်ကမ်းအုပ်ချုပ်ခရေးအဖွဲ့၏ ကိုဒေါင်တွင် ပျောက်ဆုံးမှုနှင့် ပတ်သက်၍၊ လျော်ကြေးငွေ ရရန်အတွက် စွဲဆိုသော အမှုကို မူလရုံးတော်က ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ တဦးတည်းသာ တာဝန်ရှိသည်ဟု ဆုံးဖြတ်ပြီးလျှင်၊ ၎င်းအဖွဲ့အား တောင်းဆိုသည့် လျော်ကြေးငွေကို ပေးဆောင်စေရန် ဆုံးဖြတ်သိုက်လေသည်။ ယင်းဆင်ဒီကိတ်အဖွဲ့က တရားလွှတ်တော်သို့ အယူခံဝင်ရာတွင် ချန်မာဘီလာနှင့် အင်ကဘရာတို့ကို အယူခံတရားခံအဖြစ်ထား၍ စွဲဆိုလေသည်။ အမှုကြားနာစဉ် တရားလွှတ်တော်တရားဝန်ကြီးနှစ်ပါးသည် လျော်ကြေးငွေ ပေးဆောင်ရန် တာဝန်ရှိသူမှာ ယင်းဆင်ဒီကိတ်အဖွဲ့ မဟုတ်၊ စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိသာလျှင် ဖြစ်သည်ဟု ယူဆပြီးလျှင်၊ ထိုဆိပ်ကမ်းအရာရှိအား တရားခံအဖြစ် ထည့်သွင်းစေခဲ့လေသည်။ ယင်းသို့ထည့်သွင်းစေသည့်အချိန်၌ ဆိပ်ကမ်းအရာရှိအား အယူခံတရားခံအဖြစ် ထည့်သွင်းစွဲဆိုရန်အတွက် ကာလ စည်းကမ်းသတ် ကျော်လွန်ပြီး ဖြစ်ခဲ့လေသည်။ ဤအချက်ကို ဆိပ်ကမ်းအရာရှိက တင်ပြပြီး ကန့်ကွက်ခဲ့သော်လည်း တရားလွှတ်တော်က ထိုကန့်ကွက်ချက်ကို လက်မခံဘဲ၊ ဆင်ဒီကိတ်အဖွဲ့ အပေါ် ချမှတ်သော ဒီကရီကိုပယ်ဖျက်ပြီး၊ ဆိပ်ကမ်း အရာရှိပေါ်၌ ဒီကရီချမှတ်လိုက်လေသည်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၂၀ အရဆိုလျှင် မူလအမှုတွင် အမှုသည်အဖြစ်ပါဝင်ပြီး၊ အယူခံအမှုတွင် အမှုသည်အဖြစ် မပါဝင်သော သူတဦးထယောက်အား

---

* ၁၉၅၈ ခုနှစ်၊ တရားမအယူခံ အမှုအမှတ် ၁၀။

† ခေတ္တနိုင်ငံတော်တရားဝန်ကြီးချုပ်ဦးချန်ထွန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရွှေမြောက်ထွင် တရားဝန်ကြီးဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၁

စစ်တွေမြို့ ဆိပ်ကမ်း အရာရှိ နှင့် ရွှေဦးတိုင်း သယ်ယူပို့ဆောင်ရေး ဆိုင်ဒီကိတ်အဖွဲ့ ပါ ၃။

ထိုသူသည် အယူခံမှုအဆုံးအဖြတ်နှင့် သက်ဆိုင်သေးလျှင်၊ ထိုသူအား အမှုသည်အဖြစ် ထည့်သွင်း၍ အမှုကို စီရင်ဆုံးဖြတ်နိုင်သည်။ ဘီ၊ ပီ၊ အာ(ရ်)၊ ဗီ၊ ချတ်ကလင်ကာချစ်တီးနှင့်ဆီသဲအားချား ရန်ကုန် စီရင်ထုံးများအတွဲ ၆၊ စာမျက်နှာ (၂၉) ပရိဗီကောင်စီ ကိုရည်ညွှန်းသည်။ မသန်းမေနှင့် မဟာမက်အီဗုပ်၊ ရန်ကုန်စီရင်ထုံးအတွဲ ၉၊ စာမျက်နှာ (၆၂၄)၊ စိန်ဒတ် (စ်)နှင့် လခါချီး၊ ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာမျက်နှာ (၆၉၃) တို့ကို သတောတူ လက်ခံသည်။ တရားမကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၁၀ (၅)အရ၊ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ ဆိပ်ကမ်းအရာရှိအား အယူခံတရားခံအဖြစ် ထည့်သွင်းခြင်းမပြုနိုင်။ တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၃၃ အရ အယူခံရှေ့တော်သို့ အပ်နှင်းသည့် အာဏာများသည် အလွန်မှပင် ကျယ်ဝန်းပေ၏။ သို့သော် ထို အာဏာများကို အသုံးပြုရာ၌၊ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၀၊ ထို့ပြင်တရားမကျင့်ထုံး ပုဒ်မ ၉၅၊ နှင့် အမိန့် ၁၊ နည်းဥပဒေ ၁၀ ပါပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာလျှင် အသုံးပြုသင့်ပေသည်။ ယင်းသို့အသုံးပြုလျှင်၊ အဆိုပါပြဋ္ဌာန်းချက်များ အားလုံးအရပင် ကာလ စည်းကမ်းသတ်ကို ဂရုမမူပြုရမည်။ အကြောင်းမူကား ကာလစည်းကမ်းသတ်အားဖြင့် ရရှိပြီး ဖြစ်သော အဖိုးထိုက်တန်လှသည့် အခွင့်အရေးကို တရားရုံးတော်က ပေါ့ပေါ့တန်တန် ဖျက်သိမ်းခြင်း မပြုအပ်၊ မပြုသင့်သောကြောင့်တည်း။ တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၃၃ ပါအာဏာ များကို အသုံးပြုရာ၌၊ ကာလစည်းကမ်းသတ်ကို ကျော်လွန်နိုင်သည် ဆိုစေကာမူ၊ အယူခံတရားလို ဧပါ့လျှော့မှု မရှိဘဲလျက်၊ အကြောင်းဘာခုခုကြောင့် အယူခံတရားလိုမှာ မဆုံးရှုံး မနစ်နာသင့်ဘဲ ဆုံးရှုံးနစ်နာမည်ဖြစ်ကြောင်းကို ရုံးတော်က တွေ့ရှိမှသာလျှင် ထိုအာဏာကို အသုံးပြုသင့်ကောင်း ပြုသင့်ပေမည်။

ထိုပြဋ္ဌာန်းချက်များ၏ ရည်ရွယ်ရင်းမှာ တရားစီရင်ရေး ကမောက်ကမ ဖြစ်ခြင်းမှ ထိန်းသိမ်း ကာကွယ်ရန် အတွက် ဖြစ်ဟန်တူသည်။

တရားလွှတ်တော်က ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိအား အယူခံ တရားခံအဖြစ် ထည့်သွင်းပြီး ၎င်းအပေါ် ဒွီဒီကရီချမှတ်ခြင်းမှာ အထင်အရှားမှားယွင်းသည်။

အယူခံတရားလိုအတွက်။ ။ဦးလှထွန်းဖြူ လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံ အမှတ် (၁)အတွက်။ ။ဦးဖသာထော် လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံ အမှတ် (၂)နှင့် (၃)တို့အတွက်။ ။မစ္စတာ ဂျီ၊ အင် (နှ်)၊ ဘနာဂျီ လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှုတွင် အဓိကအားဖြင့် ဆုံးဖြတ်ရမည့် အချက်မှာ တရားလွှတ်တော် ပဌမအယူခံမှု အမှတ် ၁၁၆/၅၂ တွင် ယခုအယူခံ တရားလို စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိအား အယူခံ တရားခံအဖြစ် ထည့်သွင်းရန်အတွက် ကာလ စည်းကမ်းသတ် ကျော်လွန်ပြီးမှ တရားလွှတ်တော်က ချမှတ်ခဲ့သည့် အမိန့်သည် အတည် ဖြစ်ထိုက် မဖြစ်ထိုက်ဟူသော ပြဿနာပင်ဖြစ်သည်။ အမှုဖြစ်ပွားပုံမှာ ယခု အယူခံ တရားခံအမှတ် (၂) ချန်မာဘီလာနှင့် (၃) အင်ကတရာတို့အတွက် အထည့်အလိပ်

သေတ္တာသုံးလုံး ရန်ကုန်မှ စစ်တွေမြို့သို့ မီးသင်္ဘောဖြင့် တင်ပို့ရာ၊ သင်္ဘောသည် စစ်တွေသို့ ၁၉၅၁ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၌ ရောက်ရှိလေသည်၊ သို့သော်သင်္ဘော သည် ဆိပ်ကမ်းတံတားသို့ မကပ်နိုင်သဖြင့် ထိုသူများ၏ အထည်အလိပ် သေတ္တာသုံးလုံး အပါအဝင် ကုန်ပစ္စည်းများကို အယူခံ တရားခံ အမှတ် (၁) ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့က တုံကင်းများဖြင့် သယ်ယူပြီး ဆိပ်ကမ်းအရာရှိသို့ ပေးအပ်လိုက်သည်။ ဆိပ်ကမ်းအရာရှိက ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ ဂိုဒေါင်တွင် ကုန်ပစ္စည်းများကို သိုလှောင်ထားရာ အချင်းဖြစ် သေတ္တာသုံးလုံးအနက် တလုံးမှ တန်ဘိုး ငွေ ၅,၀၀၀ နည်းပါးရှိ ပစ္စည်းအချို့ ပျောက်ဆုံးသည်ကို တွေ့ရလေသည်။ ထိုပစ္စည်း တန်ဘိုးနှင့် သယ်ယူပို့ဆောင်ခ စရိတ်ကိုပေါင်း၍၊ စုစုပေါင်းငွေ ၅,၁၉၄ ကျော်ကို ချန်မာဘီလာနှင့် အင်ကဘရာတို့က မူလပဉ္စမဋ္ဌ သင်္ဘောပိုင်ရှင် ကုမ္ပဏီကသော်၎င်း၊ ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ကသော်၎င်း၊ စစ်တွေမြို့၊ ဆိပ်ကမ်း အရာရှိကသော်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကသော်၎င်း မိမိတို့အား လျော်ကြေးငွေအဖြစ် ပေးဆပ်ရန် တာဝန်ရှိကြောင်းဖြင့် တရားစွဲဆိုလေသည်။ မူလ ရုံးတော်က ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ တဦးတည်းသာ တာဝန်ရှိသည်ဟု ဆုံးဖြတ်ပြီးလျှင် ၎င်းအဖွဲ့အား တောင်းဆိုသည့် လျော်ကြေးငွေကို ပေးဆောင်စေရန် ဆုံးဖြတ်လိုက်လေသည်၊ ယင်းဆင်ဒီကိတ်အဖွဲ့က တရားလွှတ်တော်သို့ အယူခံဝင်ရာတွင် ချန်မာဘီလာနှင့် အင်ကဘရာတို့ကို အယူခံတရားခံအဖြစ်ထား၍ စွဲဆိုလေသည်။ အမှုကြားနာစဉ် တရားလွှတ်တော် တရားဝန်ကြီးနှစ်ပါးသည် လျော်ကြေးငွေ ပေးဆောင်ရန် တာဝန်ရှိသူမှာ ယင်းဆင်ဒီကိတ်အဖွဲ့မဟုတ်၊ စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိသာလျှင်ဖြစ်သည်ဟု ယူဆပြီးလျှင်၊ ထိုဆိပ်ကမ်းအရာရှိအား အယူခံ တရားခံအဖြစ် ထည့်သွင်းစေခဲ့လေသည်။ ယင်းသို့ ထည့်သွင်းစေသည့်အချိန်၌ ဆိပ်ကမ်း အရာရှိအား အယူခံ တရားခံအဖြစ် ထည့်သွင်းစွဲဆိုရန်အတွက် ကာလစည်းကမ်းသတ် ကျော်လွန်ပြီး ဖြစ်ခဲ့လေသည်။ ဤအချက်ကို ဆိပ်ကမ်းအရာရှိကတင်ပြပြီး ကန့်ကွက်ခဲ့သော်လည်း၊ တရားလွှတ်တော်က ထိုကန့်ကွက်ချက်ကို လက်မခံဘဲ၊ ဆင်ဒီကိတ်အဖွဲ့ အပေါ် ချမှတ်သော ဒီကရီကိုပယ်ဖျက်ပြီး ဆိပ်ကမ်းအရာရှိအပေါ်၌ ဒီကရီချမှတ်လိုက်လေသည်။

ယင်းသို့ ဆိပ်ကမ်းအရာရှိအား အယူခံတရားခံအဖြစ် ထည့်သွင်းခြင်းနှင့် သက်ဆိုင်သော ဥပဒေ ပြဋ္ဌာန်းချက်များကို သုံးသပ်ရာ၌ ပဌမအချက်မှာ ထိုထည့်သွင်းသည့် အမိန့်သည် တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၀ တွင် အကျုံးဝင်သလောဟူသည့် အချက်ဖြစ်သည်။ ထိုနည်းဥပဒေအရဆိုလျှင်၊ မူလအမှုတွင် အမှုသည်အဖြစ်ပါဝင်ပြီး၊ အယူခံအမှုတွင် အမှုသည်အဖြစ် မပါဝင်သော သူတဦးတယောက်အား ထိုသူသည်

ခရိုင်
စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိ နှင့် ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ ပါ ၃။

၁၉၆၁

စစ်တွေမြို့ ဆိပ်ကမ်းအာရာရှိ နှင့် ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ ပါ ၃ ။

အယူခံမှု အဆုံးအဖြတ်နှင့် သက်ဆိုင်သေးလျှင် ထိုသူအား အမှုသည်အဖြစ် ထည့်သွင်း၍ အမှုကို စီရင်ဆုံးဖြတ် နိုင်သည်ဟု ပြဋ္ဌာန်းထားလေသည်။ သို့သက်ဆိုင်မှုနှင့် စပ်လျဉ်း၍ **ဘီ၊ ပီ၊ အာ (ရ်)၊ ဗီ၊ ချွတ်ကလင်ကာချစ်တီးနှင့် ဆီသဲအာချား (၁)** တွင်ဆုံးဖြတ်ခဲ့သည်မှာ အောက်ရုံးတော်၌အနိုင်ရခဲ့သူသည် မိမိအပေါ် အယူခံဝင်ရန် အတွက်ကာလစည်းကမ်းသတ် ကျော်လွန်ပြီးသည့်နောက်၌ အယူခံမှုအဆုံးအဖြတ်နှင့် မသက်ဆိုင်တော့ပေဟု စီရင်ထုံးတရပ် ချမှတ်ခဲ့လေသည်။ ထိုဆုံးဖြတ်ချက်ကို ရန်ကုန် တရားလွှတ်တော်က **မသန်းမေ** နှင့် **မဟာမက်အီစုပ်** (၂) အမှုဌင်း၊ **စိန်ဒတ်(စ်)** နှင့် **လခါးချီး** (၃) အမှုဌင်း လိုက်နာကျင့်သုံးခဲ့လေသည်။ ထိုစီရင်ထုံးများမှာ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၀ ပါပြဋ္ဌာန်းချက်များနှင့်အညီဖြစ်ပြီး သင့်လျော်မှန်ကန်သည်ဖြစ်၍ ဤရုံးတော်ကလည်း သဘောတူ လက်ခံရပေမည်။

တဖန် တရားမကျင့်ထုံး ပုဒ်မ ၁၀၇ နှင့် အမိန့် ၁၊ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များအရ၊ ဆိပ်ကမ်းအာရာရှိအား အယူခံတရားခံအဖြစ် ထည့်သွင်းနိုင်သည်၊ မထည့်သွင်းနိုင်သည်ဆိုသည့် အချက်ကို ဆင်ခြင် သုံးသပ်ရပေမည်။ သို့ဆင်ခြင်သုံးသပ်ရာတွင် အမိန့် ၁၊ နည်းဥပဒေ ၁၀ (၅)အရ၊ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ ဆိပ်ကမ်းအာရာရှိအား အယူခံ တရားခံအဖြစ် ထည့်သွင်းခြင်း မပြုနိုင်ကြောင်းကို တွေ့ရှိရလေသည်။

နောက်ဆုံး စဉ်းစားရန် အချက်မှာ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၃၃ ပါ ပြဋ္ဌာန်းချက်များအရ၊ တရားလွှတ်တော်သည် ဆိပ်ကမ်းအာရာရှိအား ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ အယူခံ တရားခံအဖြစ် ထည့်သွင်းနိုင်သလောဟူသည့် အချက်ပင်ဖြစ်သည်။ ထိုနည်းဥပဒေအရ အယူခံ ရုံးတော်သို့ အပ်နှင်းသည့် အာဏာများသည် အလွန်မှပင် ကျယ်ဝန်းပေ၏။ သို့သော် ထိုအာဏာများကို အသုံးပြုရာ၌ အထက်၌ ဖေါ်ပြခဲ့သည့် တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၀၊ ထို့ပြင်တရားမကျင့်ထုံး ပုဒ်မ ၁၀၇ နှင့် အမိန့် ၁၊ နည်းဥပဒေ ၁၀ ပါပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်း စဉ်းစားပြီးမှသာလျှင် အသုံးပြုသင့်ပေသည်။ ယင်းသို့ အသုံးပြုလျှင် အဆိုပါ ပြဋ္ဌာန်းချက်များအားလုံးအရပင်၊ ကာလစည်းကမ်းသတ်ကို ဂရုမဲ့ ပြုရမည်ဖြစ်ကြောင်း တွေ့ရှိရလေသည်။ အကြောင်းမူကား ကာလစည်းကမ်းသတ်အား ဖြင့်ရရှိပြီးဖြစ်သော၊ အဖိုးထိုက်တန်လှသည့် အခွင့်အရေးကို တရားရုံးတော်က ပေါ့ပေါ့တန်တန် ဖျက်သိမ်းခြင်း မပြုအပ်၊ မပြုသင့်သောကြောင့်တည်း။ ယင်းသို့ဖြစ်၍ တရားမ

(၁) ၆ ရန်ကုန်စီရင်ထုံးများ၊ စာမျက်နှာ (၂၉) ပရီဗီးကောင်စီ။
(၂) ၉ ရန်ကုန်စီရင်ထုံးများ၊ စာမျက်နှာ (၆၂၄)။
(၃) ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာမျက်နှာ (၆၉၃)။

၁၉၆၁

စစ်ကွမ်းမြို့ ဆိပ်ကမ်း အရာရှိနှင့် ရခိုင်တိုင်း၊ သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ ပါ ၃။

ကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၃၃ ပါ အာဏာများကို အသုံးပြုရာ၌ ကာလစည်းကမ်းသတ်ကို ကျော်လွန်နိုင်သည် ဆိုစေကာမူ၊ အယူခံတရားလို ပေါ်လျော့မှု မရှိဘဲလျက်၊ အကြောင်းတခုခုကြောင့် အယူခံ တရားလိုမှာ မဆုံးရှုံးမနစ်နာသင့်ဘဲ ဆုံးရှုံးနစ်နာမည်ဖြစ်ကြောင်းကို ရုံးတော်က တွေ့ရှိမှသာလျှင် ထိုအာဏာများကို အသုံးပြုသင့်ကောင်းပြုသင့်ပေမည်၊ ဥပမာဆောင်ရမည်ဆိုလျှင် ဤအမှုတွင်တဦးတယောက်၏ခြိမ်းခြောက်မှုကြောင့်သော်၎င်း၊ လှည့်စားမှုကြောင့် သော်၎င်း၊ ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့သည် တရားလွှတ်တော်သို့ အယူခံဝင်ရာ၌ စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိအား အယူခံတရားခံအဖြစ် ထည့်သွင်းခြင်း မပြုခဲ့ရကြောင်းတွေ့ရှိလျှင်၊ တရားလွှတ်တော်က ကာလစည်းကမ်းသတ် ကျော်လွန်ပြီး ဖြစ်လင့်ကစား၊ ထိုအရာရှိအား အယူခံတရားခံအဖြစ် ထည့်သွင်းရန် အမိန့်ချမှတ်သင့်ကောင်း သင့်ပေလိမ့်မည်။ စင်စစ်သော်ကား ထိုပြဋ္ဌာန်းချက်များ၏ ရည်ရွယ်ရင်းမှာ တရားစီရင်ရေးကမောက်ကမဖြစ်ခြင်းမှ ထိန်းသိမ်းကာကွယ်ရန်အတွက် ဖြစ်ဟန်တူသည်။ ယခုအမှုဌာနကား တရားလွှတ်တော်သည် ဆိပ်ကမ်းအရာရှိအား တရားခံအဖြစ် ထည့်သွင်းချခြင်း အကြောင်းမှာ မိမိတို့ တွေ့ရှိရသည့်အတိုင်းဆိုလျှင် လျော်ကြေးငွေပေးရန် တာဝန်ကျသူမှာ ဆိပ်ကမ်းအရာရှိသာလျှင်ဖြစ်၍ မူလရုံးတော်၏ အမိန့်ဒီကရီကို ပယ်ဖျက်လျှင် ချန်မာဘီလာနှင့် အင်ကဘရာတို့သည် အယူခံလွှာ တင်သွင်းခြင်း မပြုခဲ့သည့်အတွက် လျော်ကြေးငွေ တပြားတချပ်မှ မရရှိဘဲနေမည်ကို စိုးရိမ်သောကြောင့် ထည့်သွင်းရသည်ဟု မြင်ကဆိုထားလေသည်။ သို့သော် ထိုသူများသည် မူလတရားခံ ၄ ဦး အနက်၊ တဦးဦးအပေါ်၌ ဒီကရီ ရလိုကြောင်းဖြင့် တရားစွဲဆိုခဲ့ရာ ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ အပေါ်၌ ဒီကရီရရှိပြီး ဖြစ်သဖြင့် အယူခံဝင်ရန် မလိုတော့ချေ၊ အယူခံ ဝင်နိုင်ခွင့်လည်း မရှိတော့ချေ။ ထို့ကြောင့် တရားလွှတ်တော်က ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိအား အယူခံတရားခံအဖြစ် ထည့်သွင်းပြီး ၎င်းအပေါ်၌ ဒီကရီချမှတ်ခြင်းမှာ အထင်အရှား မှားယွင်းသည်ဟု ယူဆရပေမည်။

ထိုဆိပ်ကမ်း အရာရှိအား ယင်းသို့ အယူခံ တရားခံအဖြစ် ထည့်သွင်းခြင်း မပြုရလျှင် တရားလွှတ်တော် အယူခံမှုမှာ ဆက်လက်ဆောင်ရွက်နိုင်ခွင့် မရှိတော့ချေ၊ အဘယ့်ကြောင့်ဆိုသော် အကယ်၍၊ ယခုတွေ့ရှိရသည့်အတိုင်း တရားလွှတ်တော်က ဆိပ်ကမ်းအရာရှိသာလျှင် လျော်ကြေးငွေပေးရန် တာဝန်ရှိသည်ဟု ဆုံးဖြတ်လျှင် ထိုဆုံးဖြတ်ချက်သည်၊ ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့သာလျှင်လျော်ကြေးပေးရန် တာဝန်ရှိသည်ဟူသော အတည်ဖြစ်လျက် ရှိနေသည့် မူလတရားရုံး စီရင်ချက်နှင့် ဖီလာဆန့်ကျင်နေလိမ့်မည်ဖြစ်သည်။

၁၉၆၁

စစ်တွေမြို့ ဆိပ်ကမ်းအရာရှိ နှင့် ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ ပါ ၃။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး မူလတရားရုံးတော်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။ အယူခံတရားလို ဆိပ်ကမ်းအရာရှိ ဤရုံးတော်၌ ကုန်ကျသော တရားစရိတ်ကိုငင်း၊ တရားလွှတ်တော်၌ ကုန်ကျသော တရားစရိတ်ကိုငင်း ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့က ကျခံရမည်။ ချန်မာဘီလာနှင့် အင်ကာရာတို့ စာရားလွှတ်တော်၌ ကုန်ကျသော တရားစရိတ်ကိုလည်း ထိုဆင်ဒီကိတ်အဖွဲ့ကပင် ကျခံရမည်။ ဤရုံးအယူခံမှုတွင် ဆိပ်ကမ်းအရာရှိနှင့် သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့တို့သာလျှင် အဓိက တရားပြိုင်များ ဖြစ်ကြသဖြင့် ဘီလာ၊ ကဘရာ တို့နှင့်စပ်လျဉ်း၍ စာရားစရိတ်ကို မည်သူကျခံစေရမည်ဟူ၍ အမိန့်ချမှတ်ခြင်း မပြုတော့ချေ။

တရားလွှတ်တော်ချုပ်

ဒေး နှင့်သားများလိမိတက် (လျှောက်ထားသူများ) ၁၉၆၀
ပြီလ ၄ ရက်။
နှင့်
ဘဏ္ဍာရေး နှင့် အခွန်တော်ဌာန ဝန်ကြီး ပါ ၃ (လျှောက်ထားခံရသူများ) *

စည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅၊ လုံလောက်သောအကြောင်းပြချက်။

အမှုခေါ် စာချွန်တော်တရပ် ထုတ်ပေးရန်အတွက် ၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၅ ရက်နေ့၌ လျှောက်လွှာချာ၊ တင်သွင်းရာတွင် ကာလစည်းကမ်းသတ် ရက်ပေါင်း ၁၀၄ ရက်မှ ကျော်လွန်နေသည့် ကိစ္စနှင့်ပတ်သက်၍၊ အဆိုပါလျှောက်လွှာများနှင့် အခြားသက်ဆိုင်သော ကျမ်းကျိန်စာတို့ကို ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် လျှောက်ထားသူများ၏ ဝတ်လုံတော်ရှေ့၌ စာခရုးက၊ ထိုးလျှောက်လွှာများနှင့် အခြားသက်ဆိုင်သော စာရွက်စာတမ်းများ တို့ကို တရားလွှတ်တော်ချုပ်၌ တင်သွင်းခြင်း မပြုကြောင်းကို ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် လျှောက်ထားသူများက မိမိတို့၏ ဝတ်လုံတော်ရှေ့ထံမှ တဆင့်ကြားသိရပြီး အဆိုပါ လျှောက်လွှာများနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ၎င်းရှေ့နေစာရေးဆရာ၏ စားပွဲအံဆွဲထဲတွင် တွေ့ရှိရပြီး နောက်မှ ရုံးတော်ဘွင် တင်သွင်းရကြောင်း အကြောင်းပြလေသည်။

ဆုံးဖြတ်ချက်။ ။စည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ အရ၊ လုံလောက်သော အကြောင်းဆိုသည်ကား စီရင်ထုံးများတွင် သေချာတိကျစွာ ပြဋ္ဌာန်းထားခြင်း မရှိခဲ့၊ ၎င်းကိစ္စကိုဆုံးဖြတ်ရာ၌ အမှုအခင်းတွင် ပေါ် ပေါက်သော အကြောင်းအချက်ပေါ် တွင်သာ ကြည့်ရှုရ၍ ဆုံးဖြတ်ရသည်။

ရှေ့နေစာရေးအား၊ တရားလွှတ်ဘော်ချုပ်တွင် တင်သွင်းရန် လျှောက်လွှာနှင့် အရေးကြီးသော စာရွက်စာတမ်းများကို အပ်နှင်းခဲ့လျှင် ထိုကဲ့သို့ အပ်နှင်းသောအလုပ်ကို မိမိ၏စာရေးသည် ပြီးစီးအောင်လုပ်သည် မလုပ်သည်ကို စစ်ဆေးကြပ်မတ်ရန် တာဝန်မှာ ရှေ့နေကြီးအပေါ်တွင် ကျရောက်လျက်ရှိသည်။ ထိုကဲ့သို့ ကျရောက်လျက်ရှိသော တာဝန်ဝတ္တရား ရှိပါလျက်နှင့် ၅ လမျှတိုင်အောင် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း မပြုသည်မှာ မိမိ၏စာရေးသည် မိမိအား လိမ်လည်လှည့်ဖြား၊ ထားခြင်းကြောင့် မပြုလုပ်မိဟု ဆိုခြင်းအား ဖြင့် မိမိ၏ ကျရောက်သော တာဝန်မှ ကင်းမျှင်းသွားပြီဟု ယူဆရန် ခဲယဉ်းပေသည်။ မစိန်နှင့်အက် (စ်)၊ တီ၊ အာ (ရ်)၊ အင် (မ်) ဖမ်း၊ A.I.R. (1933)

---

* ၁၉၆၀ ပြည့်နှစ်၊ တရားမ အခေသးအဖွဲ့ လျှောက်လွှာအမှတ် ၁၃၆/၁၃၇/၁၃၈/၁၃၉။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများ ဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၁

အေးနှင့်သား များ လိမိတက် နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန စုန်ကြီး ပါ ၃။

Ran. 96 ကိုရည်ညွှန်းသည်။အလာဝတ် (တ်) ဟာယာနှင့် တဒယာဂ်နှင့် ဟာဂျီမိုဟာမက် ရမ်ဆန် နှင့်အခြားသူများ A.I.R. (1934) Lah. 986 နှင့်ခြားနားခြင်းပြသည်၊ ထိုကြောင့်ကာလ စည်းကမ်းသတ်ကျော်လွန်နေသော လျှောက်လွှာများကိုတင်သွင်းခွင့်မပြု။

လျှောက်ထားသူအတွက်။ ။ဦးကျော်မင်း လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ များအတွက်။ ။အစိုးရလွှတ်တော် ရှေ့နေဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။လျှောက်ထားသူ၊ ရန်ကုန်မြို့၊ မဂိုလမ်း အမှတ် ၃၀ ရှိ၊ အေးနှင့်သားများ လိမိတက်ဟု အမည်ပေးထားသော စီးပွါးရေး လုပ်ငန်းအပေါ် တွင် ဂျပန်ပြည်မှ ငွေပေါင်း ၁၇,၀၆၃ + ၃၃,၁၁၀ + ၂၃,၂၃၇ + ၄၆,၅၀၀ တန်သော ချည်အဂည်အလိပ်များကို လိုင်စင်မဲ့ တင်သွင်းခြင်းကြောင့် ပင်လယ်ကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇(ဂ)အရ၊ တိုက်ရိုက် ဒဏ်ငွေ ၃၆,၀၀၀ + ၆၇,၆၀၀ + ၄၆,၄၅၀ + ၉၃,၀၀၀ + ပေးဆောင်ရန် ဒုတိယ အကောက်တော်ဝန်က ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀၊ ၂၄ ရက်နေ့နှင့် မတ်လ ၈ ရက်နေ့စွဲဖြင့် အမိန့်များ ချမှတ်ခဲ့ရာ အဆိုပါအမိန့်များကို ဘဏ္ဍာတော်မင်းကြီးထံတွင်၎င်း၊ နိုင်ငံတော် အစိုးရ ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးထံတွင်၎င်း အယူခံခြင်း၊ စောဒကတက်ခြင်း စသော အရေးဆိုခြင်း၌ မအောင်မြင်၍၊ ဤရုံးတော်တွင် အမှုခေါ် စာချုန်တော်တရပ် လျှောက်ထားခဲ့သည်။

အဆိုပါ အမှုခေါ် စာချုန်တော် လျှောက်လွှာများမှာ ၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ ကျမှသာလျှင် လျှောက်ထားခြင်းကြောင့် ကာလစည်းကမ်းသတ် ရက်ပေါင်း ၁၈၄ ရက်မျှ ကျော်လွန်နေသည်ကို တွေ့ရ၍၊ ဤရုံးတော်က အဆိုပါ လျှောက်လွှာများကို လက်မခံသင့်ဟု တဘက်မှ ကန့်ကွက်ခဲ့သည်။

ထိုကဲ့သို့ လျှောက်ထားသူများ၏ လျှောက်လွှာများမှာ ၆ လကျော်မျှ စည်းကမ်းသတ်ကျော်လွန်နေခြင်း အကြောင်းနှင့် စပ်လျဉ်း၍၊ စည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ အရ၊ လုံလောက်သော အကြောင်းပြရန် တာဝန်မှာ လျှောက်ထားသူ အပေါ် တွင် ကျရောက်ခဲ့သည်။ လုံလောက်သော အကြောင်းဆိုသည်ကား၊ စီရင်ထုံးများတွင် သေချာတိကျစွာ ပြဋ္ဌာန်းထားခြင်း မရှိခေ့၊ ၎င်းကိစ္စကို ဆုံးဖြတ်ရာ၌ အမှုအခင်းတွင် ပေါ် ပေါက်သော အကြောင်းအချက် ပေါ် တွင်သာကြည့်၍ ဆုံးဖြတ်ရာသည်။ လျှောက်ထားသူက အကြောင်းပြရာတွင် ၎င်း၏ လျှောက်လွှာများနှင့် အခြားသက်ဆိုင်သော ကျမ်းကျိန်စာတို့ကို ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ၎င်း၏ ဝတ်လုံတော်ရ ဦးကျော်မင်း၏ စာရေး၊ အက် (စ်)၊ တေးကျာရမ်

ဆိုသူက လျှောက်ထားသူ၏ အမှု ၄ မှုအတွက် လျှောက်လွှာများနှင့် တခြားသက်ဆိုင်သော စာရွက်စာတမ်းများတို့ကို တရားလွှတ်တော်ချုပ်၌ တင်သွင်းခြင်း မပြုကြောင်းကို ၎င်း၏ ဝတ်လုံတော်ရ ဦးကျော်မင်း ထံမှတဆင့် ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကြားသိရသည်။ အဆိုပါလျှောက်ထားသူ၏ လျှောက်လွှာနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ၎င်းရှေ့နေစာရေး၏ စားပွဲ အံဆွဲထဲတွင် တွေ့ရှိရပြီးနောက်၊ ၁၉၆၀ ပြည့်နှစ်၊ စက်တင်္ဘာလ ၅ ရက်နေ့တွင် မှ၊ ဤလျှောက်လွှာများကို ကျမ်းကျိန်စာ အထောက်အထားနှင့်တကွ တင်သွင်းကြောင်းကို ဖော်ပြသည်။

၁၉၆၁

အေးနှင့်သားများ လီမိတက်နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီး ပါ ၃။

လျှောက်လွှာများနှင့် ပူးတွဲပါ ကျမ်းကျိန်စာတို့တွင် ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့စွဲကို ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ ၎င်းနေ့တွင်ပင် ရှေ့နေစာရေးအား ရုံးတွင်တင်သွင်းရန် ပေးအပ်လိုက်သည်ဆိုသော အချက်မှာ မှန်ပေမည်။ မည်သည့်အကွက်ကြောင့် ရှေ့နေစာရေးက လျှောက်ထားသူ၏ လျှောက်လွှာနှင့်စာရွက်စာတမ်းများကို တရားလွှတ်တော်ချုပ်တွင် သွားရောက် တင်သွင်းခြင်း မပြုသည်ကို ကား၊ လျှောက်ထားသူ၏ကျမ်းကျိန်စာ၌ ဖော်ပြထားခြင်း မရှိချေ၊ လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေကြီးက ၎င်း၏ ရှေ့နေစာရေးသည် လျှောက်ထားသူထံမှ ကျသင့်သော စရိတ်ငွေကို အဆမတန်ပိုမို၍ တောင်းဆိုပြီးမှ ယခုကဲ့သို့ လျှောက်လွှာနှင့် စာရွက်စာတမ်းများ တင်သွင်းခြင်း ပျက်ကွက်လျက် ရှိခဲ့ရာ၊ ထိုသို့ ပျက်ကွက်ခြင်းကို ၎င်းအားအသိမပေးခြင်းကြောင့် ဤမျှလောက် လ ရက်တာရှည်စွာ စည်းကမ်းသတ် ကျော်လွန်ခဲ့ကြောင်းကို ဖော်ပြပြောဆိုသည်။

ထိုကဲ့သို့ပြောဆိုရုံမျှနှင့် ၎င်းရှေ့နေကြီး အပေါ်တွင် ၎င်း၏ရှေ့နေစာရေးက လိမ်လည်လှည့်ပတ်၍ သက်ဆိုင်ရာလျှောက်လွှာနှင့် စာရွက်စာတမ်းများကို အချိန်မီ တင်သွင်းခြင်း မပြုခဲ့ဟု မယူဆနိုင်ချေ၊ ရှေ့နေစာရေးအား တရားလွှတ်တော်ချုပ်တွင် တင်သွင်းရန် လျှောက်လွှာနှင့် အရေးကြီးသော စာရွက်စာတမ်းများကို အပ်နှင်းခဲ့လျှင် ထိုကဲ့သို့အပ်နှင်းသော အလုပ်ကို မိမိ၏စာရေးသည် ပြီးစီးအောင်လုပ်သည် မလုပ်သည်ကို စစ်ဆေးကြပ်မတ်ရန် တာဝန်မှာ ရှေ့နေကြီးအပေါ်တွင် ကျရောက်လျက်ရှိသည်၊ ထိုကဲ့သို့ကျရောက်လျက်ရှိသော တာဝန်ဝတ်တရား ရှိပါလျက်နှင့် ၅ လမျှတိုင်အောင် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း မပြုသည်မှာ မိမိ၏စာရေးသည် မိမိအား လိမ်လည်လှည့်ဖြားထားခြင်းကြောင့် မပြုလုပ်မိဟု ဆိုခြင်းအားဖြင့် မိမိ၌ ကျရောက်သော တာဝန်မှ ကင်းရှင်းသွားပြီဟု ယူဆရန် ခဲယဉ်းပေသည်။ လားဟိုးတရားလွှတ်တော် စီရင်ထုံး၊ အလာဝတ်(တ်) ဟာယာနှင့် တယောက်နှင့်၊ ဟာဂျီမိုဟာမက် ရမ်ဆန်နှင့် အခြားသူများ အမှု (၁)ကို အကိုးအကားပြု၍ ယခုကာလ

(I) A.I.R. (1934) Lah. p. 986.

၁၉၆၁

အေးနှင့်သား
များလီမိတက်
နှင့်
ဘဏ္ဍာရေးနှင့်
အခွန်တော်ဌာန
ဝန်ကြီး ပါ ၃။

စည်းကမ်းသတ်ကျော်လွန်သော ကိစ္စကို ခွင့်လွှတ်ရန်လျှောက်လဲရာ အဆိုပါအမှုတွင် အလုပ်ကျွမ်းကျင်သော ရှေ့နေစာရေးက လုပ်သက်နုသော ရှေ့နေကလေးအား လိမ်လည်လှည့်ပတ်၍ စရိတ်ကြေးငွေများကို အလွဲသုံးစား လုပ်ထားသော ကိစ္စဖြစ်ခြင်းကြောင့် စည်းကမ်းသတ်အချိန် ကျော်လွန်ခြင်းကို ရုံးတော်က ခွင့်လွှတ်ခဲ့သည်။ ထိုအမှုမှာ ရှေ့နေစာရေး၏ အလိုမ့်ခံရသော ရှေ့နေက ကျမ်းကျိန်စာဖြင့် မိမိအား ၎င်း၏စာရေးက မည်သို့မည်ပုံ လိမ်လည်လှည့်ပတ်ထားကြောင်းနှင့် ၎င်းအားပေးသော စရိတ်ငွေများကို အလွဲသုံးစားပြုကြောင်း အထောက်အထားနှင့်တကွ တင်ပြသည်။

ယခုအမှုတွင် ပေါ်လွင်သော အချက်များကား လားဟိုး တရားလွှတ်တော်မှ ဆုံးဖြတ်သော အမှု၌ ပေါ်ပေါက်သော အချက်များနှင့် ကိုက်ညီခြင်း မရှိချေ။ မိမိ၏ စာရေးသည် မည်မျှလောက် ယုံကြည်သင့်သော စာရေးဖြစ်ခြင်း အကြောင်းကို တစုံတခုမျှ ဖေါ်ပြခြင်း မရှိသည့်ပြင်၊ မည်သို့မည်ပုံ မိမိအား လျှောက်ထားသူ၏ လျှောက်လွှာတင်သွင်းခြင်းကိစ္စကိုယုံကြည်စိတ်ချရန် ရှေ့နေစာရေးက လိမ်လည်လှည့်ဖြားထားခြင်း အကြောင်းနှင့် စပ်လျဉ်း၍၊ ကျမ်းကျိန်စာများ ပြုလုပ်ခြင်း မရှိချေ၊ လျှောက်ထားသူ၏ ကျမ်းကျိန်စာ၌လည်း မည်ရွှေမည်မျှ တရားစရိတ်အဖြစ် ရှေ့နေစာရေးအား ပေးထားသည်ဟူသော အကြောင်း မပေါ်ပေါက်ချေ။

ယခုအမှုတွင် တွေ့ရှိရသော အကြောင်းအချက်တို့မှာ ရန်ကုန်စီရင်ထုံး မစိန် နှင့် အက် (စ်)၊ တီ၊ အာ(ရ်)၊ အင် (မ်)၊ ဖမ်း တို့အမှု (၂)တွင် ပါရှိသော အကြောင်းအချက်များနှင့် ဆင်တူရှိမှား ဖြစ်နေသည်ကိုတွေ့ရသည်။ အဆိုပါအမှုတွင် အယူခံ တရားလိုတဦး၏ ရှေ့နေအဖြစ် ဆောင်ရွက်သူသည်၊ အယူခံလွှာကို တင်သွင်းရန် မိမိ၏ စာရေးအား ညွှန်ကြားပြီးနောက် ဘိလပ်သို့ ကိုယ်ရေး ကိုယ်တာအတွက် ထွက်ခွါသွားလေရာ ဘိလပ်မှပြန်ရောက်ပြီး ၃ လကြာမှ အဆိုပါ အယူခံလွှာကိစ္စကို စုံစမ်းခြင်းပြုခဲ့သည်။ ရှေ့နေစာရေးက မိမိညွှန်ကြားသည့်အတိုင်း အယူခံလွှာကို မတင်သွင်းသည့် အကြောင်းကို ထိုအချိန်ကာလကျမှသာလျှင် သိရှိရလေသည်။ ကာလစည်းကမ်းသတ် လွန်ပြီးမှ အယူခံလွှာကို တင်သွင်းလေရာ ထိုကဲ့သို့ ရှေ့နေစာရေးက ပေးထားသော တာဝန်ကို မဆောင်ရွက်ခြင်းကြောင့် လျှောက်လွှာတင်သွင်းခြင်း ကြန့်ကြာသည်ဟု အကြောင်းပြချက်ကို တရားလွှတ်တော် တရားဝန်ကြီးများက လက်မခံချေ၊ ယခုအမှုတွင်လည်း ၎င်းအမှုကို ဆုံးဖြတ်သည့် တရားဝန်ကြီးများ သဘောပေါက်သည့်အတိုင်း သက်ဆိုင်ရာရှေ့နေကြီးက တရားလွှတ်တော်ချုပ်သို့ လျှောက်လွှာတင်သွင်းရန် စေခိုင်းထားသော ကိစ္စကို တာဝန်ရှိသည့်အတိုင်း အရေးတယူ ဂရုတစိုက်

(II) A.I.R. (1933) Ran. p. 96.

ဆောင်ရွက်ခဲ့ပါမူ၊ ဤမျှလောက်လရက်တာရှည်စွာ ကြန့်ကြာခြင်းကို ဘွဲ့ရှိခိုင်မည် မဟုတ်ချေ။

၁၉၆၁

အေးနှင့်သား မျှားလိမိတက် နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီး ပါ ၃။

အထက်ဖော်ပြပါ အကြောင်းမျှားကြောင့် ကာလစည်းကမ်းသတ် ကျော်လွန် နေသော လျှောက်လွှာမျှားကို တင်သွင်းခွင့် မပြုသင့်ဟု ယူဆသည်။ သို့ယူဆသည့် အတိုင်း, ၎င်းလျှောက်လွှာမျှားကို ပယ်လိုက်သည်။ လျှောက်ထားသူမှာ သက်ဆိုင်ရာ အာဏာပိုင်မျှားထံ ၎င်းအားချမှတ်ထားသော ဒဏ်ငွေမျှားနှင့် စပ်လျဉ်း၍၊ နောက် ထပ် စဉ်းစားသုံးသပ်ရန် Review လျှောက်လွှာကို ပင်လယ်ရေကြောင်း အကောက် တော်ခွန် အက်ဥပဒေပုဒ်မ ၁၉၁ (၁)(ခ) တွင် ပြဋ္ဌာန်းထားသော စည်းကမ်းသတ် ကျော်လွန်မှုကို အကြောင်းပြ၍၊ လျှောက်ထားနိုင်သော အခွင့်အရေးရှိသည့်အပြင် အဆိုပါအာဏာပိုင်မျှားကလည်း ဤရုံးတော်က ယခင်အလားတူ အမှုမျှားတွင် ဆုံး ဖြတ်ပြီး ဖြစ်သည့်အတိုင်း **သက်ဆိုင်သူမျှားအား သက်သာခွင့်ပေးသည်ကို သိရှိသည်** ဖြစ်၍ ယခုကိစ္စတွင်လည်း အက်ဥပဒေ ပုဒ်မ ၁၉၁ (၁) (ဂ) အရ၊ သက်ညှာစွာ အရေးယူ ဆောင်ရွက်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

တရားလွှတ်တော်ချုပ်

† ၁၉၆၁
ပြီလ ၄ ရက်။

ဦးချစ်ဆွေ (လျှောက်ထားသူ)

နှင့်

တွဲဘက်အတွင်းဝန်မင်း၊ ပညာရေးဝန်ကြီးဌာန (လျှောက်ထားခံရသူများ)*

အပြီးအပြတ်ချမှတ်သော အမိန့်မဟုတ်ခြင်း၊ ဤရုံးတော်က လေ့လာသုံးသပ်စစ်ဆေး ဆုံးဖြတ်ခြင်း မလုပ်သည့်အရာ။

သတိပေးခြင်းမျှဖြစ်၍၊ အပြီးအပြတ်ချမှတ်ခြင်း ချသော အမိန့်မဟုတ်သည့် ဆင့်ဆိုခြင်း။

ဆုံးဖြတ်ချက်။ ။အကြောင်းချင်းရာနှင့် ပတ်သက်၍၊ အမှုခေါ် စာချွန်တော် အမိန့်လျှောက်ထားရာတွင် ဤရုံးတော်က လေ့လာသုံးသပ်စစ်ဆေးဆုံးဖြတ်မည်မဟုတ်။

မြန်မာနိုင်ငံတော် အစိုးရ၏ ပညာတော်သင် အဖြစ်ဖြင့် နိုင်ငံခြားတွင် ပညာသင်နေစဉ်အတွင်း ပညာတော်သင်ဥပဒေစည်းမျဉ်းကို ချိုးဖေါက်သည်ဟုဆိုကာ လျှောက်ထားခံရသူကပညာတော်သင် အတွက်ခံဝန်ချုပ်ဆိုခဲ့သူ လျှောက်ထားသူအား တလအတွင်း လျော်ကြေးငွေ ၅,၀၀၀ ပေးဆောင်ရမည်။ ယင်းသို့ပေးဆောင်ခြင်း မပြုက၊ ဥပဒေအရ အရေးယူမည် ဖြစ်ကြောင်းနှင့် ဆင့်ဆိုခြင်းသည် သတိပေးခြင်းသာဖြစ်၍၊ အပြီးအပြတ်ချမှတ်သော အမိန့်မျိုးဖြစ်သည်ဟု မဆိုနိုင်ချေ။

လျှောက်ထားသူအတွက်။ ။ဦးဗဂျမ်း လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ယခု လျှောက်ထားသူ ဦးချစ်ဆွေ၏သား မောင်တင်အောင်သည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ ပညာတော်သင် အဖြစ်ဖြင့် အမေရိကန်နိုင်ငံသို့ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ စေလွှတ်ခြင်း ခံခဲ့ရသည်။ မောင်တင်အောင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိပြီးနောက် ၁၉၆၀ ခုနှစ်တွင် ယခုလျှောက်ထားခံရသူ ပညာရေးဝန်ကြီးဌာန တွဲဘက် အတွင်းဝန်မင်းက မောင်တင်အောင်သည် ပညာသင်ကြားနေစဉ်အတွင်း ပညာတော်သင် ဥပဒေစည်းမျဉ်းကို

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၂၂။

† ခေတ္တနိုင်ငံတော် တရားဝန်ကြီးချုပ်ဦးချန်ထွန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တ ရှေ့မှောကတင် တရားဝန်ကြီးဦးဘိုကြီးက အမိန့်ချမှတ်သည်။

၁၉၆၁

ဦးချစ်ဆွေ နှင့် တဲ့ဘက် အတွင်း ဝန်မင်း၊ ပညာ ရေးဝန်ကြီး ဌာန။

ချိုးဖေါက်ကာ အိမ်ထောင်ပြုခဲ့သည်ဟု အကြောင်းပြ၍ မောင်တင်အောင်အတွက် ခံဝန်ချုပ်ဆိုခဲ့သူ ၎င်း၏ဘခင် လျှောက်ထားသူ ဦးချစ်ဆွေအား တလအတွင်း လျော်ကြေးငွေ ၅,၀၀၀ ပေးဆောင်ရမည်။ ယင်းသို့ပေးဆောင်ခြင်း မပြုက၊ ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် ဆင့်ဆိုလေသည်။ ယင်းသို့ဆင့်ဆိုသည်ကို အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်ပါရန် ဦးချစ်ဆွေက ဤရုံးတော်သို့ လျှောက်ထားလေသည်။

မောင်တင်အောင်၏ ကျမ်းကျိန်ချက်တွင် မိမိသည် အမေရိကန်ပြည်၌ နေစဉ် အိမ်ထောင်မပြုခဲ့ကြောင်း၊ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိမှသာလျှင် အမျိုးသမီး တဦးနှင့် အိမ်ထောင်ပြုကြောင်း မြွက်ဆိုထားလေသည်။ ဤအချက်နှင့် ယင်းသို့ အိမ်ထောင်ပြုခဲ့သည့်အတွက် ခံဝန်ချုပ်ကို ချိုးဖေါက်သည် မဖေါက်သည်ဆိုသည့်ပြဿနာများမှာ အကြောင်းခြင်းရာများသာဖြစ်သည်။ ဤကဲ့သို့သော အကြောင်းခြင်းရာနှင့်ပတ်သက်၍၊ အမှုခေါ် စာချုန်တော်အမိန့် လျှောက်ထားရာတွင် ဤရုံးတော်က လေ့လာသုံးသပ် စစ်ဆေးဆုံးဖြတ်မည် မဟုတ်ခေျ။

ထို့ပြင်လည်း လျှောက်ထားခံရသူ ဆင့်ဆိုသည်မှာ လျော်ကြေးငွေ မပေးဆောင်လျှင် တရားဥပဒေအရ အရေးယူမည်ဟု သတိပေးခြင်းသာဖြစ်သည်၊ အပြီးအပြတ် ချမှတ်သော အမိန့်မျိုးဖြစ်သည်ဟု မဆိုနိုင်ခေျ။

ထို့ကြောင့် ယခုလျှောက်လွှာကို ပလပ်လိုက်သည်။

တရားလွှတ်တော်ချုပ်

† ၁၉၆၁
မတ်လ ၆ ရက်။

ဦးဇနိန္ဒ (စောဒက)

နှင့်

ဦးပဏ္ဍိတ ပါ ၆ (စုဒိတကများ)*

၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) ပုဒ်မ ၁ (၄)ခြင်းချက်ဘွင် ပြဋ္ဌာန်းချက်၊ ဝိနိစ္ဆယဌာန တွင် မပြီးမပြတ်ရှိနေသေးသော အမှုများ ပြီးဆုံးအောင် ဆောင်ရွက်ရမည့် ကိစ္စများ၊ ရှင်းလင်းဖော်ပြချက်၊ နယ်ပိုင်တရားမ တရားသူကြီးရုံး တွင် မရှိသောအာဏာ၊ မည်သို့ပြုမူခြင်းသည် ကန့်ကွက်ရာရောက်ခြင်း။

၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (၄)၏ ခြင်းချက်တွင်၊ ပြဋ္ဌာန်းချက်အရမှာ ပြင်ဆင်ချက်အက်ဥပဒေ စတင်အာဏာ တည်သည့်နေ့၌ ဝိနိစ္ဆယဌာနများတွင် မပြီးမပြတ် ရှိနေသေးသော အမှုများကို ဝိနိစ္ဆယဌာနများက ဆက်လက်၍၊ ပြီးဆုံးသည့်တိုင်အောင် ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရန် အာဏာနှင့် တာဝန်ဝတ္တရားများသည် ဝိနိစ္ဆယဌာနများတွင်ရှိနေသည်ဟု ယူဆရပေမည်။ အကယ်၍ နှစ်ဦးနှစ်ဘက်သောအမှုသည်များက ဤသို့မပြီးမပြတ် ရှိနေသည့်အမှုကို ဝိနိစ္ဆယခုံသို့ လွှဲအပ်လိုလျှင် သက်ဆိုင်ရာဝိနိစ္ဆယဌာနသို့ ၊ ဒုဗိမ ၄၇၊ ပုဒ်မခွဲ (၂)အရ၊ လျှောက်ထားနိုင်ခွင့်ရှိသည်။ ထိုအခါဝိနိစ္ဆယဌာနကပုဒ်မခွဲ (၃)အရ၊ ဝိနည်းဓိုရ် ဆရာတော်များ၏ ဘွဲ့တော်များနှင့် လိပ်စာများကိုအမှုသည်များက တင်သွင်းစေရမည်ဖြစ်သည်။ ထိုသို့အပြည့်အစုံ ရရှိသောအခါတွင် အမှုသည်များ၏ လျှောက်ထားချက်အတိုင်း ထိုသို့ဖွဲ့စည်းသည့်ဝိနိစ္ဆယခုံသို့ လွှဲအပ်ပေးရမည်ဖြစ်သည်။

အဓိပ္ပါယ်မှာ သာမန်တရားရုံးများ၏ ထုံးတမ်းစဉ်လာအတိုင်း နှစ်ဦးနှစ်ဘက်သော အမှုသည်များက ခုံကိုလွှဲအပ်သိုသောအခါ၊ ၎င်းတို့သဘောတူ ရွေးကောက်တင်မြှောက်သော သူများဖြင့် ခုံကိုဖွဲ့စည်းလျက်၊ တရားရုံးက သက်ဆိုင်ရာအမှုကို လွှဲအပ်ပေးရသည့်နည်းတူ ဝိနိစ္ဆယဌာနများ၊ ကလည်းနှစ်ဘက်သော အမှုသည်များက တင်မြှောက်သည့် ခုံဝိနည်းဓိုရ် ဆရာတော်များဖြင့် ဝိနည်းဓိုရ်ခုံကိုဖွဲ့စည်းပြီးလျှင် အမှုကိုလွှဲအပ်ရမည်ဖြစ်သည်။

ဝိနိစ္ဆယဌာနများတွင် မပြီးမပြတ်ရှိနေသည့် အမှုများနှင့် စပ်လျဉ်း၍၊ နယ်ပိုင်တရားမ တရားသူကြီးရုံးတွင် ပုဒ်မ ၃၆ အရသော်၎င်း၊ အခြားဥပဒေ တခုခုအရသော်၎င်း၊ ခုံဖွဲ့ပေးနိုင်သည့်အာဏာ လုံးဝမရှိချေ။

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၁၂။

† ခေတ္တနိုင်ငံတော်တရားဝန်ကြီးချုပ် ဦးချန်ထွန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့ခင်္ဂမှာက်တွင် တရားဝန်ကြီး ဦးချန်ထွန်း အမိန့်ချမှတ်သည်။

စောဒက က နယ်ပိုင်တရားမ တရားသူကြီးထံသို့ ခုံဖွဲ့ပေးခြင်းမပြုဘဲ ဝိနိစ္ဆယရုံးသို့ အမှုကိုပြန်၍ ပေးပို့ရန် စာဖြင့် မေတ္တာရပ်ခံခြင်းသည် တရားသူကြီးက ခုံဖွဲ့ပေးခြင်းကို ကန့်ကွက်ရာရောက်သည်ဟု ယူဆရပေမည်။ ဦးဥာဏိန္ဒဇနှင့် နိုင်ငံတော် ဝိနိစ္ဆယဌာပါ ၄ (၁၉၅၄ ခုနှစ်၊ မြန်မာပြည် စီရင်ကုံးစာမျက်နှာ ၆၁) နှင့် ခြားနားခြင်းကိုပြသည်။

၁၉၆၄
ဦးဇနိန္ဒ နှင့် ဦးပဏ္ဍိတ ပါ ၆။

သခင်ချစ်က စောဒကအတွက် လိုက်ပါဆောင်ရွက်သည်။

ဦးဘသန်းက စုဒိတက အမှတ် (၁)၊ (၂)၊ (၃)၊ (၅) နှင့် (၆) တို့ အတွက် လိုက်ပါဆောင်ရွက်သည်။

စုဒိတက အမှတ် (၄) အတွက် မည်သူမျှမလာရောက်။

တရားဝန်ကြီး ဦးချန်ထွန်း။ ။ဒေါ်ငွေဇင်နှင့် သမီး ဒေါ်စိန်ပုတို့က ဖျာပုံမြို့၊ အပြောင်လမ်းရှိ ရေလယ်ကျောင်းတိုက်ကို ဂရုဘာဏ် လဟုဘာဏ်အရာမ် ပစ္စည်း အရပ်ရပ်တို့နှင့်တကွ မိမိတို့ပိုင်ဆိုင်၍ ရဟန်းတော် ဦးနန္ဒိယအား တာဝတာလိက တင်ထားကိုးကွယ်ခဲ့ရာ၊ ဦးနန္ဒိယကတဆင့် ဆရာတော်ဦးဇနိန္ဒအား တင်ထားခဲ့ပြီးလျှင်၊ ဦးနန္ဒိယသည် လူထွက်သွားခဲ့ကြောင်း၊ ထို့ကြောင့် ရေလယ်ကျောင်းတိုက်ကို မိမိ လက်ရောက် ရယူပိုင်ခွင့်ရှိ၍ ဦးဇနိန္ဒအား ထိုကျောင်းတိုက်မှ နှင်ထုတ်ပေးပါရန် ဖျာပုံမြို့နယ်၊ ဝိနိစ္ဆယဌာနတွင် ဦးဇနိန္ဒနှင့် (ဦးနန္ဒိယလူထွက်) မောင်ကျင်မောင် တို့အား စုဒိတကအဖြစ်ဖြင့် တရားစွဲဆိုခဲ့လေသည်။

ဤသို့ မြို့နယ်ဝိနိစ္ဆယရုံးတော်တွင် မပြီးမပြတ်ရှိနေစဉ်အတွင်း စောဒကပုဂ္ဂိုလ်များနှင့် စုဒိတကပုဂ္ဂိုလ်များက မိမိတို့၏အမှုကို ဝိနည်းခိုရ်ခုံသို့ လွှဲပြောင်းအပ်လိုကြောင်းဖြင့် လျှောက်ထားရာ၊ ဝိနိစ္ဆယဌာနရုံးတော်က ဝိနိစ္ဆယဌာနနှင့် ခုံအက်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (၂)၊ (၃) နှင့် (၄) အရ၊ ခုံဝိနည်းခိုရ်စာရင်းကို နှစ်ဦးနှစ်ဘက်အား တင်သွင်းစေလျက်၊ ထိုခုံသို့ လွှဲအပ်ခြင်းမပြုဘဲ၊ ဝိနိစ္ဆယခုံသို့သွားရန် သဘောတူ ခွင့်ပြုသည်ဟုသာလျှင် မြွက်ဆိုတော် မူလိုက်ကြပေသည်။ ထို့နောက် ဒေါ်ငွေဇင်နှင့် ဒေါ်စိန်ပုတို့က ဝိနိစ္ဆယအက်ဥပဒေ ၃၆ အရ၊ ဖျာပုံမြို့၊ နယ်ပိုင် တရားမ တရားသူကြီး ရုံးသို့ သွားရောက်၍၊ ခုံဖွဲ့ပေးရန် လျှောက်ထားခဲ့လေသည်။ ဦးဇနိန္ဒက ဝိနည်းခိုရ်ခုံသို့ အမှုကို လွှဲပြောင်းစစ်ဆေးစေရန် မူလက သဘောတူခဲ့သော်လည်း ခုံရွေးချယ်၍ ရနိုင်မည် မဟုတ်သောကြောင့် ဝိနိစ္ဆယဌာနသို့ ပြန်လည်လွှဲအပ်စေလိုကြောင်းဖြင့်၊ ၁၃၂၁ ခုနှစ်၊ ါခေါင်လဆန်း ၃ ရက်နေ့တွင် မေတ္တာရပ်ခံလွှာတခု တင်သွင်းခဲ့လေသည်။ သို့ရာတွင် တရားသူကြီးက မဲဖြင့် ဝိနည်းခိုရ်စာရင်းမှ ဝိနည်းခိုရ်နှစ်ပါးကို ရွေးကောက်၍ ထိုဝိနည်းခိုရ်များက တင်မြှောက်သည့် ကြားခုံဝိနည်းခိုရ်ဖြင့် ဝိနည်းခိုရ်

၁၉၆၁
ဦးဇနိန္ဒ
နှင့်
ဦးပဏ္ဍိတ ပါ ၆။

ခုံဖွဲ့စည်းပြီးလျှင် အမှုကို လွှဲအပ်လိုက်လေသည်။ ဝိနည်းဓိုရ်ခုံက နှစ်ဦးနှစ်ဘက်သော အမှုသည်များနှင့် သက်သေအချို့တို့ကို စစ်ဆေးပြီးလျှင် ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ် ကြလေသည်။ ထိုဆုံးဖြတ်ချက်ကို ဦးဇနိန္ဒက မကျေနပ်သဖြင့် ဤရုံးတော်သို့ ယခုအမှု ရောက်လာခြင်းဖြစ်သည်။

ဤရုံးတော်က အဓိကထား၍ စဉ်းစားရမည့် အချက်မှာ ဤကဲ့သို့ နယ်ပိုင်တရားမ တရားသူကြီးက ဖွဲ့စည်းလိုက်သည့် ဝိနည်းဓိုရ်ခုံတွင် ဤအမှုကို စီရင်ပိုင်ခွင့် အာဏာ ရှိ မရှိဟူသော အချက်ပင်ဖြစ်သည်။ ၁၉၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေအရ၊ ပုဒ်မ ၁၊ ပုဒ်မခွဲ (၄)၏ ခြွင်းချက်တွင် ပြဋ္ဌာန်းထားသည်မှာ "သို့ရာတွင် ၁၉၁၆ ခု၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေ စတင်အာဏာ တည်သည့်နေ့၌ မည်သည့်ဝိနိစ္ဆယဌာနတွင်မဆို မပြီးမပြတ်ရှိနေသော ဝိနည်းဓမ္မကံ အဓိကရုန်းမှုများကို သက်ဆိုင်ရာ ဝိနိစ္ဆယဌာနသည် အခန်း ၁ ပါပြဋ္ဌာန်းချက်များနှင့် အညီ ဆက်လက်ကြားနာစစ်ဆေး၍၊ ဝိနည်းတော်နှင့်အညီ ဆုံးဖြတ်ရန် အာဏာ ရှိစေရမည်" ဤပြဋ္ဌာန်းချက်အရမှာ ပြင်ဆင်ချက် အက်ဥပဒေ စတင်အာဏာတည် သည့်နေ့၌ ဝိနိစ္ဆယဌာနများတွင် မပြီးမပြတ် ရှိနေသေးသော အမှုများကို ဝိနိစ္ဆယ ဌာနများက ဆက်လက်၍ ပြီးဆုံးသည့်တိုင်အောင် ကြားနာစစ်ဆေး စီရင်ဆုံးဖြတ် ရမည်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရန် အာဏာနှင့် တာဝန်ဝတ္တရားများသည် ဝိနိစ္ဆယ ဌာနများတွင် ရှိနေသည်ဟု ယူဆရပေမည်။ အကယ်၍၊ နှစ်ဦးနှစ်ဘက်သော အမှုသည် များက ဤသို့မပြီးမပြတ်ရှိနေသည့် အမှုကို ဝိနိစ္ဆယခုံသို့ လွှဲအပ်လိုလျှင် သက်ဆိုင်ရာ ဝိနိစ္ဆယဌာနသို့ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (၂) အရ၊ လျှောက်ထားနိုင်ခွင့်ရှိသည်။ ထိုအခါ ဝိနိစ္ဆယဌာနက ပုဒ်မခွဲ (၃)အရ၊ ခုံဝိနည်းဓိုရ်ဆရာတော်များ၏ ဘွဲ့တော်များနှင့် လိပ်စာများကို အမှုသည်များအား တင်သွင်းစေရမည်ဖြစ်သည်။ ဤကဲ့သို့ အပြည့်အစုံ ရရှိသောအခါတွင် အမှုသည်များ၏ လျှောက်ထားချက်အတိုင်း ထိုသို့ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်ပေးရမည်ဖြစ်သည်။ အဓိပ္ပါယ်မှာ သာမန်တရားရုံးများ၏ ထုံးတမ်း စဉ်လာအတိုင်း နှစ်ဦးနှစ်ဘက်သောအမှုသည်များက ခုံသို့လွှဲအပ်လိုသောအခါ ၎င်းတို့ သဘောတူ ရွေးကောက်တင်မြှောက်သော သူများဖြင့် ခုံကိုဖွဲ့စည်းလျက် တရားရုံးက သက်ဆိုင်ရာအမှုကို လွှဲအပ်ပေးရသည့်နည်းတူ ဝိနိစ္ဆယဌာနများကလည်း နှစ်ဘက် သောအမှုသည်များက တင်မြှောက်သည့် ခုံဝိနည်းဓိုရ် ဆရာတော်များဖြင့် ဝိနည်းဓိုရ် ခုံကို ဖွဲ့စည်းပြီးလျှင် အမှုကို လွှဲအပ်ရမည်ဖြစ်သည်။

ယခုအမှုတွင် ကြားနာစစ်ဆေး စီရင်သည့် ဝိနည်းဓိုရ်ခုံသည် ဝိနိစ္ဆယဌာနက ဖွဲ့စည်းသည့်၊ သို့မဟုတ် လွှဲအပ်သည့် ခုံမဟုတ်သည်ကိုတွေ့ရသည်။ ဤကဲ့သို့ ဝိနိစ္ဆယ ဌာနများတွင် မပြီးမပြတ် ရှိနေသည့် အမှုများနှင့် စပ်လျဉ်း၍၊ နယ်ပိုင်တရားမ

တရားသူကြီးရုံးတွင် ပုဒ်မ ၃၆ အရသော်၎င်း၊ အခြားဥပဒေ တခုခုအရသော်၎င်း ခုံဖွဲ့ပေးနိုင်သည့်အာဏာ လုံးဝမရှိချေ။

၁၉၆၁

ဦးဇီနန္ဒ နှင့် ဦးပဏ္ဍိတ ပါ ၆။

ဒေါ်ဒေဇင်နှင့် ဒေါ်စိန်ပုတို့၏ ပညာရှိရွှေနေကြီးက ဤရုံးတော်၏ ဦးဥဏှိန္ဒဇေနှင့် နိုင်ငံတော်ဝိနိစ္ဆယဌာန ပါ ၄ (၁) တို့၏ စီရင်ထုံးကို ညွှန်ပြလျက်၊ အမှုသည်တဦးသည် အောက်ရုံးများတွင် စီရင်ပိုင်ခွင့် အာဏာမရှိပါဟု ငြင်းဆိုကန့်ကွက်ခြင်း မပြုခဲ့လျှင်၊ ဤရုံးတော်သို့ အမှုခေါ် စာချွန်တော်အတွက် ရောက်လာသော အခါမထိုသို့ငြင်းဆို ကန့်ကွက်နိုင်ခြင်း မရှိကြောင်း လျှောက်လဲလေသည်။ သို့ရာတွင် အဆိုပါအမှုနှင့် ယခုအမှုမှာ ခြားနားချက် ရှိလေသည်။ ယခုအမှုတွင် ဦးဇနိန္ဒသည် နယ်ပိုင်တရားမ တရားသူကြီးထံတွင် ဤအမှုကို ခုံဖွဲ့ပေးခြင်းမပြုဘဲ၊ ဝိနိစ္ဆယရုံးသို့ ပြန်၍ပေးပို့ရန် မေတ္တာရပ်ခံခြင်းကိုစာဖြင့်ရေး၍၊ တင်သွင်းခဲ့လေသည်။ ဤသို့ပြုမူခြင်းသည် ကန့်ကွက်ရာရောက်သည်ဟု ယူဆရပေမည်။

ထို့ကြောင့် ဝိနည်းဓိုရ်ခုံက ချမှတ်သည့် ဝိနိစ္ဆယစီရင်ချက်သည် အာဏာမရှိဘဲ ချမှတ်သည့် စီရင်ချက်ဖြစ်သောကြောင့် ထိုစီရင်ချက်ကို ဤရုံးက ပယ်ဖျက်လိုက်သည်။

ဖျာပုံမြို့နယ်၊ ဝိနိစ္ဆယဌာနက ၁၃၁၂ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့တွင် ရောက်ရှိသည့်အခြေမှစ၍ ဤအမှုကိုဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုနေ့တွင်ဝိနည်းဓိုရ်ခုံသို့ လွှဲအပ်လိုကြောင်း နှစ်ဦးနှစ်ဘက်သော အမှုသည်များက လျှောက်ထားသောနေ့ဖြစ်သည်။ နှစ်ဦးနှစ်ဘက်သော အမှုသည်များကို ဆင့်ခေါ်ပြီးလျှင် ၎င်းတို့သည် မိမိတို့၏ "အမှုကို ဝိနည်းဓိုရ်ခုံသို့ လွှဲအပ်လိုသည်" မလိုသည်ကို မေးမြန်းရမည်ဖြစ်သည်။ အကယ်၍ လွှဲအပ်လိုသေးလျှင် ဝိနိစ္ဆယဌာနက ပုဒ်မ ၄၇၊ ပုဒ်မခွဲ (၃) နှင့် (၄) တို့အရ၊ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ အကယ်၍ ဝိနည်းဓိုရ်ခုံသို့ လွှဲအပ်ရန် နှစ်ဦးနှစ်ဘက်ကဖြစ်စေ၊ တဦးဦးကဖြစ်စေ သဘောမတူလျှင် ဝိနည်းတော်နှင့်အညီ ဝိနိစ္ဆယဌာနက ထိုအမှုကို ပြီးပြတ်သည့်တိုင်အောင် ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။

အမှုသည်များသည် မိမိတို့၏ တရားစရိတ်ကို မိမိတို့ ကျခံစေရမည်။

---

(၁) ၁၉၅၄ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာမျက်နှာ ၆၁။

SUPREME COURT

1S.C. 1961

Feb. 3.

DAW THOUNG (APPELLANT)

v.

DAW MA MA GYI (RESPONDENT).*

Urban Rent Control Act, 1948—Primary object of—Ss.5 (1) and 16—To be read together—Meaning and effect of—Date of fixation of standard rent by Controller immaterial under—Standard rent—Notional existence of, even before its fixation by Controller—When it attaches as a norm to demised premises—Duty of Controller to declare, when not fixed by s. 2 (f) (II)—Rights and liabilities of landlord and tenant—Existence of albeit Act.

The primary object of the Urban Rent Control Act, 1948 is to lay an embargo on the unrestricted letting of premises in urban areas and charging of exorbitant rent.

S. 5 (1) of the Urban Rent Control Act, 1948 should be read together with s. 16 of the Act, which deals with recovery of rent. When thus read together their meaning and effect are that if during the currency of the Act contractual rent in respect of the premises covered by it is higher than the standard rent the landlord is precluded from recovering any rent which is in excess of the standard rent, whatever the agreement between the parties may be.

Ko Than Nyunt v. *Maung Khin Myint*, (1951) B.L.R. (H.C.) 124, approved.

Neither in s. 5 (1) nor in s. 16 is any mention made of the actual fixation of the standard rent by the Rent Controller. Since under the terms of these sections the date of fixation of the standard rent by the Rent Controller is immaterial for precluding the recovery of the excess over the standard rent, it would seem that standard rent has a notional existence even before it is actually fixed by the Controller under s. 19 of the Act and attaches as a norm to the demised premises as soon as they come under the Act. If the standard rent has not been fixed by the Act itself under s. 2 (*f*)(*II*) of the Act, it has to be discovered and declared by the Rent Controller under s. 19 of the Act.

Field v. *Gover*, (1944) 1 K.B. 200 at 212, referred to.

The rights and liabilities of landlord and tenant remain alive albeit controlled by the Act, and as soon as the control is lifted on the expiration or repeal of the Act, they will come into play again.

Tai Chuan & Co. v. *Chan Seng Cheong*, (1949) B.L.R. (S.C.) 86; *Welby* v. *Parker*, (1916) 2 Ch. Div. 1, referred to.

Ko Tin v. *Ko Kyin Thein and one*, (1952) B.L.R. (H.C.) 37; *Ko Ba Yin* (a) *Ali Mohamed and one* v. *Ko Thein and one*, (1958) B.L.R. (H.C.) 616, overruled.

Hla Aung for the appellant.

G. N. Banerji for the respondent.

---

* Civil Appeal No. 4 of 1959.

† *Present :* U MYINT THEIN, Chief Justice of the Union, U CHAN HTOON and U BO GYI, JJ.

S.C. 1961

DAW THOUNG v. DAW MA MA GYI.

U Bo Gyi, J.—This appeal by special leave arises out of a suit brought by the respondent Daw Ma Ma Gyi against the appellant Daw Thoung in the Court of the Subdivisional Judge, Mandalay, for recovery of K 2,800 as arrears of rent. It is common ground that Daw Thoung has been living in the demised premises since 1949 at an agreed rental of K 130 per month. On 14th May 1952, the Rent Controller, Mandalay, fixed the standard rent of the premises at K 130 per month, which amount was reduced by the reference Judge on 28th November 1953 to K 31·25 per month. The orders of the Rent Controller and the reference Judge were passed under sections 19 and 22 respectively of the Urban Rent Control Act, 1948 (hereinafter referred to as the Act) which is now defunct but by virtue of section 44 of the Urban Rent Control Act, 1960, still governs the present pending proceedings. For some reason not apparent on the record, the rents due from 14th September 1951 did not come to Daw Ma Ma Gyi's hands. Daw Thoung deposited altogether K 1,120·20 with the Rent Controller. When Daw Ma Ma Gyi filed the suit under appeal in October 1955, she claimed arrears of rent at the contractual rate of K 130 per month from 14th September 1951 to 27th November 1953, and at K 31·25 per month being the standard rent from 28th November 1953 to the end of September 1955, and after giving Daw Thoung credit for the sum of K 1,120·20 which had been deposited with the Rent Controller and waiving a small sum of K 4·30, sued for K 2,800.

Daw Thoung on her part contended that Daw Ma Ma Gyi could not claim more than the standard rent and that there were no arrears of rent due from her. The trial Court and the District Court of Mandalay relying on the decision in *Ko Tin* v. *Ko Kyin Thein and one* (1) decreed

(1) (1952) B.L.R. (H.C.) 37.

S.C. 1961 — DAW THOUNG. v. DAW MA MA GYI.

the suit as claimed holding that until such time as the Rent Controller fixed the standard rent and thereby altered the contract of tenancy, Daw Thoung was bound in law to pay the contractual rent. On appeal by Daw Though to the High Court, the learned Judge followed a Bench decision of the Court in *Ko Than Nyunt* v. *Maung Khin Myint* (1) which had held that proviso (*a*) to section 5 (1) of the Act implies that after the commencement of the Act the landlord is prohibited from recovering any rent which is in excess of the standard rent and accordingly modified the decree of the trial Court and the District Court. Daw Ma Ma Gyi then took the case on appeal and a Bench of the High Court in Civil Special Appeal No. 2 of 1957, following the decision of a full Bench of the Court in *Ko Ba Yin* (a) *Ali Mohamed and one* v. *Ko Thein and one* (2) that the order of the Rent Controller fixing the standard rent is effective only from the date of the order, set aside the decision of the single Judge. Hence the present appeal.

Now, the premises in question came under the Act in 1949, the tenancy, according to the pleadings, having started in that year. Accordingly, section 5 (1) of the Act, when shorn of the provisions which are not relevant to the facts of the present case, will read: " . . . . . where the rent of any premise . . . . . is hereafter during the continuance of this Act increased above the standard rent, the amount by which such increased rent exceeds the standard rent shall, notwithstanding any agreement to the contrary, be irrecoverable: Provided that nothing in this section shall apply (*a*) to any rent which became due before the commencement of this Act; . . . . .' These provisions have to be read with those of section 16 of the Act which deals with recovery of rent and which, when similarly shorn, will be that " No Civil Court shall

(1) (1951) B.L.R. (H.C.) 124. (2) (1958) B.L.R. (H.C.) 616.

accept a plaint in any suit . . . . . for the recovery of rent which became due after the commencement of this Act in respect of any premises to which this Act may apply, unless a certificate of the Controller certifying the standard rent of the premises has been attached to the plaint . . ." When those relevant provisions of sections 5 (1) and 16 of the Act are read together, as they should be, in the light of the facts of the present case and the primary object of the Act which is to lay an embargo, as it were, on unrestricted letting of premises in urban areas and charging of exorbitant rent, their meaning and effect will become clear. It is that if during the currency of the Act the contractual rent in respect of the premises covered by it is higher than the standard rent the landlord is precluded from recovering any rent which is in excess of the standard rent, whatever the agreement between the parties may be. Neither in section 5 (1) nor in section 16 is any mention made of the actual fixation of the standard rent by the Rent Controller. While on the one hand the date of fixation of the standard rent is immaterial, on the other hand the date of commencement of the Act appears to be very material in that section 16 of the Act expressly enacts that in a suit for the recovery of *rent which became due after the enactment of the Act* in respect of any premises to which the Act may apply a certificate of the Rent Controller certifying the standard rent of the premises must be filed along with the plaint. It follows therefore that the rent in respect of the suit premises can only be claimed on the basis of the standard rent and that the contractual rent does not come into the picture at all.

Since under the terms of the above sections the date of fixation of the standard rent by the Rent Controller is immaterial for precluding the recovery of the excess over

S.C. 1961 — DAW THOUNG v. DAW MA MA GYI.

the standard rent, it would seem that standard rent has a notional existence even before it is actually fixed by the Controller under section 19 of the Act and attaches as a norm to the demised premises as soon as they come under the Act. If the standard rent has not been fixed by the Act itself under section 2 (f) (II) of the Act, it has to be discovered and declared by the Rent Controller under section 19 of the Act. In this connexion, reference may profitably be made to the case of *Field* v. *Gover* (1), a decision on the construction of section 1 of the Increase of Rent Mortgage Interest (Restrictions) Act, 1920, as amended by a similar Act of 1939. Section 1, so far as material runs:

> "Subject to the provisions of this Act, where the rent of any dwelling house to which this Act applies has been since September 1, 1939, increased, then, if the increased rent exceeds the standard rent by more than the amount permitted under this Act, the amount of such excess shall, notwithstanding any agreement to the contrary, be irrecoverable from the tenant."

Goddard, L.J., as he then was, considering the effect of section 1, as amended, observed:

> "The tenant had the right to go to the Court and get the standard rent fixed by apportionment, and there can be no doubt, I think, that, once the standard rent has been fixed, the tenant can not thereafter be required to pay more. The standard rent operates *in rem* as has more than once been held in this Court. The effect of that is that the standard rent attaches from the moment when house is brought under control."

The provisions of section 9 of the Act which, while requiring a month's notice to be served on the tenant of the landlord's intention to increase the rent allowable

(1) (1944) I. K.B. 200 at 212.

under the Act, nevertheless permit the landlord to collect the increased rent without serving a fresh notice from a subsequent tenant would seem to show that standard rent does not operate *in personam* but attaches to the demised premises.

With due respect, the learned Judges who have held that the standard rent takes effect only from the date of the order fixing it seem to have fallen into the error of presuming that the order of the Rent Controller fixing the standard rent alters the contractual rent. In actual fact, the rights and liabilities of landlord and tenant remain alive albeit controlled by the Act, and as soon as the control is lifted on the expiration or repeal of the Act, they will come into play again. Apparently it is for this reason that this Court in *Tai Chuan & Co.* v. *Chan Seng Cheong* (1) has held that where an enactment, though silent on the point of retroactivity, deals with procedure or remedies, it must be deemed to operate retrospectively and that since the Act deals largely with matters of relief, it undoubtedly is retrospective in its operation. This view of inconsonance with the decision in *Welby* v. *Parker* (2) on section 1 (4) of the Increase of Rent and Mortgage Interest (War Restrictions) Act, 1915, which was brought forth by the First World war to meet housing shortage in England and which may be regarded as the parent Act of similar statutes in England, India and Burma enacted to meet similar conditions. It was held in that case that section 1 (4) of the said Act, which suspended the right of mortgagees to foreclose so long as certain conditions were fulfilled, was retrospective in effect, the reason being that the said Act did not take away any rights but merely suspended a particular form of remedy normally open to mortgagees and was therefore procedural in character.

(1) (1949) B.L.R. (S.C.) 86. (2) (1916) 2 Ch. Din. 1.

S.C. 1961 — DAW THOUNG v. DAW MA MA GYI.

We accordingly hold that all the decisions which are not consonant with the above view must be overruled, and direct that the judgment and decree of the single Judge on the appellate side of the High Court shall be restored with costs throughout, the advocate's fee in this Court K 85 (eighty-five only).

SUPREME COURT

THE UNION OF BURMA (APPELLANT)

v.

U KYAN NAR (*a*) HWAN CHAING CHEN (RESPONDENT).*

†S.C. 1961

June 19.

Essential Supplies and Services Act, s. 8 (1)—*Prosecution under—Lawful acquisition of goods prior to promulgation of order restricting its possession—Not a factor to be taken into consideration in* s. 8 (2)—*Phrase "shall be liable to confiscation" in—Meaning of.*

On the 12th June 1956 by Declaration No. 1 the Commissioner of Civil Supplies declared 27 commodities including galvanised iron sheets and milk and milk products as "essential" for the purpose of taking suitable action, if necessary. On the same day by Declaration No. 2 he issued an order making it unlawful even to possess without a permit from him (or from somebody authorised by him to issue such a permit) 6 commodities inclusive of galvanised corrugated iron sheets and condensed milk, beyond a reasonable amount for personal consumption or use. Prior to the issue of these Declarations there was no restriction in respect of condensed milk and galvanised iron sheets in Taunggyi, the latter being under Open General Licence in 1954 and 1955, any body could possess or deal with them.

On the 19th October 1957 the respondent who owned a store in Taunggyi was found in possession of 684 cases of condensed milk and 6,259 corrugated iron sheets and was on that account prosecuted under s. 8 (1) of the Essential Supplies and Services Act. The respondent was acquitted and on appeal by the Government the order of acquittal was upheld by the High Court on the ground that the order contained in the Declaration was inapplicable to commodities legally acquired before the coming into force of the order.

Held : Reversing the order, that the Declaration requires people in possession of such commodities to seek a permit and it is within the competence of the Commissioner of Civil Supplies to insist upon such a permit. The fact that such goods were acquired prior to the promulgation of the order is not a factor to be taken into consideration.

The interpretation put on the phrase "shall be liable to confiscation" occurring in s. 8 (2) of the Essential Supplies and Services Act by the Court in *Maung Tun Yin* v. *Union of Burma* [(1950) B.L.R. (H.C.) 334] to mean that the Court has discretion is correct, but the view expressed in *Daw Aye Sein* v. *Union of Burma* [(1951) B.L.R. (H.C.) 59] that the phrase meant compulsory confiscation is incorrect.

Ba Pe (Government Advocate) for the appellant.

Kyaw Myint for the respondent.

---

* Criminal Appeal No. 11 of 1960 from the judgment of the High Court, sitting at Mandalay, dated the 16th July 1960 in Criminal Appeal No. 47 of 1960.

† *Present :* U MYINT THEIN, Chief Justice of the Union, U BO GYI and U AUNG THA GYAW, JJ.

S.C. 1961 — THE UNION OF BURMA v. U KYAN NAR (a) HWAN CHAING CHEN.

U MYINT THEIN, C.J.—On the 12th June 1956 by Declaration No. 1 the Commissioner of Civil Supplies declared 27 commodities as "essential" for the purpose of taking suitable action, if necessary, for the public interest to control their procurement, distribution or prices. Among these 27 items were roofing materials inclusive of galvanised iron sheets and milk and milk products. On the same day by Declaration No. 2 he issued an order making it unlawful even to possess without a permit from him (or from somebody authorised by him to issue such a permit) 6 commodities inclusive of galvanised corrugated iron sheets and condensed milk, beyond a reasonable amount for personal consumption or use. Hitherto there was control in respect of condensed milk *vide* Notification No. 156 of the 20th December 1950 but this restriction applied only to the city limits of Rangoon and the town limits of the Rangoon suburban areas. Our attention has not been drawn to any notification extending the restriction to areas outside Rangoon. In regard to galvanised iron sheets, the prosecution admits that they were under Open General Licence in 1954 and 1955 and thus anybody could possess or deal with them, prior to the coming into force of Declaration No. 2.

Possibly Declaration No. 2 was enforced in some parts of the Union but in so far as Taunggyi in the Shan State was concerned, it was observed in the breach. Condensed milk and corrugated iron sheets were stored and sold openly and there is on record, permits issued by the Headquarters Magistrate of Taunggyi for the transport by dealers of both commodities to places beyond Taunggyi, which in fact was the distributing centre for the Shan State.

It is apparent that the Civil Supplies Office, Taunggyi did not enforce the provisions contained in Declaration

S.C. 1961

THE UNION OF BURMA. v. U KYAN NAR (a) HWAN CHAING CHEN.

No. 2 but an investigator of the Bureau of Special Investigation, on the 19th October 1957, pounced upon one of the many stores in Taunggyi where these commodities were stored and sold. 684 cases of condensed milk and 6,259 corrugated iron sheets were seized from the respondent U Kyan Nar and a complaint was laid under section 8 (1) of the Essential Supplies and Services Act.

The defence of U Kyan Nar, the owner of the store which is a substantial concern, was that he had no knowledge of the restriction and that these commodities were purchased by him prior to promulgation of Declaration No. 2, for re-sale. The contention is not disputed by the prosecution but their case is, ignorance of the law being no excuse,, mere possession after the promulgation of the order without a permit is indictable.

U Kyan Nar was discharged by the trial court and this order was upheld by the Sessions Judge. However the High Court sitting at Mandalay ordered further enquiry and the second trial took place before the Assistant Sessions Judge, Taunggyi, where he was acquitted. Government appealed to the High Court sitting at Mandalay but the learned Judge held that the order contained in the Declaration was inapplicable to commodities legally acquired before the coming into force of the order.

We regret we are unable to accept this view. The Declaration requires people in possession of such commodities to seek a permit and it was within the competence of the Commissioner of Civil Supplies to insist upon such a permit. The fact that such goods were acquired prior to the promulgation of the order is not a factor to be taken into consideration. Had the respondent applied for the permit, we have no doubt that it would have been given, since distribution of essential commodities in an area like the Shan State cannot solely be undertaken by

S.C. 1961

THE UNION OF BURMA v. U KYAN NAR (a) HWAN CHAING CHEN.

the Civil Supplies Department. But the fact is, he did not apply for such a permit and therefore he had committed a technical breach of the law.

In our judgment, it would have been more appropriate to draw the attention of the dealers to the necessity of a permit, rather than to launch a prosecution against a single dealer. But since Government has pursued this matter even up to this Court, we must give our decision that U Kyan Nar is guilty of an offence under section 8 (1) in that he had no permit. The acquittal order is therefore set aside but the case being a petty one, we order the respondent U Kyan Nar to pay a fine of K 50 or to suffer seven days' simple imprisonment.

The question arises as to the disposal of the commodities seized. There are two rullings, these being *Maung Tun Yin* v. *Union of Burma* (1) and *Daw Aye Sein* v. *Union of Burma* (2). In the first case the phrase " shall be liable to confiscation " occurring in section 8 (2) of the Essential Supplies and Services Act was interpreted to mean that the Court has discretion to act while in the second case it was held that the phrase meant compulsory confiscation. These are contrary views but in our judgment the view expressed in the first case is the correct one. In the second case which relates to the transportation of gold, the learned Judge compared this commodity to opium in respect of which, confiscation would have to be ordered. The reasoning is fallacious in that gold., unlike opium, could be freely procured and possessed.

We have pointed out that the breach of law in this case is technical and in these circumstances we do not consider that confiscation is called for. We therefore order that the proceeds of the sale of condensed milk, which had to be sold because they were perishable goods, are to be returned to U Kyan Nar. In regard to the

(1) (1950) B.L.R. (H.C.) 334. (2) (1951) B.L.R. (H.C.) 59.

S.C.
1961

THE UNION OF BURMA
v.
U KYAN NAR (*a*) HWAN CHAING CHEN.

corrugated iron sheets, they should be similarly returned to U Kyan Nar but he should obtain the necessary permit from the Commissioner of Civil Supplies to hold and dispose of them. Since these had been lawfully acquired by him, we consider that such a permit should issue but if for compelling reasons no permit is issued, we direct the Court to sell them and to deliver the proceeds to U Kyan Nar.

တရားလွှတ်တော်ချုပ်

† ၁၉၆၁
ဇွန်လ ၁၆ ရက်။

ဒေါ်ရွှေချယ် (လျှောက်ထားသူ)

နှင့်

ပဲခူးတိုင်း သီးစားချထားရေး ကော်မိတီ ရန်ကုန်မြို့ ပါ ၃
(လျှောက်ထားခံရသူများ)*

သီးစားချထားရေး နည်းဥပဒေ ၁၉၅၃ ခုနှစ်၊ အပိုဒ် ၁၆ (၁)၊ မြို့နယ် သီးစားချထားရေး ကော်မိတီ အမိန့်ကို၊ အယူခံရန်စည်းကမ်း သတ်ရက်၊ အပိုဒ် ၇၊ တိုင်း သီးစားချထားရေးကော်မိတီ အမိန့် ချမှတ်ရာတွင် လိုက်နာရန် အချက်။

လက်ငုတ် သီးစားများဖြစ်ကြသော လျှောက်ထားခံရသူ ဒေါ်ယုံနှင့် ဦးဘိုးဆိုင်တို့သီးထောက်ခံပေးရန် ပျက်ကွက်သည်ဟု ယူဆပြီး၊ အခင်းဖြစ် လယ်မြေကို၊ ဒုတိယဦးမြို့နယ် သီးစားချထားရေး ကော်မိတီက ပိုင်ရှင် ဒေါ်ရွှေချယ်အား၊ ချထားလိုက်သဖြင့်၊ ဟင်းအမိန့်ကို ဒေါ်ယုံနှင့် ဦးဘိုးဆိုင်တို့က ပဲခူးခရိုင် သီးစားချထားရေး ကော်မိတီသို့ အမိန့်ချပြီး ၁၅ ရက်ကျော်လွန်မှ အယူခံဝင်ရာတွင် ပဲခူးခရိုင် သီးစားချထားရေး ကော်မိတီက ဒေါ်ယုံ၊ ဦးဘိုးဆိုင်တို့ အယူခံဝင်သည်မှာ၊ ကာလ စည်းကမ်းသတ် ကျော်လွန်ပြီဖြစ်သောကြောင့် အယူခံလွှာကို ပယ်လိုက်ရာ၊ ဒေါ်ယုံ၊ ဦးဘိုးဆိုင်တို့က ပဲခူးတိုင်း သီးစားချထားရေး ကော်မိတီထံ စောဒကဝင်လေ၏။ တိုင်း သီးစားချထားရေး ကော်မိတီက ထိုအချက်ကို သတိမမူဘဲ ဒေါ်ယုံ၊ ဦးဘိုးဆိုင်တို့သည်၊ သီးထောက်ခံ ပေးရန် ပျက်ကွက်ခြင်း မရှိဟု ယူဆ၍ အခင်းဖြစ်မြေကို ၎င်းတို့အား သီးစားချထား လိုက်လေသည်။

ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၆ (၁) အရ၊ မြို့နယ် သီးစားချထားရေး ကော်မိတီအမိန့်ကို မကျေနပ်လျှင်၊ အမိန့်ချမှတ်သော နေ့မှ ၁၅ ရက်အတွင်း၊ သက်ဆိုင်ရာ ခရိုင် သီးစားချထားရေးကော်မိတီထံ အယူခံ ဝင်နိုင်သည်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၃၇ အရဆိုလျှင်၊ တိုင်း သီးစားချထားရေး ကော်မိတီက၊ လက်အောက် ကော်မိတီတခုခု၏ ဆုံးဖြတ်ချက်သည်၊ သီးစားချထားရေး နည်းဥပဒေ များပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဟု ထင်မြင်လျှင်၊ ထိုနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့် မဆန့်ကျင်စေဘဲ၊ သင့်လျော်သည် ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်သည်။ ယခုမူကား တိုင်း သီး

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၅၈။

† နိုင်ငံတော် တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးဘို ကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီးဦးဘိုကြီး အမိန့်ချမှတ်သည်။

စားချထားရေးကော်မိတီ၏ အမိန့်သည်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၆ ပါ၊ ပြဋ္ဌာန်း ချက်များနှင့် ဆန့်ကျင် နေသဖြင့် ပယ်ဖျက်လိုက်သည်။

၁၉၆၁

ဒေါ်ရွှေချယ် နှင့် ပဲခူးတိုင်းသီးစား ချထားရေး ကော်မိတီ ရန်ကုန်မြို့ ပါ ၃ ။

လျှောက်ထားသူအတွက်။ ။ဦးစံမြင့် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၁) အတွက်။ ။အစိုးရလွှတ်တော် ရွှေနေ ဦးဘဂေ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၂) အတွက်။ ။ကိုယ်တိုင်လာရောက်သည်။

လျှောက်ထားခံရသူအမှတ် (၃) အတွက်။ ။မည်သူမျှမလာရောက်။

တရားဝန်ကြီးဦးဘိုကြီး။ ။ဤအမှုတွင်၊ အခင်းဖြစ်လယ်မြေကို၊ ၁၉၆၀-၆၁ ခုနှစ်၊ အတွင်း လုပ်ကိုင်ရန်အတွက်၊ ပိုင်ရှင် ယခုလျှောက်ထားသူ ဒေါ်ရွှေချယ်နှင့် လက်ငုတ် သီးစားများဖြစ်သူ၊ လျှောက်ထားခံရသူ ဒေါ်ယုံ၊ ဦးဘိုးဆိုင်တို့၊ ဒိုက်ဦးမြို့နယ် သီးစား ချထားရေး ကော်မိတီထံ အပြိုင်လျှောက်ထားကြရာ၊ မြို့နယ်သီးစားချထားရေးကော် မိတီက၊ ဒေါ်ယုံ၊ ဦးဘိုးဆိုင်တို့ သီးထောက်ခံ ပေးရန် ပျက်ကွက်သည်ဟု ယူဆပြီး၊ အခင်းဖြစ်မြေကို၊ ပိုင်ရှင် ဒေါ်ရွှေချယ်အား ချထားလိုက်လေသည်။ ယင်းသို့ အမိန့် မှတ်သည့် နေ့ရက်မှာ၊ ၁၉၆၀ ခုနှစ်၊ မေလ ၁၈ ရက်နေ့ဖြစ်သည်။ ဒေါ်ယုံ၊ ဦးဘိုးဆိုင် တို့သည်၊ ပဲခူးခရိုင် သီးစားချထားရေး ကော်မိတီသို့ ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ ကျမှသာ အယူခံဝင်လေသည်။ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၆ (၁)အရ၊ မြို့နယ် သီးစားချထားရေး ကော်မိတီအမိန့်ကို မကျေနပ်လျှင်၊ အမိန့်ချ မှတ်သော နေ့မှ ၁၅ ရက်အတွင်း၊ သက်ဆိုင်ရာ ခရိုင်သီးစားချထားရေး ကော်မိတီထံ အယူခံဝင်နိုင်သည်။ ဒေါ်ယုံ၊ ဦးဘိုးဆိုင်တို့ အယူခံဝင်သည်မှာ၊ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှဖြစ်သဖြင့်၊ ခရိုင်သီးစားချထားရေး ကော်မိတီက အယူခံလွှာကို ပယ် လိုက်သည်။ ၎င်းတို့က၊ ပဲခူးတိုင်း သီးစားချထားရေးကော်မိတီထံ စောဒကတင်ရာတိုင်း သီးစားချထားရေးကော်မိတီက ထိုအချက်ကို သတိမမူဘဲ၊ ဒေါ်ယုံ၊ဦးဘိုးဆိုင်တို့သည်၊ သီးထောက်ခံပေးရန် ပျက်ကွက်ခြင်းမရှိဟုယူဆ၍ အခင်းဖြစ်မြေကို ၎င်းတို့အား သီး စားချထားလိုက်လေသည်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၇ အရဆိုလျှင်၊ တိုင်းသီးစား ချထားရေးကော်မိတီက၊ လက်အောက် ကော်မိတီတခုခု၏ ဆုံးဖြတ်ချက်သည်၊ သီးစား ချထားရေး နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဟု ထင်မြင်လျှင်၊ ထိုနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ သင့်လျော်သည် ထင်မြင်

၁၉၆၁

ဒေါ်ရွှေခြယ် နှင့် ပဲခူးတိုင်းသီးစား ချထားရေး ကော်မိတီ ရန်ကုန်မြို့ ပါ ၃။

သည့် အမိန့်ကို ချမှတ်နိုင်သည်။ ယခုမူကား၊ တိုင်း သီးစားချထားရေး ကော်မိတီ၏ အမိန့်သည်၊ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၆ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေလေသည်။

သို့ဖြစ်၍၊ တိုင်း သီးစားချထားရေးကော်မိတီ၏ အမိန့်ကို အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့၏ တရားစရိတ်ကို မိမိတို့အသီးသီးကျခံစေရမည် ဖြစ်သည်။

တရားလွှတ်တော်ချုပ်

မစ္စစ် ဂျေ၊ ဟာဇဝတ် (လျှောက်ထားသူ)

နှင့်

အင်းစိန်မြို့ လက်ထောက်ဌားရမ်းခ ကြီးကြပ်ရေးဝန် (လျှောက်ထားခံရသူ)*

၁၉၆၁
ဇွန်လ ၁၆ ရက်။

မြို့ပြဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆၊ ဌားရမ်းခသည် စံဌားရမ်းခမဟုတ်၊ ပုဒ်မ ၂ (စ) စံဌားရမ်းခ။

လျှောက်ထားသူက၊ အိမ်ရှင်၏ ကိုယ်စားလည်သည်၊ ဒီမိုဌားရမ်း နေထိုင်သော အိမ်အတွက်၊ အိမ်လခကို ပေးရာ၊ လက်မခံသဖြင့်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၆ အရ၊ ပေးသွင်းနိုင်ခွင့် လျှောက်ထားသည်ကို အင်းစိန် မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေးဝန်က၊ ထိုဌားရမ်းခမှာ၊ ယင်းအက်ဥပဒေပုဒ်မ ၂၇ အရ၊ ကြီးကြပ်ရေးဝန် သတ်မှတ်ထားသောစံဌားရမ်းခ မဟုတ်သဖြင့်၊ လက်မခံနိုင်ကြောင်း ဖေါ်ပြပြီး၊ လျှောက်လွှာကို ပယ်လိုက်သည်။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆ တွင်ဖေါ်ပြထားသည်မှာ ဌားရမ်းခသာဖြစ်သည်။ စံဌားရမ်းခ မဟုတ်ချေ။ စံဌားရမ်းခမှာ၊ ယင်းအက်ဥပဒေ ပုဒ်မ ၂ (စ) တွင် ဖေါ်ပြထားသည့် ဌားရမ်းခမျှားသာ ဖြစ်သည်။

လျှောက်ထားသူအတွက်။ ။ဦးမြ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အတွက်။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးဘဖေ လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီးဦးဘိုကြီး။ ။ယခုလျှောက်ထားသူသည်၊ ပြည်လမ်း အမှတ် ၆၁ ရှိ၊ နေအိမ်ကို၊ ဌားရမ်းနေထိုင်ခဲ့ရာ၊ အိမ်လခများကို၊ အိမ်ရှင်၏ ကိုယ်စားလည်က လက်မခံခဲ့ပါဟု အကြောင်းပြ၍၊ အင်းစိန်မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်ထံ၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ အရပေးသွင်းနိုင်ခွင့် လျှောက်ထားသည်တွင်၊ ကြီးကြပ်ရေးဝန်က၊ ထိုဌားရမ်းခမှာ၊ ယင်းအက်ဥပဒေ ပုဒ်မ ၂၇ အရ၊ ကြီးကြပ်ရေးဝန်သတ်မှတ်ထားသော စံဌားရမ်းခ မဟုတ်သဖြင့် လက်မခံနိုင်ကြောင်း ဖေါ်ပြပြီး၊ လျှောက်လွှာကို ပယ်လိုက်သည်။ ထိုအမိန့်ကို ပယ်ဖျက်ပြီး

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာ အမှတ် ၆၃။

† နိုင်ငံတော် တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့်ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၁

မစ္စစ် ဂျေ၊ ဟာဇေတ် နှင့် အင်းစိန်မြို့၊ လက်ထောက် ဌိုင်းရုံးခ ကြီးကြပ်ရေးဝန်။

ကြီးကြပ်ရေးဝန်အား၊ မိမိတင်သွင်းလိုသော အိမ်ဌါးခကို လက်ခံစေရန် အမိန့်ချမှတ်ရန် အတွက်၊ ဤရုံးတော်သို့ ယခုလျှောက်ထားခြင်း ဖြစ်သည်။

မြို့ပြဆိုင်ရာ ဌိုးရုမ်းခကြီးကြပ်ခရေးအက်ဥပဒေပုဒ်မ ၁၆ တွင်ဖေါ်ပြထားသည့်မှာ ဌိုးရုမ်းခသာလျှင်ဖြစ်သည်။ စံဌိုးရုမ်းခ မဟုတ်ချေ။ စံဌိုးရုမ်းခမှာ၊ ယင်းအက်ဥပဒေ ပုဒ်မ ၂ (စ) တွင်၊ ဖေါ်ပြထားသည့် ဌိုးရုမ်းခများသာဖြစ်သည်။

သို့ဖြစ်၍ ကြီးကြပ်ရေးဝန်က ယခုလျှောက်ထားသူ တင်သွင်းလိုသော အိမ်ဌါးခကို လက်ခံရန်၊ အာဏာပေး စာချွန်တော် အမိန့်ချမှတ်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံရမည်ဖြစ်သည်။

တရားလွှတ်တော်ချုပ်

မဘီဂမ်ဘဟာခါတွန် ပါ ၁၄ (လျှောက်ထားသူများ) †၁၉၆၁
နှင့် ဇွန်လ ၉ ရက်။
အတွင်းဝန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး
ဝန်ကြီးဌာန၊ ရန်ကုန်မြို့ပါ ၂ (လျှောက်ထားခံရသူများ) *

လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေအရ၊ ပြည်နှင်ဒဏ် အမိန့်၊ ထုချေခွင့်မပေးရ၊ ပယ်ဖျက်ရခြင်း၊ ထုချေခွင့်ပေးရာတွင် လိုက်နာရန် အရေးကြီးသည့်အချက်။

ဆုံးဖြတ်ချက်။ ။သက်ဆိုင်ရာ အာဏာပိုင်က လူဝင်မှု ကြီးကြပ်ရေး အရာရှိများ စစ်ဆေးသော မှတ်တမ်းများကို ကြည့်ရှု လေ့လာပြီးနောက်၊ လျှောက်ထားသူများအား၊ မြန်မာနိုင်ငံတွင်းသို့ မတရား ဝင်ရောက်နေထိုင်သူများဟု မှတ်ယူ၍ ပြည်နှင်ဒဏ် အမိန့်များ ချထားသည့် ကိစ္စတွင်၊ အာဏာပိုင်က လျှောက်ထားသူများကို ထုချေသက်သေပြရန် အခွင့်မပေးသည့်အတွက် အဆိုပါ အာဏာပိုင်၏ အမိန့်များကို ပယ်ဖျက်လေသည်။

ယခုကဲ့သို့သော အမှုမျိုးတွင် လျှောက်ထားသူများအား ထုချေခွင့် ပေးရာ၌ သာမန်တရားရုံးတော်များတွင် လိုက်နာသော နည်းဥပဒေများအရ၊ စစ်ဆေးရန် မလိုချေ။ အရေးကြီးသည့် အချက်မှာ သင့်တော်သလို စုံစမ်းရှုမြော်သော သက်သေခံချက်များကို အရေးယူ ခံရသော သူများအား သိစေပြီး၊ ၎င်းတို့အား ထိုအချက်များမမှန်လျှင်မမှန်ကြောင်း ငြင်းကွယ်ရန်၎င်း၊ သက်သေ အထောက်အထားပြရန်၎င်း၊ အခွင့်အရေး ပေးရမည်ဖြစ်သည်။

ဦးပစ်နှင့် သဲကုန်းရွာ၊ လယ်ယာစိုက်ပျိုးရေး ကော်မီတီနှင့် နှစ်ဦး၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ ၇၅၉။ ဟာဆန်အလီနှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာနအတွင်းဝန်မင်း ပါ ၂။ ၁၉၅၉၊ မြန်မာပြည်စီရင်ထုံးများ (တရားလွှတ်တော်ချုပ်) ၁၈၇ တို့ကို ရည်ညွှန်းသည်။

လျှောက်ထားသူများအတွက်။ ။မည်သူမျှမလာမရောက်။

လျှောက်ထားခံရသူများ အတွက်။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးဘဖေ လိုက်ပါ ဆောင်ရွက်သည်။

---

* ၁၉၆၁ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲ့လျှောက်လွှာအမှတ် ၁၆၊ ၁၇၊ ၁၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၆၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂ ၄၅။

† နိုင်ငံတော် တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်သော ဦးချန်ထွန်းနှင့် ဦးဘိုကြီးတို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၁

မဘီဂမ်ဘဟာခါတွန် ပါ ၁၄ နှင့် အတွင်းဝန်၊ လူစင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့ ပါ ၂။

တရားဝန်ကြီးဦးဘိုကြီး။ ။ကျွန်ုပ်တော် ရာဇဝတ်သေးမှု အမှတ် ၁၆/၆၁ တွင် လျှောက်ထားသူ မဘီဂမ်ဘဟာခါတွန်နှင့် အလားတူ အမှု ၁၃ မှုတွင်၊ လျှောက်ထားသူ ၁၃ ဦးတို့အား၊ စစ်တွေခရိုင်တွင် လူဝင်မှု ကြီးကြပ်ရေး အရာဌိမျှားက စစ်ဆေးပြီး၊ မြန်မာနိုင်ငံတွင်းသို့ မတရားဝင်ရောက်နေထိုင်သူများဖြစ်သည်ဟု မှတ်ယူ၍ လူဝင်မှု ကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၇ (၂) အရ၊ နိုင်ငံတော် သမတက အာဏာအပ်နှင်းထားသော စစ်တွေမြို့ ခရိုင်ဝန်ထံ သက်ဆိုင်ရာ အမှုတွဲများ တင်ဆက်ရာ၌ ခရိုင်ဝန်က ထိုအမှုတွဲများကိုစစ်ဆေးပြီး ယခုလျှောက်ထားသူများသည် မြန်မာနိုင်ငံတွင်းသို့ မတရားဝင်ရောက် နေထိုင်သူများဖြစ်သည်ဟု ဆုံးဖြတ်ပြီး၊ ၎င်းတို့အပေါ်၌ ပြည်နှင်ဒဏ် အမိန့်ချမှတ်၍၊ ၁၉၅၁ ခုနှစ်၊ လူဝင်မှု ကြီးကြပ်ရေး (ချုပ်နှောင်ရေး) နည်းဥပဒေများအရ ချုပ်နှောင်ထားရန် အမိန့်ချ မှတ်လိုက်လေသည်။ ထိုအမိန့်များကို မကျေနပ်သဖြင့် ယခုလျှောက်ထားသူများက ရွှေတော်သွင်း ဓာချန်တော် အမိန့်ဖြင့် ၎င်းတို့အား အချုပ်မှ လွှတ်ပါ၎ရန် လျှောက်ထားကြလေသည်။

ထိုလျှောက်ထားသူများအနက်၊ မဘီဂမ်ဘဟာခါတွန် (ရာဇဝတ်သေးမှု အမှတ် ၁၆/၆၁)၊ ဇော်ဘာ (ခေါ်) အာဘဒူးဇာဘား (ရာဇဝတ်သေးမှု အမှတ် ၃၀/၆၁) ဟရုံးမီယား (ရာဇဝတ်သေးမှုအမှတ် ၃၁/၆၁) နှင့် ကာဆင်အလီ (ရာဇဝတ်သေးမှု အမှတ် ၄၅/၆၁) မှအပ အခြား လျှောက်ထားသူများက မိမိတို့မှာ နိုင်ငံတော် အစိုးရထုတ်ပေးသော နိုင်ငံသား လက်မှတ် ရရှိသူ များဖြစ်သည်ဟု ကျမ်းကျိန်ချက်များတွင် ဖော်ပြပြီး လျှောက်ထားသူ ကွေလာမီယားး (ရာဇဝတ်သေးမှု အမှတ် ၃၃/၆၁) နှင့် အဒွေအလီ (ခေါ်) အဒုရအလီ (ရာဇဝတ်သေးမှု အမှတ် ၃၉/၆၁) တို့က၊ လွှန်ခဲ့သည့် ပါလီမန် ရွေးကောက်ပွဲတွင် မိမိတို့ မဲဆန္ဒပင် ပေးခဲ့ကြောင်း ကျမ်းကျိန် ထွက်ဆိုကြလေသည်။ ထို့ပြင်လည်း ယခုလျှောက်ထားသူ ၁၄ ဦးက မိမိတို့အားလုံးသည် ပြည်ထောင်စု မြန်မာနိုင်ငံသားများဖြစ်သော်လည်း ဇုံးတော်ရွှေ၌ဖြစ်စေ၊ သက်ဆိုင်ရာ အာဏာပိုင် ရွှေ၌ဖြစ်စေ ယင်းသို့ မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံသားများ ဖြစ်ကြောင်း မိမိတို့အပေါ်၌ စွဲဆိုခဲ့သည့်အတိုင်း ပြည်ထောင်စု မြန်မာနိုင်ငံတွင်းသို့ မတရားဝင်ရောက်နေထိုင်သူများ မဟုတ်ကြောင်းကို ထုချေ၍ အထောက်အထား တင်ပြရန်အတွက် အခွင့် မရခဲ့ပါဟု ကျမ်းကျိန် ထွက်ဆိုကြလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန၊ တွဲဘက်အတွင်းဝန် ဦးမောင်ကြီးက လျှောက်ထားသူ ၁၀ ဦး ထွက်ဆိုရည်ညွှန်းသော နိုင်ငံသား လက်မှတ် ဆိုသည်မှာ၊ မြန်မာနိုင်ငံအတွင်း နေထိုင်သူများ အက်ဥပဒေ ပုဒ်မ ၄ (၂) အရ ထုတ်ပေးသော မြန်မာပြည်တွင် နေထိုင်ကြောင်း သက်သေခံ ကပ်ပြားများသာ ဖြစ်ကြောင်းဖြင့် ထုချေလေသည်။

၁၉၆၁

မဘီကမ်ဘဟာခါတွန် ပါ ၁၄ နှင့် အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့ ပါ ၂။

ဤအမှုများတွင် အဓိကအားဖြင့် စဉ်းစား ဆုံးဖြတ်ရန် အချက်မှာ လျှောက်ထားသူများ အားလုံး တသံထည်း ထွက်ဆိုသော မိမိတို့မှာ သက်ဆိုင်ရာ အာဏာပိုင်ရှေ့မှောက်၌ ထုချေခွင့် မရခဲ့ပါဟူသော အကြောင်းပြချက် မှန်မမှန်ကို စဉ်းစား ဆုံးဖြတ်ရန်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော်၊ စစ်တွေမြို့ခရိုင်ဝန်သည် လူဝင်မှု ကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၇ (၂) အရ၊ အရေးယူသော ကြောင့် ဖြစ်သည်။ ယင်းသို့ အရေးယူရာ၌ ခရိုင်ဝန်က လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေအရ သက်ဆိုင်ရာ ရုံးတော်တွင် တရားစွဲမည့်အစား၊ မိမိကိုယ်တိုင် ယခု လျှောက်ထားသူများသည် နိုင်ငံခြားသားများ ဖြစ်သည် မဖြစ်သည်၊ အဆိုပါ အက်ဥပဒေကို ဖြစ်စေ၊ ထိုအက်ဥပဒေအရ ပြဋ္ဌာန်းထားသောနည်းဥပဒေတရပ်ရပ်ကိုဖြစ်စေ ကျူးလွန်ချိုးဖောက်သလောဟူသည့် ပြဿနာများကို မိမိကိုယ်တိုင် ဆုံးဖြတ်သောကြောင့် ဖြစ်သည်။ ယင်းသို့ ဆုံးဖြတ်ရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအပိုဒ် ၁၅၀ အရ၊ ကန့်သတ်ထားသည့် တရားစီရင်ရေး ဆိုင်ရာ အလုပ်ဝတ်တရားများကို ဖြစ်စေ၊ အာဏာများကိုဖြစ်စေ သုံးစွဲဆောင်ရွက်စေရန် တရားဥပဒေဖြင့် ကျနစွာ လွှဲအပ်ခြင်း ခံရသောသူ ဖြစ်သည်အတိုင်း ခရိုင်ဝန်က ဆောင်ရွက်သောကြောင့် ဖြစ်သည်။

သက်ဆိုင်ရာ အမှုတွဲအားလုံးကို လေ့လာသုံးသပ်ရာ၌ မူကား၊ ခရိုင်ဝန်သည်၊ လူဝင်မှု ကြီးကြပ်ရေး အရာရှိများ စစ်ဆေးသော မှတ်တမ်းများကို ကြည့်ရှု လေ့လာပြီးနောက်၊ ယခုလျှောက်ထားသူများအား၊ ထုချေသက်သေပြရန် အခွင့် အရေး မပေးဘဲ၊ ပြည်နှင်ဒဏ်အမိန့်များ ချမှတ်ထားသည်ကိုတွေ့ရှိရလေသည်။ ယင်းသို့တွေ့ရှိရသည် ဖြစ်၍ ခရိုင်ဝန်၏ အမိန့် အသီးသီးကို ပယ်ဖျက်ရမည် ဖြစ်သည်။

ယခုကဲ့သို့သော အမှုမျိုးတွင် လျှောက်ထားသူများအား၊ ထုချေခွင့် ပေးရာသာမန် တရားရုံးတော်များတွင် လိုက်နာသော နည်းဥပဒေများအရ၊ စစ်ဆေးရန် မလိုချေ။ အရေးကြီးသည့် အချက်မှာ သင့်တော်သလို စုံစမ်းရရှိသော သက်သေခံချက်များကို အရေးယူ ခံရသော သူများအား သိစေပြီး၊ ၎င်းတို့အား ထိုအချက်များ မမှန်လျှင် မမှန်ကြောင်း ငြင်းကွယ်ရန်၎င်း၊ သက်သေ အထောက်အထား ပေးပြရန်၎င်း အခွင့် အရေးပေးရမည်ဖြစ်သည်။ ဤအချက်နှင့် စပ်လျဉ်း၍ ဤရုံးတော် **ဦးပစ်နှင့် သဲကုန်ရွာ လယ်ယာစိုက်ပျိုးရေး ကော်မိတီနှင့် နှစ်ဦး** (၁) အမှုတွင် အောက်ပါအတိုင်း မိန့်မြွက်ထားလေသည်။

In the absence of any specific statutory provision to the contrary applicable to the proceedings of a quasi-judicial

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ ၇၅၉။

၁၉၆၁

မဘီဂန်ဘဟာခါတွန် ပါ ၁၄ နှင့် အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့ ပါ ၂။

body, it is entitled to obtain information in any way it considers suitable, provided that those who are parties to the controversy before it are given a fair opportunity to correct or contradict any relevant statement or view to their prejudice.

ထို့ပြင် လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၇ (၂) အရသက်ဆိုင်ရာ အာဏာပိုင်က အဆုံး အဖြတ်ပြုရာ၌ ဤရုံးတော် ဟာဆန်အလီနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီးဌာန အတွင်းဝန် ပါ ၂ (၁) အမှုတွင် အောက်ပါအတိုင်း မြွက်ဆိုခဲ့သည်ကို သတိချပ်အပ်ပေသည်။

On the question of adjudgment we desire to observe that this procedure is meant to be confined to cases where there is no room for controversy and where a prosecution would be a waste of time and labour, such as when a foreigner has remained on in Burma under an expired stay permit, or where a stowaway is caught in Burma waters. But where the question of a man's nationality is involved, and where as in Hasan Ali's case, he is even in possession of a National Registration Certificate (being N.R.C.-AH No. 024299), recourse to section 7 (2) and (3) would be undesirable.

အထက်ဖော်ပြပါ အကြောင်းမျှားကြောင့်၊ ယခုလျှောက်ထားသူ ၁၄ ဦးအပေါ်၌ ချမှတ်သော ပြည်နှင်ဒဏ်အမိန့်ကို ပယ်ဖျက်ပြီးလျှင်၊ ၎င်းတို့အား အချုပ်မှ လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

(၁) ရုဇတ်သေးမှုအမှတ် ၁၅၅/၅၉။ 1959 B.L.R. (S.C.) 187.

တရားလွှတ်တော်ချုပ်

မရမ်းလုံး (လျှောက်ထားသူ) † ၁၉၆၁
ဇွန်လ ၂၉ ရက်။
နှင့်
ပဲခူးတိုင်းသီးစားချထားရေးအဖွဲ့ ပါ ၄ (လျှောက်ထားခံရသူများ)*

သီးစားချထားရေး နည်းဥပဒေ ၁၉၅၃ ခုနှစ်၊ အပိုဒ် ၁၃၊ သီးစားချထားရန်အတွက် လျှောက်လွှာ တင်သွင်းရန်လိုခြင်း။

လျှောက်ထားသူသည်၊ လွန်ခဲ့သော ၄ နှစ်လောက်က သောင်းကျန်းသူများ၏ ဘေးရန်ကြောင့်၊ မိမိ ပိုင် ၅၄ ကေမျှရှိ လယ်မြေကို လျှောက်ထားခံရသူ ဦးဘိုးတောအား၊ သီးစားချပြီး ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေခဲ့ရာ၊ အခြေအနေ ကောင်းမွန်လာသောအခါ မိမိရွာသို့ ပြန်ပြီး၊ အခင်းဖြစ်မြေအနက်၊ ၂၅ ကေကို၊ မိမိလုပ်ကိုင်ရန် အတွက် ပြန်လည် တောင်းဆိုရာ၊ ဦးဘိုးတောက ငြင်းဆန်သောကြောင့် ၁၉၆၀-၆၁ ခုနှစ်အတွင်း၊ အဆိုပါမြေ ၂၅ ကေကို မိမိအား ချထားပါရန် ကျောက်တန်းမြို့နယ် သီးစားချထားရေးအဖွဲ့သို့ လျှောက်ထားရာတွင် မြို့နယ်သီးစားချထားရေးကော်မတီကဌာန်း၊ ခရိုင်သီးစားချထားရေးကော်မတီကဌာန်း၊ ဘိုင်းသီးစားချထားရေး ကော်မတီကဌာန်း၊ လက်ငုတ် သီးစား လုပ်ကိုင်နေသူ ဦးဘိုးတောမှာ သီးစားခပေးဆောင်ရာ၌ ပျက်ကွက်ခြင်းမရှိသဖြင့် လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်လိုက်လေသည်။

ဆုံးဖြတ်ချက်။ ။သီးစားချထားရေး ကော်မတီ အသီးသီးသည်၊ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေးနည်းဥပဒေအပိုဒ် ၁၃ ပါ ပြဋ္ဌာန်းချက်များကို သတိမူဟန် မတူချေ။ ထိုပြဋ္ဌာန်းချက်များအရ၊ ခရိုင်သီးစားချထားရေး ကော်မတီက သတ်မှတ်ထားသော အချိန်ကာလအတွင်း၊ လယ်ယာမြေလုပ်နေသူနှင့် လုပ်ကိုင်လိုသူတို့သည်၊ သီးစားချထားရန် လျှောက်လွှာများကို၊ သက်ဆိုင်ရာ ကော်မတီသို့ တင်သွင်းရမည် ဖြစ်သည်။ ယခုမူကား ဦးဘိုးတောသည်၊ ကျောက်တန်းမြို့နယ် သီးစားချထားရေးကော်မတီသို့ ၁၉၆၀-၆၁ ခုနှစ်အတွက်၊ သီးစားအဖြစ် လုပ်ကိုင်ရန်လျှောက်လွှာတင်သွင်းခြင်း မပြုခဲ့ပေ။ သို့ဖြစ်၍ လျှောက်ထားသူသည်၊ မိမိလျှောက်ထားသည့် ၂၅ ကေကို ရရှိမည်။

လျှောက်ထားသူ အတွ ၁။ ။ဦးမောင်မောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) (၂) နှင့် (၃) တို့အတွက်။ ။အစိုးရလွှတ်တော် ရွှေနေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၄) အတွက်။ ။ဦးဘရွှန်း လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၃၉။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများ ဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရွှေမှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၁
မရမ်းလုံး နှင့် ပဲခူးတိုင်းသီးစား ချထားရေး အဖွဲ့ ပါ ၄။

တရားဝန်ကြီးဦးဘိုကြီး။ ။ယခုလျှောက်ထားသူ မရမ်းလုံးသည်၊ လွန်ခဲ့သည့် ၄ နှစ်ခန့်က၊ သောင်းကျန်းသူများ၏ ဘေးရန်ကြောင့် မိမိပိုင် ရေယာ ၅၄ ဧကမျှကို အခင်းဖြစ် လယ်မြေကို၊ သူတပါးအား သီးစားချထားပြီး၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ ဆိုက်ကား နင်းစားခဲ့လေသည်။ အခြေအနေကောင်းမွန်လာသောအခါ၊ မိမိရွာသို့ ပြန်ပြီး၊ အခင်းဖြစ်မြေအနက် ၂၅ ဧကကို မိမိလုပ်ကိုင်ရန်အတွက်၊ ပြန်လည် တောင်းဆိုရာ၊ သီးစားအဖြစ် လုပ်ကိုင်နေသူက ငြင်းဆန်သောကြောင့်၊ ၁၉၆၀-၆၁ ခုနှစ်အတွင်း အခင်းဖြစ်မြေ အနက်မှ ၂၅ ဧကကို၊ မိမိအား ချထားပါရန်၊ ကျောက်တန်းမြို့နယ် သီးစား ချထားရေး အဖွဲ့သို့ လျှောက်ထားလေသည်။

ယင်းသို့ လျှောက်ထားရာတွင်၊ မြို့နယ် သီးစားချထားရေး ကော်မိတီကငင်း၊ ဟံသာဝတီခရိုင် သီးစားချထားရေး ကော်မိတီကငင်း၊ ပဲခူးတိုင်း သီးစားချထားရေး ကော်မိတီကငင်း၊ လက်ငုတ်သီးစားအဖြစ် လုပ်ကိုင်နေသူ၊ လျှောက်ထားခံရသူ အမှတ် ၄ ဦးဘိုးတောသည်၊ သီးစားခ ပေးဆောင်ရာ၌၊ ပျက်ကွက်ခြင်းမရှိသည်ကို တွေ့ရှိသဖြင့် မရမ်းလုံး၏ လျှောက်လွှာကို ပယ်လိုက်လေသည်။

သီးစားချထားရေး ကော်မိတီ အသီးသီးသည် ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေအပိုဒ် ၁၃ ပါ ပြဋ္ဌာန်းချက်များကို သတိမူမိကြဟန် မတူချေ။ ထိုပြဋ္ဌာန်း ချက်များအရဆိုလျှင်၊ ခရိုင် သီးစားချထားရေး ကော်မိတီက သတ်မှတ်ထားသော အချိန်ကာလအတွင်း၊ လယ်ယာမြေလုပ်ကိုင်နေသူနှင့်လုပ်ကိုင်လိုသူတို့သည်၊ သီးစားချ ထားရန် လျှောက်လွှာများကို၊ သက်ဆိုင်ရာ ကော်မိတီသို့ တင်သွင်းရမည်ဖြစ်သည်။ ယခုမူကား၊ ဦးဘိုးတောသည်၊ ကျောက်တန်းမြို့နယ် သီးစားချထားရေး ကော်မိတီသို့ ၁၉၆၀-၆၁ ခုနှစ်အတွက် သီးစားအဖြစ်လုပ်ကိုင်ရန် လျှောက်လွှာတင်သွင်းခြင်း မပြု ခဲ့ပေ။ ယင်းသို့ ဖြစ်၍၊ မရမ်းလုံးမှာ အခင်းဖြစ် မြေကို ပိုင်ဆိုင်သူဖြစ်သည့်အတိုင်း၊ မိမိလျှောက်ထားသည့် ၂၅ ဧကကို ရရှိရမည်ဖြစ်သည်။

ထို့ကြောင့် လျှောက်ထားခံရသူ အမှတ် ၁၊၂ နှင့် ၃ သီးစားချထားရေး ကော်မိတီ အသီးသီး၏ အမိန့်များကို၊ မရမ်းလုံးလျှောက်ထားသော အခင်းဖြစ် မြေအနက်မှ ၂၅ ဧကနှင့် စပ်လျဉ်း၍၊ အမှုခေါ် စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့ တရားစရိတ်ကို၊ မိမိတို့ အသီးသီး ကျခံကြရမည် ဖြစ်သည်။

တရားလွှတ်တော်ချုပ်

ရင်ရင်ကုမ္ပဏီ (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး ပါ ၃ (လျှောက်ထားခံရသူများ)*

† ၁၉၆၁
ဇွန်လ ၁၆ ရက်။

သွင်းကုန်ထုတ်ကုန်ပိုင်ရှင်များ၏ သွင်းကုန် ထုတ်ကုန် ယာယီကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (၁) တားမြစ်ခြင်းကို မည်သည့်အခါချိုးဖောက် ကျူးလွန်ရာ ရောက်သနည်း။

မှတ်ပုံတင်ပြီးသော သွင်းကုန် လုပ်ကိုင်သူ တဦးဖြစ်သည့် လျှောက်ထားသူတို့သည်၊ မိမိတို့ရရှိသော သွင်းကုန်လိုင်စင်ဖြင့် ကုန်ပစ္စည်းများကို၊ နိုင်ငံခြားမှ မှာယူခဲ့ရာ၊ အဆိုပါ ကုန်များကို နိုင်ငံခြားကုန်သည်များက တင်မပို့မီ၊ သက်ဆိုင်ရာ အာဏာပိုင်များက လျှောက်ထားသူများ၏ သွင်းကုန် လုပ်ငန်း မှတ်ပုံတင်ခြင်းကို ပယ်ဖျက်လိုက်လေသည်၊ ထိုကဲ့သို့ ပယ်ဖျက်ခြင်းကို သက်ဆိုင်ရာ အာဏာပိုင်များထံ အယူခံဝင်သော်လည်း ကုန်တင်ပို့သူများထံ ကုန်တင်ပို့ခြင်းကို အယူခံ ကိစ္စပြီးစီးသည့်တိုင်အောင် ဆုင်းငံ့ထားရန် အမှာစာများကို မပို့ခဲ့သဖြင့်၊ ကုန်သည်များက မူလအမှာစာရှိသည့် အတိုင်း ကုန်များကို တင်ပို့လိုက်ရာ၊ ကုန်များရောက်ရှိပြီးနောက်၊ ရက်သတ္တ ၃ ပတ်အတွင်းတွင် လျှောက်ထားသူများ၏ မှတ်ပုံတင်ခြင်းကို ပယ်ဖျက်သော အထက်အာဏာပိုင်များက ချပ်သိမ်းလိုက်သည်၊ သို့သော်လည်း အဆိုပါ ကုန်ပစ္စည်းများသည်၊ လျှောက်ထားသူများ၏ သွင်းကုန် လုပ်ငန်း မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးမှ ရောက်ရှိလာခြင်းကြောင့်၊ ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့စွဲပါ သွင်းကုန် ထုတ်ကုန် ပိုင်ရှင်များ၏ သွင်းကုန် ထုတ်ကုန် ယာယီကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃ (၁) အရ၊ တားမြစ်ခြင်းကို ချိုးဖောက်ကျူးလွန်သည်ဟု ယူဆ၍ ပင်လယ်ရေကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၉ နှင့် ၁၆၇ (၈) အရ တိုက်ရိုက် ဒဏ်ငွေ ၄,၃၀၀ ကျပ် ပေးဆောင် စေရန် အကောက်တော်မင်းကြီးက ချမှတ်သော အမိန့်ကို ဘဏ္ဍာတော်မင်းကြီးက အတည်ပြုလေသည်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများ မှာယူတင်သွင်းသော ကုန်များသည် မိမိတို့ မှတ်ပုံတင်ခြင်းကို ချပ်သိမ်းပြီးမှ ရောက်ရှိလာရာ၊ ထိုသို့ ရောက်ရှိပြီးနောက်၊ ရက်သတ္တ ၃ ပတ်အတွင်း အဆိုပါချပ်သိမ်းသော အမိန့်ကို ပယ်ဖျက်သော်လည်း၊ လျှောက်ထားသူများကျူးလွန်သော ပြစ်မှုမှာ ဥပဒေအရ အရေးယူပိုင်သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၃၆။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၁

ရင်ရင်ကုမ္ပဏီ နှင့် ဘဏ္ဍာရေး နှင့် အခွန်တော်ဌာန ဝန်ကြီးပါ ၃။

လျှောက်ထားသူများအတွက်။ ။ဦးစိန်ဟုတ် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများ အတွက်။ ။အစိုးရလွှတ်တော်ရှေ့နေ ဦးဘဖေ လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။လျှောက်ထားသူ ရင်ရင်ကုမ္ပဏီသည် ယခုဤအမှုတွင် အကျုံးဝင်သောအထည်အလိပ်(Dyed Plain Tussore)များကို ပြည်တွင်းသို့တင်သွင်းရန်သွင်းကုန်လိုင်စင်အမှတ် စီ-ကြူ(၅၆-၅၇)[ပီ-အယ်(လ်)၄၈၀] ၀၁/၀၆၇၃၊ တန်ဘိုးငွေ ၄,၃၄၅ ကျပ် ရရှိသည့်အချိန်တွင် မှတ်ပုံတင်ပြီးသောသွင်းကုန် လုပ်ကိုင်သူ တဦးဖြစ်သည်။ မိမိရရှိသော သွင်းကုန် လိုင်စင်မှာ ၁၉၅၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိအတည်ဖြစ်လျက်ရှိရာ၊လျှောက်ထားသူသည်၊ ၁၉၅၆ ခုနှစ်၊အောက်တို ဘာလ ၁၁ ရက်နေ့စွဲပါ အမှာစာဖြင့် ကုန်ပစ္စည်းများကို နိုင်ငံခြားမှ မှာယူခဲ့ပေသည်။ ထိုသို့မှာယူသော ကုန်ပစ္စည်း တန်ဘိုးငွေအတွက် နိုင်ငံတော် ကူးသန်း ရောင်းငယ်ရေး ဘဏ်မှတဆင့်ငွေလွှဲစာတမ်းကို ၁၉၅၆ ခုနှစ်၊ နိုဝင်္ဘာလ ၂၉ ရက်နေ့တွင်ဖွင့်လှစ်ခဲ့သည်။ ငွေလွှဲစာတမ်းတွင်သင်္ဘောတင်ရက်မှာ ၁၉၅၆ ခုနှစ်၊ဒီဇင်္ဘာလ ၃၁ ရက်နေ့တွင်ကုန်ဆုံး သည်ဟု ပါရှိသည်။ မိမိအလိုရှိသောအထည်အလိပ်များကို အိန္ဒိယပြည်၊မဒရပ်(စ်)မြို့ရှိ ကုန်ထုတ်လုပ်သူများထံမှမှာယူရာ၊ ၎င်းကုန်များကို မဒရပ်(စ်)မြို့မှ၁၉၅၇ ခုနှစ်၊မတ်လ ၂၀ ရက်နေ့က တင်ပို့လိုက်ကြောင်း သိရှိရသည်။ လျှောက်ထားသူက ကုန်တန်ဘိုး အတွက် ငွေလွှဲစာတမ်းများဖွင့်လှစ်ပြီးနောက်၊ ၁၉၅၆ ခုနှစ်၊ ဒီဇင်္ဘာလ ၁၅ ရက်နေ့တွင် သက်ဆိုင်ရာ အာဏာပိုင်များက လျှောက်ထားသူ၏ သွင်းကုန် လုပ်ငန်း မှတ်ပုံတင် ခြင်းကို ပယ်ဖျက်လိုက်လေသည်။ ထိုကဲ့သို့ ပယ်ဖျက်ခြင်းကို မိမိ၌ အခွင့် အရေးရှိသည့် အတိုင်း သက်ဆိုင်ရာ အထက် အာဏာပိုင်များထံ အယူခံဝင်ရာ၊ ၁၉၅၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် မှတ်ပုံတင် ပယ်ဖျက်သော အမိန့်ကို အဆိုပါ အာဏာပိုင်များက ရုပ်သိမ်းလိုက်ပြီးဖြစ်၍ လျှောက်ထားသူများမှာ ယခင်ကကဲ့သို့ မှတ်ပုံတင် အမှတ် ဘီ-၂၂၀၄ ကိုအသုံးပြု၍ ကုန်ပစ္စည်းများတင်သွင်းရန် အခွင့်အရေးများ ပြန်လည် ရရှိခဲ့သည်။ လျှောက်ထားသူများက အိန္ဒိယပြည်မှ မှာယူသော ကုန်ပစ္စည်းများမှာ ရန်ကုန်မြို့သို့ ၁၉၅၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရောက်ရှိလာခြင်းမှာ၊ မိမိတို့အား သွင်းကုန်လုပ်ငန်းမှတ်ပုံတင်ခြင်းကိုပယ်ဖျက်ပြီးမှရောက်ရှိလာခြင်းကြောင့်ဘဏ္ဍာတော် မင်းကြီးက ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့စွဲပါ သွင်းကုန် ထုတ်ကုန်ပိုင်ရှင်များ၏ သွင်းကုန်ထုတ်ကုန်ယာယီကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃(၁)အရ၊ တားမြစ်ခြင်းကို ချိုးဖေါက်ကျူးလွန်သည်ဟုယူဆ၍ ပင်လယ် ရေကြောင်းအကောက်တော်အက်ဥပဒေ

ပုဒ်မ ၁၉ နှင့် ၁၆၇ (ဂ) အရ၊ တိုက်ရိုက် ဒဏ်ငွေ ၄,၃၀၀ ကျပ် ပေးဆောင်စေရန် အကောက်တော် မင်းကြီးက ချမှတ်သောအမိန့်ကို အတည်ပြုလိုက်သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွင် ဆက်လက် အရေးဆိုပြန်ရာ အောင်မြင်ခြင်း မရှိသောကြောင့် ဤရုံးတော်တွင် လာရောက်၍ အမှုခေါ် စာချွန်တော်တရပ် လျှောက်ထားခြင်း ဖြစ်သည်။

၁၉၆၁

ရင်ရင်ကုမ္ပဏီ နှင့် ဘဏ္ဍာ ရေးနှင့် အခွန်တော်ဌာန ဝန်ကြီးပါ ၃။

လျှောက်ထားသူများက မိမိတို့ရရှိထားသော သွင်းကုန် လိုင်စင်ကို အသုံးပြု၍၊ အိန္ဒိယပြည်မှ အထည်အလိပ်များမှာယူခြင်းမှာ၊ မှတ်ပုံတင်ပြီးသော သွင်းကုန်လုပ်ငန်း ပိုင်ရှင်များအနေနှင့် မိမိတို့ ရရှိထားသော အခွင့် အရေးကို သုံးစွဲခြင်း ကိစ္စတရပ်သာ ဖြစ်သည်။ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် မှတ်ပုံတင်ပယ်ဖျက်ခြင်း ခံရသော အချိန်တွင်မိမိတို့မှာထားသော ကုန်ပစ္စည်းများကို အိန္ဒိယပြည်၊ မဒရပ် (စ်) မြို့မှ တင်ပို့ခြင်းမပြုရသေးချေ။ ကုန်များတင်ပို့သောနေ့မှာ ၁၉၅၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ ဖြစ်သည်။ ထိုအချိန်အခါတွင် လျှောက်ထားသူများက မှတ်ပုံတင် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ အယူခံငင်သောကိစ္စမှာမပြီးပြတ်သေးချေ။ ငွေလွှဲစာတွင်သဘော်ဘင်ရက်မှာ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ဖြစ် သော်လည်း၊ မှတ်ပုံတင် ပယ်ဖျက်ခြင်း ခံရခြင်းကြောင့် သဘော်ဘင်ရက်ကို ဆိုင်းငံ့ ထားရန် လျှောက်ထားခွင့် မရခဲ့ချေ။ ကုန်တင်ပို့သူများထံ ကုန်တင်ပို့ခြင်းကို အယူခံ ကိစ္စပြီးစီးသည့်တိုင်အောင် ဆိုင်းငံ့ထားရန် အမှာစာများကိုလည်း မပို့ခဲ့ချေ။ သို့သော်လည်း ကုန်ပစ္စည်းများပို့သည့်နေ့ရက်မှာ သွင်းကုန် လိုင်စင်၏ သက်တမ်း မကုန်မီ ၁၁ ရက်ဖြစ်၍ လိုင်စင်တွင် သတ်မှတ်ခွင့်ပြုထားသော အချိန်အတွင်းတွင် ကုန်များ ရောက်ရှိလာလေသည်။ ကုန်များ ရောက်ရှိပြီး ရက်သတ္တ ၃ ပတ် အတွင်းတွင် လျှောက်ထားသူများ၏ မှတ်ပုံတင်ခြင်းကို ပယ်ဖျက်သော အမိန့်ကို အထက် အာဏာပိုင် များက ရုပ်သိမ်း လိုက်သည်။

အထက်ဖော်ပြပါ အကြောင်း အချက် များကို ထောက်ချင့်သော် လျှောက်ထားသူများမှာ မိမိတို့အား ခွင့်ပြုထားသော သွင်းကုန်လိုင်စင်တွင် သတ်မှတ်ထားရှိသော ကာလအပိုင်းအခြားအတွင်းတွင် ကုန်များကို မှာယူတင်သွင်းခြင်း ပြုခဲ့သည်ဖြစ်၍ အဆိုပါ ကုန်ပစ္စည်းများမှာ မှတ်ပုံတင်ခြင်းကို ရုပ်သိမ်းပြီးမှ ရောက်ရှိလာသော်လည်း၊ ထိုရုပ်သိမ်းသော အမိန့်ကို ကုန်ပစ္စည်းများ ရောက်ရှိပြီးနောက်၊ ရက်သတ္တ ၃ ပတ် အတွင်း ပယ်ဖျက်ခြင်းကြောင့် လျှောက်ထားသူများ ကျူးလွန်သော ပြစ်မှုမှာ ဥပဒေအရ အရေးယူ ပိုင်သော်လည်း၊ လေးလံသော ပြစ်ဒဏ်ပေးထိုက်သည့် ကျူးလွန်ခြင်း တရုပ်မဟုတ်ဟု ယူဆသင့်ပေသည်။

၁၉၆၀

ရင်ရင်ကုမ္ပဏီ နှင့် ဘဏ္ဍာရေး နှင့် အခွန်တော်ဌာန ဝန်ကြီးပါ ၃။

သို့အတွက်ကြောင့်၊ လျှောက်ထားသူများအပေါ် တွင်ပြစ်ဒဏ်ပေးထားခြင်းနှင့် စပ်လျဉ်း၍ မည်သို့မျှ ငင်ရောက် စွက်ဖက်ခြင်း မပြုလိုသော်လည်း၊ ၎င်းတို့အပေါ် တွင် ချမှတ်ထားသော ပြစ်ဒဏ်ကို သက်ဆိုင်ရာ အာဏာပိုင်များက လျော့ပေါ့ စဉ်းစားသင့်ကြောင်းကို မှတ်တမ်းတင် လိုက်မည်။ လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်ဖျက်လိုက်သည်။

တရားလွှတ်တော်ချုပ်

ဦးကျင်ဟုတ် (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး ပါ ၃ (လျှောက်ထားခံရသူများ)*

† ၁၉၆၁
ဇွန်လ ၁၆ ရက်။

နိုင်ငံခြားမှမှာသောစက်ပစ္စည်းနှင့်ရောက်ရှိလာသောစက်ပစ္စည်း အဆင်နှင့် တန်ဘိုးမတူသည့်ကိစ္စ။ မရှိုးသား မဖြောင့်မတ်သောစိတ်ထားနှင့် ပြုလုပ်ခြင်းနှင့်မှားယွင်းသူနှင့် ကုန်ပို့သူ ပူးပေါင်း ဆောင်ရွက်ခြင်းဟု မယူဆနိုင်သည့်အချက်။

လျှောက်ထားသူသည်၊ မိမိ၏ ရေကြောင်း သယ်ယူရေး၊ စီးပွါးရေး လုပ်ငန်းတွင် အသုံးပြုရန် အတွက်၊ ဒီဇယ်ရေကြောင်း စက်ငါးလုံးနှင့် လိုအပ်သော ပစ္စည်းများကို သင်းကုန် လိုင်စင်ဖြင့် ဟောင်ကောင်မြို့မှ မှာယူရာ၊ အဆိုပါ ပစ္စည်းများ ရောက်ရှိ၍ ရန်ကုန်ဆိပ်ကမ်းတွင် အကောက်တော် အရာရှိများက ဖွင့်လှစ်စစ်ဆေး ကြည့်ရှုသောအခါ၊ သက်ဆိုင်သော စာရွက် စာတမ်းများတွင် ဖေါ်ပြထားသော သဘော်စက်များမဟုတ်ဘဲ၊ တခြား အမေရိကန် စက်များမှ အစိတ်အပိုင်းများကို အသုံးပြု၍ တပ်ဆင်ထားသော စက်ဟောင်းများဖြစ်ပြီးလျှင် ကုန်မှာ စာရင်းတွင် ပါရှိသော အင်္ဂလိပ် တိုင်းပြည်တွင် ပြုလုပ်သည့် စက်များမဟုတ်ကြောင်း တွေ့ရှိသည့်အပြင်၊ လျှောက်ထားသူက ကုန်ပို့ သူများထံ ပေးပို့ထားသော နိုင်ငံခြားငွေ၏ ၃ လောက်မျှ တန်သော ပစ္စည်းများဖြစ်ကြောင်း တွေ့ရှိ ရသည့်အတွက်၊ နိုင်ငံခြားငွေပို့မှုရှိနိုင်ငံခြားသို့ပေးပို့လိုသောကြောင့် စက်ဟောင်းများကို မှာယူပြီး အင်္ဂလိပ်ပြည်လုပ် သဘော်စက်အသစ်များ၏ တန်ဘိုးများကို လိမ်လည်ပေးပို့သည်ဟု ယူဆ၍ လျှောက်ထားသူ အပေါ် တွင် ဒဏ်ငွေ ၅၉,၀၀၀ ကျပ် အကောက်ဘော် မင်းကြီးက အမိန့်ချမှတ်လေသည်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည်၊ မိမိထံရရှိထားသော ကုန်တင်စာရင်းများတွင် ပါရှိသည့်အတိုင်း၊ ကုန်စာရင်းပြုလုပ်၍ အကောက်တော်ဌာနသို့တင်သွင်းခြင်းမှာ မရိုးသား မဖြောင့်မတ်သော စိတ်ထားနှင့် ပြုလုပ်ခြင်းမဟုတ်ဟု ယူဆသင့်သည်၊ ရောက်ရှိလာသော ကုန်ပစ္စည်းများမှာ မိမိမှာယူသော ကုန်ပစ္စည်းများနှင့်အဆင်မတူ၊ တန်ဘိုးမတူဟူသော ကိစ္စသည်ကား၊ ကုန်မှာယူသော လျှောက်ထားသူနှင့် ကုန်ပို့သော ဟောင်ကောင်မြို့ရှိ ကုမ္ပဏီတို့၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့်

---

* ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲ့လျှောက်လွှာအမှတ် ၁၀၆။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများ ဖြစ်ကြသော ဦးဘိုကြီးနှင့်ဦးအောင် သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီးဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၁

ဦးကျင်ဟုတ် နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီး ပါ ၃။

ဖြစ်သည်ဟု ယူဆစရာအကြောင်းမည်သို့မျှမရှိခဲ့။ ။သလွာဝဘီကုမ္ပဏီ လိမ်တက်နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး ပါ ၂။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ (တရားလွှတ်တော်ချုပ်) စာမျက်နှာ ၁၃၆ ကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးခင်မောင်လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများ အာဏာက်။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးဘဖေ လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။လျှောက်ထားသူ၊ ရန်ကုန်မြို့ ၃၇ လမ်း၊ အမှတ် ၂၀၂ နေ ရေယာဉ်ပိုင်နှင် ဦးကျင်ဟုတ် အပေါ်တွင်၊ ပင်လယ်ရေကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) နှင့် (၃၇) အရ၊ အရေးယူပြီး၊ တိုက်ရိုက် ဒဏ်ငွေ ၅၉,၀၀၀ ကျပ် ပေးဆောင်စေဟု ချမှတ်ထားသော အဒကာက်တော် မင်းကြီး၏ အမိန့်ကို သက်ဆိုင်ရာ အာဏာပိုင်များထံ ဝင်ရောက် အရေးဆိုရာ၌ မအောင်မြင်၍ ဤရုံးတော်တွင် အမှုခေါ် စာချုန်တော် တရပ် လျှောက်ထားသောကိစ္စ ဖြစ်သည်။

အမှုတွင် ပေါ်လွင်သော အကြောင်း အချက်များကား၊ အဆိုပါ ဦးကျင်ဟုတ်သည်၊ မိမိ၏ ရေကြောင်း သယ်ယူရေး၊ စီးပွါးရေး လုပ်ငန်းတွင် အသုံးပြုရန်အတွက် ဒီဇယ် ရေကြောင်းစက် ငါးလုံးနှင့် လိုအပ်သော ပစ္စည်းများကို သွင်းကုန်လိုင်စင်ဖြင့် နိုင်ငံခြားမှ မှာယူရန် သွင်းကုန် လိုင်စင် အမှတ် စီ၊ ဇက် (၅၇-၅၈) ဓဂ/၀၂၂၃ ကို၊ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ဂ ရက်နေ့စွဲဖြင့် တန်ဘိုးငွေ ၇၄,၀၀၀ ကျပ်အတွက် ရရှိခဲ့သည်။ ထိုသို့ သွင်းကုန် လိုင်စင် ရရှိပြီးနောက်၊ ဟောင်ကောင်မြို့ရှိ **Messrs. Hua Lun Enterprise Company** ထံအမှာစာဖြင့် မိမိလိုအပ်သော **Ruston** သင်္ဘောစက် ငါးလုံးနှင့် **Lister** သင်္ဘောစက်တလုံးအပြင်၊ အခြား လိုအပ်သော စက်ကိရိယာအစုံတို့ကို ရနိုင်မည် မရနိုင်မည် စုံစမ်းလေရာ၊ အဆိုပါ ကုမ္ပဏီမှ ပြန်စာတွင် ၎င်းစက်များကို ရနိုင်ကြောင်း စျေးများလည်း သင့်တော်ကြောင်း သိရှိရ၍ ရန်ကုန်မြို့ **Bank of China** မှ တဆင့် လိုအပ်သော ငွေလွှဲစာကို ဟောင်ကောင် ဒေါ်လာ ၈၉,၈၀၀ အတွက် ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်လေသည်။ ထိုကဲ့သို့ မိမိမှာယူသော သင်္ဘောစက်များနှင့် ပစ္စည်းများကို **S.S. Lu Lu** ခေါ် သင်္ဘောဖြင့်ဟောင်ကောင်မြို့မှ ရန်ကုန်မြို့သို့ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်းရောက်ရှိ၍ ကုန်ပို့ စာရင်းနှင့် သင်္ဘောတင် စာရင်းတို့ကို ဒီဇင်ဘာလ ၁၆ ရက်နေ့စွဲဖြင့် ရရှိခဲ့သည်။ အဆိုပါ စက်ကုန် ပစ္စည်းများကို ရန်ကုန် ဆိပ်ကမ်းတွင် အကောက်တော် အရာရှိများက ဖွင့်လှစ် စစ်ဆေးကြည့်ရာ သက်ဆိုင်သော စာရွက် စာတမ်းများတွင် ပေါ်ပြထားသော

၁၉၆၁

ဦးကျင်ဟုတ် နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ရှာနေ ဝန်ကြီး ပါ ၃။

သဘော်ဘက်များ မဟုတ်ဘဲ တခြား အမေရိကန်စက်များမှ အစိတ် အပိုင်းများကို အသုံးပြု၍ တပ်ဆင်ထားသော စက်ဟောင်းများဖြစ်ပြီးလျှင်၊ ကုန်မှာစာတွင် ပါရှိသော အင်္ဂလိပ် တိုင်းပြည်တွင် ပြုလုပ်သည့် စက်များ မဟုတ်ကြောင်း တွေ့ရှိ ရသည်။ ၎င်းစက်များနှင့် စက်ကိရိယာ အားလုံး၏ တန်ဘိုးမှာ၊ လျှောက်ထားသူက ကုန်ပို့သူများထံ ပေးပို့ထားသော နိုင်ငံခြား ငွေ၏ ၃/၄ လောက်မျှသာ တန်သော ပစ္စည်းများ ဖြစ်ကြောင်း ကို တွေ့ရှိရသည့်အတွက်ကြောင့် နိုင်ငံခြား ငွေပို့မှု၌ နိုင်ငံခြားသို့ ပေးပို့လိုသောကြောင့် စက်ဟောင်းများကိုမှာယူပြီး၊ အင်္ဂလိပ်ပြည်လုပ်သဘော်ဘက်အသစ်များ၏တန်ဘိုးများ ကို လိမ်လည် ပေးပို့သည်ဟု ယူဆ၍ လျှောက်ထားသူအပေါ်တွင် အထက်ဖေါ်ပြပါ အတိုင်း ဒဏ်ငွေ ၅၉,၀၀၀ ကျပ် ပေးဆောင်စေရန် အကောက်တော် မင်းကြီးက အမိန့် ချမှတ်လေသည်။

လျှောက်ထားသူမှာ ရန်ကုန်မြို့တွင် အောင်ဇေယျခေါ် မော်တော် သဘော်ပိုင်ရှင် တဦးဖြစ်၍၊ အစိုးရဌာန နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့အတွက် ဆန်စပါးများကို သယ်ယူ တင်ပို့နေသူ တဦးဖြစ်သည်။ မိမိ၏ စီးပွါးရေးအတွက် ရေယာဉ်များတွင် သုံးစွဲလိုသော ရေယာဉ်စက်များအလိုရှိ၍ လိုအပ်သော သွင်းကုန် လိုင်စင်ကို ၎င်းက ရရှိထားသူဖြစ်သည်။ မိမိစီးပွါးရေးအတွက် လိုအပ်သော စက်ပစ္စည်း များကို ဝယ်ယူလိုရာ၌ ဈေးအပေါဆုံးနှင့် ရနိုင်သောအနီးဆုံးနိုင်ငံခြားမြို့မှာ ဟောင် ကောင်မြို့ ဖြစ်ကြောင်းကိုအများအသိပင်ဖြစ်သည်။ ၎င်းမြို့တွင် ရှိသော ကုမ္ပဏီတခုနှင့် ဆက်သွယ်၍ မိမိလိုအပ်သော စက်များကို ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ဂ ရက်နေ့က စုံစမ်းသည့်အနေဖြင့် စာတစောင် ပေးပို့ခြင်းမှာ စီးပွါးရေးသူ တဦးအနေနှင့် ရိုးသားစွာ ပြုလုပ်သင့်သော ပြုမူချက် တရပ် ဖြစ်ချေသည်။ Ruston စက်ငါးလုံးနှင့် Lister စက်တလုံးအပြင်၊ အင်္ဂလိပ်ပြည်ဖြစ် အခြားအရံ ပစ္စည်းများကို မှာယူခြင်းမှာလည်း၊ မိမိထံ ကုန်ပို့လိုသူများထံမှ ရောက်ရှိသောစာများတွင် ဖေါ်ပြပါရှိသော ကုန်အမျိုး အစားများကို ဖေါ်ပြခြင်းမျှသာ ဖြစ်သည်။ ကုန်ပို့လိုသူများက တင်ပြသော ဈေးနှုန်း များမှာ ရန်ကုန်မြို့တွင် ရှိသော ကိုယ်စားလှယ်များထံမှ ရနိုင်သော ပေါက်ဈေးနှုန်း ထက်လျော့နည်းသည်ဖြစ်၍၊ ထိုကုန်ပစ္စည်းများကို မှာယူခြင်းမှာ မည်သို့မျှ အပြစ်ဆို စရာ မရှိချေ။ ထိုကုန်ပစ္စည်းများ မှာယူသည့်ကိစ္စမှအပ လျှောက်ထားသူနှင့် ဟောင် ကောင်မြို့ရှိ ၎င်းအား စက်ကိရိယာများ တင်ပို့သူများနှင့် စီးပွါးရေးအားဖြင့် မည်သို့မျှ အဆက်အသွယ်ရှိလိမ့်မည်ဟု တွေးတောစရာအကြောင်း မရှိချေ။ ထိုကဲ့သို့ အဆက် အသွယ် ရှိလိမ့်မည်ဟု တွေးတောစရာ အကြောင်း မဲ့ခြင်းကြောင့်၊ စက်ကိရိယာများ မှာယူသော ကိစ္စ၌ ရိုးရိုးသားသား မှာယူသော ကိစ္စသာဖြစ်သည်ဟု ယူဆသင့်သည်။ ကုန်များ ရန်ကုန်မြို့သို့ S.S. Lu Lu ခေါ် သဘော်နှင့် ရောက်ရှိလာပြီးမှ၊ မိမိထံ

၁၉၆၁

ဦးကျင်ဟုတ် နှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီး ပါ ၃။

ရရှိထားသော ကုန်တင် စာရင်းများတွင် ပါရှိသည့်အတိုင်း၊ ကုန်စာရင်းပြုလုပ်၍၊ အကောက်တော် ဌာနသို့ တင်သွင်းခြင်းမှာ မရိုးသား မဖြောင့်မတ်သော စိတ်ထားနှင့် ပြုလုပ်ခြင်း မဟုတ်ဟု ယူဆသင့်သည်။ ရောက်ရှိလာသော ကုန်ပစ္စည်းများမှာ မိမိမှာ ယူသော ကုန်ပစ္စည်းများနှင့် အဆင်မတူ၊ တန်ဘိုး မတူသော ကိစ္စသည်ကား ကုန်မှာယူသော လျှောက်ထားသူနှင့် ကုန်ပို့သော ဟောင်ကောင်မြို့ရှိ ကုမ္ပဏီတို့၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ဖြစ်သည်ဟု ယူဆစရာ အကြောင်း မည်သို့မျှ မရှိချေ။ ၎င်းကိစ္စတွင် လျှောက်ထားသူ၌ လုံးဝတာဝန် ကင်းမဲ့သည်ဟုသာလျှင် စာရွက် စာတမ်း များတွင် ပေါ် ပေါက်သော အကြောင်း အချက်များကို ထောက်ထား၍ ယူဆဘွယ်ရာ ရှိသည်။ သို့အတွက်ကြောင့် ထိုသို့ အပြစ်ကင်းမဲ့သော သူတဦးအပေါ် တွင် ပင်လယ် ရေကြောင်း အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၈ (၈) နှင့် (၃၇) အရ၊ အပြစ်ပေး ခြင်းမှာ မသင့်တော်ဟု ယူဆသည်။

၁၉၅၉ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာ အမှတ် ၉၈၊ သလ္လာဝတီ ကုမ္ပဏီ လီမိတက်နှင့် ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီး ပါ ၂ တို့အမှုတွင် အလားတူ ကိန်းမျိုး တရပ်ပေါ် ပေါက်၍ လျှောက်ထားသူများ အပေါ် တွင် သက်သာခွင့် ပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ အကောက်တော် မင်းကြီး၏ အမိန့်ကိုငင်း၊ ဘဏ္ဍာတော် မင်းကြီး၏ အမိန့်ကိုငင်း၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး၏ အမိန့်ကိုငင်း ပယ်ဖျက်လိုက်သည်။

(1959) B.L.R. (S.C.) 136.

တရားလွှတ်တော်ချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် (အယူခံတရားလို) †၁၉၆၁
နှင့် မေလ ၁၂ ရက်။
ဦးတင်အောင် (အယူခံတရားခံ) *

ကလေးသူငယ်များ အက်ဥပဒေ၊ ၁၉၅၅ ခုနှစ်၊ ရည်ရွယ်ချက် အတည်မဖြစ်သေးသော အရပ်တွင် ဖြစ်ပွါးသည့်အမှုနှင့် ပတ်သက်၍ သတင်းစာတွင် ဖေါ်ပြမှုကို၊ ရန်ကုန်ခရိုင် ကလေးသူငယ် တရားရုံး၏ စီရင်ပိုင်ခွင့်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၄၊ အယူခံခွင့်မရှိသော အယူခံမှုကို လက်ခံစစ်ဆေးခြင်း။

မြိတ်မြို့တွင် ဘိုးသောကြာ (ခေါ်) သိန်းတင် ဆိုသူအပေါ်၌ အရွယ်မရောက်သူ မိန်းကလေး တဦးအား၊ အမေမမှန်မိန်းမှကျင့်ကြောင်းဖြင့် ရဲဌာနမှ ဖမ်းဆီး အရေးယူနေစဉ်၊ အယူခံတရားခံ ဦးတင်အောင်ထုတ်ခဝေသော ခေတ်သစ္စာသတင်းစာတွင်၊ ထိုမိန်းကလေး၏ အမည်၊ နေရပ် စသည်တို့ကို ဖေါ်ပြဆားသည်ကို တွေ့ရှိရသောကြောင့်၊ အယူခံ တရားခံ အပေါ်၌ ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၂၀/၁၇ အရ၊ တရားစွဲဆိုရာ၊ ရန်ကုန်ခရိုင် ကလေးသူငယ်တရားရုံး၊ အထူးတရားသူကြီးက၊ အမှုကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၆၀ အရ၊ အကျဉ်းနည်းဖြင့် စစ်ဆေးပြီးလျှင် အယူခံ တရားလိုအား ဒဏ်ငွေ ၁၅၀ ကျပ် ပေးဆောင်စေရန်၊ သို့မဟုတ် အလုပ်မရှိ ထောင်ဒဏ် ၄ လ ကျခံစေရန် ချမှတ်သည့်အမိန့်ကို တရားလွှတ်တော်သို့ အယူခံဝင်ရာ တရားလွှတ်တော်က မြိတ်ခရိုင်တွင် ကလေးသူငယ်များ အက်ဥပဒေ အတည်မပြုရသေးသည်ကို၊ အကြောင်းပြု၍ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြဋ္ဌာန်း ချမှတ်ခြင်းတို့ကို ပယ်ဖျက်လိုက်လေသည်။

ဆုံးဖြတ်ချက်။ ။၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ၊ ကလေးသူငယ်အားလုံးတို့၏ အနာဂတ်ရေးကို ရှေ့ရှု၍ ၎င်းတို့အပေါ် ကျရောက်ကက်သည့် ဘေးအန္တရာယ်များမှ ကာကွယ်ရန်အတွက် ပြဋ္ဌာန်းထားဟန် လက္ခဏာရှိသဖြင့်၊ မြိတ်ခရိုင်တွင် ထိုအက်ဥပဒေ အတည်မဖြစ်သေးခဲ့မှုဖြင့် သတင်းစာထုတ်ဝေသော ရန်ကုန်ခရိုင်အတွင်းရှိ ကလေးသူငယ်များ တရားရုံးက အယူခံတရားခံအပေါ်၌ အရေး မယူနိုင်ဟု မဆိုနိုင်ပေ။

အမှုကို ဥပဒေအရ၊ အကျဉ်းနည်းဖြင့်စစ်ဆေးဆုံးဖြတ်ရာတွင် ဒဏ်ငွေ ကျပ် ၂၀၀ ထက်မပိုသော ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အယူခံ ခွင့်မရှိစေရဟု ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၄ က ပြဋ္ဌာန်းထားလေရာ၊ တရားလွှတ်တော်က ၎င်းအယူခံမှုကို လက်ခံစစ်ဆေးသည်မှာ အာဏာမရှိဘဲ လက်ခံ စစ်ဆေးခြင်း ဖြစ်သည်။

---

* ၁၉၆၁ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၁။

† နိုင်ငံတော်တရားဝန်ကြီးများဖြစ်သော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့်ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဦးတင်အောင်။

အယူခံတရားလိုအတွက်။ ။အစိုးရ လွှတ်ဘော်ချေနေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။မည်သူမျှမလာ။

တရားဝန်ကြီး ဦးဘိုကြီး။ ။၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့၌ မြိတ်မြို့တွင်၊ ဘိုးသောကြာ (ခေါ်) သိန်းတင် ဆိုသူအပေါ်၌၊ အရွယ်မရောက်သူ မိန်းကလေးတဦးအား၊ အမေမူဒိမ်းပြုကျင့်ကြောင်းဖြင့် ရဲဌာနာမှ ဖမ်းဆီး အရေးယူနေစဉ်၊ ယခု အယူခံ တရားခံ ဦးတင်အောင် ထုတ်ဝေသော ခေတ်သစ္စာ သတင်းစာတွင်၊ ထိုမိန်းကလေး၏ အမည်၊ နေရပ် စသည့်တို့ကို ဖေါ်ပြထားသည်ကို တွေ့ရှိရသောကြောင့်၊ အယူခံ တရားခံ အပေါ်၌ ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၂၀/၁၇ အရတရားစွဲဆိုရာ၊ ရန်ကုန်ခရိုင် ကလေးသူငယ်တရားရုံး၊ အထူးတရားသူကြီးက ထို အက်ဥပဒေပုဒ်မ ၂၀/၁၇ အရ ပြစ်မှုထင်ရှား စီရင်ပြီး ဒဏ်ငွေ ၁၅၀ ကျပ် ပေးဆောင်စေရန်၊ သို့တည်းမဟုတ် အလုပ်မရှိ ထောင်ဒဏ် ၄ လ ကျခံစေရန် အမိန့်ချမှတ် လိုက်သည်။ ဦးတင်အောင် က ဒဏ်ငွေဆောင်ပြီးလျှင်၊ တရားလွှတ်တော်သို့ အယူခံဝင်ရာ တရားလွှတ်တော်က မြိတ်ခရိုင်တွင် ကလေးသူငယ်များ အက်ဥပဒေ အတည် မပြုရသေးသည်ကို အကြောင်းပြု၍ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ် ချမှတ်ခြင်းတို့ကို ပယ်ဖျက်လိုက်လေသည်။ တရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်ရန်အတွက် နိုင်ငံတော် အစိုးရက၊ ယခုအယူခံဝင်ရောက်ခြင်းဖြစ်သည်။

အယူခံတရားခံ ဦးတင်အောင်သည်၊ ဤရုံးတော်က ထုတ်ဆင့်သော နို့တစ်စာကို ရရှိသော်လည်း ဤရုံးတော်သို့ လာရောက် ချေပခြင်း မပြုချေ။ သို့ဖြစ်၍ ၎င်းအပေါ်၌ ဤအယူခံမှုကို တဘက်သတ်ကြားနာခဲ့ရသည်။

ဤအမှုတွင် အဖြစ်အပျက်များနှင့် စပ်လျဉ်း၍၊ အငြင်း မပွါးခဲ့ချေ။ ထို့ပြင်လည်း၊ ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေသည် ရန်ကုန်၊ အင်းစိန်၊ ဟံသာဝတီခရိုင်တွင်သာလျှင်၊ အတည်ပြုပြီး သည်ဖြစ်၍ မြိတ်ခရိုင်၌ အတည် မပြုရသေးသည်ကိုလည်း ပညာရှိအစိုးရ ရှေ့နေကြီးက ဝန်ခံ၏။

ဤအမှု အဖြစ်အပျက်များနှင့် သက်ဆိုင်သမျှသော ကလေး သူငယ်များ အက်ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါအတိုင်း ဖြစ်သည်။

> "ကလေးသူငယ် ကျူးလွန်သည်ဟု စွပ်စွဲသည့် ပြစ်မှုနှင့်၊ သို့တည်းမဟုတ် ကလေးသူငယ်အပေါ် ကျူးလွန်သည်ဟု စွပ်စွဲသည့်ပြစ်မှုနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ကလေးသူငယ် ပါဝင်သည့် အမှုတခုခုကို ရဲအရာရှိ စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အခွင့်အာဏာရ တရားရုံးတွင် ပြဿနာတခုခုမှ

ပေါ်ပေါက်လာသည့် ကလေးသူငယ်နှင့် ပတ်သက်သော အမှုအခင်းနှင့် စပ်လျဉ်း၍ဖြစ်စေ—

၁၉၆၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဦးတင်အောင်။

(က) မည်သည့်သတင်းစာ၊ သို့တည်းမဟုတ် မဂ္ဂဇင်း၊ သို့တည်းမဟုတ် သတင်းလွှာတွင်မှ ထိုပြစ်မှုနှင့်သော်၎င်း၊ ထိုစုံစမ်း စစ်ဆေးခြင်းနှင့်သော်၎င်း၊ ထိုအမှုအခင်းနှင့် သော်၎င်း သက်ဆိုင်သောကလေးသူငယ်၏၊ သို့တည်းမဟုတ် ထိုအမှုအခင်း၌ သက်သေအဖြစ်ပါဝင်သော ကလေးသူငယ်၏ အမည်၊ နေရပ်၊ သို့တည်းမဟုတ် ကျောင်းကိုဖြစ်စေ၊ ထိုကလေးသူငယ် မည်သူဖြစ်ကြောင်း သိသာစေနိုင်သော အခြား အကြောင်းအရာ တခုခုကို ဖြစ်စေ၊ ထည့်သွင်းဖော်ပြခြင်း မပြုရ။"

တရားလွှတ်တော်က "ကလေးသူငယ်" ဆိုသည်မှာ ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၂၀ နှင့် စပ်လျဉ်း၍ ထိုအက်ဥပဒေ အတည်ပြုပြီးဖြစ်သော ခရိုင်တွင်းသော်၎င်း၊ အတည်မပြုရသေးသော ခရိုင်တွင်းသော်၎င်း နေထိုင်ကြသော ကလေးအားလုံး ပါဝင်သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိသောကြောင့်၊ ထိုအက်ဥပဒေ အတည် မပြုရသေးသော မြို့တော် ခရိုင်အတွင်းနေထိုင်သော ကလေး သူငယ်အကြောင်းကို အသေးစိတ် ဖော်ပြရုံမျှနှင့် အယူခံ တရားခံအား အပြစ်မပေးနိုင်ဟု ယူဆလေသည်။ ထိုအက်ဥပဒေ ပုဒ်မ ၂ (ခ) တွင် "ကလေးသူငယ်" ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသော သူကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားလေသည်။ ထိုကလေးသူငယ်၏ နေရပ် စသည့်တို့ကို ဖော်ပြထားခြင်း မပြုပေ။ ထို့ပြင်လည်း ထိုအက်ဥပဒေ ပုဒ်မ ၂၀ အရ၊ မည်သည့် သတင်းစာ၊ သို့တည်းမဟုတ် မဂ္ဂဇင်း၊ သို့တည်းမဟုတ် သတင်းလွှာတွင်မှ အမှုအခင်းနှင့် သက်ဆိုင်သည့် ကလေးသူငယ်၏ အမည်၊ နေရပ် စသည်တို့ကို ထည့်သွင်း ဖော်ပြခြင်း မပြုရဟု ပြဋ္ဌာန်းထားလေသည်။ ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ကလေးသူငယ် အားလုံးတို့၏ အနာဂတ် ရေးကို ရှေးရှုလျှက် ၎င်းတို့အပေါ် ကျရောက်တတ်သည့် ဘေးအန္တရာယ်များမှ ကာကွယ်ရန်အတွက် ပြဋ္ဌာန်းထားဟန် လက္ခဏာရှိသည်။ ထိုအက်ဥပဒေကို နိုင်ငံတော် သမတကအရပ်ဒေသများကိုပိုင်းခြားပြီးနေ့ရက်များ ကိုခွဲခြားချသတ်မှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အကြောင်းရင်းမှာ၊ ကလေးသူငယ်များ နေရေး၊ထိုင်ရေး၊ ပညာသင်ကြားရေး စသည့် အစီအရင်များ မပြည့်စုံသေးသော အရပ် ဒေသများ၌ ထိုအက်ဥပဒေကို အတည်မပြုသေးဘဲ ထားရှိရန် ဖြစ်ဟန်တူသည်။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ကလေးသူငယ်များ အက်ဥပဒေ၏ အဓိက ရည်ရွယ်ချက်မှာ ကလေး သူငယ်များ၏ ကောင်းကျိုးအတွက်ဖြစ်သဖြင့်၊ မြို့တော်ခရိုင်တွင်

၁၉၆၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဦးတင်အောင်။

ထိုအက်ဥပဒေ အတည်မဖြစ်သေးရုံမျှဖြင့် သတင်းစာ ထုတ်ဝေသော ရန်ကုန်ခရိုင်တွင်းရှိ ကလေးသူငယ်များ တရားရုံးက အယူခံ တရားခံ အဖေါ်၌ အရေးမယူနိုင်ဟု မဆိုနိုင်ပေ။

ထို့ပြင်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ကလေးသူငယ်အားလုံးကို ကာကွယ်ရန် အတွက် ပြဋ္ဌာန်းထားသော ပုဒ်မ ၂၀ ပါ ဥပဒေကို အချို့သော ကလေးသူငယ်များအတွက်သာ အသုံးပြုပြီး၊ အချို့သော ကလေးသူငယ်များအတွက် အသုံးမပြုလျှင်၊ ကလေးသူငယ်များ အက်ဥပဒေ၏ ရည်ရွယ်ချက်နှင့်ငင်း၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေအပိုဒ် ၁၃ ပါ ရည်ရွယ်ချက်နှင့်ငင်း ဆန့်ကျင်မည်ဖြစ်သည်။

သို့ဖြစ်၍ အယူခံ တရားခံသည် ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၂၀ အရ အပြစ်ရှိသည်ဟု ယူဆရ ပေမည်။

ထိုမှတပါးလည်း၊ ထိုအက်ဥပဒေ ပုဒ်မ ၈၇ အရ ပြစ်မှု ထင်ရှား စီရင်သောအခါ တရားခံအား ကျပ် ၅၀၀ အထိ ငွေဒဏ်ကိုသာ စီရင်ခြင်း ခံထိုက်စေရမည်ဖြစ် သဖြင့်၊ မူလတရားရုံးသည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၆၀ အရ အကျဉ်းနည်းဖြင့် စစ်ဆေး ဆုံးဖြတ်ရန် အာဏာရှိသည့်အတိုင်း၊ အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေး ဆုံးဖြတ်ခဲ့လေသည်။ ထိုသို့ စစ်ဆေး ဆုံးဖြတ်ရာတွင် ဒဏ်ငွေ ကျပ် ၂၀၀ ထက်မပိုသော ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အယူခံခွင့် မရှိစေရဟု ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၄ က ပြဋ္ဌာန်းထားလေသည်။ ယင်းသို့ ဖြစ်၍ တရားလွှတ်တော်က ယခု အယူခံတရားခံ ဦးတင်အောင်၏ အယူခံမှုကို လက်ခံစစ်ဆေးသည်မှာ အာဏာမရှိဘဲ လက်ခံ စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် တရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင်၊ အယူခံ တရားခံအား၊ ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၂၀/၈၇ အရ၊ ပြစ်မှု ထင်ရှား စီရင်ပြီးလျှင် ဒဏ်ငွေ ၁၅၀ ကျပ် ပေးဆောင်စေရန်၊ သို့တည်းမဟုတ် အလုပ်မရှိ ထောင်ဒဏ် ၂ လ ကျခံစေရန် အမိန့် ချမှတ်လိုက်သည်။

SUPREME COURT.

A. S. DORAIRAJ THEVAR AND ONE (APPELLANTS)

v.

ABDUL ODUD MOLLAH AND SIX (RESPONDENTS).*

†S.C. 1961

July 10.

Legal necessity—Test of—What are.

The test of legal necessity is whether there was real need to incur the expenditure involved.

Hanooman Persaud v. *Mst. Babooee*, (1856) *Moores Indian Appeals* 393; Payment of Income-tax is a legal necessity. *Gharib-ullah* v. *Khalak Singh*, 25 All. 407; referred to.

Maintenance of co-parceners and of the members of their families would be legal necessity.

Makundi v. *Sarabsukh*, 6 All. 417; referred to.

Expenses incurred in defending the head of a joint family or any other member, against a criminal charge would be legal necessity.

Beni Ram v. *Man Singh*, 34 All. 4; *Ram Raghubar* v. *Dep Narain*, 45 All. 311; referred to.

Payment to the Indian Independence League was payment that could not be avoided and there was real need to incur this expenditure to save the Kartha and other members of the family from dire consequence.

S. K. N. Aiyar for the appellants.

Aung Min (1) and *G. N. Banerji* for respondents Nos. 1 and 2.

Respondents Nos. 3 to 7 absent.

U MYINT THEIN, C.J.—Nagalingam was the Kartha of the Thevar joint Hindu family, and in such capacity he managed successfully before the war, the business concern of Thevar Brothers which owned lands and buildings, paddy lands, cargo boats and steam launches. They were labour contractors on an extensive scale as well. According to Mr. Fisher, a retired Assistant Commissioner of Income Tax, "Thevar Brothers" was a "First Class Assessee".

* Civil Appeal No. 8 of 1959.

† *Present:* U MYINT THEIN, Chief Justice of the Union, U BO GYI and U AUNG THA GYAW, JJ.

S.C. 1961 — A. S. DORAIRAJ THEVAR AND ONE v. ABDUL ODUD MOLLAH AND SIX.

With the coming of the Japanese, their boats and launches were seized and there was no business to speak of and most of the houses were bombed out. While the income dwindled, there were exactions from the Income Tax authorities and also from the Indian Independence Leauge, an organisation which obtained forced contributions towards the prosecution of the war by the Japanese. There was also the family temple at Kanbe that had to be maintained along with the members of the family, the entourage, and the dependents that a rich person has. The exact number is not clear but undoubtedly it was a substantial number.

There can be no doubt that Nagalingam Thevar, who towards the end of the war, practically spent all his time in the temple, was in financial difficulties and there is no dispute that he made four sales. The first sale was effected on 7th September 1944 for 56,000 Japanese rupees. The second sale was effected on 17th September 1944 for 1,07,800 Japanese rupees. This was in respect of 1,081·29 acres of paddy lands in the Insein District. The third sale was effected on 31st January 1945 for Rs. 35,000 and the fourth on 15th March 1945 for Rs. 55,000. The first, third and fourth sales in respect of broken down buildings and sites in the outskirts of Rangoon and were sold to the minor sons of the first defendant Mollah.

Nagalingam died on 18th December 1950 and with the arrival in Burma of the 1st plaintiff, a co-parcener in the estate, litigation began. In this suit in which the plaintiffs seek to set aside the third and fourth sales, it was averred that Nagalingam had acted in collusion with Mollah to deplete the joint family assets with a view to secrete the same for Nagalingam's exclusive benefit.

However both the lower Courts have found that these two sales were made *bona fide* but while the trial Court found that there was no " legal necessity " for these sales

and decreed the suit, the appellate Court found that there was need for these sales and reversed the decision.

Before us only two points are urged, these being firstly, whether there was any legal necessity for the Kartha of a joint Hindu family to make these alienations, and whether under Hindu Law and under section 38 of the Transfer of Property Act, the alience had made proper enquiries as to the need for these sales. It is conceded however that if there had been legal necessity, then the second question need not be gone into.

> No doubt the content and import of the section are very wide. It applies not only to the actual smuggler from whose possession the goods are seized but also to those who came into possession of the goods after having purchased the same after the same has passed through many hands and agencies. For example, if the Customs authorities have a

(1) A.I.R. (1957) (S.C.) 877.

S.C
1961

1. U TUN AUNG AND ONE, 2. DAW MYA THEIN, 3. MAN SINGH, 4. U KO KO, 5. U THIHA NAUNG AND TWO
v.
THE HON'BLE MINISTER FOR FINANCE & REVENUE AND TWO.

reasonable belief that certain goods are in the possession of an innocent party are smuggled goods and the same is seized under the provisions of this Act, then the person from whose possession the goods are seized, however innocent he may be, has to prove that the goods are not smuggled articles.

"There is no doubt a very heavy and onerous duty cast on an innocent possessor who, for aught one knows, may have *bona fide* paid adequate consideration for the purchase of the articles without knowing that the same has been smuggled. The only pre-requisite for the application of the section is the subjectivity of the Customs Officer in having a reasonable belief that the goods are smuggled."

It will be noticed that the facts prevailing in this case are similar to those in *Rex* v. *Cohen* (1). The conduct of the person in possession was considered to be a crucial factor, and Govinda Menon, J., spoke of the subjectivity of the Customs officers just as Goddard, C.J., thought that Customs officers would use their powers with discretion.

Sewpujanrai Indrasanarai Ltd. v. *Collector of Customs* (2) was a case which had occurred prior to the enactment of section 178-A and the questions raised therein are of no relevance to the cases before us but what is significant is the fact that a formal seizure of gold deposited at the Government Mint at Calcutta was made in accordance with the provisions of the Act, that is to say by means of a search-warrant issued under section 172 by the Chief Presidency Magistrate on application by the Collector of Customs.

We have mentioned that Goddard, C.J., stressed upon the discretion that would be exercised by Customs officers as did Govinda Menon, J., on their subjectivity. In other words, there must be genuine grounds of reasonable belief, that no duty has been paid or that they are prohibited goods. Only when there are reasonable grounds for belief may the Customs Collector seek under section 172, a

(1) (1951) K.B. Vol. 1, 505. (2) A.I.R. (1958) (S.C.) 845.

magisterial warrant. Such issue of a search-warrant would not be automatic for the Magistrate himself would have to consider the propriety of issuing it. Where there is no time to seek a warrant, lest the offender should escape or the goods concealed or destroyed, then the Commissioner of Customs or the Customs Collector may order in writing, a search to be conducted by a Customs officer *vide* section 172-A, a provision inserted in the Sea Customs Act by Act 19 of 1959. These sections have no application to the present cases but it is contended that the seizure was competent under section 178 which reads:

> "Any things liable to confiscation under this Act may be seized in any place, either upon land or water, by any officer of the Customs or other person duly employed for the prevention of smuggling."

The party that conducted the searches at the Safe Deposit vaults consisted of Army officers, officers of the B.S.I. and the police. No Customs officer was present and undoubtedly an Army officer is not one employed for the prevention of smuggling. Nor are B.S.I. and police officers *duly employed* for the purpose, though the latter category, in their efforts to prevent the commission of crimes, may have to deal with smuggling. But even so, they can hardly be said to have been *duly employed* for the purpose. Such being the position section 178 has no application and the seizure of the gold was unwarranted. It is not suggested that there was a search-warrant, and if one had been applied for, a blanket authorization to search all safety vaults in the city of Rangoon in the hope that something incriminating might be found, would have been refused by any Magistrate, for it would be an intrusion of privacy and a violation of fundamental rights.

In *Kyin Sin* v. *the Finance Minister and two others* (1) we upheld an order of confiscation in respect of some 800

(1) (1959) B.L.R. (S.C.) 196.

S.C. 1961

1. U TUN AUNG AND ONE, 2. DAW MYA THEIN, 3. MAN SINGH, 4. U KO KO, 5. U THIHA NAUNG AND TWO v. THE HON'BLE MINISTER FOR FINANCE & REVENUE AND TWO.

watches. But in that case, even if an inapplicable provision of the law had been invoked to obtain a magisterial search-warrant, it was issued on the Collector's averment that he had reasonable belief that dutiable goods were stored in a shop. Furthermore, the fact that the watches seized had only recently been imported was not in dispute. And thus the burden of proof had shifted to the owner and under section 167-A, it was incumbent upon him to show that the watches were legally imported. His case was that he had obtained them from an importer but unfortunately for him the importer was unable to produce the permit, and the Collector rightly held that the burden of proof had not been discharged.

The facts prevailing in the cases before us are different. The search party, not being empowered to deal with the gold that was seized by them, passed it on to the Customs authorities. If possession of gold is prohibited, then immediate action would be understandable. But since anybody can possess gold, the Customs authorities should have carefully considered whether summary action under section 167 (8) would be justifiable and appropriate.

We have carefully perused the relevant proceedings and we note that in every case, the entry in the record was that so much gold was received, followed by an order of a single phrase "ဆက်လက် အရေးယူပါရန်" that is to say, "to continue action." Such action was the issue of cyclostyled notices calling upon the owner to show cause against action being taken.

Presumably the Customs authorities thought that section 178 was applicable but there is nothing in the records to indicate that, before the owners were called upon to show cause or, as it has turned out in these cases, to prove their innocence, anybody arrived at the conclusion that the gold in question was liable to confiscation within the meaning of section 178 as having been imported

contrary to the provisions of Article 8 of section 167 of the Act. The terms of section 178 of the Sea Customs Act are clear. Before the officers designated in the section can exercise the power of seizure conferred by the Act the things to be seized must be " liable to confiscation under this Act ". In the context of the present cases, the gold must be liable to confiscation under the Sea Customs Act. Consequently, the officers seeking to exercise power under section 178 of the Act must have before them evidence showing *prima facie* that the goods in question had been unlawfully imported and were therefore liable to confisication.

In fact, it is only when there is such *prima facie* evidence that the provisions of section 167-A of the Customs Act placing the burden of proof on the person against whom action is being taken will come into operation. This is in consonance with the decision of this Court in *Kantilal Gorhandas Shah* v. *The Assistant Collector of Customs* (1) cited earlier. To hold otherwise would run counter to one of the cardinal principles of criminal jurisprudence that an accused person is presumed to be innocent until he is shown to be guilty. This presumption of innocence is of such paramount importance that if after the conclusion of the trial, a reasonable doubt exists as to the guilt of an accused person, notwithstanding that the burden of proving certain facts has been placed on him by law, he is entitled to the benefit of the doubt.

In these cases there was no *prima facie* evidence at all to warrant a reasonable belief that the gold bars were illegally imported gold. In the circumstances prevailing there was little justification for the opening of proceedings under section 167 (8) and no justification whatsoever for the order of confiscation. If the course of action followed

(1) (1951) B.L.R., (S.C.) 244.

S.C. 1961

1. U TUN AUNG AND ONE, 2. DAW MYA THEIN, 3. MAN SINGH, 4. U KO KO, 5. U THIHA NAUNG AND TWO v. THE HON'BLE MINISTER FOR FINANCE & REVENUE AND TWO.

by the Customs authorities is to be upheld as proper, a gold ring, or even a shirt made of cloth of foreign origin which one wears however lawfully acquired may be seized and the wearer called upon to show cause against confiscation. And since he would not be able to establish that the actual importer had complied with whatever regulations that may exist, the ring, or the shirt would have to be confiscated.

The fact that the gold bars have Chinese characters stamped upon them is of no great significance, for most gold in Burma had come from abroad, and these markings do not establish even *prima facie* that the gold was illegally brought in, because, it is conceded that the flow of such gold bars into Burma was unrestricted prior to 1947 and that in the later years up to 1950, a substantial quantity was imported under permits and sold freely. A Chinese marking on a gold bar merely establishes its origin. So would the mark "Made in China" on a porcelain plate. Beyond that there is no significance.

The law presumes in favour of legality and in the absence of any factor to enable one even to suspect that the gold involved was illegally imported, we cannot endorse the opening of proceedings as justified. Nothing having been established, beyond the fact that gold, the possession of which is not prohibited, was found, there is no shifting of the burden of proof, and the invocation of section 167-A, in the circumstances prevailing in these four cases, was erroneous.

In Civil Miscellaneous Application No. 130 of 1960, the gold involved is 25 bars valued at K 32,062. The owners stated that they had purchased them from time to time from dealers in Rangoon during the years 1950-51. Living as they did in a locality not free from insurgent

activity, they had kept them in a safety deposit vault at Rangoon. Their Bank Account, a statement of which is filed, shows that they are wealthy people and that they are in a position to keep part of their wealth in the form of gold. Considering that the gold was found in a vault, there can be no suggestion that they are black marketeers in gold.

In C.M.A. No. 133 of 1960, the gold is two bars valued at K 3,174. The owner produced the actual sales vouchers at the time her revisional application was heard in the Finance Ministry. The vouchers are dated 12th April, 1948 and 27th October, 1950.

In C.M.A. No. 137 of 1960, the gold is two bars valued at K 3,730. It formed part of the property of a lady who had died. According to her wishes, the proceeds are to be expended on charities but in accordance with the Sikh custom of not dealing with the property of a deceased person until the expiry of one year, the gold was retained in the safe deposit vault, in which it had been deposited prior to the lady's death.

In C.M.A. No. 197 of 1960, the gold involved is six bars valued at K 7,762·50. The owner who is an Advocate and a member of Parliament says that he had purchased them. He was able to produce a sales voucher for two, dated the 14th June, 1951. Confiscation was ordered for all six but in the Ministry he obtained the release of two.

We have emphasised that the circumstances were such that even the opening of the proceedings was unjustified. We have mentioned also that in the circumstances prevailing, there was no shift in the burden of proof and we would now say that the explanation given by the owners are sufficient to show that, in all probability, their gold was not illegally imported.

S.C. 1961

1. U TUN AUNG AND ONE, 2. DAW MYA THEIN, 3. MAN SINGH, 4. U KO KO, 5. U THIHA NAUNG AND TWO v. THE HON'BLE MINISTER FOR FINANCE & REVENUE AND TWO.

For these reasons, the confiscation orders which are impugned in C.M.A. Nos. 130, 133, 157 and 197 of 1960 are hereby quashed, and we direct the restoration of the gold to the applicants.

The events which occurred in Civil Miscellanous Application No. 35 of 1961 were these:—

Acting upon information, an Excise party waited on the 10th July, 1955 at the Thazi gate which is on the trunk road between Rangoon and Mandalay. A Land Rover car was stopped and searched and on the person of U On Pe 30 gold bars wrapped in a piece of cloth and belted round his waist were found. Similarly wrapped round U Soe Maung's waist were 20 bars and on U Thiha Naung were 30 bars. Wrapped in a piece of cloth and placed under the spare tyre were 32-bars, in respect of which U On Pe claimed 15 as his own and U Soe Maung, 17. U On Pe and U Soe Maung stated that they had purchased their gold bars four or five years previous to the seizure while U Thiha Naung stated that his gold was purchased by his father during the Japanese occupation and which he had inherited later. They were on the way to Mandalay to convert them into cash for the purpose of building a cinema hall at Taunggyi which would cost 4 lakhs (*vide* their statements made to the Excise Officer at Meiktila on 10th July 1955).

The gold, 112 bars in all, which bear Chinese markings, together with the car were seized.

We do not know what the actual information was. It may have been merely that gold was being conveyed in a car or it may have been that the Excise party expected opium and found gold instead.

The powers of arrest and seizure under the Excise Act are enumerated under section 54 of the Excise Act which reads as follows:

Powers of arrest and seizure.

"54. Subject to such restrictions as the President of the Union may prescribe, any Excise or Police officer, and any Revenue or Customs officer duly empowered in this behalf, may at any time by day or by night—

(*a*) arrest without any warrant any person found committing an offence punishable under section 30, section 31, section 33, section 34, section 37 or section 38;

(*b*) seize, search and detain any excisable article or other thing or animal which he has reason to believe to be liable to confiscation under this Act or any other law for the time being in force relating to excise-revenue;

(*c*) detain and search any person upon whom he may have reason to suspect any article which is so liable to confiscation to be."

Sub-section (*a*) clearly has no application. Nor can sub-sections (*b*) and (*c*) be applicable since gold is not liable to confiscation under the Excise Act.

The Excise authorities held on to the gold but the Customs authorities in Rangoon who had seen the account of the seizure in the newspapers, knowing full well that the Excise authorities were not authorized to deal with it, asked that the gold be delivered to them. The proper course would have been for the Customs authorities to have it formally seized by means of a search-warrant as was done in *Sewpujanrai's case* (1) where the gold was in the Government Mint. If that had been done, there would at least have been a record of "reasonable belief" which might make the institution of proceedings under section 167 (8) of the Sea Customs Act, regular and proper. However, after repeated reminders the gold was ultimately

(1) A.I.R. (1958) (S.C.) 845.

S.C. 1961

1. U TUN AUNG AND ONE, 2. DAW MYA THEIN, 3. MAN SINGH, 4. U KO KO, 5. U THIHA NAUNG AND TWO v. THE HON'BLE MINISTER FOR FINANCE & REVENUE AND TWO.

delivered to the Customs authorities at Rangoon, who valued the gold at the prevailing market rate and reached at the figure of K 3,90,785·39.

As with the four cases we have dealt with, after the receipt of the gold, the order passed was to continue action. This was followed by a notice which called upon the owners to show cause why action should not be taken against them. It contained the intimation that there was reason to believe that the gold had come from abroad.

We should think that the Chinese markings made that obvious but we note that the notice did not say that there was reason to believe that the gold had been illegally imported. Could there be any reasonable ground for belief that this in fact was the case ?

As against the owners, this may be said. They had come from the Shan States with a substantial quantity of gold part of which they had secreted round their waists and part hidden under the spare tyre. But though the Shan State borders on China, Taunggyi from where they had come is some considerable distance from the actual frontier, and it is not suggested that on this particular trip they had come from the frontier. The possession or sale of gold is not prohibited, nor is its transport within Burma prohibited except to the Arakan Division, *vide* Notification No. 92, dated 23rd September 1947, issued under the Essential Supplies and Services Act. The largeness of the quantity is explained by the fact that they belong to three persons who intended to convert them into cash at Mandalay for the purpose of building a cinema hall at a cost of 4 lakhs at Taunggyi. That they had secreted them on their persons and under the spare wheel is very likely to cope with the hazards of a journey along a road which for some time had been insecure because of lawless elements.

In elaboration of the statements made before the Excise authorities the owners were able to establish that they are

persons of substance and that for reasons of easy concealment and easy conversion, the Shans from time immemorial had kept their savings in gold and gems, and that this method of hoarding wealth continues to this day because there were no Banks in the Shan States until recently. They pointed to the insecurity prevailing in the Shan States by recalling the Karen occupation of Taunggyi in 1949 and the necessity of a Military Administration from 1952 to 1954.

Despite all these considerations the Assistant Commissioner of Customs ordered confiscation with the option to redeem the gold at the valuation made and the car by payment of K 6,000. These orders were confirmed by the Commissioner of Customs, the Financial Commissioner and the Minister of Finance and Revenue respectively. The ground on which the confiscation order is based is solely that the owners were unable to prove that the gold had been legally imported into Burma.

The considerations we have given in quashing the orders in the other four cases must weigh in this case as well. In the first place neither the search for gold nor its seizure was authorized. Secondly there is no record of "reasonable belief" that the gold had got into Burma illegally. Thirdly there is nothing in the way of *prima facie* evidence to show that the gold is "liable to confiscation" and consequently there is no shift of the burden of proof. Furthermore the explanations given are reasonable and worthy of belief.

It will be pertinent to draw attention to a case which relates to the seizure of 37 bars of gold of Chinese and Thai origin seized on the 18th March 1955 at the Mingaladon Airport from a passenger from Kengtung which borders on Thailand. Orders were passed for the confiscation of the gold by the Customs authorities and the then Minister of Finance also confirmed it by his order dated

S.C. 1961

1. U TUN AUNG AND ONE, 2. DAW MYA THEIN, 3. MAN SINGH, 4. U KO KO, 5. U THIHA NAUNG AND TWO v. THE HON'BLE MINISTER FOR FINANCE & REVENUE AND TWO.

the 9th August 1956. But on an application for review, by an order dated the 6th September 1957, he released the gold had already reached Burma prior to the imposition of restrictions in regard to them and that the benefit of the doubt should be given to the owner. We endorse without reservation the view expressed and it would have been fitting if the Minister had extended the same considerations to the owners of the 122 bars of gold. After all both cases were considered about the same time and while the order releasing the 37 bars was passed on the 6th September 1957, the order confirming the confiscation of the 122 gold bars was passed on the 11th September 1957, five days later.

For the reasons we have given, the orders of confiscation of the gold as well as the Land Rover Car passed in all the proceedings culminating with C.M.A. No. 35 of 1961 are quashed and we direct the restoration of the gold to the applicants. In respect of the car, we note that it was redeemed on payment of K 6,000 on the 26th June 1957. This sum will have to be refunded.

တရားလွှတ်တော်ချုပ်

ဂျီဝမ်ရမ်၊ ရမ်ပရတပ် (ဒေယျုခံတရားလို)

နှင့်

ရန်ကုန်မြို့ အမြတ်တော်ခွန်မင်းကြီး (အယူခံတရားခံ)*

† ၁၉၆၁
ဩဂုတ်လ
၂၉ ရက်။

အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၆၆(၂)(၃)(၃-က)(၄)(၅)(၆)နှင့် သက်ဆိုင်သည့်လျှောက်လွှာများ၊ ပုဒ်မ ၅(ခ)ပါ ပြဋ္ဌာန်းချက်များ၏ အဓိပ္ပါယ်ပေါ်လွင်ရန် ဖတ်ရှုရမည့်စကားရပ်များ။

ဆုံးဖြတ်ချက်။ ။အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၆၆၊ ပုဒ်မငယ်(၂)(၃)(၃-က)(၄)(၅)နှင့်(၆)တို့ပါ ပြဋ္ဌာန်းချက်များကို စီစစ်ရာ၌ ၎င်းတို့သည်အယူခံမှုနှင့် ဖြစ်စေ၊ စောဒကမှုနှင့်ဖြစ်စေ၊ မသက်ဆိုင် ဥပဒေကြောင်းဆိုင်ရာ ပြဿနာများကို စဉ်းစားရန်အတွက် ရွဲ့အပ်ရန်လျှောက်ထားသည့် လျှောက်လွှာများနှင့်သာ သက်ဆိုင်သည်။

ပုဒ်မ ၅(ခ)ပါပြဋ္ဌာန်းချက်များ၌ "**in relation to the appeals and proceedings referred to in clauses (*a*) and (*b*)**" ဆိုသည့် စကားရပ်များကိုကြည့်ပြီးဖတ်ရှုမှသာလျှင်၊ ပုဒ်မ(ခ)ပါ ပြဋ္ဌာန်းချက်များမှာ အဓိပ္ပါယ်ပေါ်လွင်နိုင်ပေမည်၊ **Maxwell on the Interpretation of Statutes, 9th Edition, page 236** ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးကျော်မြင့် လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။အစိုးရလွှတ်တော် ရှေ့နေ ဦးဘကျော် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။အယူခံ တရားလို ဂျီဝမ်ရမ်၊ ရမ်ပရတပ်အား၊ အမြတ်တော်ခွန်ဝန်ထောက်က စာရင်းအင်းများကို အချိန်မီ တင်သွင်းခြင်းမပြုဟု ယူဆ၍၊ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၂၃(၄)အရ ခန့်မှန်းခြေအားဖြင့် အခွန်တော်စည်းကြပ်သည်ကို၊ ရမ်ပရတပ်က ယင်းအက်ဥပဒေ ပုဒ်မ ၂၇ အရ၊ ပယ်ဖျက်ပါရန် အမြတ်တော်ခွန် ဝန်ထောက်ထံ လျှောက်ထားရာလည်း မအောင်မြင်။ လက်ထောက် အမြတ်တော်ခွန် မင်းကြီးထံ အယူခံဝင်ရာလည်း အမှုရှုံးသဖြင့်၊ ၁၉၅၀ ခု၊ ဒီဇင်ဘာလ

---

* ၁၉၅၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၇။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း။ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့်ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အဓိကရှေ့မှတ်သည်။

၁၉၆၁

ဂျီဝန်ရမ်၊ရမ်ပရတပ် နှင့် ရန်ကုန်မြို့ အမြတ်တော်ခွန်မင်းကြီး။

၅ ရက်နေ့၌၊ အမြတ်တော်ခွန်မင်းကြီးထံ ယင်းအက်ဥပဒေ ပုဒ်မ ၃၃ အရ၊လက်ထောက်အမြတ်တော်ခွန်ပင်းကြီး၏ အမိန့်ကို ပြင်ဆင်ရန်သော်၎င်း၊ ပုဒ်မ ၆၆(၂)အရ၊ ဥပဒေကြောင်းဆိုင်ရာ ပြဿနာ ၃ ရပ်ကိုစဉ်းစားစေရန် တရားလွှတ်တော်သို့ လွှဲအပ်ရန် သော်၎င်း၊ လျှောက်ထားလေသည်။ ထိုသို့လျှောက်ထားသည့် လျှောက်လွှာကိုအရေးမယူမီ ၁၉၅၃ ခု၊ အောက်တိုဘာလ ၁ ရက်နေ့၌ ၁၉၅၃ ခု၊မြန်မာပြည်အမြတ်တော်ခွန် (ပြင်ဆင်ချက်)အက်ဥပဒေစတင် အတည်ဖြစ်လေသည်။ ၁၉၅၄ ခု၊ ဇွန်လ ၂၀ ရက်နေ့တွင် တွဲဘက်အမြတ်တော်ခွန် မင်းကြီးသည်၊ ရမ်ပရတပ် ၁၉၅၀ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲဖြင့်၊ လျှောက်ထားခဲ့သောလျှောက်လွှာကို၊ အုပ်ချုပ်ရေးအာဏာအရ ပယ်လိုက်သည်ဟုအမိန့်ချမှတ်လေသည်။ ထိုအမိန့်မှာအမြတ်တော်ခွန်အက်ဥပဒေပုဒ်မ ၃၃ အရ စောဒကဝင်သောအချက်နှင့် စပ်လျဉ်း၍၊ ချမှတ်ဟန် လက္ခဏာရှိသည်။ ပုဒ်မ ၆၆(၂) အရ တရားလွှတ်တော်သို့ ဥပဒေကြောင်းဆိုင်ရာ ပြဿနာများကို စဉ်းစားစေရန် အတွက် လွှဲအပ်ရန်လျှောက်ထားသည့် အချက်နှင့်စပ်လျဉ်း၍ကား၊ အမိန့်ချမှတ်ဟန် မတူချေ။ ၁၉၅၅ ခု၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ရမ်ပရတပ်သည်၊တရားလွှတ်တော်၌၊ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၆၆(၃) အရ၊ အမြတ်တော်ခွန် မင်းကြီးအား ဥပဒေကြောင်းဆိုင်ရာပြဿနာများကို လွှဲအပ်စေရန်အတွက် ဆင့်ခေါ်ပါရန်၊ လျှောက်ထားလေသည်။ ထို့နောက် ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့၌ရမ်ပရတပ်သည်၊ ၁၉၅၀ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲဖြင့် မိမိတင်သွင်းခဲ့သော လျှောက်လွှာအရ ဥပဒေကြောင်းဆိုင်ရာ ပြဿနာများကို အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၆၆(၂) အရ၊ တရားလွှတ်တော်သို့ လွှဲအပ်ပါရန် အမြတ်တော်ခွန် မင်းကြီးထံ လျှောက်ထားသည်တွင်၊ ထိုနှစ်နိုဝင်ဘာလ ၅ ရက်နေ့၌ တွဲဘက်အမြတ်တော်ခွန် မင်းကြီးသည်၊ ထိုလျှောက်ထားချက်ကို ပယ်ကြောင်းဖြင့် အမိန့်ချမှတ်လေသည်။

တရားလွှတ်တော် စုံညီ ခုံရုံးက ရမ်ပရတပ်သည်၊ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၆၆(၃) အရ၊ လျှောက်ထားသော လျှောက်လွှာကို ဆက်လက်ဆောင်ရွက်နိုင်မနိုင်ဟူသော ပြဿနာကို ပဏာမအားဖြင့် လေ့လာသုံးသပ်ပြီး၊ ထိုလျှောက်လွှာသည်ဌင်း၊အထက်၌ဖော်ပြခဲ့သည့် ၁၉၅၆ ခု၊စက်တင်ဘာလ ၂၀ ရက်နေ့စွဲဖြင့်ရမ်ပရတပ်အမြတ်တော်ခွန်မင်းကြီးထံ မိမိ ၁၉၅၀ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲဖြင့် တင်သွင်းခဲ့သော လျှောက်လွှာပေါ်၌ ပုဒ်မ ၆၆(၂) အရ၊ အမိန့်ချမှတ်ပါရန်လျှောက်ထားသည့်လျှောက်လွှာသည်ဌင်း၊ ပြင်ဆင်ချက်အက်ဥပဒေ စတင်အတည်ဖြစ်သော ၁၉၅၃ ခု၊ အောက်တိုဘာလ ၁ ရက်နေ့နောက်မှတင်သွင်းသည်ဖြစ်၍၊ဌင်းတို့သည်ထိုပြင်ဆင်ချက်အက်ဥပဒေစတင်အာဏာတည်သည့်နေ့၌ မပြီးမပြတ်သေးသော လျှောက်လွှာများ မဟုတ်ဟုယူဆသည်တကြောင်း။ ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၅(ခ) အရ၊ ထိုသို့မပြီးမပြတ်

သေးသော လျှောက်လွှာများကို မူလအက်ဥပဒေအရပင် ဆက်လက်ဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားသော်လည်း၊ ထိုပြဋ္ဌာန်းချက်မှာ ဥပဒေကြောင်းဆိုင်ရာ ပြဿနာများကို စဉ်းစားရန်အတွက် လွှဲအပ်ရန် လျှောက်ထားသော လျှောက်လွှာနှင့် မသက်ဆိုင်သည်တကြောင်းတို့ကြောင့်၊ ရမ်ပရတပ်၏ ပုဒ်မ ၆၆(၃) အရ၊ လျှောက်ထားသော လျှောက်လွှာကို မစဉ်းစားနိုင်ဟု ယူဆဆုံးဖြတ်ပြီးလျှင်၊ ထိုလျှောက်လွှာကို ပယ်လိုက်သည်။

၁၉၆၁

ကျိုက်ရမ်၊ရမ်ပရတပ် နှင့် ရန်ကုန်မြို့အမြတ်တော်ခွန်မင်းကြီး။

အမှန်အားဖြင့်ဆိုလျှင်၊ ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲဖြင့် ရမ်ပရတပ် လျှောက်ထားသော လျှောက်လွှာမှာ လက်ထောက် အမြတ်တော်ခွန်မင်းကြီး၏ အမိန့်ကို ပြင်ဆင်ရန်သော်၎င်း၊ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၆၆ (၂) အရ၊ ဥပဒေကြောင်းဆိုင်ရာ အရေးများကို စဉ်းစားစေရန်အတွက် တရားလွှတ်တော်သို့ လွှဲအပ်ရန်သော်၎င်း၊ လျှောက်ထားခြင်း ဖြစ်သည်။ ထိုလျှောက်လွှာမှာပြင်ဆင်ချက်အက်ဥပဒေ စတင် အတည်ဖြစ်သော ၁၉၅၃ ခု၊ အောက်တိုဘာလ ၁ ရက်နေ့၌၊ မပြီးမပြတ်ရှိနေသေးသည်။ ၁၉၅၄ ခု၊ ဇွန်လ ၂၀ ရက်နေ့၌ တွဲဘက်အမြတ်တော်ခွန် မင်းကြီးချုပ်မှတ်သော အမိန့်မှာလည်း၊ ပုဒ်မ ၃၃ အရ၊ စောဒကဝင်သည့် လျှောက်ထားချက်ကိုသာ ပယ်ခြင်းဖြစ်သည်။ တရားလွှတ်တော်သို့ ဥပဒေ ကြောင်းဆိုင်ရာ ပြဿနာများကို လွှဲအပ်ရန် လျှောက်ထားချက်ကို မည်သို့မျှ အရေးမယူခဲ့ပေ။ ယင်းသို့ အရေးမယူသည့်အတွက် မိမိ၏ လျှောက်ထားချက်ကို တွဲဘက် အမြတ်တော်ခွန်မင်းကြီး ပယ်လိုက်သည်ဟုယူဆပြီး ရမ်ပရတပ်သည်၊ ၁၉၅၅ ခု၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ ပုဒ်မ ၆၆ (၃) အရ၊ တရားလွှတ်တော်သို့ လျှောက်ထားလေသည်။ ပိုမိုရှင်း သေချာစေရန်၊ အမြတ်ဒဘာခွန် မင်းကြီးထံသို့လည်း ၁၉၅၆ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့၌၊ မိမိမူလက ပုဒ်မ ၆၆ (၂) အရ၊ လျှောက်ထားခဲ့သည်ကို ဆက်လက် အရေးယူပါရန် လျှောက်ထားပြန်၏။ အမြတ်တော်ခွန်မင်းကြီးက ယင်းသို့ လျှောက်ထားသည်ကို ပယ်ကြောင်းဖြင့် ၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့၌ အမိန့်ချမှတ်လိုက်လေသည်။

အထက်၌ ဖော်ပြခဲ့သော အကြောင်းခြင်းရာအားလုံးကို ခြုံ၍ လေ့လာ သုံးသပ်လျှင်၊ ၁၉၅၄ ခု၊ ဇွန်လ ၂၀ ရက်နေ့စွဲဖြင့် တွဲဘက် အမြတ်တော်ခွန်မင်းကြီးချမှတ်သော အမိန့်မှာ တိတိကျကျမရှိသည် တကြောင်း၊ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ရက်နေ့၌၊ ပြင်ဆင်ချက် အက်ဥပဒေ စတင်အာဏာတည်သဖြင့်၊ အရေးကြီးသောအချက်များ၌၊ ဥပဒေ အပြောင်းအလဲ ရှိခဲ့သည်တကြောင်း တို့ကြောင့်၊ ရမ်ပရတပ်သည်၊ မိမိအပေါ်၌ အခွန်တော် စည်းကြပ်သည့် အမိန့်မှ သက်သာခွင့်ရရန်အတွက် အမျိုးမျိုး အဖုံဖုံ ဆောင်ရွက်ရကြောင်း ပေါ်လွင်လေသည်။ ၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့၌၊ တွဲဘက်အမြတ်တော်ခွန် မင်းကြီးက ရမ်ပရတပ် ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲ

၁၉၆၁

ဂျီဝမ်ရမ်၊ရမ်ပရတပ် နှင့် ရန်ကုန်မြို့အမြတ်တော်ခွန်မင်းကြီး။

ဖြင့် တရားလွှတ်တော်သို့ ဥပဒေကြောင်းဆိုင်ရာ ပြဿနာများကို လွှဲအပ်ပါရန် လျှောက်ထားသည့် လျှောက်လွှာကို ပယ်ကြောင်း အမိန့်ချမှတ်သည့်အခါ၊ ရမ်ပရတပ်မှာ တရားလွှတ်တော်သို့ ပုဒ်မ ၆၆ (၃) အရ၊ လျှောက်ထားပိုင်ခွင့်ရှိသည်။ သို့သော်ငင်းသည်၊ လျှောက်လွှာ တင်သွင်းခြင်းမပြုဘဲ၊ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် နေ့စွဲဖြင့် ပုဒ်မ ၆၆ (၃) အရ၊ တရားလွှတ်တော်သို့ လျှောက်ထားသော လျှောက်လွှာကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ အရေးယူရာ၌ ရမ်ပရတပ်သည် မိမိရရှိနိုင်သော သက်သာခွင့်များကို ပူးပေါင်း၍ အရေးယူသည်ဟု မှတ်ယူသင့်ကြောင်းကို ပညာရှိ အစိုးရလွှတ်တော်ရှေ့နေကြီးက ဝန်ခံ၏။ ယင်းသို့ မှတ်ယူလျှင်၊ ရမ်ပရတပ်၏ လျှောက်လွှာသည်၊ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၅ (ခ) တွင် အကျုံးဝင်သည်ဟု ဆိုနိုင်ပေမည်။ ထိုပုဒ်မ ၅ (ခ) ပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

"5B. Notwithstanding the coming into force of the Burma Income-tax (Amendment) Act, 1953—

Transitory provisions consequent on the constitution of the Appellate Tribunal.

(*a*) all appeals already duly instituted under section 32 at the time when the said Act comes into force,

(*b*) all proceedings then pending before the Commissioner in connection with the exercise of his powers of revision under section 33,

(*c*) all applications to the Commissioner, then pending for reference to the High Court under sub-section (2) of section 66, and

(*d*) all applications to the High Court, then pending, for the issue of requisition to the Commissioner under Sub-section (3) of section 66,

may be continued and disposed of as if the said Act had not come into force, and the provisions of sub-sections (2), (3), (3A), (4), (5) and (6) of section 66, as subsisting before the said Act came into force shall continue to have effect in relation to the appeals and proceedings referred to in clauses (*a*) and (*b*):"

ထိုပုဒ်မ ၅ (ခ) ပါပြဋ္ဌာန်းချက်များတွင်၊ ပြင်ဆင်ချက် အက်ဥပဒေစတင်အာဏာအတည်ဖြစ်သည့်နေ့၌ မပြီးမပြတ်သေးသော အယူခံမှုများ၊ စောဒကမှုများ အမြတ်တော်ခွန်မင်းကြီးထံ၌ ကျန်ရှိသည့် ပုဒ်မ ၆၆ (၂) အရ လျှောက်လွှာများ

၁၉၆၁
ဂျီဝမ်ရမ်၊ရမ်ပရတပ်နှင့် ရန်ကုန်မြို့အမြတ်တော်ခွန်မင်းကြီး။

တရားလွှတ်တော်၌ ကျန်ရှိသည့် ပုဒ်မ ၆၆ (၃) အရ လျှောက်လွှာများကို၊ မူလအက်ဥပဒေအရပင် ဆက်လက်အရေးယူရမည်ဟု ပါရှိခြင်းသော်လည်း၊ တရားလွှတ်တော်က၊ ပုဒ်မ ၆၆ (၂)၊ (၃)၊ (၃-က)၊ (၄)၊ (၅)နှင့် (၆) ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၅ (ခ) အပိုဒ် (က) ပါ အယူခံမှုများနှင့်ငင်း၊ အပိုဒ် (ခ) ပါ စောဒကမှုများနှင့် ငင်းသာအကျိုးသက်ရောက်စေရမည်ဟု ပြဋ္ဌာန်းထားသဖြင့်၊ ဥပဒေကြောင်းဆိုင်ရာ ပြဿနာများကို စဉ်းစားရန်အတွက်၊ လွဲအပ်ရန် လျှောက်ထားသည့် လျှောက်လွှာမျိုးနှင့် မသက်ဆိုင်ဟု ဆုံးဖြတ်ပြီး၊ ရမ်ပရတပ်၏ လျှောက်လွှာကို ပလပ်လိုက်ခြင်းဖြစ်သည်။

အထက်ဖော်ပြပါ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၆၆၊ ပုဒ်မငယ် (၂)၊(၃)၊ (၃-က)၊ (၄)၊ (၅) နှင့် (၆) ကိုပါ ပြဋ္ဌာန်းချက်များကို စီစစ်ရာ၌ ၎င်းတို့သည် အယူခံမှုနှင့်ဖြစ်စေ၊ စောဒကမှုနှင့်ဖြစ်စေ၊ မသက်ဆိုင်။ ဥပဒေကြောင်းဆိုင်ရာပြဿနာများကို စဉ်းစားရန်အတွက် လွဲအပ်ရန်လျှောက်ထားသည့် လျှောက်လွှာများနှင့်သာသက်ဆိုင်သည်ကို တွေ့ရှိရသည်။ ယင်းသို့ဖြစ်၍၊ ပုဒ်မ ၅ (ခ) ပါ ပြဋ္ဌာန်းချက်များတွင် **" in relation to the appeals and proceedings referred to in clauses (*a*) and (*b*),** ဆိုသည့် စကားရပ်များကို ကြည့်ပြီး ဖတ်ရှုမှသာလျှင်၊ ပုဒ်မ ၅ (ခ)ပါ ပြဋ္ဌာန်းချက်များမှာ အဓိပ္ပါယ် ပေါ်လွင်နိုင်ပေမည်။

မက်(ဆ်)ဝဲ ဆိုသူ ပညာရှိပုဂ္ဂိုလ်ကြီး ပြုစုခဲ့သော စတက်ကျူ ဥပဒေ အဓိပ္ပါယ်ကောက် ကျမ်းတွင်၊ အောက်ပါအတိုင်း မြင့်ကြွားထားသည်ကို တွေ့ရှိရသည်။

> " WHERE the language of a statue, in its ordinary meaning and grammatical construction, leads to a manifest contradiction of the apparent purpose of the enactment, or to some inconvenience or absurdity, hardship or injustice, presumably not intended, a construction may be put upon it which modifies the meaning of the words, and even the structure of the sentence. This may be done by departing from the rules of grammar, by giving an unusual meaning to particular words, by altering their collocation, by rejecting them altogether, or by interpolating other words, under the influence, no doubt, of an irresistible conviction that the Legislature could not possibly have intended what its words signify, and that the modifications thus made are mere corrections of careless language and really give the true meaning."

(Maxwell on the Interpretation of Statutes, 9th Edition, page 236).

၁၉၆၁

ကျိုက်မရမ်းရမ်
ပရတပ်
နှင့်
ရန်ကုန်မြို့
အမြဲတော်ခွန်
မင်းကြီး။

ထိုမြွက်ဟချက်များမှာ လျော်ကန်သင့်မြတ်သည့် မြွက်ကြားချက်များဖြစ်သည်။ သို့ဖြစ်၍၊ တရားလွှတ်တော် ဖေါ်ပြသော အကြောင်းတခုတည်းဖြင့်သာ၊ ရမ်ပရတပ်၏ လျှောက်လွှာကို ပလပ်ခြင်း မပြုနိုင်ဟုယူဆပြီး၊ တရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်၍ အမှုကို တရားဥပဒေအတိုင်း ဆက်လက်ကြားနာ စစ်ဆေးဆုံးဖြတ်ရန် အတွက် ပြန်လည်ပေးပို့လိုက်သည်။

အမှုသည်များသည် ဤရုံးတော် တရားစရိတ်ကို မိမိတို့ကိုယ်တိုင် အသီးသီး ကျခံကြရမည်ဖြစ်သည်။

တရားလွှတ်တော်ချုပ်

တန်ချောင်ဆင်း ပါ ၂ (လျှောက်ထားသူများ)

နှင့်

အာတွင်းဝန်၊ လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီး ဌာန (လျှောက်ထားခံရသူ) *

†၁၉၆၁
ဇူလိုင်လ
၆ ရက်။

လူဝင်မှုကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေအရ၊ ပြည်နှင်ဒဏ်ပေးလိုလျှင် ပြဋ္ဌာန်းချက်များလိုက်နာရမည်၊ ပဏာမအနေနှင့် ဆုံးဖြတ်ရမည့်အချက်၊ ပြည်တွင်းသို့ မတရားဝင်ရောက်လာသည်ဟု စွပ်စွဲခံရသူ၏တာဝန်နှင့်အခွင့်အရေး။ ပုဒ်မ ၇(၂)အရ အမိန့်ချမှတ်နိုင်ရန် ဝန်ကြီးတွင်အာဏာရှိခြင်း၊ ၎င်းအာဏာကို မသုံးစွဲမီ၊ ပဏာမဆုံးဖြတ်ချက်ချမှတ်ရန်လိုအပ်ခြင်း၊ ထောက်ခံချက်ကိုလက်မှတ်ထိုးရုံမျှနှင့် ပဏာမဆုံးဖြတ်ချက် ချသည်ဟုမဆိုနိုင်၊ တိကျပြတ်သားသော ဆုံးဖြတ်ချက်ချရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။အချုပ်အခြာအာဏာပိုင် နိုင်ငံတခုအနေနှင့်နိုင်ငံခြားသား အက်ဥပဒေကဲ့သို့သော သက်ဆိုင်သည့်ဥပဒေအရ အကြောင်းပင်မပြဘဲ၊ မြန်မာပြည်မှနှင်နိုင်ခွင့်ရှိသည်။ သို့သော်ပြည်နှင်ဒဏ်ပေးရာ၌ လူဝင်မှုကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေအရ၊ အရေးယူလိုလျှင်၊ ယင်းအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်သည်။

ပုဒ်မ ၇(၂)အရ၊ ဆောင်ရွက်ရန်၊ နိုင်ငံတော်သမ္မတသော်၎င်း၊ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာများကို လွှဲအပ်ခြင်းခံရသူ အရာရှိတဦးကသော်၎င်း၊ ပဏာမအနေနှင့် နိုင်ငံခြားသားတဦးတယောက်သည်၊ အက်ဥပဒေ၊သို့မဟုတ် အက်ဥပဒေအရပြဋ္ဌာန်းသည့် နည်းဥပဒေကို ချိုးဖောက်သည်ဟုဆုံးဖြတ်ရမည်။

လျှောက်ထားသူများကို၊ မြန်မာပြည်တွင်းသို့ မတရားဝင်ရောက်လာသူဖြစ်သည်ဟု စွပ်စွဲခဲ့သောကြောင့်၊ တရားသဖြင့်ဝင်ရောက်ပါသည်ဟု ထုချေပြသရန်လျှောက်ထားသူများအပေါ်တွင်တာဝန်ရှိသည်၊ တာဝန်ရှိသည့်အလျောက် ၎င်းတို့အားသက်သေသာဓကတင်ပြခွင့်ပေးမှသာ တရားဥပဒေသဘာဝကျနိုင်ပေမည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၈။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီး ဦးဘိုကြီးနှင့်တရားဝန်ကြီး ဦးရန်အောင်တို့ ရှေ့မှောက်တွင် တရားဝန်ကြီးချုပ် ဦးမြင့်သိန်းအမိန့်ချမှတ်သည်။

၁၉၆၁

တန်ခြောင်ဆင်း ပါ ၂ နှင့် အတွင်းဝန်၊ လူဝင်မှု ကြီး ကြပ် ရေးနှင့် အမျိုး သား မှတ်ပုံတင် ရေးဝန်ကြီး ဌာန။

ယေဘူယျစကားရပ်များ ဥပဒေ ပုဒ်မ ၁၃ အရ၊ နိုင်ငံတော်သမ္မတ၏ အာဏာ ဝတ္တရားမျိုးကို၊ နိုင်ငံတော်အစိုးရက သုံးစွဲနိုင်၍၊ ဝန်ကြီးတပါးသည် အာဏာတာဝန် ဝတ္တရားများကိုထမ်းဆောင်ရာ၌၊ အခြေခံဥပဒေအပိုဒ် ၁၁၅ အရ၊ အစိုးရအဖွဲ့တခုလုံး အတွက် ဆောင်ရွက်သည်ဖြစ်၍၊ ထိုဝန်ကြီးမင်းသည် လူဝင်မှုကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေ ပုဒ်မ ၇(၂)အရ အမိန့်ချမှတ်နိုင်ရန် အာဏာရှိသူတဦး ဖြစ်သည်မှာ မှန်ပေသည်၊ သို့သော်၎င်းအာဏာကိုမသုံးစွဲဖို၊ လျှောက်ထားသူများသည် အက်ဥပဒေ၊ သို့မဟုတ် နည်းဥပဒေတရပ်ရပ်ကို တကယ်ပင်ချိုးဖောက်သလော ဟူသော ပြဿနာကို ပဏာမအချက်အနေနှင့် ဆုံးဖြတ်ပြီးမှ ပုဒ်မ ၇(၂)အရ ဆက်လက်ဆောင် ရွက်ခွင့် ရှိပေမည်။

ဝန်ကြီးမင်းသည်၊ ပြည်နှင်ဒဏ်ပေးသင့်ပါသည်ဆိုသော ထောက်ခံချက်ကိုလက်မှတ် ထိုးရုံမျှနှင့် မိမိကိုယ်တိုင်ပဏာမအချက်ကို စဉ်းစားဆုံးဖြတ်ခဲ့သည်ဟု မယူဆနိုင်၊ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေအပိုဒ် ၁၅၀ အရ၊ ကန့်သတ်ထားသည့်တရားစီရင်ရေး အာဏာ ကို သုံးစွဲရာ၌ တိကျပြတ်သားမှာ ဆုံးဖြတ်ချက်ကိုချမှတ်ရပေမည်။ ထို့ပြင်လည်း၊ လျှောက် ထားသူများထုချေရန် အခွင့်အရေးမပေးခဲ့သည့်အတွက် ချမှတ်သည့်အမိန့်များမှာတရား မဝင်။

လျှောက်ထားသူများအတွက်။ ။ဦးစိန်လှနှင့် ဦးထွန်းအောင်တို့ လိုက်ပါ ဆောင်ရွက် သည်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရလွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင် ရွက်သည်။

တရားဝန်ကြီးချုပ် ဦးမြင့်သိန်း။ ။၁၉၅၈ ခု၊ နိုဝင်ဘာလ ၁၄ ရက်နေ့၌ တန်ခြောင်ဆင်းနှင့် တိုင်ကြီးအင်း ဇနီးမောင်နှံတို့ကို ရဲအဖွဲ့က တရုပ်တန်း ၂၂ လမ်းမှ၊ နိုင်ငံခြားသားများအား ရှုတ်ခြင်းစစ်ဆေးရာ၊ ၂၂ လမ်း၊ အမှတ် ၁၃ တွင် တွေ့၍ မေးမြန်းစစ်ဆေးရာ၌၊ ၁၉၅၇ ခု၊ ဧပြီလ ၁ ရက်နေ့စွဲပါ၊ နိုင်ငံခြားသားမှတ်ပုံတင်လက် မှတ်အမှတ် RN 3390/57 နှင့် RN 3389/57 တို့ကို ထုတ်ပြနိုင်ငြားသော်လည်း၊ မိမိတို့သည် စစ်ပြီးစက မြန်မာပြည်သို့ ကုန်းလမ်းခရီးဖြင့် ဝင်လာကြောင်းဟု ပြောဆို ချက်ကို၊ စစ်ဆေးသည့်အရာရှိက လက်မခံသင့်ဟုယူဆ၍ ၎င်းတို့ နှစ်ဦးစလုံးအား ချုပ်နှောင်ထားစေခဲ့ပြီး၊ ပြည်နှင်ဒဏ်ပေးထိုက်ကြောင်း လူဝင်မှု ကြီးကြပ်ရေး ဝန်မင်း ထံသို့ အစီရင်ခံစာတင်သွင်းသည်။ ကြီးကြပ်ရေးဝန်က တဖန် ၁၉၅၉ ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့စွဲနှင့် ၁၂ နှစ်လောက်က၊ မြန်မာပြည်တွင်းသို့ဝင်ရောက်လာကြသည်မှာယုတ် တိမ့်၌နိုင်ကြောင်း။ ၁၉၅၇ ခု နှစ်တွင်မှ မှတ်ပုံတင်လက်မှတ်ပြုလုပ်ခဲ့သဖြင့်၊ တိုင်ကြီး အင်းသည်၊ " ၁၉၅၅ ခုနှစ်ကမှ မြန်မာပြည်တွင်းသို့ ကုန်းလမ်းခရီးဖြင့် ခိုးဝင်လာသူဟု

ယူဆပါသည်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဝန်ကြီးဌာနသို့ အစီရင်ခံစာတင်သွင်းပြန်သည်။ဆက်လက်၍ ၎င်းသည် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၃ (၁) ကိုကျူးလွန်သဖြင့်၊ အဆိုပါ အက်ဥပဒေ ပုဒ်မ ၇ (၂) အရ ပြည်နှင်ဒဏ်အမိန့် ချမှတ်ပါရန် တောင်းဆိုခဲ့သည်။

1961
တန်ချောင်ဆင်း ပါ ၂ နှင့် အတွင်းဝန်၊ လူဝင်မှု ကြီး ကြပ် ရေးနှင့် အမျိုး သား မှတ်ပုံတင် ရေးဝန်ကြီး ဌာန။

တန်ချောင်ဆင်းနှင့် ပတ်သက်၍လည်း၊ ၎င်းသည် ၁၉၅၅ ခုနှစ် အတွင်းက ဝင်ရောက်လာသည်ဟု ယူဆပြီး၊ ၁၉၅၉ ခု၊ ဇန်နဝါရီလ ၁၆ ရက်နေ့စွဲနှင့် ၎င်းကိုပြည်နှင်ဒဏ်ပေးရန် တောင်းဆိုသည်။

ဤကဲ့သို့ တောင်းဆိုသည်ကို "သဘောတူသင့်ပါသည်" ဟူသောစကားရပ်တခုကိုသာ ရေးမှတ်၍၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဝန်ကြီးဌာန၊ တွဲဘက်အတွင်းဝန်က၊ အတွင်းဝန်ထံသို့တင်ပြရာ၊ အတွင်းဝန်က လက်မှတ်ထိုးပြီး၊ ဝန်ကြီးထံသို့တင်ပြပြန်သည်။ ဝန်ကြီးကလည်း၊ လက်မှတ်ထိုးသဖြင့်၊ ၁၉၄၇ ခုနှစ်၊ လူဝင်မှု ကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၇ (၂) အရ ပြည်နှင်ဒဏ်အမိန့်ချမှတ်လိုက်သည်။

ထိုနောက် လျောက်သူနှစ်ဦးတို့သည် ဖေ၀ါမိုဆာကျွန်းသို့ သွားကြမည်ဟုပြော၍ ဝန်ခံချုပ်နှင့် လှတ်သော်လည်း၊ ဖေ၀ါမိုဆာကျွန်းက အလွယ်တကူလက်ခံခြင်းမရှိသောကြောင့်၊ ယောကျ်ားဖြစ်သူ တိုင်ချောင်ဆင်းကို ဘမ်းခါ၊ ရန်ကုန်ထောင်ကြီး၌ ယခုထက်တိုင် ချုပ်နှောင်ထားသည်။ လက်ခံမည့်တိုင်းပြည်လည်းမရှိသည်အလျောက် နောက်နောင်မည်မျှကြာမြင့်စွာချုပ်နှောင်ထားမည်ကိုမသိနိုင်။

ဤအတောအတွင်းတွင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အသနားခံစာများ တင်သွင်းကြရာ၌လည်း၊ အရာမရောက်သည့်အတွက် ဤရုံးတော်သို့ စာချွန်တော် လျောက်ထားသည်။

ဤရုံးတော်သို့ ရောက်မှ သိရှိရသည်မှာ၊ လျောက်သူ နှစ်ဦးတို့သည် ရန်ကုန်မြို့တွင် ၁၉၅၅ ခုနှစ်က ထုတ်ပေးသော နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်မဲ့စဉ်က အလားတူ လက်မှတ်များဖြစ်သော၊ YN/၂၀၅၈/၅၁ နှင့် YN/၂၁၃၆/၅၁ လက်မှတ်များကို ရမည်းသင်းမြို့၌ ရရှိခဲ့ကြောင်း။ ၎င်းလက်မှတ်များ ပျောက်ဆုံး၍၊ ရန်ကုန်မြို့၌ ထပ်မံလက်မှတ်ယူကြောင်းပင်ဖြစ်သည်။ ဤအချက်ကို လူဝင်မှုကြီးကြပ်ရေး၊ တွဲဘက်အတွင်းဝန်မင်းက မငြင်းသော်လည်း၊ အောက်ပါအတိုင်း ချေပသည်။

"အကြောင်းမှာလည်း၊ ၎င်းတို့သည် လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အာဏာမတည်မီက၊ မြန်မာနိုင်ငံ၌ ငှိပါလျှင်၊ ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများ မှတ်ပုံတင်ရေး နည်းဥပဒေများ ၆(၁) အရ၊ ၁၉၄၉ ခုနှစ်၊

၁၉၆၁

တန်ချောင်ဆင်း ပါ ၂ နှင့် အတွင်းဝန်၊ လူဝင်မှု ကြီး ကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဝန်ကြီးဌာန။

အောက်တိုဘာလ ၃၁ ရက်နေ့အတွင်း မှတ်ပုံတင်ပြီး ဖြစ်ရပါမည်။ ၎င်းတို့သည် ၁၉၅၁ ခုနှစ်အတွင်းမှသာ မှတ်ပုံတင်သည်ဖြစ်၍ လူဝင်မှုကြီးကြပ်ရေး ဥပဒေအာဏာတည်ပြီးမှ ရောက်သည်မှာ ထင်ရှားပါသည်။"

တွဲဘက်အတွင်းဝန်မင်း ယူဆသကဲ့သို့ ဖြစ်နိုင်ပေမည်။ သို့သော် လျှောက်သူများကို၊ ပြည်နှင်ဒဏ် အမိန့်ချမှတ်သည်မှာ လူဝင်မှုကြီးကြပ်ရေး ဝန်မင်း၏ ၁၉၅၆ ခုနှစ် လောက်က ဝင်ရောက်လာသူများဟု စွပ်စွဲသော အချက်ပေါ်တွင် မူတည်၍၊ ချမှတ်ခဲ့သော အမိန့်များဖြစ်သည်။ ၁၉၅၁ ခုက၊ လျှောက်သူများ မြန်မာပြည်တွင်းသို့ ရောက်ရှိနေပြီးဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေ၍ မူလချမှတ်သော အမိန့်များမှာ မမှန်သော ယူဆချက်ကို ကိုးကားသော အမိန့်များ ဖြစ်ပေမည်။

ဤကဲ့သို့ မှားယွင်းခဲ့ခြင်း အကြောင်းမှာ၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ဂနသေချာစွာ မလိုက်နာ၍သာဖြစ်သည်။ ယင်း အက်ဥပဒေပုဒ်မ ၁၃-က အရ၊ လျှောက်သူတို့အား ထုချေရန် အခွင့်အရေးပေးခဲ့ပါမူ၊ ၎င်းတို့သည် ၁၉၅၁ ခုနှစ်ကပင် မှတ်ပုံတင်ကြသော သူများဖြစ်သည်ကို သိရှိပေမည်။ အဖြစ်အပျက်မှာ ဘမ်းဆီးပြီး၊ အင်းလိပ်ငွေ ၁ ဘယ်နှစ်ပြားရှိသလဲ၊ ဤကဲ့သို့အရေးမပါ အရာမရောက်လှသည့် မေးခွန်းများ မဖြေနိုင်သည့် အတွက် ဘမ်းချုပ်ခြင်းသာဖြစ်သည်။ လျှောက်သူများသည် ထုချေခွင့် မရခဲ့ကြချေ။ ဘယ်အတွက်ကြောင့် ပြည်နှင်ဒဏ် ပေးခြင်းကိုပင် မသိစေဘဲ၊ တင်ဆက်သမျှ အသနားခံစာများကို အတွင်းဝန်က ပယ်ချခဲ့သည်ကိုသာ အမှုတွဲများတွင် တွေ့မြင်ရသည်။

လျှောက်သူများသည် မြန်မာပြည်အတွင်းသို့ မတရားဝင်ရောက် လာသူများဖြစ်ကောင်း ဖြစ်ပေမည်။ ဖြစ်သည်ဟုလည်း ဤရုံးတော်က တထစ်ချမဆို။ မည်သို့ပင် ဖြစ်စေကာမူ၊ အချုပ်အခြာ အာဏာပိုင် နိုင်ငံတော်အနေနှင့် နိုင်ငံခြားသား အက်ဥပဒေကဲ့သို့သော သက်ဆိုင်သည့် ဥပဒေအရ အကြောင်းပင် မပြဘဲ၊ မြန်မာပြည်မှ နှင်နိုင်ခွင့်ရှိသည်။ သို့သော် ပြည်နှင်ဒဏ်ပေးရာ၌ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ အရေးယူလိုလျှင်၊ ယင်းအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်သာဖြစ်သည်။ ရှေးက အလားတူအမှုများတွင် ဖေါ်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း၊ ပုဒ်မ ၇ (၂) အရ ဆောင်ရွက်ရန်၊ နိုင်ငံတော်သမ္မတကသော်၎င်း၊ နိုင်ငံတော် သမ္မတ၏ အခွင့်အာဏာများကို လွှဲအပ်ခြင်းခံရသူ အရာရှိတဦးကသော်၎င်း၊ ပဏာမအနေနှင့် နိုင်ငံခြားသား တဦးတယောက်သည်၊ အက်ဥပဒေ၊ သို့မဟုတ် အက်ဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေကို ချိုးဖောက်သည်ဟုဆုံးဖြတ်ရမည်။ လျှောက်သူများကို၊ မြန်မာပြည်တွင်းသို့ မတရားဝင်ရောက်လာသူ ဖြစ်သည်ဟု စွပ်စွဲခဲ့သော ကြောင့်၊ တရားသဖြင့် ဝင်ရောက်ပါသည်ဟု ထုချေပြသရန်၊ လျှောက်ထားသူများအ

ပေါ်တွင် တာဝန်ရှိသည်။ တာဝန်ဲ့ရှိသည့်အလျောက် ၎င်းတို့အား သက်သေ သာဓက တင်ပြခွင့်ပေးမှသာ တရားဥပဒေ သဘာဝ ကျနိုင်ပေမည်။

ယခုအမှုတွင် လျှောက်သူများသည် ထုချေခွင့် မရခဲ့သည့်အပြင်၊ ၎င်းတို့သည် မတရားဝင်လာသူများ ဖြစ်သည်ဟု ဆုံးဖြတ်သူမှာ၊ မူလစစ်ဆေးသော အရာရှိပင်ဖြစ်သည်။ ထိုအရာရှိအား၊ နိုင်ငံတော်သမ္မတက မိမိ၏ အာဏာများကို လွှဲအပ်ခြင်းမရှိ။ ၎င်းအရာရှိ၏ ဆုံးဖြတ်ချက်ကို အဆင့်ဆင့် အရာရှိကြီးများက လက်ခံပြီး နောက်ဆုံး ဝန်ကြီးမင်းက ပြည်နှင်ဒဏ်ပေးရန် သဘောတူခဲ့ခြင်းသာ ဖြစ်သည်။

ယေဘုယျစကားရပ်များ ဥပဒေပုဒ်မ ၁၃ အရ၊ နိုင်ငံတော်သမတ၏ အာဏာ ဝတ္တရားများကို၊ နိုင်ငံတော်အစိုးရက သုံးစွဲနိုင်၍၊ ဝန်ကြီးတပါးသည် အာဏာတာဝန် ဝတ္တရားများကို ထမ်းဆောင်ရာ၌ အခြေခံဥပဒေအပိုဒ် ၁၁၅ အရ၊ အစိုးရအဖွဲ့တခုလုံး အတွက် ဆောင်ရွက်သည်ဖြစ်၍၊ ထိုဝန်ကြီးမင်းသည် လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၇(၂)အရ အမိန့်ချမှတ်နိုင်ရန် အာဏာရှိသူ တဦးဖြစ်သည်မှာ မှန်ပေသည်။ သို့သော်ဤအာဏာကိုမသုံးစွဲမီ လျှောက်ထားသူများသည် အက်ဥပဒေ၊ သို့မဟုတ် နည်းဥပဒေ တရပ်ရပ်ကို တကယ်ပင် ချိုးဖောက်သလောဟူသော ပြဿနာကို ပဏာမအချက်အနေနှင့် ဆုံးဖြတ်ပြီးမှ ပုဒ်မ ၇(၂)အရ ဆက်လက်ဆောင်ရွက်ခွင့် ရှိပေမည်။

ဤအမှုတွင် ဝန်ကြီးမင်းသည်၊ ပြည်နှင်ဒဏ် ပေးသင့်ပါသည်ဆိုသော ထောက်ခံချက်ကို လက်မှတ်ထိုးရုံမျှနှင့် မိမိကိုယ်တိုင် ပဏာမအချက်ကို စဉ်းစားဆုံးဖြတ်ခဲ့သည်ဟု မယူဆနိုင်။ ဗဟိုစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပိုဒ် ၁၅၀ အရ၊ ကန့်သတ်ထားသည့် တရားစီရင်ရေးအာဏာကို သုံးစွဲရာ၌ တိကျပြတ်သားစွာ ဆုံးဖြတ်ချက်ကို ချမှတ်ရပေမည်။ ထို့ပြင်လည်း၊ လျှောက်ထားသူများ ထုချေရန် အခွင့်အရေး မပေးခဲ့သည့်အတွက် ချမှတ်သည့်အမိန့်များမှာ တရားမဝင်ဟု ဤရုံးတော်က ယူဆသည်အလျောက် လျှောက်သူ တန်ချောင်ဆင်းနှင့် တိုင်ကီးအင်းတို့အပေါ်၌ သတ်မှတ်သည့် ပြည်နှင်ဒဏ်အမိန့်များကို ပယ်ဖျက်လိုက်သည်။ တိုင်ချောင်ဆင်းအား ချုပ်နှောင်ထားခြင်းမှ လွတ်စေရမည်။ ထို့ပြင်လည်း၊ တန်ကီးအင်းအတွက် ချုပ်ဆိုထားသော အာမခံစာချုပ်လည်း ပျက်ပြယ်စေရမည်။

၁၉၆၁

တန်ချောင်ဆင်း ပါ၂ နှင့် အတွင်းဝန်၊ လူဝင်မှု ကြီး ကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဝန်ကြီး ဌာန။

တရားလွှတ်တော်ချုပ်

† ၁၉၆၁
—
ဇူလိုင်လ
၂၄ ရက်။

ဒေါ်ခင်မြင့် (လျှောက်ထားသူ)

နှင့်

ဥက္ကဋ္ဌ၊ မကွေးတိုင်း သီးစားချထားရေး ကော်မိတီ ပါ ၁၄ (လျှောက်ထားခံရသူများ)*

ဤ စားချထားရေးအက်ဥပဒေပုဒ်မ ၃၊ (ခြင်းချက်) (က) နေ ၅၀ ထက်မပိုသော မိမိပိုင်လယ်မြေကို မည်သည့်အခါလုပ်ကိုင်ခွင့်ရှိသနည်း။

လျှောက်ထားသူက မိမိပိုင်၊ ၄၄.၉၃ ရှိမြေကို မိမိကိုယ်တိုင်လုပ်ကိုင်ရန်အတွက်၊ မိမိမှာလယ်ထွန်ကိရိယာ အစုံအလင်ရှိပြီး၊ လယ်ယာခြေလုပ်ကိုင်ခဲ့ကြောင်း သက်သေအထောက်အထားနှင့် လျှောက်ထားရာ၊ မြို့နယ်သီးစားချထားရေး ကော်မိတီကလျှောက်ထားသူအား ၎င်းမြေကို လုပ်ကိုင်ခွင့်ပြု၏၊ ၎င်းခွင့်ပြုခြင်းကို၊ ခရိုင်သီးစားချထားရေး ကော်မိတီကအတည်ပြုသော်လည်း၊ တိုင်းသီးစားချထားရေးကော်မိတီက လျှောက်ထားသူ သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၃၊ (ခြင်းချက်) (က) အရ၊ ကိုယ်တိုင်ကိုယ်ထိလက်ရောက် ထွန်ယက်လုပ်ကိုင်သူ မဟုတ်ဟုယူဆ၍၊ မြို့နယ်သီးစားချထားရေး ကော်မိတီနှင့် ခရိုင်သီးစားချထားရေး ကော်မိတီတို့၏ အမိန့်များကိုပယ်ဖျက်လိုက်လေသည်။

ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၃၊ ခြင်းချက် (က) အရဆိုလျှင်၊ အဓိကအသက်မွေး ဝမ်းကျောင်းအဖြစ်ဖြင့် ကိုယ်ထိလက်ရောက်လယ်ယာစိုက်ပျိုး လုပ်ကိုင်သူပိုင်သည်လည်းဖြစ်၍၊ ကိုယ်တိုင်လည်းလက်ရှိ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဧရိယာဧက ၅၀ ထက်မပိုသည့်လယ်ယာမြေကို၊ ထိုအက်ဥပဒေအရ ဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်းသာဖြစ်သည်၊ သို့ဖြစ်၍မြို့နယ်သီးစားချထားရေး ကော်မိတီနှင့် ခရိုင်သီးစားချထားရေး ကော်မိတီက အခင်းဖြစ်မြေကို လျှောက်ထားသူအား ကိုယ်တိုင်လုပ်ကိုင်ရန်အတွက်ချထားခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေနှင့်သော်၎င်း၊ ထိုနှစ်သီးစားချထားရေး နည်းဥဒေများနှင့်သော်၎င်း၊ ဆန့်ကျင်သည်ဟုမဆိုနိုင်ချေ။

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၁၀၂။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်သော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီးဦးဘိုကြီး အမိန့်ချမှတ်သည်။

လျှောက်ထားသူအတွက်။ ။မစ္စတာ တီ၊ စီ၊ တောရင်း (စ်) လိုက်ပါ ဆောင်ရွက်သည်။

၁၉၆၁
ဒေါ်ခင်မြင့်နှင့် ဥက္ကဋ္ဌ၊မကွေးတိုင်း သီးစားချထားရေးကော်မိတီ ပါ ၁၄။

လျှောက်ထားခံရသူအမှတ်(၁)နှင့်(၂)အတွက်။ ။အစိုးရ လွှတ်တော် ရှေ့နေ ဦးယု မောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၃) မှ (၁၄) အထိ။ ။သခင်ချစ် လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီးဦးဘိုကြီး။ ။ဤအမှုတွင် လျှောက်ထားသူ ဒေါ်ခင်မြင့်သည်၊ မိမိပိုင်၊ အခြင်းဖြစ်မြေကို၊ ၁၉၆၀-၆၁ ခုနှစ်တွင် လုပ်ကိုင်ရန်အတွက်၊ ကျောက်ပန်းတောင်းမြို့နယ် သီးစားချထားရေး ကော်မိတီသို့ လျှောက်ထားရာ၊ သီးစားချထားရေး ကော်မိတီက၊ လက်ငုတ်သီးစားမျှားဖြစ်သူ၊ ယခုလျှောက်ထားခံရသူ မောင်လေးမောင် ပါ ၁၂ ဦးတို့အား၊ ဆင့်ခေါ် စစ်ဆေးပြီး၊ အခင်းဖြစ်မြေကို ဒေါ်ခင်မြင့်အား၊ သီးစားချထားလိုက်လေသည်။ မောင်လေးမောင်နှင့် အခြားလက်ငုတ် သီးစားမျှားသည်၊ ထိုနှစ်တွင်လုပ်ကိုင် ရန်အတွက်၊ မြို့နယ်သီးစားချထားရေး ကော်မိတီသို့ လျှောက်ထားခြင်းမပြုကြချေ။ ၎င်းတို့၏ အယူခံကိုလည်း ထိုသို့လျှောက်ထားခြင်းမပြုခဲ့သော အကြောင်းကြောင့်၊ မြင်းခြံခရိုင် သီးစားချထားရေးကော်မိတီက ပယ်လိုက်လေသည်။ မကွေးတိုင်း သီးစားချထားရေး ကော်မိတီသို့၊ မောင်လေးမောင်တို့ စောဒကတင်သည်တွင်၊ တိုင်းသီးစားချထားရေးကော်မိတီကလည်း၊ ၎င်းတို့ အချိန်မီ လျှောက်ထားခြင်းမပြုသည်ကို တွေ့ရသဖြင့်၊ စောဒကလွှာကို ပယ်လိုက်လေသည်။

ယင်းသို့ စောဒက လွှာကိုပယ်ငြားသော်လည်း၊ တိုင်း သီးစားချထားရေး ကော်မိတီသည်၊ မြေပိုင်ရှင် ဒေါ်ခင်မြင့်အား၊ သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၃ (ခြွင်းချက်) (က) အရ၊ ကိုယ်တိုင် ကိုယ်ထိလက်ရောက် ထွန်ယက် လုပ်ကိုင်သူ မဟုတ်ဟု ယူဆ၍၊ မြို့နယ်သီးစားချထားရေးကော်မီတီ၏ အမိန့်နှင့်၊ ခရိုင် သီးစားချထားရေး ကော်မိတီ၏ အမိန့်များကို ပယ်ဖျက်လိုက်လေသည်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေပုဒ်မ ၃၊ (ခြွင်းချက်) (က) အရဆိုလျှင်၊အဓိကအသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် ကိုယ်ထိလက်ရောက် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ ပိုင်သည်လည်းဖြစ်၍၊ ကိုယ်တိုင်လည်း လက်ရှိ စိုက်ပျိုး လုပ်ကိုင် လျက်ရှိသော ဧရိယာ ကေ ၅၀ ထက်မပိုသည့် လယ်ယာမြေကို၊ ထိုအက်ဥပဒေအရ ဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် ပေးခြင်းသာဖြစ်သည်။ ယခုကိစ္စတွင်မူကား၊ ဒေါ်ခင်မြင့်က အခင်းဖြစ် ဧရိယာကေ ၄၄.၉၃ ရှိ မြေကို၊ မိမိကိုယ်တိုင် လုပ်ကိုင်ရန်အတွက်၊ မြို့နယ်သီးစားချထားရေးကော်မိတီသို့ လျှောက်ထားခြင်း ဖြစ်သည်။ ဒေါ်ခင်မြင့်မှာလည်း၊

၁၉၆၁

ဒေါ်ခင်မြင့်နှင့် ဥက္ကဋ္ဌမကွေးတိုင်းသီးစားချထားရေးကော်မိတီ ပါ ၁၄။

လယ်ထွန်ကိရိယာအစုံအလင်ရှိပြီး၊ လယ်ယာမြေ လုပ်ကိုင်ခဲ့ကြောင်း သက်သေ အထောက်အထား ရှိလေသည်။ သို့ဖြစ်၍၊ မြို့နယ်သီးစားချထားရေး ကော်မိတီနှင့် ခရိုင်သီးစားချထားရေးကော်မိတီက အခင်းဖြစ်မြေကို ဒေါ်ခင်မြင့်အား၊ ကိုယ်တိုင် လုပ်ကိုင်ရန်အတွက် ချထားခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ သီးစားချထားခေး အက်ဥပဒေနှင့်သော်၎င်း၊ ထိုနှစ် သီးစားချထားရေး နည်းဥပဒေများနှင့် သော်၎င်း ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့်၊ တိုင်းသီးစားချထားရေး ကော်မိတီ၏ အမိန့်ကို အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည်၊ ဤရုံးတော် တရားစရိတ်ကို၊ မိမိတို့ကိုယ်တိုင် ကျခံကြရမည် ဖြစ်သည်။

တရားလွှတ်တော်ချုပ်

ဒေါက်တာ မစ္စ ဒီရပ် (ရှ်) (လျှောက်ထားသူ)

နှင့်

ရန်ကုန်မြို့ ငှါးရမ်းခကြီးကြပ်ရေး ဝန်ပါ ၂ (လျှောက်ထားခံရသူများ)*

† ၁၉၆၁ ဇူလိုင်လ ၃၁ ရက်။

မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ ၁၉၆၀ ခုနှစ်၊ ပုဒ်မ ၂၁ (၄)။ အစီရင်ခံရန် ညွှန်ကြားသောအမိန့်သည်အပြီးအပြတ်ချမှတ်သော အမိန့်မဟုတ်၊ အခင်းဖြစ်အိမ်ခန်းကိုအငှါးချထားရန်အတွက်ကြီးကြပ်ရေးဝန်လိုက်နာရမည့်အချက်။ ပုဒ်မ ၂ (ခ)၊ (ကြီးကြပ်ရေး) ဆိုသည့်စကား၊ လက်ထောက်ကြီးကြပ်ရေးဝန်မပါဝင်၊ ဥပဒေဟောင်းတွင်ယင်းသို့ပင်။

ဆုံးဖြတ်ချက်။ ။ငှါးရမ်းခကြီးကြပ်ရေးဝန်သည်၊ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေဟောင်းပုဒ်မ ၁၆ (က က) နှင့် ၁၆ (ခ) အရ၊ အရေးယူရှုဆုံးဖြတ်ချက်ချပြီးနောက်ယခုတည်ဆဲ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂၁ (၄) အရ၊ အခင်းဖြစ်အိမ်ခန်းကို သင့်တော်သောသူတဦးဦးအား အငှါးချထားရန်အတွက်လက်ထောက်ကြီးကြပ်ရေးဝန်က ဆက်လက်ဆောင်ရွက်ပြီး ပြန်လည်အစီအရင်ခံရန်အမိန့်သည် အပြီးအပြတ်ချမှတ်သော အမိန့်မဟုတ်သေး၍ အမှုခေါ်စာရွက်တော်အမိန့်ဖြင့်ဝင်ရောက်စွက်ဖက်ရန်အတွက်စဉ်းစားရန်အချိန်မကျသေးချေ။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) ပါ ပြဋ္ဌာန်းချက်များအရ၊ ကြီးကြပ်ရေးဝန်သည်နိုင်ငံတော်သမ္မတကဖွဲ့စည်းသည့်အကြံပေးအဖွဲ့၏အကြံဥာဏ်အတိုင်းဆောင်ရွက်လျက်၊ အခင်းဖြစ်အိမ်ခန်းကို အငှါးချထားရန်ဆင့်ဆိုရမည်ဖြစ်သည်။

(ကြီးကြပ်ရေးဝန်)ဆိုသည်မှာ၊ ၁၉၆၀ ပြည့်နှစ်၊ မြို့မြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေအရခန့်ထားသောငှါးရမ်းခကြီးကြပ်ရေးဝန်ကိုဆိုလိုသည်ဟုထိုအက်ဥပဒေပုဒ်မ ၂ (ခ) တွင်ပြဋ္ဌာန်းထားလေသည်၊ ထိုစကားရပ်တွင် လက်ထောက်ကြီးကြပ်ရေးဝန်ပါဝင်သည်ဟုပြဋ္ဌာန်းထားသည်ကိုမတွေ့ရချေ။ ကြီးကြပ်ရေး အက်ဥပဒေဟောင်းတွင်လည်းယင်းသို့ပင်ဖြစ်သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၁၄။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီး နှင့် ဦးအောင်သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီးဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၁

ဒေါက်တာ မစ္စ ဒီရပ်(ရှ်) နှင့် ရန်ကုန်မြို့ဦးရမ်း ခကြီးကြပ်ရေး ဝန် ပါ ၂။

လျှောက်ထားသူအတွက်။ ။ဂျီ၊ အင်န်၊ ဘနာဂျီ လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။အစိုးရ လွှတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်။ ။မည်သူမျှ မလာမရောက်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှုတွင် ယခုလျှောက်ထားသူ ဒေါက်တာ မစ္စဒီရပ် (ရှ်) အပေါ် ၌၊ ရန်ကုန်မြို့၊ ၁၂၅ လမ်း၊ အိမ်အမှတ် ၄၀ ပိုင်ရှင် ဒေါ်လုံးတင်က၊ ဆရာဝန်မသည်၊ ထိုအိမ်အခန်းနံပါတ် ၂ ၌ အိမ်ငှါးအဖြစ် နေထိုင်ခဲ့ပြီး၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ အကြောင်းမကြားဘဲ၊ ဦးစိုးတင် ဆိုသူအား တဆင့်အိမ်ငှါးအဖြစ်၊ ထိုအခန်း၌ ထားရှိခဲ့သည်ဟု စွဲဆိုပြီး၊ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေဟောင်း ပုဒ်မ ၁၆ (က က) နှင့် ၁၆ (ခ) အရ၊ အရေးယူပါရန်၊ ကြီးကြပ်ရေးဝန်ထံလျှောက်ထား လေသည်။ ကြီးကြပ်ရေးဝန်သည် နှစ်ဦးနှစ်ဘက်တင်ပြသော သက်သေများကိုစစ်ဆေး ပြီးနောက်၊ ဆရာဝန်မက မိမိဆောက်လုပ်သော အိမ်သစ်သို့ ပြောင်းရွှေ့ နေထိုင်သော် လည်း၊ အခင်းဖြစ်အိမ်ခန်းကို ဆေးခန်းအဖြစ် မိမိအသုံးပြုလျက်ရှိကြောင်းဖြင့် ထုချေ သည်ကိုလက်မခံဘဲ၊ ၁၉၅၇ ခု၊ မတ်လ ၁၀ ရက်နေ့မှစ၍ ဆရာဝန်မသည်၊ အခင်းဖြစ် အခန်းကို စွန့်လွှတ်သည်ဟု ဆုံးဖြတ်လေသည်။ ထိုသို့ဆုံးဖြတ်ပြီးနောက် ယခုတည်ဆဲ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁(၄) အရ၊ သင့်တော်သူတဦးဦးအား အငှါးချထားရန်အတွက်၊ လက်ထောက်ကြီးကြပ်ရေးဝန်က ဆက်လက်ဆောင်ရွက်ပြီး ပြန်လည်အစီရင်ခံရန် အမိန့်ချမှတ်လိုက်သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့်၊ အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန်၊ ဆရာဝန်မက ဤရုံးတော်သို့ လျှောက်ထားလေသည်။

ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည်၊ အမှုသည်များနှင့် ၎င်းတို့ တင်ပြသောသက်သေ များကို အကျယ်တဝင့် စစ်ဆေးပြီးနောက်၊ သက်သေထွက်ချက်များကို လေ့လာပြီး၊ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့လေသည်။ ထိုဆုံးဖြတ်ချက်ကို ဆရာဝန်မ၏ အရေးကြီးသော သက်သေတယောက်ဖြစ်သူ၊ မစ္စတာ အော၊ အမ်၊ ဗါးနီးယားအား ပြန်လည်မေးခွန်းထုတ်ရာ၌၊ ထွက်ဆိုသော သက်သေခံချက်များက အထောက်အထားပြုလေသည်။ ယင်းသို့ဖြစ်၍၊ ကြီးကြပ်ရေးဝန်၏ ဆုံးဖြတ်ချက်ကို လက်ခံရပေမည်။

ထိုသို့ဆုံးဖြတ်ချက်ချပြီးနောက်၊ ဆက်လက် အရေးယူရန် ညွှန်ကြားသည်မှာ လည်း၊ အပြီးအပြတ် ချမှတ်သော အမိန့်မဟုတ်သေးချေ။ သို့အတွက် အမှုခေါ်

စာချုန်တော်အမိန့်ဖြင့် ဝင်ရောက် စွက်ဖက်ရန်အတွက် စဉ်းစားရန် အချိန်မကျသေးခြေ။ သို့ဖြစ်၍ ဤလျှောက်လွှာကို ပလပ်ရမည်ဖြစ်သည်။

ယင်းသို့ ပလပ်ရမည် ဖြစ်သော်လည်း အာရေးကြီးသော အချက်နှစ်ရပ်ကို၊ ဤရုံးတော်က ဖော်ပြရမည်ဖြစ်သည်။ ပဌမအချက်မှာ၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁(၄) ပါပြဋ္ဌာန်းချက်များအရ၊ ကြီးကြပ်ရေးဝန်သည် နိုင်ငံတော် သမ္မတက ဖွဲ့စည်းသည့် အကြံပေးအဖွဲ့၏ အကြံဉာဏ်အတိုင်း ဆောင်ရွက်လျက်၊ အခင်းဖြစ်အိမ်ခန်းကို အငှါးချထားရန် ဆင့်ဆိုရမည်ဖြစ်သည်။ ထိုကိစ္စအလို့ငှါ နိုင်ငံတော်သမ္မတက အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းမပြုရသေးဟု သိရှိရသည်။ အခြားအချက်တရပ်မှာ (ကြီးကြပ်ရေးဝန်) ဆိုသည်မှာ၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ ခန့်ထားသော ဌါးရမ်းခ ကြီးကြပ်ရေးဝန်ကိုဆိုလိုသည်ဟု ထိုအက်ဥပဒေပုဒ်မ ၂(ခ)တွင် ပြဋ္ဌာန်းထားလေသည်။ ထိုစကားရပ်တွင် လက်ထောက်ကြီးကြပ်ရေးဝန် ပါဝင်သည်ဟု ပြဋ္ဌာန်းထားသည်ကို မတွေ့ရခြေ။ ကြီးကြပ်ရေး အက်ဥပဒေ ဟောင်းတွင်လည်း ယင်းကဲ့သို့ပင်ဖြစ်သည်။ သို့ဖြစ်၍၊ ဤအမှုတွင် ဌါးရမ်းခ ကြီးကြပ်ရေးဝန်က၊ လက်ထောက် ကြီးကြပ်ရေးဝန်အား ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်သည်မှာ တရားဥပဒေနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ကို စဉ်းစားရန် ဖြစ်သည်။

ယခုလျှောက်လွှာကို ပယ်လိုက်သည်။ အမှုသည်များသည် မိမိတို့ တရားစရိတ်ကို မိမိတို့အသီးသီးကျခံ ကြရမည်ဖြစ်သည်။

1961

ဒေါက်တာ မစ္စဒီရပ် (၅) နှင့် ရန်ကုန်မြို့ဌါးရမ်းခကြီးကြပ်ရေးဝန် ပါ ၂။

တရားလွှတ်တော်ချုပ်

† ၁၉၆၁
ဩဂုတ်လ
၇ ရက်။

မစိန် (လျှောက်ထားသူ)

နှင့်

မန္တလေးမြို့ လက်ထောက် မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဝန် ပါ ၂ (လျှောက်ထားခံရသူများ)*

မြို့ပြဆိုင်ရာဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ ၁၉၆၀ ပြည့်နှစ်၊ ပုဒ်မ ၄၃၊ ပြဋ္ဌာန်းချက်များပုဒ်မ ၁၃ အရ၊ ကြီးကြပ်ရေးဝန်မည်သို့မှမဆောင်ရွက်နိုင်သောကိစ္စ။ ပုဒ်မ ၂ (အိမ်ရှင်) နှင့် (ဥပစာ) တို့၏အဓိပ္ပါယ်။

အခင်းဖြစ်မြေတွင်နေထိုင်နိုင်ရန်အတွက်လျှောက်ထားရာ၊ အဝိုးရကလျှောက်ထားသူအား ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၃ ရက်နေ့အထိ ၃ နှစ်လိုင်စင်ထုပ်ပေးပြီးနောက်၊ လျှောက်ထားခံရသူအမှတ် ၂။ ဦးတင်မောင်ကလျှောက်ထားခံရသူအမှတ် ၁၊ မန္တလေးမြို့ဌါးရမ်းခကြီးကြပ်ရေးဝန်ထံ ၁၉၆၀ ပြည့်နှစ်၊ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ အရ အခင်းဖြစ်မြေပေါ်၌ရိုးဖြောင့်သောသဘောဖြင့် နေထိုင်သူအဖြစ်နှင့်ဆက်လက်နေထိုင်ခွင့်ရှိရန်လျှောက်ထားရာ၊ ကြီးကြပ်ရေးဝန်က လျှောက်ထားသည့်အတိုင်းအမိန့်ချမှတ်လိုက်လေသည်။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၄၃ ပါပြဋ္ဌာန်းချက်များအရဆိုလျှင်အစိုးရ၊ သို့တည်းမဟုတ်အစိုးရဌာန၊ သို့တည်းမဟုတ် ထိုပြဋ္ဌာန်းချက်များတွင်ဖော်ပြထားသည့် အဖွဲ့တခုခုကအိမ်ရှင်ဖြစ်သော ဥပစာတခုခုနှင့်စပ်လျဉ်း၍၊ ကြီးကြပ်ရေးဝန်သည် ယင်းအက်ဥပဒေပုဒ်မ ၁၃ အရ၊ မည်သို့မျှဆောင်ရွက်ခြင်းမပြုနိုင်ပေ။ (အိမ်ရှင်) ဆိုသောစကားရပ်နှင့် (ဥပစာ) ဆိုသောစကားရပ်များ၏အဓိပ္ပါယ်ကို အထက်ဖော်ပြပါဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂ တွင်သတ်မှတ်ထားရာ၊ ယခုမှခင်းကိစ္စတွင်နိုင်ငံတော်အစိုးရသည်လည်း (အိမ်ရှင်) ဖြစ်သည်ကိုငင်း၊ အခင်းဖြစ်မြေသည်လည်း (ဥပစာ) ဖြစ်သည်ကိုငင်းတွေ့ရှိရသည်။

---

* ၁၉၆၀ ပြည့်နှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၂၀၂။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီး နှင့် ဦးအောင်သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီးချုပ်ဦးမြင့်သိန်းအဓိန့်ချမှတ်သည်။

လျှောက်ထားသူအတွက်။ ။မစ္စတာ အမ် ကာဆင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။အစိုးရ လွှတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်။ ။မစ္စတာ အာ (ရ်)၊ ချော်ဘီ လိုက်ပါ ဆောင်ရွက်သည်။

၁၉၆၁

မစိန်နှင့် မန္တလေးမြို့လက်ထောက်မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ပါ ၂။

တရားဝန်ကြီးချုပ် ဦးမြင့်သိန်း။ ။အခင်းဖြစ်မြေသည် ကေဒဿမ ၁၃ ရှိ၊ မန္တလေးမြို့ နယ်နိမိတ်အတွင်း ကျရောက်သော အိမ်ယာ မြေဖြစ်သည်။ ထိုမြေနှင့် ပတ်သက်၍ ယခု လျှောက်ထားသူ မစိန်နှင့် လျှောက်ထား ခံရသူ အမှတ် ၂၊ ဦးတင်မောင်တို့သည်၊ တရားမမှု ဖြစ်ပွါးကြရာ၊ ဤရုံးတော်သို့ပင် ရောက်ရှိခဲ့ကြလေသည်။ ထို့နောက်၊ တိုမြေအတွက် နိုင်ငံတော် အစိုးရက ထုတ်ပေးသော လိုင်စင်မှာ ကာလအပိုင်အခြား ကုန်ဆုံးခါနီးတွင် မစိန်နှင့် ဦးတင်မောင်တို့ လိုင်စင်ရရှိရန်အတွက် အပြိုင် လျှောက်ထားကြရာ၊ နိုင်ငံတော်အစိုးရအထိ အခင်းဖြစ်ပွါးခဲ့ကြသည်။ မစိန်သည် ထိုမြေပေါ်၌ နေထိုင်ရန်အတွက် လိုင်စင် ရရှိခဲ့လေသည်။ ထိုလိုင်စင် ကာလအပိုင်းအခြား ကုန်ဆုံးခါနီးတွင်၊ မစိန်သည် အစိုးရထံ လိုင်စင် ရရှိရန်အတွက် ထပ်မံလျှောက်ထားပြန်ရာ၊ ၁၉၆၃ ခု၊ ဇန္နာဝါရီလ ၃ ရက်နေ့အထိ၊ ၃ နှစ်လိုင်စင် ရရှိလေသည်။ ဦးတင်မောင်သည်၊ မစိန်နှင့် အပြိုင် မလျှောက်တော့ဘဲ၊ မန္တလေးမြို့ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ၊ ၁၉၆၀ ပြည့်နှစ်၊ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ အရ၊ အခင်းဖြစ်မြေပေါ်၌ ရှိးဖြောင့်သော သဘောဖြင့် နေထိုင်သူ အဖြစ်နှင့် ဆက်လက်နေထိုင်ခွင့် ရရှိရန် လျှောက်ထားရာ၊ ကြီးကြပ်ရေးဝန်က လျှောက်ထားသည့် အတိုင်း အမိန့် ချမှတ် လိုက်လေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် မစိန်က အမှုခေါ်စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန်၊ ဤရုံးတော်သို့ လျှောက်ထားလေသည်။

အခင်းဖြစ်မြေသည်၊ နိုင်ငံတော်အစိုးရပိုင် ဖြစ်ကြောင်းကို မည်သူမျှ မငြင်းဆိုချေ။ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း နိုင်ငံတော် အစိုးရက မစိန်အား၊ ထိုမြေပေါ်၌ ၃ နှစ်တာမျှ နေထိုင်ရန်အတွက် လိုင်စင် ထုတ်ပေးကြောင်းမှာလည်း ထင်ရှားလေသည်။ ထို့ကြောင့် ယခုပေါ်ပေါက်သည့် ပြဿနာမှာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ထိုမြေပေါ်တွင် နေထိုင်ရန်အတွက် ဦးတင်မောင်အား၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ အရ၊ နေထိုင်ခွင့် ပြုနိုင်သလောဟူသည့် အချက်ပင်ဖြစ်သည်။ ထိုအက်ဥပဒေ ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အစိုးရ၊ သို့တည်းမဟုတ် အစိုးရဌာန၊ သို့တည်းမဟုတ် ထိုပြဋ္ဌာန်းချက်များတွင် ဖေါ်ပြထားသည့် အဖွဲ့တခုခုက အိမ်ရှင်ဖြစ်သော ဥပစာတခုခု နှင့် စပ်လျဉ်း၍၊ ကြီးကြပ်ရေးဝန်သည် ယင်း

၁၉၆၁
မစိန်
နှင့်
မန္တလေးမြို့
လက်ထောက်
မြို့ပြဆိုင်ရာ
ဌါးရမ်းခ
ကြီးကြပ်ရေးဝန်
ပါ ၂။

အက်ဥပဒေ ပုဒ်မ ၁၃ အရ၊ မည်သို့မျှ ဆောင်ရွက်ခြင်း မပြုနိုင်ပေ။ (အိမ်ရှင်) ဆိုသော စကားရပ်နှင့် (ဥပစာ) ဆိုသော စကားရပ်များ၏ အဓိပ္ပါယ်ကို အထက် ဖော်ပြပါ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ တွင် သတ်မှတ်ထားရာ၊ ယခုမှုခင်း ကိစ္စတွင် နိုင်ငံတော် အစိုးရသည်လည်း (အိမ်ရှင်) ဖြစ်သည်ကိုဎင်း၊ အခင်းဖြစ်မြေသည်လည်း (ဥပစာ) ဖြစ်သည်ကိုဎင်း တွေ့ရှိရသည်။

ယင်းသို့ဖြစ်၍၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်ကို၊ အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။ ဦးတင်မောင်သည်၊ ဤရုံးတော် တရားစရိတ်များကို ကျခံရမည်။ ဤရုံးတော်ရှေ့နေခမှာ ဂ၅ ကျပ် ဖြစ်စေရမည်။

တရားလွှတ်တော်ချုပ်

မညွှန့်ညွှန့် ပါ ၂ (လျှောက်ထားသူများ)

နှင့်

လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်၊ ညောင်တုံးမြို့ ပါ ၂ (လျှောက်ထားခံရသူများ) *

† ၁၉၆၁
ဇူလိုင်လ
၃ ရက်။

မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့်အကျုံးမဝင်သောအဆောက်အဦ၊ ပုဒ်မ ၁၃ (၁) အရအမိန့်ချမှတ်နိုင်ရန်အာဏာမရှိသောကိစ္စ။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ခုနှစ်တွင်မီးလောင်သွားသော အိမ်နေရာတွင်နောက်ထပ်၍ ဆောက်လုပ်သောအိမ်သည်၊ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနအမိန့်ကြော်ငြာစာအမှတ် ၃၅ အရ၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေတွင် အကျုံးမဝင်သောအဆောက်အဦ အသစ်ဖြစ်သည့်အလျောက် အဆိုပါအိမ်သစ်၏အခန်းတွင် မီးလောင်သွားသောအိမ်တွင် အိမ်ငှါးအဖြစ် နေထိုင်ခဲ့သူများအား လက်ထောက်ငှါးရမ်းခကြီးကြပ်ရေးဝန်က ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၈) အရအိမ်ငှါးချထားရန်အမိန့်ချမှတ်နိုင်ရန်အာဏာမရှိ။

လျှောက်ထားသူများအတွက်။ ။ဦးဘသောင်း လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။လျှောက်ထားသူ နှစ်ဦး မညွှန့်ညွှန့် နှင့် ၎င်း၏ ညီမ မအေးမေတို့သည်၊ ညောင်တုံးမြို့၊ စျေးပိုင်းရပ်၊ လမ်းမတော်နှင့် ဗိုလ်ချုပ်လမ်းထောင့်တွင်ယခင် မီးလောင်ကျွမ်းသွားသော အိမ်နေရာ၌၊ အသစ်ဆောက်လုပ်ထားသော အိမ်ပိုင်ရှင်များဖြစ်ကြသည်။ ယခင် ၁၉၆၀ ခုနှစ်၊ မတ်လ ၄ ရက်နေ့က မီးလောင်၍ ပျက်စီးသွားသော အိမ်ဟောင်းတွင် ယခု လျှောက်ထား ခံရသူ

---

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲ့လျှောက်လွှာအမှတ် ၆၉-၇၀။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီး နှင့် ဦးအောင်သာကျော် တို့ရှေ့မှောက်တွင်တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၁

မည္သန္ညွန့် ပါ ၂ နှင့် လက်ထောက် ဌါးရမ်းခကြီး ကြပ်ရေး န်၊ ညောင်တုံးမြို့ ပါ ၂ ။

မောင်ဘာဘူနှင့် ကိုညိမ်းဖေတို့က အိမ်ငါးများအဖြစ် တယောက်တခန်းစီနေပြီး၊ မိမိတို့၏ စီးပွါးရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြလေသည်။ မီးလောင်၍ ပျက်စီးသွားသော အိမ်ဟောင်းမှာ အခန်း ၁၈ ခန်းပါရှိသော တထပ်အိမ်ဖြစ်သည်။ ၎င်းအိမ်နေရာတွင် ယခု အခန်း ၁၀ ခန်း ရှိသော နှစ်ထပ်အိမ်တလုံးကို ဆောက်လုပ်ပြီးခဲ့ရာ၊ ထိုအိမ်သစ်ရှိ အိမ်ခန်း ၁၀ ခန်း အနက်၊ အိမ်ခန်း နှစ်ခန်းကို လျှောက်ထားခံ ရသူများအား၊ ညောင်တုံးမြို့၊ လက်ထောက် ဌါးရမ်းခ ကြီးကြပ်ရေးဝန်က၊ ၁၉၆၀ ခုနှစ်၊ မြို့ပြ ဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ၊ အိမ်ငှါးချထားရန် အမိန့် တရပ်ကို၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ချမှတ်လိုက်လေသည်။ အဆိုပါ လက်ထောက် ဌါးရမ်းခ ကြီးကြပ်ရေးဝန်က ဥပဒေအရ၊ အထက်ဖေါ်ပြပါ အမိန့်ကို ချမှတ်ရန် အာဏာ မရှိပါဟု ဖေါ်ပြ၍ ဤရုံးတော်တွင် လျှောက်ထားသူများက အမှုခေါ် စာချွန်တော် တရပ် လျှောက်ထားခဲ့သည်။

ဤလျှောက်လွှာများနှင့် သက်ဆိုင်သောအဆောက်အဦများ အဆောဒိက်အဦသစ် ဖြစ်သည်။ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၃၅ အရ၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေတွင် အကျုံးမဝင်သောအဆောက်အဦဖြစ်ခြင်းကြောင့် လျှောက်ထားသူများ၏ ကန့်ကွက်ချက်ကို လက်ခံရပေမည်။

သို့ဖြစ်သည့်အတိုင်း၊ ညောင်တုံးမြို့၊ လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။

အမှုသည်များ၊ မိမိတို့၏စရိတ်ကို မိမိတို့ကျခံကြစေ။

တရားလွှတ်တော်ချုပ်

မောင်ညွန့်မောင် (လျှောက်ထားသူ)

နှင့်

ရောဝတီတိုင်းသီးစားချထားရေး ကော်မိတီ ဥက္ကဋ္ဌ ပါ ၃ (လျှောက်ထားခံရသူများ)*

† ၁၉၆၁ ဇူလိုင်လ ၁၂ ရက်။

သီးစားချထားရေးနည်းဥပဒေ၊ ၁၉၅၃ ခုနှစ်၊ စာဒကလွှာကို အဆုံးအဖြတ်ပေးရာတွင် သတိမူရမည့် အဓိကကန့်သတ်ချက်။ အဆိုပါ နည်းဥပဒေနှင့် အက်ဥပဒေတို့၏ ရည်ရွယ်ချက်၊ သီးစားချထားရန် လျှောက်လွှာများကို သတ်မှတ်သောအချိန်တွင် တင်သွင်းရန်၊ မတင်သွင်းလျှင်လုပ်ကိုင်ခွင့်မရ၊ မူလကော်မိတီ၏အဓိန့်ကိုမကျေနပ်လျှင် ၁၅ ရက်အတွင်းအယူခံဝင်နိုင်ခွင့်၊ ၁၅ ရက်မှ ကျော်လွန်သော အယူခံဝင်လွှာကိုလက်ခံနိုင်ခွင့်မရှိ။

လျှောက်ထားသူနှင့်လျှောက်ထားခံရသူများဖြစ်သူ မောင်လှထွန်းနှင့်မောင်ကျော်ရင်တို့သည် အခင်းဖြစ်မြေကို၊ ၁၉၆၀-၆၁ ခုနှစ်တွင်လုပ်ကိုင်ရန်အတွက်၊ ဘိုကလေးမြို့နယ် သီးစားချထားရေး ကော်မိတီသို့ အပြိုင်လျှောက်ထားကြရာ၊ မြို့နယ် သီးစားချထားရေး ကော်မိတီက အခင်းဖြစ်မြေကို လျှောက်ထားသူသို့ ချထားလိုက်သည်ကို မောင်လှထွန်းနှင့် မောင်ကျော်ရင်တို့သည် ခရိုင်သီးစားချထားရေး ကော်မိတီသို့ အယူခံဝင်ခွင့်ရှိလျက်နှင့် အယူခံမဝင်ဘဲ၊ အယူခံရန်အတွက် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ၊ ရောဝတီတိုင်း သီးစားချထားရေးကော်မိတီသို့ စာဒကဝင်ရာ၊ တိုင်းသီးစားချထားရေး ကော်မိတီက မြို့နယ်သီးစားချထားရေး ကော်မိတီ၏အဓိန့်ကိုပယ်ဖျက်ပြီးအခင်းဖြစ်မြေကို မောင်လှထွန်းနှင့် မောင်ကျော်ရင်တို့အား ချထားလိုက်လေသည်။

ဆုံးဖြတ်ချက်။ ။တိုင်းသီးစားချထားရေး ကော်မိတီသည်၊ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေအပိုဒ် ၁၇ အရ စာဒကလွှာကိုလက်ခံ၍ လေ့လာသုံးသပ်၍ အဆုံးအဖြတ်ပေးရာ၌ သတိမူရမည့် အဓိကအားဖြင့် ကန့်သတ်ချက်တရပ်မှာ၊ အဆိုပါ နည်းဥပဒေ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းမပြုရန်ဖြစ်သည်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေနှင့် နည်းဥပဒေများကို ပေါင်းစပ်၍ လေ့လာသုံးသပ်သော်၊ လယ်ယာမြေများကို၊ သက်ဆိုင်ရာ သီးစားနှစ်အတွက်၊ အချိန်မှီ ချထားခြင်းပြု၍ တောင်သူလယ်သမားများအား လုပ်ကိုင်စေရန်ဖြစ်သည်၊ သို့ဖြစ်သော

---

* ၁၉၆၁ ခုနှစ်၊ တရားမအယေးအဇ္ဈလျှောက်လွှာအမှတ် ၂၁။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့်ဦးအောင်သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီးဦးဘိုကြီးအဓိန့်ချမှတ်သည်။

၁၉၆၁
မောင်ညွှန့်မောင်နှင့် ဧရာဝတီတိုင်း သီးစားချထားရေးကော်မီတီ ဥက္ကဋ္ဌ ပါ ၃။

ကြောင့် ရိုင်းစားချထားရေး ကော်မီတီက သတ်မှတ်သော အချိန်ကာလအတွင်း၊ လယ်ယာမြေလုပ်ကိုင်နေသူနှင့် လုပ်ကိုင်လိုသူတို့သည် သီးစားချထားရန်လျှောက်လွှာများကို သက်ဆိုင်ရာ မူလကော်မီတီသို့ တင်သွင်းရမည်ဟုပြဋ္ဌာန်းပြီးလျှင်၊ ထိုမူလကော်မီတီက ချမှတ်သောစီရင်ချက်ကိုမကျေနပ်လျှင်၊ ၁၅ ရက်အတွင်း သက်ဆိုင်ရာခရိုင်သီးစားချထားရေးကော်မီတီထံအယူခံဝင်နိုင်သည်။ သက်ဆိုင်ရာမူလကော်မီတီသို့ အချိန်ရှိလျှောက်ထားခြင်းမပြုလျှင်၊ လက်ငုတ်သီးစားပင် ဖြစ်လင့်ကစား၊ လုပ်ကိုင်ခွင့်မရနိုင်ချေ၊ ထိုပြင်လည်း ထိုကော်မီတီ၏အမိန့်ကို မကျေနပ်သဖြင့်အယူခံဝင်ရာတွင် စီရင်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း အယူခံမဝင်လျှင် ထိုအယူခံကို၊ ခရိုင်သီးစားချထားရေး ကော်မီတီက လက်ခံနိုင်ခွင့်မရှိ။

လျှောက်ထားသူအတွက်။ ။ဦးဘသော့ လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။အစိုးရ လွှတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) နှင့် (၃) အတွက်။ ။ဦးဘရုံ လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှုတွင် လျှောက်ထားသူ မောင်ညွှန့်မောင်နှင့် လျှောက်ထားခံရသူများဖြစ်သူ မောင်လှထွန်းနှင့် မောင်ကျော်ရင်တို့သည်၊ အခင်းဖြစ်မြေကို ၁၉၆၀-၆၁ ခုနှစ်တွင် လုပ်ကိုင်ရန်အတွက်၊ ဘိုကလေးမြို့နယ် သီးစားချထားရေး ကော်မီတီသို့ အပြိုင်လျှောက်ထားကြလေသည်။ မြို့နယ်သီးစားချထားရေး ကော်မီတီက အခင်းဖြစ်မြေကို မောင်ညွှန့်မောင်အား သီးစားချထားလိုက်လေသည်။

မောင်လှထွန်းနှင့် မောင်ကျော်ရင်တို့သည်၊ ခရိုင်သီးစားချထားရေး ကော်မီတီသို့ အယူခံဝင်ခွင့်ရှိလျက်နှင့် အယူခံမဝင်ဘဲ၊ အယူခံရန်အတွက် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ ဧရာဝတီတိုင်း သီးစားချထားရေးကော်မီတီသို့ စောဒကဝင်လေသည်။ တိုင်းသီးစားချထားရေးကော်မီတီက၊ မြို့နယ်သီးစားချထားရေးကော်မီတီ၏ အမိန့်ကိုပယ်ဖျက်ပြီး၊ အခင်းဖြစ်မြေကို မောင်လှထွန်းနှင့် မောင်ကျော်ရင်တို့အား ချထားလိုက်လေသည်။

မောင်ညွှန့်မောင်က ထိုအမိန့်ကို မကျေနပ်သဖြင့် အမှုခေါ်စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ပေးပါရန် ဤရုံးတော်သို့လျှောက်ထားလေသည်။

တိုင်းသီးစားချထားရေးကော်မီတီသည်၊ မောင်လှထွန်းနှင့် မောင်ကျော်ရင်တို့၏ စောဒကလွှာကို ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၇ အရ၊ လက်ခံစစ်ဆေးပြီး အမိန့်ချမှတ်ရာ၌၊ ထိုနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်

စေဘဲ၊ မိမိသင့်လျော်သည်ထင်မြင်သည့် အမိန့်ကိုချမှတ်ရပေမည်။ အဓိကအားဖြင့် ကန့်သတ်ချက်တရပ်မှာ တိုင်းသီးစားချထားရေးကော်မီတီသည်၊ စောဒကလွှာကို လေ့လာသုံးသပ်၍ အဆုံးအဖြတ်ပေးရာ၌၊ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ ပြဋ္ဌာန်းချက်များကို ချိုးဖေါက်ခြင်း မပြုရန် သတိမူရပေမည်။ ယခုမူကား မောင်လှထွန်းနှင့် မောင်ကျော်ရင်တို့သည်၊ မြို့နယ်သီးစားချထားရေးကော်မီတီ၏ အမိန့်ကို မကျေနပ်သော်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၆ အရ၊ စီရင်ချက်ချမှတ်သည့် နေ့မှ ၁၅ ရက်အတွင်း၊ ခရိုင်သီးစားချထားရေး ကော်မီတီထံ အယူခံဝင်နိုင်သော်လည်း၊ အယူခံဝင်ခြင်းမပြုခဲ့ချေ။ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေနှင့် နည်းဥပဒေ့ များကိုပေါင်းခြုံ၍ လေ့လာသုံးသပ်သော် လယ်ယာမြေများကို သက်ဆိုင်ရာ သီးစားနှစ့် အတွက် အချိန်မှီချထားခြင်းပြု၍၊ တောင်သူလယ်သမားများအား လုပ်ကိုင်စေရန ဖြစ်သည်။ သို့ဖြစ်သောကြောင့် နည်းဥပဒေ ၁၃ အရ၊ ခရိုင်သီးစားချထားရေးကော်မီတီက သတ်မှတ်သော အချိန်ကာလအတွင်း လယ်ယာမြေလုပ်ကိုင်နေသူနှင့် လုပ်ကိုင လိုသူတို့သည် သီးစားချထားရန် လျှောက်လွှာများကို သက်ဆိုင်ရာ မူလကော်မီတီသို့ တင်သွင်းရမည်ဟု ပြဋ္ဌာန်းပြီးလျှင်၊ ထိုမူလကော်မီတီက ချမှတ်သော စီရင်ချက်ကို မကျေနပ်လျှင် ၁၅ ရက်အတွင်း သက်ဆိုင်ရာ ခရိုင်သီးစားချထားရေး ကော်မီတီထံ အယူခံဝင်နိုင်သည်ဟု ပြဋ္ဌာန်းထားလေသည်။ သက်ဆိုင်ရာ မူလကော်မီတီသို့ အချိန်မှီ လျှောက်ထားခြင်းမပြုလျှင် လက်ငုတ်သီးစားပင်ဖြစ်လင့်ကစား၊ လုပ်ကိုင်ခွင့်မရနိုင်ချေ။ ထို့ပြင်လည်း ထိုကော်မီတီ၏ အမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်ရာတွင် စီရင်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း အယူခံမဝင်လျှင်၊ ထိုအယူခံကို ခရိုင်သီးစားချထားရေးကော်မီတီက လက်ခံနိုင်ခွင့်မရှိပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းသီးစားချထားရေးကော်မီတီ၏ အမိန့်ကို အမှုခေါ်စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့တရားစရိတ်ကို မိမိတို့အသီးသီးကျခံရမည်ဖြစ်သည်။

†၁၉၆၁

မောင်ညွှန့်မောင်နှင့် ရောဝတီတိုင်းသီးစားချထားရေးကော်မီတီ ဥက္ကဋ္ဌ ပါ ၃။

တရားလွှတ်တော်ချုပ်

†၁၉၆၁
ဩဂုတ်လ
၂၃ ရက်။

မသန်း ပါ ၃
မအမာ (ခေါ်) မအမာထွေး (အယူခံတရားလိုများ)

နှင့်

ဦးချစ်ဆွေ (အယူခံတရားခံ)*

ကုန်တံဆိပ်၊ ပိုင်ဆိုင်သုံးစွဲခွင့်၊ ရောင်းချပြောင်းလွှဲခွင့်၊ အမွေဆက်ခံနိုင်ခွင့်၊ အမွေဆက်ခံသူတဦး၏ ဝေပုံကျသုံးစွဲနိုင်ခွင့်မဟုတ်၊ အမွေဆက်ခံသူများ၏ ညီတူညီမျှဖြစ်သော အခွင့်အရေး၊ အမွေဆိုင်အချင်းချင်း ပဋိညာဉ်ဖြင့် ပြုလုပ်နိုင်သည့်ကိစ္စ၊ အမွေဆိုင်တဦးတည်းပိုင်ဆိုင်ခွင့် မရနိုင်သောကိစ္စ။

ဆုံးဖြတ်ချက်။ ။ကုန်တံဆိပ်များဘို့ကို ကုန်ထုတ်လုပ်သူ တဦးသာလျှင်၊ ပိုင်ဆိုင်သုံးစွဲခွင့်ရှိပေရာ၊ ထိုကဲ့သို့သော ပိုင်ဆိုင်သုံးစွဲခွင့်ကို ပိုင်ဆိုင်သူတဦးက၊ အခြားတဦးသို့ ရောင်းချ ပြောင်းလွှဲနိုင်ခွင့်ရှိသည့်ပြင်၊ ပိုင်သူထံမှ၎င်း၏ အမွေစားအမွေခံတဦးက၊ ၎င်းတံဆိပ်ပိုင်ဆိုင်သုံးစွဲခွင့်ကို အမွေဆက်ခံနိုင်သည်။

T. C. Mohamed v. *A. Kunjalan and two others*, (1951) B.L.R. (S.C.) 98 ကို ရည်ညွှန်းသည်။

ထိုသို့အမွေဆက်ခံရယူနိုင်သော ပစ္စည်းတရပ်ဖြစ်ခြင်းကြောင့် မူလပိုင်ရှင်သေဆုံးသည့် အခါတွင်၊ ၎င်းပိုင်ဆိုင်သုံးစွဲနေသော ကုန်တံဆိပ်ကို ၎င်း၏အမွေဆက်ခံသော သားသမီးအားလုံးတို့က ရယူသုံးစွဲနိုင်ခွင့်ရှိကြသည်။ ထိုသို့ရယူသုံးစွဲနိုင်ခွင့်မှာအမွေဆက်ခံသူတဦး၏ ဝေပုံကျသုံးစွဲနိုင်ခွင့်မဟုတ်ချေ။

အမွေဆက်ခံသူများ၏ အခွင့်အရေးမှာ ညီတူညီမျှသာဖြစ်ခြင်းကြောင့်၊ ကုန်ပစ္စည်းများကို အဆိုပါကုန်တံဆိပ်ဖြင့် ပြုလုပ်ရောင်းချခြင်းကို ကုန်ထုတ်လုပ်သူအမည်နှင့် နေရပ်ခွဲခြားသျက် ကုန်ရောင်းချသောဌာနများနှင့် နယ်ပယ်များဘို့ကိုပိုင်းခြားဝေငှပြီးအသုံးပြုလိုပါက၊ အမွေဆိုင်အချင်းချင်း ပဋိညာဉ်ပြုလုပ်၍၊ ၎င်းကိစ္စများကို စီမံခန့်ခွဲနိုင်ပေမည်။

ကုန်တံဆိပ်နှင့်လုပ်ငန်းကို အချို့သောအမွေဆိုင်များက၊ တခြားအမွေဆိုင်တဦးအား စာချုပ်ဖြင့် အပိုင်ရောင်းချခြင်းအားဖြင့် ဝယ်ယူသူမှာ အဆိုပါကုန်တံဆိပ်နှင့်စပ်လျဉ်း၍၊ မိမိတဦးတည်း ပိုင်ဆိုင်ခွင့်မရရှိနိုင်ချေ။

---

* ၁၉၅၉ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၅ နှင့် ၆။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

၁၉၆၁

မသန်း ပါ ၃ ။
မအမာ (ခေါ်)
မအမာထွေး
နှင့်
ဦးချစ်ဆွေ။

အယူခံတရားလိုများအတွက်။ ။ဦးလှသွန်နှင့် မစ္စတာ ကေဆင်းတို့ လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးဘစိန်၊ မစ္စတာ ဘို (စ်) နှင့် ဦးမြစိန်တို့ လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။ကွယ်လွန်သူ ဦးလှကျော်သည်၊ မန္တလေးမြို့၌ နှစ်ပေါင်းများစွာ မိမိပြုလုပ် ရောင်းချသော ဘိန်ပဲများပေါ်တွင် စောင်းကောက်တံဆိပ်ကပ်၍ မြို့တွင်းမြို့ပြင် အနှံ့အပြားဌာ တွင်တွင်ကျယ်ကျယ် ရောင်းချခဲ့သည်။ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် အဆိုပါ ဦးလှကျော် အနိစ္စရောက်ခဲ့လေရာ၊ ၎င်း၏ သားသမီးများဖြစ်ကြသော၊ ဤအမှုအယူခံတရားလို - တရားခံတို့သည် ၎င်းသေသူ ဘခင်၏ ဘိန်ပဲချုပ်လုပ်သော လုပ်ငန်းတို့ကိုတက္ခဲတခြားစီ ဆက်လက်လုပ်ကိုင်ကြရာ၊ သားကြီးဖြစ်သူ အယူခံ တရားခံ ဦးချစ်ဆွေက ၁၉၅၄ ခု ဇန္နဝါရီလ ၂၈ ရက်နေ့စွဲဖြင့် ချုပ်ဆိုသော အရောင်းစာချုပ် တခုကို အထောက်အထားပြု၍ ၎င်း၏မွေးချင်းပေါက်ဖော်များဖြစ်ကြသော နှမငယ်မသန်း၊ ညီငယ်မောင်ကျော်သိန်း၊ မောင်ကျော်သောင်း၊ နှမငယ် မစန်းစန်းနှင့် မအမာတို့အပေါ်တွင် အဆိုပါ စောင်းကောက်တံဆိပ်ကို ကုန်အမှတ်အဖြစ် သုံးစွဲခြင်း ကိစ္စနှင့် စပ်လျဉ်း၍ မန္တလေးမြို့၊ နယ်ပိုင်တရားမရုံးတွင် တရားစွဲဆိုခဲ့သည်။ ၎င်းလျှောက်တောင်းသော သက်သာခွင့်များမှာ စောင်းကောက်တံဆိပ်ကို မိမိတဦးတည်းသာ သုံးစွဲပိုင်ခွင့်ရှိကြောင်း ကျေညာပါရန်နှင့် တရားခံတို့ ၎င်းကုန်တံဆိပ်ကို မိမိတို့ထုတ်လုပ်သော ကုန်များပေါ်တွင် တပ်ဆင်သုံးစွဲခြင်းကို ထာဝစဉ် တားမြစ်ပေးခြင်းနှင့် အဆိုပါ ကုန်တံဆိပ် တပ်ဆင်ထားသောစာရွက် စာတမ်းများ၊ နာမည်တံဆိပ်များတို့ကို မိမိအား အပ်နှင်းရန်နှင့် မိမိနစ်နာသည့်အတွက် လျော်ကြေးငွေအဖြစ် ၂၀၀ ရလိုခြင်း စသည်တို့ဖြစ်သည်။

နယ်ပိုင် တရားမရုံးက ဤရုံးတော် အယူခံ တရားလိုများအပေါ်တွင် အယူခံ တရားခံ ဦးချစ်ဆွေ စွဲဆိုသည့်အတိုင်း ဒီကရီတရပ် ချမှတ်ပေးခဲ့သည်။ အဆိုပါ ဒီကရီကို ခရိုင်တရားမ တရားသူကြီးရုံးတွင် အယူခံဝင်ရာ၊ တရားလိုတရားခံများတို့ ချုပ်ဆိုသော အရောင်းစာချုပ်သည် တရားဝင်သော စာချုပ်တရပ် မဟုတ်ဟု ယူဆခြင်းကြောင့် အယူခံတရားခံ ဦးချစ်ဆွေ၏ အမှုကို ပလပ်ခဲ့သည်။ တရားလွှတ်တော်၌ တဖန်အယူခံဝင်ရာ၊ ပညာရှိ တရားလွှတ်တော် တရားဝန်ကြီးက အဆိုပါ ကုန်တံဆိပ် အရောင်းစာချုပ်မှာ တရားမဝင်သော စာချုပ် ဖြစ်စေကာမူ အယူခံ တရားခံ ဦးချစ်ဆွေသာလျှင်၊ မိမိ၏ဘခင် သေဆုံးပြီးနောက် အချင်းဖြစ် ကုန်တံဆိပ်ကို ရှေးဦးစွာ ထုတ်လုပ်သုံးစွဲသူ ဖြစ်ခြင်းကြောင့်၊ ၎င်းဦးချစ်ဆွေသာလျှင် ကုန်တံဆိပ်ကို

၁၉၆၀
မေသန်းပါ ၃
မအမာ(ခေါ်)
မအမာထွေး
နှင့်
ဦးချစ်ဆွေ။

သီးခြားပိုင်ဆိုင်သူ ဖြစ်ခြင်းကြောင့် ခရိုင်တရားမ တရားသူကြီး ချမှတ်သော ဒီကရီ အမိန့်ကို ပယ်ဖျက်၍၊ နယ်ပိုင်တရားမ တရားသူကြီး ချမှတ်သော ဒီကရီ အတည်ပြုလိုက်လေသည်။

ဤရုံးတော်၌ တဖန် အထူးအဟူခံ ဝင်ရောက်အရေးဆိုပြန်ရာ၊ အယူခံ တရားလို များအတွက် လိုက်ပါဆောင်ရွက်သော ရှေနေကြီးများက တရားလွှတ်တော်မှ ချမှတ်သော အမိန့်ဒီကရီမှာ မှားယွင်းသော အမိန့်ဒီကရီ တရပ်ဟု အငြင်းပွါးခဲ့သည်။ ထုတ်လုပ်ရောင်းချသော ကုန်များပေါ်တွင် တပ်ဆင် ရိုက်နှိပ်သော ကုန်တံဆိပ်များ တို့နှင့် စပ်လျဉ်း၍ တိကျစွာ ပြဋ္ဌာန်းထားသော အက်ဥပဒေတရပ် မရှိသည့် အကြောင်းကို **Gawkan Ley v. Saw Kyone Saing (1) and T. C. Mohamed V. A. Kunjalam and two others (2)** တို့အမှုတွင် ဖော်ပြထားသည်။ ထိုကဲ့သို့ ဥပဒေတရပ် သီးခြားစွာ ပြုလုပ်ထားခြင်း မရှိသော်လည်း ကုန်တံဆိပ် ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍၊ အငြင်းပွါးသော ကိစ္စများကို ကုန်သွယ်မှု ကိစ္စများ၌ အထောက်အထား ပြုအပ်သော ယေဘုယျမူများအရ၊ ဆုံးဖြတ်ရာသည်ဟုလည်း ရည်ညွှန်းထားသည်ကို တွေ့ရသည်။

ဤရုံးတော်မှ အမိန့်ချမှတ်ပြီးသော အထက်ဖော်ပြပါ တီ၊စီ၊ မဟာမက်အမှုတွင် ကုန်တံဆိပ် ထုတ်လုပ်သူ၏ ပိုင်ဆိုင်ခွင့်နှင့် အခြားအခွင့်အရေးများကို မည်သို့မည်ပုံ ဖြစ်ပေါ်သည်ကို ဖော်ပြထားပြီးဖြစ်ရာ၊ ထပ်လောင်း၍ အတိုချုပ် ပြောဆိုမှတ်ကြားမည်ဆိုလျှင် ကုန်တံဆိပ် ထုတ်လုပ်ခြင်းအားဖြင့် အဆိုပါကုန်မှာ မည်သည့်နေရာတွင် မည်သူက ထုတ်လုပ်ခြင်း စသည်တို့ကို ညွှန်ပြခြင်းကြောင့် ထိုတံဆိပ်ကို သုံးခြင်းအားဖြင့် ၎င်းတံဆိပ်သည် ကုန်ထုတ်လုပ်သူ၏ ကိုယ်ပိုင်ပစ္စည်းတရပ် ဖြစ်လာခဲ့သည်။ အခြားမည်သူ တဦးတယောက်မျှ ၎င်းတံဆိပ်ကို အတုခိုးခြင်း၊ အသုံးပြုခြင်း မပြုလုပ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် သတိမမူသော ကုန်ဝယ်သူတို့၏စိတ်တွင် မိမိတို့ ဝယ်ယူသောကုန်သည် မူလကုန်ထုတ်လုပ်သူ၏ ကုန်ပစ္စည်းဟု မှားယွင်း၍ ဝယ်ယူနိုင်ခြင်းကြောင့်ဖြစ်သည်။

ထိုသို့သော ကုန်တံဆိပ်များတို့ကို ကုန်ထုတ်လုပ်သူ တဦးသာလျှင် ပိုင်ဆိုင်သုံးစွဲခွင့် ရှိပေရာ၊ ထိုကဲ့သို့သော ပိုင်ဆိုင်သုံးစွဲခွင့်ကို ပိုင်ဆိုင်သူ တဦးက အခြားတဦးသို့ရောင်းချ ပြောင်းလွဲနိုင်ခွင့် ရှိသည့်ပြင်၊ ပိုင်သူထံမှ ၎င်း၏ အမွေစားအမွေခံ တဦးက ၎င်းတံဆိပ် ပိုင်ဆိုင်သုံးစွဲခွင့်ကို အမွေဆက်ခံနိုင်သည်။

ထိုသို့ အမွေဆက်ခံ ရယူနိုင်သော ပစ္စည်းတရပ် ဖြစ်ခြင်းကြောင့် မူလပိုင်ရှင် ဦးလှကျော် သေဆုံးသည့်အခါတွင် ယခုအချင်းဖြစ် စောင်းကောက် ကုန်တံဆိပ်ကို

(1) B.L.R. (1939) p. 488—501. (2) B.L.R. (1951) (S.C.) p. 98.

၁၉၆၁
မသန်း ပါ ၃
မအမာ(ခေါ်)
မအမာထွေး
နှင့်
ဦးချစ်ဆွေ။

၎င်း၏အမွေကို ဆက်ခံသော သားသမီး အားလုံးတို့က ရယူသုံးစွဲနိုင်ခွင့် ရှိကြသည်။ ထိုသို့ ရယူသုံးစွဲနိုင်ခွင့်မှာ အမွေဆက်ခံသူ တဦး၏ ဝေပုံကျ သုံးစွဲနိုင်ခွင့် မဟုတ်ချေ။ အမွေဆက်ခံသူများ၏ အခွင့်အရေးမှာ ညီတူညီမျှသာ ဖြစ်ခြင်းကြောင့် ကုန်ပစ္စည်းများကို အဆိုပါ ကုန်တံဆိပ်ဖြင့် ပြုလုပ်ရောင်းချခြင်းကို ကုန်ထုတ်လုပ်သူ အမည်နှင့် နေရပ်ခွဲခြားလျက် ကုန်ရောင်းချသော ဌာနများနှင့် နယ်ပယ်များတို့ကို ပိုင်းခြားဝေငှပြီး အသုံးပြုလိုက အမွေဆိုင်အချင်းချင်း ပဋိညာဉ် ပြုလုပ်၍ ၎င်းကိစ္စများကို စီမံ ခန့်ခွဲနိုင်ခွင့် ရှိပေမည်။ သက်သေခံအဖြစ် တင်သွင်းထားသော အရောင်းစာချုပ်မှာ ထိုကဲ့သို့ အမွေဆိုင်အချင်းချင်း စီမံခန့်ခွဲထားသော စာချုပ်တရပ်မဟုတ်၊ ကုန်တံဆိပ်နှင့် လုပ်ငန်းကို အချိုသော အမွေဆိုင်များက တခြားအမွေဆိုင် တဦးအား အပိုင်ရောင်းချသော စာချုပ်သာဖြစ်ခြင်းကြောင့် ဝယ်ယူသူမှာ အဆိုပါ ကုန်တံဆိပ်နှင့် စပ်လျဉ်း၍၊ မိမိတဦးတည်း ပိုင်ဆိုင်ခွင့် မရရှိနိုင်ချေ။

တရားလွှတ်တော်က အယူခံ တရားခံ ဦးချစ်ဆွေမှာ မိမိဖခင် ကွယ်လွန် အနိစ္စရောက်ပြီးနောက်၊ ကိုယ်တိုင်တဦးတည်း အချင်းဖြစ် ကုန်တံဆိပ်ကို သုံးစွဲလျက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းကြောင့် ၎င်းသာလျှင် အဆိုပါ တံဆိပ်ကို ပဌမဆုံး သုံးစွဲသူဖြစ်လေရာ၊ ထိုကဲ့သို့ တခြားအမွေဆိုင်များထက် ပဌမဦးစွာ ၎င်းတံဆိပ်ကို အသုံးပြုခြင်းအကျိုးကြောင့် ၎င်းတံဆိပ်ကို မိမိတဦးတည်း သုံးစွဲပိုင်ခွင့် ရရှိခဲ့သည်ဟု ယူဆလေသည်။ ထိုသို့ယူဆချက်ကား မှားယွင်းသော ယူဆချက်တရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အယူခံတရားခံ ဦးချစ်ဆွေ သုံးစွဲသော တံဆိပ်မှာ မိမိကိုယ်ပိုင်ဥာဏ်စွမ်းဖြင့် ပဌမဦးစွာ ပြုလုပ်သုံးစွဲသော ကုန်တံဆိပ် မဟုတ်ချေ။ မိမိဖခင်၏ ဥာဏ်စွမ်းဖြင့် နှစ်ပေါင်းများစွာ ပြုလုပ်သုံးစွဲလာခဲ့သော ကုန်တံဆိပ်သာဖြစ်သည်။ အမွေဆက်ခံ ရရှိသော ကုန်တံဆိပ် ပစ္စည်းတခုကို ၎င်းနည်းအားဖြင့် တဦးတည်းပိုင်မပြုလုပ်နိုင်ချေ။

သို့အတွက်ကြောင့် အယူခံ တရားခံ ဦးချစ်ဆွေ စွဲဆိုသောအမှုကို ပလပ်ရန်သာအကြောင်းရှိသဖြင့်၊ ဤအယူခံလွှာ ၂ ခုကို လက်ခံပြီးလျှင် တရားလွှတ်တော်မှ ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍၊ ခရိုင်တရားမ တရားသူကြီးရုံးမှ ချမှတ်သော ဒီကရီကို ပြန်လည်အတည်ပြုပြီး၊ ၎င်းစွဲဆိုသောအမှုကို ပလပ်လိုက်သည်။ အယူခံ တရားခံသည် အယူခံ တရားလိုများ ကုန်ကျသော တရားစရိတ်များ ပေးဆောင်ရမည်။ ဤရုံးတော်၏ တရားစရိတ်အဖြစ် အမှုတမှုလျှင် ၁၇ဝိ ကျ သတ်မှတ်လိုက်သည်။

တရားလွှတ်တော်ချုပ်

† ၁၉၆၀

ဇူလိုင်လ
၁၂ ရက်။

မိုဟာမက်ဆာဒတ် (က်) (လျှောက်ထားသူ)

နှင့်

ရှဟာဘူဒင် ပါ ၂ (လျှောက်ထားခံရသူများ)*

အဆောက်အဦ မီးလောင်သွားသဖြင့် မြေယာပေါ်တွင် ဆက်လက်နေထိုင်ခြင်း။

မြို့ပြဆိုင်ရာ ဌါးရခဲ့းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) အရ၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန် ပေးဝိုင်ခွင့်မရှိသောအမိန့်။

လျှောက်ထားခံရသူအမှတ် (၁) သည် အခင်းဖြစ်မြေကွက်ပေါ်တွင်၊ ၁၉၄၆ ခုနှစ်မှ စ၍တလဲလျှောင်မြေခ ၁၂၀ ပေးခဲ့နေထိုင်လာခဲ့ရာ၊ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အဦမှာ ၁၉၄၉ ခုနှစ်ကတကြိမ်၊ ၁၉၅၆ ခုနှစ်ကတကြိမ် မီးလောင်ပျက်စီးသွားပြီးနောက် ဆက်လက်၍ အဆိုပါ မြေကွက်ပေါ်တွင် နေထိုင်လျက်လာခဲ့ရာ၊ လျှောက်ထားသူက လျှောက်ထားခံရသူအပေါ်တွင် တောင်ငူမြို့၊ နယ်ပိုင်တရားမ ရုံးတွင်၊ မြေမှတ်ခွါသွားရန် တရားစွဲဆိုရာ၊ မြေမှတ်ခွါသွားရန် အနိုင်ဒီကရီ ပေးလေသည်၊ အဆိုပါတရားမမှု စွဲထားသည့်အတွင်း လျှောက်ထားခံရသူက လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင် အိမ်ငှါးမြေငှါး အက်ဥပဒေပုဒ်မ ၁၂ (၁) နှင့် ၁၉ (၂) တို့အရ အဆိုပါမြေယာတွင် စံငှါးခပေးရှိ ဆက်လက်နေထိုင်ခွင့်ရရန် လျှောက်ထားခဲ့ရာ၊ နယ်ပိုင်တရားရုံးက မြေယာမှတ်သွားစေရန် အမိန့်ဒီကရီချမှတ်ပြီး၊ ၉ လမျှကြာပြီးနောက်မှ လက်ထောက်ဌါးရမ်းခကြီးကြပ်ရေးဝန်က၊ လျှောက်ထားခံရသူအား အဆိုပါအိမ်ယာမြေတွင် ဆက်လက်နေထိုင်ရန်ခွင့်ပြုသည်။

ဆုံးဖြတ်ချက်။ ။အခင်းဖြစ်မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦသည်၊ ၁၉၅၆ ခုနှစ်တွင် မီးလောင်ပျက်စီးသွားပြီးနောက် လျှောက်ထားခံရသူသည်၊ ဆက်လက်၍အဆိုပါမြေကွက်တွင် နေထိုင်လာခဲ့ခြင်းမှာ ယခင်မြေငှါးဖြစ်သူက ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ ဆက်လက်နေထိုင်လာခဲ့ခြင်းမျှသာဖြစ်သည်။ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁) တွင် အကျုံးဝင်သော အိမ်ငှါးမြေငှါးမဟုတ်ပါလျက်၊ ဥပစာ

---

* ၁၉၅၉ ခု၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၂၀၀။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

တခုခုစွွင်နေထိုင်လာသော်သူ တယောက်မဟုတ်ကြောင်းထင်ရှားသည်။ ထိုကဲ့သို့အိမ်ခင်ငါး မြေငါးဖြစ်သူဘဦးက ဆက်လက်၍ နေထိုင်သောကိစ္စကို လက်ထောက်ငါးရန်း ကြီးကြပ် ရေးဝန်က ဆက်လက်နေထိုင်ခွင့် အမိန့်ပေးပိုင်ခွင့်မရှိချေ။

၁၉၆၁

မိုဟာမက်ဆာဒတ်(က်) နှင့် ရှဟာဘူဒင် ပါ ၂။

လျှောက်ထားသူအတွက်။ ။မစ္စတာပီလေး လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူမျှားအတွက်။ ။ဦးအောင်မင်း (၂) လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။တောင်ငူမြို့၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အိမ်ငှါးမြေငှါး အက်ဥပဒေ ပုဒ်မ ၁၂ (၁) နှင့် ၁၉ (၂) တို့အရ၊ လျှောက်ထား ခံရသူအမှတ် (၁) ရှဟာဘူဒင်ကို တောင်ငူမြို့၊ ကုန်သည်ကြီးလမ်းရှိ လျှောက်ထားသူ အုပ်ချုပ်စီမံရသော ဗလီပိုင် ခြံမြေတွင်၊ မြေငှါးခ စံနှုန်း တလလျှင် ၁၀၀ ပေး၍ ဆက်လက်နေထိုင်ခွင့် ပြုသောအမိန့်ကို အမှုခေါ် စာချုန်တော်အမိန့် ဖြင့်ပယ်ဖျက်ပေးပါရန် လျှောက်ထားသော လျှောက်လွှာဖြစ်သည်။

လျှောက်ထားခံရသူအမှတ် (၁) သည်၊ အဆိုပါမြေကွက်ပေါ်တွင် ၁၉၄၆ ခုနှစ်မှစ၍ တလလျှင်မြေ ခ ၁၂၀။ ပေး၍နေထိုင်လာခဲ့ရာ၊ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦမှာ၊ ၁၉၄၉ ခုနှစ်ကတကြိမ်၊ ၁၉၅၆ ခုနှစ်ကတကြိမ် မီးလောင်ပျက်စီးသွားပြီးနောက်၊ ဆက်လက်၍ အဆိုပါမြေကွက်ပေါ်တွင် နေထိုင်လျက်လာခဲ့ရာ၊ တောင်ငူမြို့၊ နယ်ပိုင်တရားမရုံး၊ ၁၉၅၆ ခုနှစ်၊ တရားမသေးမှုအမှတ် ၄ တွင် လျှောက်ထားသူက လျှောက်ထား ခံရသူအပေါ်တွင် မိမိတို့ပိုင်မြေမှ ထွက်ခွါသွားစေခန်အလိုငှါ၊ တရားစွဲဆိုခဲ့လေသည်။ ၎င်းအမှုကို ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင်၊ လျှောက်ထားခံရသူ အပေါ်တွင် မြေမှ ထွက်ခွါသွားရန် အမိန့်ဒီကရီတရပ် ချမှတ်ခဲ့လေသည်။ အဆိုပါမြေမှ ထွက်ခွါ သွားရန် စွဲဆိုသော တရားမမှုကို၊ တောင်ငူမြို့၊ နယ်ပိုင်တရားမရုံးတော်၌ ၁၉၅၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် လျှောက်ထားသူက စွဲဆိုခဲ့လေသည်။ ၎င်းမေလ ၁၇ ရက်နေ့တွင်ပင် လျှောက်ထားခံရသူက လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) နှင့် ၁၉(၂) တို့အရ၊ အဆိုပါမြေယာတွင် စံငှါးခ ပေး၍ ဆက်လက်နေထိုင်ခွင့် ရရန်လျှောက်ထားခဲ့သည်။ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လျှောက်ထားခံရသူအား အဆိုပါအိမ်မြေယာတွင် ဆက်လက်နေထိုင်ရန် ခွင့်ပြုခဲ့သည်။ ထိုကဲ့သို့ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ချမှတ်သော အမိန့်မှာ လျှောက်ထားခံရသူ အပေါ်တွင် နယ်ပိုင်တရားမရုံး၌ အခင်းဖြစ်မြေမှ ထွက်ခွါသွားစေရန် လျှောက်ထားသော အမှုတွင် အမိန့်ဒီကရီ ချမှတ်ပြီး၍၊ ၉ လမျှကြာပြီးနောက်မှ ချမှတ်သော အမိန့်တရပ်ဖြစ်သည်။

၁၉၆၁

မိုဟာမက်ဆာဒဘ်(က်) နှင့် ရှဟာဘူဒင်ပါ ၂။

လျှောက်ထားခံရသူမှာ အဆိုပါမြေကွက်တွင် နေထိုင်ခြင်းနှင့် စပ်လျဉ်း၍၊ ၎င်းသည် လျှောက်ထားသူများထံမှ ငှါးရမ်း၍ နေထိုင်ခဲ့ခြင်း အကြောင်းကို ဝန်ခံပြီးဖြစ်ဘည်။ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်တွင်လည်း လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် မြေရှင်နှင့်မြေ ငှါးများ ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ လျှောက်ထား ခံရသူက အခင်းဖြစ် မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦသည်၊ ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မီးလောင်၍ ပျက်စီးသွားပြီးနောက်၊ လျှောက်ထားခံရသူသည် ဆက်လက်၍ အဆိုပါ မြေကွက်တွင် နေထိုင်လာခဲ့ခြင်းမှာ ယခင်မြေငှါးဖြစ်သူက ပိုင်ရှင်၏ ခွင့်ပြုချက် မရှိဘဲ ဆက်လက် နေထိုင်လာခဲ့ခြင်းမျှသာ ဖြစ်သည်။ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)တွင် အကျုံးဝင်သော အိမ်ငှါး မြေငှါး မဟုတ်ပါလျက်နှင့် ဥပစာ တခုခုတွင် နေထိုင်လာသော သူတယောက်မဟုတ်ကြောင်းမှာ ထင်ရှားသည်။ ထိုကဲ့သို့ အိမ်ငှါး မြေငှါးဖြစ်သူ တဦးက ဆက်လက်၍ နေထိုင်သော ကိစ္စကို လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့် အမိန့်ပေးပိုင်ခွင့် မရှိချေ။ ထို့ပြင် လျှောက်ထားခံရသူ အပေါ်တွင်၊ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အဆိုပါ အိမ်ယာမြေမှ ထွက်ခွါသွားရန် သက်ဆိုင်ရာ တရားမရုံးက အမိန့်ဒီကရီချမှတ်ပြီး ဖြစ်သည်။ ၎င်းမြေမှထွက်ခွါသွားရန် လျှောက်ထားသောအမှုတွင် လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ မြေငှါးဖြစ်ကြောင်း ဝန်ခံပြီးဖြစ်သည်။ ဤအမှုတွင် တောင်ငူမြို့၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန် ချမှတ်ထားသော အမိန့်မှာ၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)အရ ချမှတ်ပိုင်ခွင့်မရှိသော အမိန့်တရပ်ဖြစ်၍၊ ဤရုံးတော်က အဆိုပါ အမိန့်ကို စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

လျှောက်ထားခံရသူအမှတ် (၁)က လျှောက်ထားသူအား၊ တရားစရိတ် ၈၅ ပေးဆောင်စေ။

တရားလွှတ်တော်ချုပ်

ရောင်ရောက်စိန် (ခေါ်) ဝိုင်အစိန် (ခေါ်) ဦးစိန် (အယူခံတရားလို) †

နှင့်

ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၂ (အယူခံတရားခံများ)*

၁၉၆၀ ခုနှစ် သြဂုတ်လ ၂၃ ရက်။

သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ စွဲဆိုသောအမှုတွင်၊ ပုဒ်မ ၄၅ အရ၊ အမိန့်ပေးဒီကရီ (Mandamus) မချနိုင်၊မည်သည့်အခါ ၎င်းအမိန့်မျိုးကို ချနိုင်ခြင်း ပုဒ်မ ၄၅ ခြွင်းချက် (က) ။

၁၉၄၉ ခုနှစ်၊ ရောင်းခွန်အက်ဥပဒေ ပုဒ်မ ၁၉။ တရားစွဲပိုင်ခွင့်မရှိဟု မှားသော ယူဆချက်။ ရောင်းခွန်အက်ဥပဒေနှင့် နည်းဥပဒေများက မအပ်နှင်းထားသော အာဏာ၊ မည်သည့်ကိစ္စမျိုးနှင့်ပတ်သက်၍ ရုံးတွင်တရားမစွဲဆိုနိုင်ခြင်း။

၁၉၅၁ ခုနှစ်၊ ဇူတ်ကြွန် ဆင်ဒီကိတ်နှင့် ၁၉၅၂ ခုနှစ်၊ သိန်ယူးဇုံတ်ကြွန် ဆင်ဒီကိတ်ခေါ် ကုန်သွယ်မှုလုပ်ငန်း၊ ၂ ရပ်တို့က ပေးရန်ရှိသော၊ ရောင်းခွန်တော်နှင့် ကုန်သွယ်မှုလုပ်ငန်း ဥပစာအခွန်များ ပြေလည်ရရှိရေးအတွက်၊ အဆိုပါလုပ်ငန်း ၂ ရပ်တွင် အစုရှယ်ယာပါဝင်သူတဦးဖြစ်သည့်အနေနှင့်၊ အယူခံတရားလိုပိုင် ရန်ကုန်မြို့၊ ၃၉ လမ်း၊ အိမ်အမှတ် ၁၂၁ ကို၊ ရန်ကုန်မြို့ ကော်လိပ်တော်အရာရှိက ဝါရမ်းကပ်ခဲ့ရာ၊ အယူခံတရားလိုက၊ ကော်လိပ်တော်အရာရှိထံသို့ငင်း၊ ရောင်းခွန်တော်မင်းကြီးထံသို့ငင်းကန့်ကွက်ခြင်းပြုလုပ်ငြားသော်လည်း၊ အဆိုပါအာဏာပိုင်များက မည်သို့မျှဝင်ရောက် စွက်ဖက်ခြင်း မပြုသောကြောင့်၊ တရားလွှတ်တော် မူလဘက်ဆိုင်ရာတရားရုံးတော်၌၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ မိမိသည်အထက်ဖေါ်ပြပါကုန်သွယ်မှုလုပ်ငန်း ၂ ရပ်တို့တွင်၊ အစုရှယ်ယာ ပါဝင်သူတဦးမဟုတ်၍ အဆိုပါလုပ်ငန်းမှ ပေးစရာရှိသော အခွန်ကြေးငွေများအတွက်၊ မိမိကိုယ်ပိုင်ပစ္စည်းကို ဝါရမ်းမကပ်ထိုက်ကြောင်း ပြဋ္ဌာန်းကျေညာပါရန်နှင့် ဝါရမ်းကပ်ခြင်းနှင့် ရောင်းချခြင်းမှတားမြစ်ပေးပါရန် တရားစွဲဆိုရာ၊ အမှုတွင်ပေါ်လွင်သော သက်သေခံစာရွက်စာတမ်းများတို့ကို အကြောင်းပြု၍အယူခံတရားလိုစွဲဆိုသော အမှုကိုပလပ်လိုက်သည်။

---

* ၁၉၆၀ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၃။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

မှတ်ချက်။ ။၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်ထုံးများ စာမျက်နှာ ၁၀၀ တွင် ဖေါ်ပြထားသော တရားလွှတ်တော်စီရင်ချက်ကို ပယ်ဖျက်သည်။ (အယ်ဒီတာ)။

၁၉၆၁

ရောင်ရောက်စိန် (ခေါ်) ဝိုင်အစိန် (ခေါ်) ဦးစိန် နှင့် ကုန်သွယ်လုပ်ငန်းခွန် မင်းကြီး ပါ ၂။

တရားလွှတ်တော်တွင် အယူခံဝင်ရာ၊ တရားလွှတ်တော်က အယူခံတရားလိုမှာ၊ ၁၉၅၁ ခုနှစ် တည်ထောင်သော ကုန်သွယ်မှုလုပ်ငန်း ဖုတ်ကြန်ဆင်ဒီကိတ်တွင်ပါရှိသော၊ ၃ ဦးအစုစပ်အနက် တဦးပါသူဖြစ်၍ အဆိုပါလုပ်ငန်းမှာလည်း၊ အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ပြီးဖြစ်သောလုပ်ငန်းတရပ်ဖြစ်သဖြင့် အဆိုပါအက်ဥပဒေ ပုဒ်မ ၆၈ အရ၊ မိမိသည် အဆိုပါလုပ်ငန်းတွင် အစုရှယ်ယာဝင်တဦးမဟုတ်ဟုငြင်းဆိုပိုင်ခွင့်မရှိဟု ဆုံးဖြတ်သည့်ပြင်၊ ၁၉၅၂ ခုနှစ် တည်ထောင်သော၊ နယူးဖုတ်ကြန်ဆင်ဒီကိတ် အစုစပ်လုပ်ငန်းတွင်လည်း၊ အစုစပ်ဝင်တဦး ဖြစ်ကြောင်းကို၊ သက်သေအထင်အရှားမရှိသော်ငြားလည်း၊ အယူခံတရားလို၏ငြင်းဆိုချက်နှင့်စပ်လျဉ်း၍စုံစမ်းစစ်ဆေးရန်တာဝန်မှာ၊ ဥပဒေအရ ရောင်းခွန်တော်မင်းကြီး အပေါ်တွင် ကျရောက်သည်ဖြစ်ခြင်းကြောင့်၊ ထိုတာဝန်ကို ဆောင်ရွက်ရန်ညွှန်ကြားသော ဒီကရီအမိန့်တရပ်ချမှတ်ပေးခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။အဆိုပါလုပ်ငန်းတွင် အယူခံတရားလိုပါဝင်သည်၊ မပါဝင်သည်ကို ထပ်လောင်းစစ်ဆေးရန်၊ ရောင်းခွန်တော်မင်းကြီးအား လွှဲအပ်ခြင်းသည်ကား၊ အလျဉ်းသင့်တော်သော အမိန့်တရပ်မဟုတ်ဟု ယူဆရပေမည်၊ အဘယ်ကြောင့်ဆိုသော်၊ အယူခံတရားလိုစွဲဆိုသောအမှုတွင်၊ တင်သွင်းထားသောဆိုလွှာနှင့်ချေလွှာများတွင်၊ ၎င်းကိစ္စနှင့်စပ်လျဉ်း၍ မည်သို့မျှပြောဆိုချေပခြင်းမရှိချေ။ အမှုစစ်ဆေးရန် ကောက်ချက်များထုတ်သည့်အခါတွင်လည်း၊ ၎င်းကိစ္စမှာမည်သို့မျှမပေါ်ပေါက်ခဲ့ချေ။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂အရ၊ စွဲဆိုသောအမှုတွင်၎င်းဥပဒေပုဒ်မ ၄၅အရ၊ အမိန့်ပေး (Mandamus) ဒီကရီကဲ့သို့သော အမိန့်ဒီကရီတရပ် ချမှတ်နိုင်ခွင့်မရှိချေ၊ အဆိုပါပုဒ်မအရ၊ သက်သာခွင့်တောင်းလိုလျှင်၊ အယူခံတရားလိုကိုယ်တိုင်လျှောက်တောင်းရမည်သာဖြစ်သည်။ ရုံးတော်က မိမိအလိုအလျောက် သက်သာခွင့်ပေးနိုင်ခြင်းအာဏာမရှိချေ [ပုဒ်မ ၄၅၊ ခြွင်းချက် (က) ကိုကြည့်ပါ] ဤကဲ့သို့အမိန့်ဒီကရီ ချမှတ်ခြင်းမှာ မူအားဖြင့်မှားယွင်းသည်။

ဂျိုင်တားရား၊ ဒတ်စီးနှင့် မိုဟာမက်မိုဘာရပ်(က်)၊ ကာလကတ္တားစီရင်ထုံးအတွဲ(၈) စာမျက်နှာ ၉၇၅၄(၉၈၀) ကိုရည်ညွှန်းသည်။

အောက်အယူခံရုံးစီရင်ချက်တွင်၊ အထက်ဖေါ်ပြပါ၊ ၁၉၄၉ ခုနှစ်၊ ရောင်းခွန်အက်ဥပဒေ ပုဒ်မ ၁၉ ကိုအမှီသဟဲပြု၍၊ အယူခံတရားလိုတွင် ယခုကဲ့သို့ တရားလွှတ်တော်မှုလဘက်ဆိုင်ရာ တရားမရုံးတွင် သွားရောက်တရားစွဲဆိုပိုင်ခွင့်မရှိဟု ဆိုခြင်းမှာလည်းမှားယွင်းသော ယူဆချက်တရပ်ဖြစ်သည်။ အယူခံတရားလိုနှင့် ရောင်းခွန်တော်မင်းကြီးတို့ အငြင်းဖြစ်ပွါးသော ကိစ္စမှာ၊ အခွန်စည်းကြပ်ခြင်းခံရသူတဦးနှင့် အခွန်စည်းကြပ်သော အာဏာပိုင်တို့၊ အခွန်စည်းကြပ်ချက်နှင့်စပ်လျဉ်း၍ ဖြစ်ပွါးသော အကြောင်းကိစ္စတရပ်မဟုတ်ချေ။ ရောင်းခွန်အက်ဥပဒေ ပုဒ်မ ၄ အရ၊ အခွန်စည်းကြပ်ပြီးနောက် အခွန်တောင်းသည့်အခါတွင်၊ အခွန်စည်းကြပ်ခြင်းနှင့် မသက်ဆိုင်သော ပြင်ပလူတဦးက၊ မိမိပိုင်ပစ္စည်းတခုကို ကာကွယ်လိုရှိအရေးဆိုသော ကိစ္စတရပ်ဖြစ်သောကြောင့်၊ အပြင်တရားရုံးတွင်သာအရေးဆိုသင့်သည့်အလျောက် အရေးဆိုပိုင်ခွင့်ရှိသည်။ ရောင်းခွန်အက်ဥပဒေနှင့် နည်းဥပဒေများတွင် ဤကဲ့သို့သောကိစ္စမျိုးကို စစ်ဆေးဆောင်ရွက်ရန် အာဏာအပ်နှင်းထားခြင်းမတွေ့ရှချေ။ ရောင်းခွန် အက်ဥပဒေအတွင်း ဆောင်ရွက်သော ကိစ္စများနှင့်

စပ်လျဉ်း၍သာလျှင် ရောင်းခွန်တော်မင်းကြီး၏ အမိန့်အာဏာကို ခွဲဝေဖယ်၍ တရားမရုံးတွင် သွားရောက်အရေးဆိုပိုင်ခွင့်မရှိချေ။

ရာဂျာဘီဟစ်ဝါနှင့် ဘီဟာတိုင်း။ ပတ်နာစီရင်ထုံးအတွဲ ၂ ဂု၊ စာမျက်နှာ ဂ၂၀ ကို ရည်ညွှန်းသည်။

၁၉၆၁

ရောင်ရောက်စိန် (ခေါ်) ဝိုင်အစိန် (ခေါ်) ဦးစိန် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၂။

အယူခံတရားလိုအတွက်။ ။ဦးကျော်မြင့်လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံများအတွက်။ ။အစိုးရလွှတ်တော် ရှေ့နေ ဦးဘကျော် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။အယူခံ တရားလို ရောင်ရောက်စိန် (ခေါ်) ဝိုင်အစိန် (ခေါ်) ဦးစိန်ပိုင်၊ ရန်ကုန်မြို့၊ ၃၉ လမ်း၊ အိမ်နံပါတ် ၁၂၁ ကို ရန်ကုန်မြို့၊ ကော်လိတ်တော်အရာရှိ၏ရုံး၊ ၁၉၅၂-၅၃ ခု၊ အခွန်တော် အမှုအမှတ် အာရ်-အီး နံပါတ် ၃၃-၃၄ တွင် ၁၉၅၃ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဝါးရမ်စာအရ၊ ၁၉၅၁ ခု၊ ဖုတ်ကြန်ဆင်ဒီကိတ်နှင့် ၁၉၅၂ ခုနှစ်၊ သီနယူးဖုတ်ကြန်ဆင်ဒီကိတ်ခေါ် ကုန်သွယ်မှုလုပ်ငန်း ၂ ရပ်တို့က ပေးရန်ရှိသော ရောင်းခွန်တော်နှင့် ကုန်သွယ်မှုလုပ်ငန်း ဥပစာအခွန်များ ပြေလည်ရှင်းရှေးအတွက် ဝါးရမ်းတရပ်ကပ်ခဲ့ရာ၊ အယူခံ တရားလိုက ကော်လိတ်တော် အရာရှိထံသို့ငင်း၊ ရောင်းခွန်တော် မင်းကြီးထံသို့ငင်း ကန့်ကွက်ခြင်း ပြုလုပ်ခြားသော်လည်း၊ အဆိုပါ အာဏာပိုင်များက မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုသောကြောင့် တရားလွှတ်တော် မူလဘက်ဆိုင်ရာ တရားရုံးတော်၌ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ မိမိသည် အထက်ဖော်ပြပါ ကုန်သွယ်မှု လုပ်ငန်း ၂ ရပ်တို့တွင် အစုရှယ်ယာ ပါဝင်သူတဦးမဟုတ်၍ အဆိုပါ လုပ်ငန်းများမှ ပေးစရာရှိသော အခွန်ကြေးငွေများအတွက် မိမိကိုယ်ပိုင်ပစ္စည်းကို ဝါးရမ်းမကပ်ထိုက်ကြောင်း ပြဋ္ဌာန်းကျေညာပါရန်နှင့် ဝါးရမ်းကပ်ခြင်းနှင့် ရောင်းချခြင်းမှ တားမြစ်ပေးပါရန် တရားစွဲဆိုရာအမှုတွင် ပေါ်လွင်သော သက်သေခံ စာရွက်စာတမ်းများတို့ကို အကြောင်းပြု၍၊ အယူခံ တရားလို စွဲဆိုသော အမှုကို ပလပ်လိုက်သည်။

တရားလွှတ်တော်တွင် အယူခံဝင်ရာ၊ တရားလွှတ်တော်က အယူခံ တရားလိုမှာ ၁၉၅၁ ခုနှစ်၊ တည်ထောင်သော ကုန်သွယ်မှုလုပ်ငန်း ဖုတ်ကြန်ဆင်ဒီကိတ်တွင် ပါရှိသော ၃ ဦးအစုစပ်အနက် တဦးပါဝင်သူဖြစ်၍၊ အဆိုပါ လုပ်ငန်းမှာလည်း အစုစပ်လုပ်ငန်းအက်ဥပဒေပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ပြီးဖြစ်သော လုပ်ငန်းတရပ် ဖြစ်သဖြင့်၊ အဆိုပါအက်ဥပဒေ ပုဒ်မ ၆၈ အရ၊ မိမိသည် အဆိုပါလုပ်ငန်းတွင် အစုရှယ်ယာဝင်တဦး မဟုတ်ဟု ငြင်းဆိုပိုင်ခွင့် မရှိဟု ဆုံးဖြတ်သည့်ပြင်၊ ၁၉၅၂ ခုနှစ်၊ တည်ထောင်သော နယူးဖုတ်ကြန် ဆင်ဒီကိတ် အစုစပ်လုပ်ငန်းတွင်လည်း အစုစပ်ဝင်တဦးဖြစ်ကြောင်းကို

၁၉၆၁

ဆောင်ဆောက်မိန် (ခေါ်) ဝိုင်အစိန် (ခေါ်) ဦးစိန် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၂။

သက်သေ အထောင်အရှား မရှိသော်ငြားလည်း၊ အယူခံ တရားလိုတို့၏ ငြင်းဆိုချက်နှင့် စပ်လျဉ်း၍၊ စုံးစမ်းစစ်ဆေးရန်တာဝန်မှာ၊ ဥပဒေအရ ရောင်းခွန်တော် မင်းကြီးအပေါ် တွင် ကျရောက်သည်ဖြစ်ခြင်းကြောင့်၊ ထိုတာဝန်ကို ရွက်ဆောင်ရန် ညွှန်ကြားသော ဒီကရီ အမိန့်တရပ် ချမှတ်ပေးခဲ့လေသည်။

ဤရုံးတော်တွင် ထပ်လောင်းအယူခံဝင်ရာ၊ အောက်ဖော်ပြပါ အရေးပါအရာရောက်သော အကြောင်းအချက်များကို လျှောက်လဲထားသည်ကို တွေ့ရလေသည်။ (၁) ၁၉၅၁ ခုနှစ်၊ တည်ထောင်သော ဖုတ်ကြန်ဆင်ဒီကိတ်ခေါ် အစုစပ်လုပ်ငန်းမှာ ပဌမ တကြိမ် သက်သေခံအမှတ် (၈)အရ၊ ၁၉၅၁ ခု၊ မတ်လ ၁၄ ရက်နေ့စွဲဖြင့် အစုစပ် ၃ ဦးအမည်ဖြင့် အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ထားခဲ့သော်လည်း၊ အဆိုပါ အစုစပ်လုပ်ငန်း၌ အယူခံ တရားလိုတို့၏ အခွင့်အရေးများသည် မည်သို့မည်ပုံ ဖော်ပြထားသည်ကိုမူ၊ သက်သေခံအမှတ် (က)ဖြစ်သောပဋိညာဉ်စာချုပ်တွင် ကောင်းစွာ ပေါ်လွင်လျက်ရှိသည်။ အဆိုပါ စာချုပ်အရဆိုလျှင် လျှောက်ထားသူနှင့် အခြားတဦး ချူဝီမင်းတို့မှာ ဖုတ်ကြန်ဆင်ဒီကိတ်ပိုင်ရှင် အာကင် ဆိုသူ၏ လခစား အဖြစ်ဖြင့်ကုန်သွယ်မှုကိစ္စအရပ်ရပ်တို့ကို စီမံခန့်ခွဲ ဆောင်ရွက်သူများသာဖြစ်ကြသည်။ အဆိုပါ စီးပွါးရေးလုပ်ငန်းတွင် အမြတ်ပေါ်ခဲ့သော် ၎င်းတို့နှစ်ဦးသည် ထိုကဲ့သို့ ပေါ်သောအမြတ်ငွေထဲမှ ၁၀ ရာခိုင်နှုန်းကို ဆုငွေအဖြစ် ရကြမည်ဖြစ်သည်။ လုပ်ငန်း၏ အဆုံးအတွက် ၎င်းတို့၏တာဝန်မှာ တစိုးတစိမ့်မရှိချေ။ သို့ဖြစ်ခြင်းကြောင့် အစုစပ် ဥပဒေသဘောအရဆိုလျှင် ၎င်းနှစ်ဦးတို့မှာ ဖုတ်ကြန်ဆင်ဒီကိတ် စီးပွါးရေးလုပ်ငန်း၌ အစုဝင်၊ အစုစပ် ပိုင်ရှင်များ မဟုတ်ချေ။ အာကင်၏လုပ်သားများသာဖြစ်ချေသည်။ (၂) ထိုအစုစပ် လုပ်ငန်းတခုကို မှတ်ပုံတင် ပြုလုပ်ခဲ့သော် အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၆၈ အရ၊ မှတ်ပုံင်လျှောက်လွှာတွင် ပါသော ဝန်ခံချက်များတို့သည်၊ မှန်ကန်သည်ဟု ယူဆရမည်ဖြစ်၍၊ အယူခံတရားလိုသည်၊ အစုစပ်တဦး ဖြစ်သည်ဟုဆိုစေကာမူ၊ ၎င်းမှာ ၁၉၅၁ ခုနှစ်တွင် ဖွဲ့စည်းသည့် ဖုတ်ကြန်ဆင်ဒီကိတ်နှင့် စပ်လျဉ်း၍၊ ချုပ်ဆိုသော အထက်၌ ဖော်ပြခဲ့သည့် သက်သေခံအမှတ်(က) ပဋိညာဉ် စာချုပ်ပါ စည်းကမ်းချက်များအရဆိုလျှင်အစုစပ်အက်ဥပဒေပုဒ်မ (၄) ပါပြဋ္ဌာန်းချက်များနှင့်အညီ၊ လုပ်ငန်းမှ ရရှိမည်ဖြစ်သောအမြတ်အစွန်းကို အခြားသောအစုစပ်ဝင်ဆိုသူများနှင့် ခွဲဝေယူနိုင်ခွင့်မရှိကြောင်း ပေါ်လွင်ထင်ရှားလေသည်။ ထို့ပြင်၊ ၎င်း ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့စွဲဖြင့် ဖုတ်ကြန်ဆင်ဒီကိတ်ခေါ် အစုစပ်လုပ်ငန်းကို အစုစပ် ပါဝင်သူ ၁၉ ဦး၏ အမည်များကို ဖော်ပြလျက်၊ အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈ အရ၊ သက်သေခံအမှတ်(ခ)အဖြစ် ထပ်လောင်းတင်သွင်းလျက် မှတ်ပုံတင်ထားသည်ကို တွေ့ရသည်။ ၎င်းအစုစပ် ၁၉ ဦးပါ ဖုတ်ကြန်ဆင်ဒီကိတ် လုပ်ငန်းကိုသာလျှင် ၁၉၅၉ ခု၊

ရောင်းခွန်တော် အက်ဥပဒေအရ ကုန်သွယ်သူအဖြစ် ၁၉၅၁ ခု၊ ဇန္နဝါရီလ ၂၅ ရက်နေ့စွဲပါ လျှောက်လွှာဖြင့် (သက်သေခံအမှတ် ၁)ဖြင့် မှတ်ပုံတင်ထားသည်ကိုလည်း တွေ့ရပြန်သည်။ ၎င်းမှတ်ပုံတင် လျှောက်လွှာတွင်လည်း အစုစပ် ၁၉ ဦး၏ အမည် များကို ဖေါ်ပြထားသည်။ ရောင်းခွန်တော် ရရှိရေးအတွက် ရောင်းခွန်တော်မင်းကြီး ရုံး အမှုတွဲတွင်လည်း အဆိုပါ ၁၉ ဦး လုပ်ငန်းကိုသာလျှင် ဖေါ်ပြလျက် အမှုတွဲများ ဖွင့်ထားသည်ကို တွေ့ရသည်။ ၎င်း ၁၉ ဦးအမည်များတွင် အယူခံတရားလို၏ အမည်ကို မတွေ့ရချေ။

၁၉၆၁

ရောင်းရောက်ဖွန် (ခေါ်)ဝိုင်အစိန် (ခေါ်) ဦးစိန် နှင့် ကုန်သွယ်လုပ် ငန်းခွန်မင်းကြီး ပါ ၂။

သို့အတွက်ကြောင့် အယူခံ တရားလိုသည်၊ ဖုတ်ကြန်ဆင်ဒီကိတ်ခေါ် စီးပွါးရေး အစုစပ်လုပ်ငန်းတွင် အစုစပ်တဦး မဟုတ်ကြောင်းမှာ ကောင်းစွာပေါ်လွင်လျက် ရှိသည်။

ထိုနည်းတူပင်လျှင် နှုယူးဖုတ်ကြန်ဆင်ဒီကိတ်လုပ်ငန်းတွင်လည်း အယူခံတရား လိုမှာ အစုစပ်ပါဝင်သူ ကဦးဖြစ်ကြောင်း သက်သေခံ အထောက်အထား မခိုင်လုံ ကြောင်းကို အောက်ရုံး စီရင်ချက်တွင် ဝန်ခံထားသည်ကို တွေ့ရသည်။

အဆိုပါ လုပ်ငန်းတွင် အယူခံတရားလိုပါဝင်သည်၊ မပါဝင်သည်ကို ထပ်လောင်း စစ်ဆေးရန် ရောင်းခွန်တော် မင်းကြီးအား လွှဲအပ်ခြင်းသည်ကား၊ အလျဉ်းသင့်တော် သောအမိန့်တရပ်မဟုတ်ဟု ယူဆရပေမည်။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလို စွဲဆိုသော အမှုတွင်တင်သွင်းထားသော ဆိုလွှာနှင့် ချေလွှာများတွင် ၎င်းကိစ္စနှင့် ၎ပ် လျဉ်း၍ မည်သို့မျှ ပြောဆိုချေပခြင်းမရှိချေ။ အမှုစစ်ဆေးရန် ကောက်ချက်များ ထုတ်သည့် အခါတွင်လည်း ၎င်းကိစ္စမှာ မည်သို့မျှ မပေါ်ပေါက်ခဲ့ချေ။ သီးခြား သက် သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ စွဲဆိုသော အမှုတွင် ၎င်းဥပဒေပုဒ်မ ၄၅ အရ အမိန့်ပေး (Mandamus) ဒီကရီကဲ့သို့သော အမိန့် ဒီကရီတရပ်ချမှတ် ပိုင်ခွင့် မရှိချေ။ အဆိုပါ ပုဒ်မအရ သက်သာခွင့်တောင်းလိုလျှင်၊ အယူခံတရားလိုကိုယ်တိုင် လျှောက်တောင်းရမည်သာဖြစ်သည်။ ရုံးတော်က မိမိအလိုအလျောက် သက်သာခွင့် ပေးနိုင်ခြင်းအာဏာမရှိချေ။ [ပုဒ်မ ၄၅ ခြွင်းချက်(က)]ကိုကြည့်ပါ။ ထို့ပြင် ဤကဲ့သို့ အမိန့်ဒီကရီ ချမှတ်ခြင်းမှာ မူအားဖြင့် မှားယွင်းသည်ဟု ဆိုရပေမည်။ ၎င်းကိစ္စနှင့် ၎ပ်လျဉ်း၍ ဂျိုင်တားထူး၊ ဒတ်စီးနှင့် မိုဟာမက်မိုဘာရပ်(က်)။ ကာလကတ္တား စီရင် ထုံးအတွဲ(၇)၊ စာမျက်နှာ ၉၇၅၊ ၉၈၀ တွင် အောက်ပါအတိုင်း ဖေါ်ပြထားသည်ကို တွေ့ရသည်။

> **" Cases must be tried and determined *secundum allegata et probata*, and it is contrary to this principle, and may be fraught with injustice, to decide a cause upon a point not**

၁၉၆၁

ရောင်ရောက်မိန်
(ခေါ်)ဝိုင်အမိန်
(ခေါ်) ဦးမိန်
နှင့်
ကုန်သွယ်လုပ်
နေးခွန်မင်းကြီး
ပါ ၂။

raised in the pleadings, nor embodied in an issue, and to which, in consequence, the attention of the parties was not directed at the trial so as to enable them to produce all the evidence relevant thereto which was available to them."

ထို့ပြင်၊ အောက်အယူခံရုံး စီရင်ချက်တွင် အထက်ဖေါ်ပြပါ ၁၉၄၉ ခုနှစ်၊ ရောင်းခွန်အက်ဥပဒေ ပုဒ်မ ၁၉ ကို အမှီသဟဲပြု၍၊ အယူခံတရားလိုတွင် ယခုကဲ့သို့ တရားလွှတ်တော် မူလဘက်ဆိုင်ရာ တရားမရုံးတွင် သွားရောက် တရားစွဲဆိုပိုင်ခွင့် မရှိဟု ဆိုခြင်းမှာလည်း မှားယွင်းသော ယူဆချက်တရပ် ဖြစ်သည်ဟု ထင်မြင်ရသည်။ အယူခံတရားလိုနှင့် ရောင်းခွန်တော် မင်းကြီးတို့ အငြင်းဖြစ်ပွါးသော ကိစ္စမှာ အခွန်စည်းကြပ်ခြင်းခံရသူ တဦးနှင့် အခွန်စည်းကြပ်သော ဌာနတစ်ခုပိုင်တို့ အခွန်စည်းကြပ်ချက်နှင့် စပ်လျဉ်း၍ ဖြစ်ပွါးသော ကိစ္စတရပ်မဟုတ်ချေ။ ရောင်းခွန် အက်ဥပဒေပုဒ်မ ၄ အရ အခွန်စည်းကြပ်ပြီးနောက်၊ အခွန်တောင်းသည့်အခါတွင် အခွန်စည်းကြပ်ခြင်းနှင့်မသက်ဆိုင်သော ပြင်ပလူတဦးကမိမိပိုင်ပစ္စည်းတခုကို ကာကွယ်လို၍ အရေးဆိုသော ကိစ္စတရပ်မျှသာဖြစ်သည်။ ထိုကဲ့သို့သော ကိစ္စရပ်မျိုးကိုအပြင်တရားရုံးတွင်သာ အရေးဆိုသင့်သည့် အလျောက်၊ အရေးဆိုပိုင်ခွင့်ရှိသည်။ ရောင်းခွန် အက်ဥပဒေနှင့် နည်းဥပဒေများတွင် ဤကဲ့သို့သော ကိစ္စမျိုးကို စစ်ဆေးဆောင်ရွက်ရန် အာဏာအပ်နှင်းထားခြင်း မတွေ့ရချေ။ ရောင်းခွန် အက်ဥပဒေအတွင်း ဆောင်ရွက်သော ကိစ္စများနှင့် စပ်လျဉ်း၍သာလျှင် ရောင်းခွန်တော် မင်းကြီး၏ အမိန့် အာဏာကို ရှောင်ဖယ်၍၊ တရားမရုံးတွင် သွားရောက်အရေးဆိုပိုင်ခွင့်မရှိချေ။ (ပတ်နား စီရင်ထုံး အတွဲ ၂၇၊ စာမျက်နှာ ၈၂၀ ပါ ရာဂျာဘီဟာစ်ဝါနှင့် ဘီဟားတိုင်း အမှုကိုကြည့်ပါ။)

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် အယူခံတရားလို၏ အယူခံလျှောက်လွှာကို လက်ခံပြီးလျှင်၊ အောက်ရုံးများက ချမှတ်သော အမိန့်ဒီကရီများကို ပယ်ဖျက်လျက်၊ အယူခံတရားလို တောင်းဆိုသော သက်သာခွင့်များအတွက် လျှောက်ထားသည့်အတိုင်း ဒီကရီတရပ် ချမှတ်လိုက်သည်။

အမှုသည်များတို့ မိမိတို့ကုန်ကျသော စရိတ်ကို မိမိတို့ကျခံစေ။

တရားလွှတ်တော်ချုပ်

၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းနှင့်ရွှေးကောက်ပွဲကော်မရှင်၊ရွှေးကောက်ပွဲမင်းကြီးချုပ် နှင့် မင်းကြီးများခန့်ထားနိုင်ရန် ကိစ္စများနှင့်စပ်လျဉ်း၍ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲအပ်မှု *

† ၁၉၆၁ ဇူလိုင်လ ၁၂ ရက်။

ဥပဒေကြမ်းနှင့်ဥပဒေခြားနားခြင်း။ ဥပဒေကြမ်းသည်၊ မည်သည့်အခါအက်ဥပဒေဖြစ်၍ မည်သည့်အခါအာဏာတည်ခြင်း။

၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း အခြေခံဥပဒေပုဒ်မ ၁၁၂(၁) အရ၊ အလိုအလျောက်အက်ဥပဒေဖြစ်လာပုံ၊ သမ္မတထုတ်ပြန်ကျေညာလွှင်တရားဥပဒေနှင့်ကိုက်ညီသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံအက်ဥပဒေပုဒ်မ ၈၂(၁) ပိတ်ပင်ချက်၊ ပုဒ်မ ၁၁၂(၂) ကျေညာရန်အာဏာ၊ ပုဒ်မ ၁၂၁ ယေဘုယျစကားရပ်များ၊ အက်ဥပဒေပုဒ်မ ၈၃၊ နိုင်ငံတော်သမ္မတအမိန့်နှင့်သာကျေညာနိုင်ခြင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတော်သမ္မတအမည်ဖြင့်အရေးယူမဆောင်ရွက်နိုင်။

အာဏာမတည်သေးသော အက်ဥပဒေကိုငြင်း၍၊ ရွှေးကောက်ပွဲမင်းကြီးချုပ်နှင့်မင်းကြီးများခန့်အပ်ရန်အတွက်ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်ကသဘောတူညီချက်မပေးနိုင်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင်၊ ပါလီမန်ဒီမိုကရေစီထွန်းကားစေရေးကို ရှေ့ရှုပြီး၊ လွှတ်လပ်၍တရားမျှတသော ရွှေးကောက်ပွဲများ ကျင်းပနိုင်ရန်အလို့ငှါ၊ ရွှေးကောက်ပွဲလုပ်ငန်းဆိုင်ရာအရှုပ်ရှပ်တို့နှင့် စပ်လျဉ်း၍သွန်ကြားခြင်း၊ အုပ်ချုပ်ခြင်းစသည်တို့ဖြင့်ကြီးကြပ်ကွပ်ကဲမည့်ရွှေးကောက်ပွဲကော်မရှင်ကြီးတည်ထောင်၍၊ ထိုကော်မရှင်ကြီးတည်တန့်ခိုင်မြဲစေရန်ရည်သန်၍၊ သာမန်အက်ဥပဒေဖြင့် ပြဋ္ဌာန်းခြင်းမပြုဘဲ၊ တည်ဆဲရှိသောဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံအက်ဥပဒေတွင်ပုဒ်မ ၁၁၃(က)မှပုဒ်မ ၁၁၃(ည)အထိကိုထည့်သွင်းရန် ၁၉၆၁ ခုနှစ်၊ အခြေခံအက်ဥပဒေ(ဒုတိယ)ပြင်ဆင်ချက်ဥပဒေကြမ်းကို၊ ဥပဒေအရ်ကျေညာ၍ပြည်သူ့လွှတ်တော်၊ လူမျိုးစုလွှတ်တော်နှင့် လွှတ်တော်နှစ်ရပ်လုံးကပင် အသီးသီးအတည်ပြုပြီးနိုင်ငံတော်သမ္မတက ပုဒ်မ ၂၁၀အရ၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌လက်မှတ်ထိုးကျေညာခဲ့၍၊ ထိုနေ့တွင်အဆိုပါဥပဒေကြမ်းသည် အက်ဥပဒေဖြစ်ပြီးအာဏာတည်ခဲ့သည်။

---

* ၁၉၆၀ ခုနှစ်၊ လွှဲအပ်မှုအမှတ် ၁။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီး နှင့် ဦးအောင်သာကျော်တို့အစီရင်ခံသည်။

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းနှင့်ရွှေးကောက်ပွဲကော်မရှင်၊ ရွှေးကောက်ပွဲမင်းကြီးချုပ်နှင့်မင်းကြီးများခန့်ထားနိုင်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲအပ်မှု။

အခြေခံဥပဒေပုဒ်မ ၁၁၃(ခ)ကိုရည်ညွှန်းပြီးထပ်မံဖြည့်စွပ်သည့် အခြေခံဥပဒေကိုအကောင်အထည်ဖော်ရန်အတွက်ဖြစ်သော၊ ၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းကိုလည်း၊ ဥပဒေအရကျေညာပြီး၊ လူမျိုးစုလွှတ်တော်ကဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ(ဒုတိယ) ပြင်ဆင်ချက်ဥပဒေကိုအတည်ပြုသော ၁၉၆၁ ခုနှစ်။ မတ်လ ၁၅ ရက်နေ့၌တင်သွင်းအတည်ပြုခဲ့သည်။

အခြေခံဥပဒေကိုပြင်ဆင်ဖြည့်စွက်ရန် လွှတ်တော်နှစ်ရပ်လုံးက တွဲဘက်အစည်းအဝေးတွင်ဆွေးနွေးအတည်ပြုသော၊ ၁၉၆၁ ခုနှစ်၊မတ်လ ၂၀ ရက်နေ့၌ပင်၊ အခြေခံဥပဒေတွင်ထည့်သွင်းမည်ဖြစ်သောပုဒ်မ ၁၁၃(ခ)အရ၊ ခန့်အပ်နိုင်ခွင့်ရှိသောရွေးကောက်ပွဲ မင်းကြီးချုပ်နှင့်မင်းကြီးနှစ်ဦးခန့်အပ်ရန် သဘောတူညီကြောင်းအဆိုများကို၊ လွှတ်တော်နှစ်ရပ်၏တွဲဘက်အစည်းအဝေးကအတည်ပြုခဲ့သည်။

အဆိုပါဥပဒေကြမ်းနှစ်ရပ်လုံးကို လူမျိုးစုလွှတ်တော်နာယက၊ နိုင်ငံတော်သမ္မတထံသို့လက်မှတ်ထိုး၍ထုတ်ပြန်ကျေညာရန်အတွက် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ကပေးပို့ခဲ့ရာ၊ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းစည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက်ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတကပုဒ်မ၊ ၂၁၀ အရ၊ ၁၉၆၁ ခုနှစ်၊မတ်လ ၂၅ ရက်နေ့၌လက်မှတ်ထိုးကျေညာခဲ့သဖြင့်၊ ၎င်းနေ့တွင်ထိုဥပဒေကြမ်းသည် အက်ဥပဒေဖြစ်ပြီးအာဏာတည်ခဲ့၏။ ၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းနှင့် ပက်သက်၍မူ၊ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေအာဏာမတည်မီ အခြေခံဥပဒေထဲတွင်ပါဝင်ခြင်းမရှိသေးသော၊ ပုဒ်မ ၁၁၃(ခ)ကိုရည်ညွှန်းထားပြီး အဆိုပါရွှေးကောက်ပွဲကော်မရှင်အက်ဥပဒေကို၊ လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုခဲ့ကြသည်မှာတရားဥပဒေနှင့် ကိုက်ညီပါမည်လောဟုယုံမှားသံသယရှိသဖြင့်၊ အခြေခံဥပဒေပုဒ်မ ၆၅ တွင်ပါရှိသည့်အတိုင်း၊ ပါလီမန်တည်းဟူသောဥပဒေပြုမှုအာဏာကိုသုံးစွဲရမည့်အဖွဲ့တွင်ပါရှိနေသော နိုင်ငံတော်သမ္မတက နိုင်ငံတော်ရှေ့နေချုပ်၏ထင်မြင်ယူဆချက်ကိုရယူပြီးလျှင်ပိုမို၍ဒို့ဟသံသယ ကင်းစိမ့်သောငှါ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ ဤရုံးတော်ကစဉ်းစားရန်အတွက် ၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းနှင့်ရွှေးကောက်ပွဲကော်မရှင်၊ ရွှေးကောက်ပွဲမင်းကြီးချုပ်နှင့် မင်းကြီးများခန့်ထားနိုင်ရန်ကိစ္စ တို့ကိုလွှဲအပ်ရာတွင်၊ အဓိကအားဖြင့် စဉ်းစားဝေဖန်ရန်လိုအပ်သည့်အချက်များမှာ—

၁။ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက်အက်ဥပဒေအာဏာတည်ပြီးအနေဖြင့်၊ ထိုအက်ဥပဒေအာဏာမတည်သေးမီ ထိုအက်ဥပဒေပါပုဒ်မ ၁၁၃ (ခ) ကိုရည်ညွှန်း၍ ၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းကို လူမျိုးစုလွှတ်တော်တွင်၎င်း၊ ပြည်သူ့လွှတ်တော်တွင်၎င်း၊ အဆင့်ဆင့်တင်သွင်း အတည်ပြုခြင်းသည်တရားဥပဒေနှင့်ကိုက်ညီပါသလော။

၂။ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက်အက်ဥပဒေအာဏာမတည်သေးမီ၊ ထိုအက်ဥပဒေပုဒ်မ ၁၁၃ (ခ) အရ၊ ခန့်ထားရမည်ဖြစ်သောရွှေးကောက်ပွဲမင်းကြီးချုပ်နှင့် ရွှေးကောက်ပွဲမင်းကြီး

များကို ခန့်ထားရန်အတွက် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်တွဲဖက် အစည်းဝေးကသဘောတူချက်သည်တရားဥပဒေနှင့်ကိုက်ညီပါသလော။

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွှေကောက်ပဲ့ကော်မရှင်ဥပဒေကြမ်းနှင့်ရွှေကောက်ပဲ့ကော်မရှင်၊ ရွှေကောက်ပဲ့မင်ကြီးချုပ်နှင့်မင်းကြီးများ နှင့် ထားနိုင်ရန်ကိစ္စများနှင့်ပတ်လျဉ်း၍ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှတ်တော်အပ်မှု။

ပဌမပြဿနာနှင့်ပတ်သက်၍ အစီအရင်ခံချက်။ ။အာဏာတည်ပြီးအက်ဥပဒေ (Act) နှင့်ယင်းသို့သော အက်ဥပဒေဖြစ်မြောက်ရန်ကို ရည်မှန်း၍တင်သွင်းဆွေးနွေးအတည်ပြု သောဥပဒေကြမ်း (Bill) တို့ကွဲပြားခြားနားချက်ကို သတိမူအပ်ပါသည်။ ပါလီမန်လွှတ်တော်နှစ်ရပ်သဘောတူအတည်ပြုပြီးရုံမျှဖြင့်ဥပဒေကြမ်းဘရုဝ်သည်အကောင်အထည်မပေါ်ပေ။ အဘယ်ကြောင့်ဆိုသော် ဥပဒေကြမ်း (Bill) (ဘီ) ဆုံးဖြတ်ချက် (Resolution) အဖြစ်နှင့် သာလျှင်တည်ရှိနေပါသေး၏။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၆၅ နှင့် ပုဒ်မ ၉၀ တို့အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဥပဒေပြုမှုအာဏာသည်၊ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုံလွှတ်တော်တို့ပါဝင်သည့် ပါလီမန်တွင်သာတည်ရှိသည်ဖြစ်ရာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၁ နှင့် ၁၁၂ ပါပြဋ္ဌာန်းချက်များအရ၊ လွှတ်တော်နှစ်ရပ်အတည်ပြုပြီးဖြစ်သော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးလျှင်သော်၎င်း၊ အကယ်၍လက်မှတ်ရေးထိုးခြင်းမပြုပါက နိုင်ငံတော်သမ္မတထံတင်ပြပြီး ခုနှစ်ရက်မြောက်သောနေ့၌သော်၎င်း အက်ဥပဒေအဖြစ် အကောင်အထည်ပေါ်လာပါသည်။ ထိုအက်ဥပဒေကို နိုင်ငံတော်သမ္မတ၏အမိန့်အရ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာသောအခါအသက်ဝင်အာဏာတည်လာပါသည်။ ဆာသောမတ် (စ်) အာစကင်းမေ (Sir Thomas Erskine May) ပြုစုခဲ့သော ၁၉၅၀ ခုနှစ်ထုတ် ကျမ်းကြီးကျမ်းငိုင်စာမျက်နှာ ၂၈၁၊ ၅၆၇၊ ၅၇၇ တို့ကိုရည်ညွှန်းသည်။

၁၉၆၁ ခုနှစ်၊ ရွှေကောက်ပဲ့ကော်မရှင်ဥပဒေကြမ်းကို လူမျိုးစုလွှတ်တော်တွင်၎င်း၊ ပြည်သူ့လွှတ်တော်တွင်၎င်း၊ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယ)ပြင်ဆင်ချက်ဥပဒေအာဏာ မတည်သေးခင်တင်သွင်းအတည်ပြုခြင်းသည် လွှတ်တော်များဆိုင်ရာလုပ်ငန်းစဉ်နည်းလမ်းအတိုင်းမကျနရုံမျှလောက်သာ ချို့ယွင်းချက်ဖြစ်၍၊ ဥပဒေကြမ်းလည်းအခြေခံဥပဒေ ပုဒ်မ ၁၁၂(၁)အရ၊ အလိုအလျောက်အက်ဥပဒေဖြစ်လာပြီးဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတထုတ်ပြန်ကျေညာခဲ့ပါလျှင်၊ တရားဥပဒေနှင့် မကိုက်ညီသောအက်ဥပဒေဖြစ်သည်ဟုဆိုနိုင်မည်မဟုတ်ပါ။

ထို့ပြင်လည်း လွှတ်တော်များဆိုင်ရာ လုပ်ငန်းစဉ်နည်းလမ်းအတိုင်း မကျနရုံမျှနှင့် ပါလီမန်တွင် ဆောင်ရွက်သည့်မှုခင်း၊ကိစ္စတရပ်သည် မနိုင်လုံဟုမည်သည့် တရားရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့်မရှိစေရဟု အခြေခံဥပဒေပုဒ်မ ၈၂(၁) တွင်ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက်အက်ဥပဒေသည် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၌အာဏာတည်ပြီးဖြစ်၍၊ ရွှေကောက်ပဲ့ကော်မရှင် ဥပဒေကြမ်းသည် ထိုနေ့နောက်မှ အက်ဥပဒေအဖြစ်သို့ရောက်ရှိရကား၊ ထိုအက်ဥပဒေမှာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ၊ တရားဝင်သည်သာဖြစ်ပါသည်။အာဏာတည်စေခြင်း၌နိုင်ငံတော်သမ္မတ၏အမိန့်နှင့်အစိုးရပြန်တမ်းတွင်ဖုတ်ပြန်ကျေညာရန်သာရှိပါတော့သည်။

ယင်းသို့ထုတ်ပြန်ကျေညာခြင်းနှင့်ပတ်သက်၍ ပုဒ်မ ၁၁၂ (၂) ကအစပ်နှင်းသောကျေညာရန်အာဏာဝတ္တရားမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက အပ်နှင်းသည့် ဥပဒေပြု

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲ ကော်မရှင်ဥပဒေ ကြန်းနှင့်ရွှေး ကောက်ပွဲကော် မရှင်၊ ရွှေး ကောက်ပွဲမင်း ကြီးချုပ်နှင့်မင်း ကြီးများခန့် ထားနိုင်ရန် ကိစ္စမျှားနှင့်စပ် လျဉ်း၍ဖွဲ့စည်း အုပ်ချုပ်ပုံအခြေ ခံဥပဒေပုဒ်မ ၁၅၁ အရ၊လွှဲ အပ်မှု။

အာဏာဝတ္တရားဖြစ်သည့်အလျောက်အခြေခံဥပဒေပုဒ်မ ၁၂၁ အရသော်ငင်း၊ ယေဘုယျ စကားရပ်များအက်ဥပဒေပုဒ်မ ၇၃ အရသော်ငင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတော်သမ္မတ အမည်ဖြင့်အရေးယူဆောင်ရွက်ပိုင်ခွင့်မရှိသောကြောင့် နိုင်ငံတော်သမ္မတ၏ အမိန့်နှင့်သာ ကျေညာရမည်ဖြစ်ကြောင်းဇေါ်ပြအပ်ပါသည်။

ဒုတိယပြဿနာနှင့်ပတ်သက်၍ အစီရင်ခံချက်။ ။၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ (ဒုတိယ) ပြင်ဆင်ချက်အက်ဥပဒေသည် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌သာအာဏာ တည်သည်ဖြစ်သောကြောင့် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့အာဏာမဟည်သေး သောထိုအက်ဥပဒေပုဒ်မ ၁၁၃ (၁) ကိုဖိုးန်၌၊ ပါလီမန်ဆိုင်ရာလွှတ်တော်ဒုတိယဥက္ကဋ္ဌ ကောက်ွဲမင်းကြီးချုပ်နှင့်အခြားရွေးကောက်ွဲမင်းကြီးများကိုခန့်အပ်ရန်အတွက်တရား၀င် အာဏာဖြစ်သောသဘောတူညီချက်မပြုနိုင်ပေ။

နိုင်ငံတော်တရား၀န်ကြီးချုပ် ဦးမြင့်သိန်း။ ။ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ၊ ဤငွေးတော်က စဉ်းစားရန်အတွက်၊ နိုင်ငံတော် သမ္မတက ယခုလွှဲ အပ်သည့်ကိစ္စရပ်နှင့်သက်ဆိုင်သောဥပဒေကြမ်းများမှာ၊ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် ဥပဒေကြမ်းနှင့် ၁၉၆၁ ခုနှစ် ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းတို့ဖြစ်သည်။

အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် ဥပဒေကြမ်း၏ ရည်ရွယ်ချက်မှာ၊ ရွေးကောက်ပွဲ ကော်မရှင်တခုကို အခြေခံဥပဒေအရ ဖွဲ့စည်းနိုင်ရန် တည်ဆဲဦသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပုဒ်မ ၁၁၃(က)မှ ပုဒ်မ ၁၁၃ (ည) အထိကို ထပ်မံ ထည့်သွင်းရန်ပင်ဖြစ်သည်။ ။ထိုဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်၌ မတင်သွင်းမီ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖေါ်ပြချက် မျှားကိုပါ အမျှားပြည်သူတို့သိရှိနိုင် စေရန်၊ပြည်သူ့လွှတ်တော် လုပ်ငန်းစဉ်၊ နည်းဥပဒေပုဒ်မ ၉၇(၁)အရ၊ တရားရေး ဌာနကပြည်ထောင်စု မြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းအဖြစ်နှင့် ၁၉၆၁ ခုနှစ်၊ ဖေဖေါ်ဝါရီ ၂၂ ရက်နေ့က ကျေညာခဲ့သည်။

ပြည်သူ့လွှတ်တော်က ၁၉၆၁ ခု၊ မတ်လ ၉ ရက်နေ့တွင်အတည်ပြုခဲ့သည်။

လူမျိုးစုလွှတ်တော်က ၁၉၆၁ ခု၊ မတ်လ ၁၅ ရက်နေ့တွင် အတည်ပြုခဲ့သည်။

အခြေခံဥပဒေပုဒ်မ ၁၁၃ (ခ) ကို ရည်ညွှန်းပြီး၊ ထပ်မံဖြည့်စွက်သည့် အခြေခံ ဥပဒေကို အကောင်အထည်ဖေါ်ရန်အတွက်ဖြစ်သော၊ **၁၉၆၁ ခုနှစ်၊ ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်း** ကိုလည်း၊ လူးမျိုစုလွှတ်တော် လုပ်ငန်းစဉ် နည်းဥပဒေပုဒ်မ ၉၇ (၁) အရ၊ ၁၉၆၁ ခု၊ မတ်လ ၁၁ ရက်နေ့က ကျေညာရာ၌ ရည် ရွယ်ချက်နှင့် ကျိုးကြောင်းဖေါ်ပြချက်တွင်—

> "ရွေးကောက်ပွဲကော်မရှင်တခုဖွဲ့စည်းရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေကို ပြဋ္ဌာန်းပြီးပါ၍"

ဟုပါရှိပါသည်။ ဤကဲ့သို့ပါရှိခြင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက်ဥပဒေကြမ်းကို၊ နိုင်ငံတော် သမ္မတ၏အမိန့်နှင့် အက်ဥပဒေဖြစ်ကြောင်း ကျေညာပြီး၊ အာဏာတည်ပြီးမှ ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို လွှတ်တော် နှစ်ရပ်၌တင်သွင်းအတည်ပြုရန်ရည်ရွယ်ခြင်းဖြစ်သောကြောင့်သာဖြစ်ပေမည်။ သို့သော် ဤကဲ့သို့တွက်ဆ မျှော်မှန်းထားသည့် အခြေသို့ မရောက်။ လွှတ်တော် ညီလာခံကို လည်း ရုပ်သိမ်းရန်အချိန်နီးကပ်လာ၍၊ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် ဥပဒေကြမ်း အာဏာတည်သည့်အခြေသို့ရောက်ရန် မစောင့်ဆိုင်းဘဲ လူမျိုးစု လွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေကို အတည်ပြုသည့်နေ့ ၁၉၆၁ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၌ ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကိုလည်း တင်သွင်းအတည်ပြုခဲ့သည်။ ထိုစဉ်က ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖေါ်ပြချက်ကွင်ဖေါ်ပြထားသော—

"ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ(ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေပြဋ္ဌာန်းပြီးပါ၍"

ဟူသော အချက်မှာ အခြေအနေအမှန်နှင့် ကွဲလွဲနေကြောင်းကိုအမတ်မင်းများက သတိမူခဲ့ကြဟန် မတူချေ။

ရင်းဥပဒေကြမ်းကို၊ ပြည်သူ့လွှတ်တော်က ၁၉၆၁ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ထိုအချိန်အခါကလည်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် ဥပဒေကြမ်းသည်၊ အက်ဥပဒေ မဖြစ်သေးကြောင်းကို အမတ်မင်းများက သတိမူခဲ့ကြဟန် မတူချေ။

အခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်ရန် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၀၉ (၂)အရ၊ လွှတ်တော်အသီးသီးက အတည်ပြုကြပြီးနောက် လွှတ်တော် နှစ်ရပ်လုံးကပင် တွဲဘက်အစည်းအဝေး၌ စဉ်းစားဆွေးနွေးရမည့်ဖြစ်သည်အလျောက် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့၌ ဆွေးနွေးပြီး အတည်ပြုခဲ့သည်။ ထိုနေ့၌ပင်အခြေခံဥပဒေတွင် ထည့်သွင်းမည်ဖြစ်သော ပုဒ်မ ၁၁၃ (ခ) အရ၊ ခန့်အပ်နိုင်ခွင့်ရှိသော ရွေးကောက်ပွဲ မင်းကြီးချုပ်နှင့် မင်းကြီးနှစ်ဦးခန့်အပ်ရန် သဘောတူညီကြောင်း အဆိုများကို၊ လွှတ်တော် နှစ်ရပ်၏ တွဲဖက်အစည်းအဝေးက အတည်ပြုခဲ့သည်။ ဤအဆိုများတွင် ပုဒ်မ ၁၁၃ (ခ) ကိုရည်ညွှန်းခြင်း မရှိ။ အခြေခံ ဥပဒေပြင်ဆင်ဖြည့်စွက်ချက်မှာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၀ အရ၊ နိုင်ငံတော် သမ္မတက လက်မှတ်ထိုး၍ထုတ်ပြန်ကျေညာမှသာလျှင် အာဏာတည်ချိမ့်မည်ဖြစ်၍ သဘောတူညီချက် ပေးသည့်အချိန်၌ ပုဒ်မ ၁၁၃ (ခ) ကို ရည်ညွှန်းနိုင်ရန် မဖြစ်၍သာ ရည်ညွှန်းခြင်း မရှိဟုတွက်ဆဘွယ်ရှိသည်။

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ကြမ်းနှင့်ရွေး ကောက်ပွဲကော် မရှင်၊ ရွေး ကောက်ပွဲမင်း ကြီးချုပ်နှင့်မင်း ကြီးများခန့် ထားနိုင်ရန် ကိစ္စများနှင့်စပ် လျဉ်း၍ဖွဲ့စည်း အုပ်ချုပ်ပုံအခြေ ခံဥပဒေပုဒ်မ ၁၅၁ အရ၊လွှဲ အပ်မှု။

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲ ကော်မရှင်ဥပဒေ ကြမ်းနှင့်ရွှေး ကောက်ပွဲကော် မရှင်၊ ရွှေး ကောက်ပွဲမင်း ကြီးချုပ်နှင့်မင်း ကြီးများခန့် ထားနိုင်ရန် ကိစ္စများနှင့်စပ် လျဉ်း၍ဖွဲ့စည်း အုပ်ချုပ်ပုံအခြေ ခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲ အပ်မှု။

ဥပဒေကြမ်း နှစ်ရပ်လုံးကိုလူမျိုးစုလွှတ်တော် နာယက က၊ နိုင်ငံတော် သမ္မတထံ သို့လက်မှတ်ထိုး၍ ထုတ်ပြန်ကျေညာရန်အတွက်၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့၌ ပေးပို့ခဲ့သည်။

လူမျိုးစုလွှတ်တော် ညီလာခံနှင့်ပြည်သူ့လွှတ်တော်ညီလာခံတို့ကို၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့၌ ချပ်သိမ်းခဲ့သည်။

၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက် ဥပဒေကြမ်းကို၊ နိုင်ငံတော်သမ္မတက ပုဒ်မ ၂၁၀ အရ၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ လက်မှတ်ထိုး ကျေညာခဲ့၍၊ ထိုနေ့ကမှ ထိုဥပဒေကြမ်းသည် အက်ဥပဒေဖြစ်ပြီးကာ၊ အာဏာတည်ခဲ့သည်။

ရွှေးကောက်ပွဲ ကော်မရှင်ဥပဒေကြမ်းနှင့် ပတ်သက်၍မူ၊ နိုင်ငံတော်သမ္မတ၏ မှတ်ချက်တွင် အောက်ပါအတိုင်း ပါရှိသည်။

> "အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက်အက်ဥပဒေသည်၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍သာ အာဏာတည်သောကြောင့်၊ ထိုအခြေခံ ဥပဒေပြင်ဆင်ချက် အက်ဥပဒေအာဏာမတည်မီ အခြေခံ ဥပဒေထဲတွင် ပါဝင်ခြင်း မရှိသေးသော ပုဒ်မ ၁၁၃(ခ)ကို ရည်ညွှန်းထားပြီး၊ ၁၉၆၁ ခုနှစ်၊ ရွှေးကောက်ပွဲ ကော်မရှင် အက်ဥပဒေကို လွှတ်တော် နှစ်ရပ်လုံးက အတည်ပြုခဲ့ကြသည်မှာ တရားဥပဒေနှင့် ကိုက်ညီနိုင်ပါမည်လောဟုယုံမှားသံသယဖွယ်ဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း ပုဒ်မ ၁၁၁ (၁)နှင့် ၁၁၂(၂)အရ၊ သမ္မတက လက်မှတ်ရေးထိုး ကျေညာထုတ်ပြန်နိုင်ရန်အတွက် နိုင်ငံတော် ရှေနေချုပ်၏ ထင်မြင်ယူဆချက်ကိုတောင်းယူပါ။

ဤကဲ့သို့ မေးမြန်းထားသည်ဖြစ်၍၊ နိုင်ငံတော် သမ္မတသည် ရွှေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို လက်မှတ်မထိုး၊ ရွှေးကောက်ပွဲ မင်းကြီးများကိုလည်းရာထူးခန့်အပ်သည်ဟု မကျေညာခဲ့ချေ။

မှတ်ချက်ချမှတ်၍ ရွှေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို လက်မှတ်မထိုးဘဲ ထားသော်ငြားလည်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၁ (၃) တွင်ပါရှိသည့်အတိုင်းနိုင်ငံတော် သမ္မတထံသို့လက်မှတ်ရေးထိုးရန်တင်ပြပြီးသည့် နောက်နေ့မှစ၍၊ ခုနှစ်ရက်မြောက်သော ၁၉၆၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဥပဒေကြမ်းသည်၊ နိုင်ငံတော်သမ္မတ၏ လက်မှတ်ပါရှိဘိသကဲ့သို့ အလိုအလျောက်၊ အက်ဥပဒေအဖြစ် ထွက်ပေါ်လာသည်။ သို့သော်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁၂ (၂) အရ၊ နိုင်ငံတော်သမ္မတ၏ အမိန့်နှင့် ကျေညာမှသာလျှင် အာဏာတည်မည်။

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွေးကောက်ပွဲ ကော်မရှင်ဥပဒေကြမ်းနှင့်ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲမင်းကြီးချုပ်နှင့်မင်းကြီးများခန့်ထားနိုင်ရန် ကိစ္စများနှင့်စပ်လျဉ်း၍ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲအပ်မှု။

နိုင်ငံတော် ရွှေနေချုပ်၏ ပြန်ကြားစာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်အတည်ဖြစ်ပြီးမှ လွှတ်တော် နှစ်ရပ်၌ ရွေးကောက်ပွဲ ကော်မရှင်ဥပဒေကြမ်း ကို တင်သွင်းခဲ့ပါလျှင်၊ ရွေနောက်ညီ၍ ပိုမိုသင့်တော်မည်ဟု ဝန်ခံသော်လည်း၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ကဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် ဥပဒေကြမ်းသည်၊ နိုင်ငံတော် သမ္မတ၏ လက်မှတ်နှင့် ကျေညာခဲ့ပြီး ဖြစ်သော ကြောင့် အက်ဥပဒေဖြစ်ကာ အာဏာတည်ပြီးဖြစ်ကြောင်း။ ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းမှာလည်း နိုင်ငံတော် သမ္မတထံတင်ပြီး၊ ခုနစ်ရက်မြောက်သောနေ့၌ အက် ဥပဒေအဖြစ်ရောက်ရှိလာ၍၊ နိုင်ငံတော် သမ္မတ၏အမိန့်အရ ကျေညာရန်သာရှိကြောင်း ပါရှိသည်။ ရွေးကောက်ပွဲ မင်းကြီးချုပ်နှင့် မင်းကြီးများနှင့် ပတ်သက်၍၊ အခြေခံ ဥပဒေပြင်ဆင်ချက်များ အာဏာတည်ပြီးဖြစ်သောကြောင့် ၎င်းတို့အားလည်း ခန့်အပ် နိုင်ကြောင်း ပြန်ကြားခဲ့သည်။

ပေါ်ပေါက်သည့် ဥပဒေကြောင်း ပြဿနာများနှင့် ပတ်သက်၍၊ တရားလွှတ် တော်ချုပ်၏ ထင်မြင်ယူဆချက်ကို ရယူရန် နိုင်ငံတော် အဝိုးရက အကြံပေးသည့် အတိုင်း နိုင်ငံတော် သမ္မတက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲအပ် ခဲ့သည်။ အဖြေပေးရန် မေးခွန်းများမှာ မြောက်မြားကျယ်ဝန်းလှသော်လည်း အဓိက အားဖြင့် စဉ်းစားဝေဖန်ရန် လိုအပ်သည့် အချက်များမှာ နှစ်ရပ်သာ ဖြစ်ပေသည်။ ၎င်းအချက် နှစ်ရပ်ကိုသာ စဉ်းစားဝေဖန်ပါက အခြေအနေမှာ ရှင်းလင်းလာပေမည်။ ဤအချက် နှစ်ရပ်မှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

၁။ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေ အာဏာတည်ပြီးအနေဖြင့် ထိုအက်ဥပဒေအာဏာမတည်သေးမီ၊ ထိုအက် ဥပဒေပါ ပုဒ်မ ၁၁၃(ခ)ကို ရည်ညွှန်း၍၊ ၁၉၆၁ ခုနှစ်၊ ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ကြမ်းကို လူမျိုးစုလွှတ်တော်တွင်၎င်း၊ ပြည်သူ့လွှတ်တော်တွင်၎င်း၊ အဆင့်ဆင့် တင် သွင်း အတည်ပြုခြင်းသည် တရားဥပဒေနှင့် ကိုက်ညီပါသလော။

၂။ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေအာဏာမတည်သေးမီ၊ ထိုအက်ဥပဒေပုဒ်မ ၁၁၃(ခ)အရ၊ ခန့်ထားရမည် ဖြစ်သော ရွေးကောက်ပွဲ မင်းကြီးချုပ်နှင့် ရွေးကောက်ပွဲမင်းကြီးများကို ခန့်ထားရန် အတွက် ပါလီမန်ဆိုင်ရာ လွှတ်တော် နှစ်ရပ် တွဲဘက်အစည်းအဝေးက သဘောတူချက် သည်၊ တရားဥပဒေနှင့် ကိုက်ညီပါသလော။

အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက်၊ အက်ဥပဒေအာဏာမတည်မီ၊ ရွေး ကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို လွှတ်တော် နှစ်ရပ်တွင် တင်သွင်း အတည်ပြုခဲ့ ခြင်းမှာ အမြင်အားဖြင့် မသင့်တော်၍၊ နိုင်ငံတော် သမ္မတ၏ စိတ်၌ ထိုဥပဒေကြမ်း

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွှေကောက်ပဲ ကော်မရှင်ဥပဒေ ကြမ်းနှင့်ရွှေကောက်ပဲကော်မရှင်၊ ရွှေကောက်ပဲမင်းကြီးချုပ်နှင့်မင်းကြီးများခန့်ထားနိုင်ရန် ကိစ္စများနှင့်စပ်လျဉ်း၍ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲအပ်မှု။

သည်၊ တရားဝင် အတည်ဖြစ်နိုင်ပါမည်လော ဟူသော ဒို့ဟသံသယ ဖြစ်တန်ရာပေမည်။ ပိုမို၍ သံသယ ဖြစ်တန်ရာသော အကြောင်းမှာ ဥပဒေကြမ်းတခုကို စတင် တင်သွင်းသည့်အခါနှိပ်၌ လက်ခံသင့်၊လက်မခံသင့် ဆိုသည်ကို ဆုံးဖြတ်နိုင်ရန် လွှတ်တော် နှစ်ရပ်လုံး၌ အာဏာရှိ၍၊ ရွှေးကောက်ပဲ့ကော်မရှင် ဥပဒေကြမ်းကို တင်သွင်းသည့်အခါ၌၊ ထိုဥပဒေကြမ်းတွင် ကိုးကားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ(ဒုတိယ) ပြင်ဆင်ချက် ဥပဒေကြမ်းသည် အက်ဥပဒေအဖြစ် အာဏာမတည်သေး၍၊ တင်သွင်းခွင့် မပေးနိုင်ဟု လွှတ်တော် တရုပ်ရပ်က ဆုံးဖြတ်ခဲ့ပါမှု၊ မည်သို့မျှ စောဒက ငင်နိုင်မည် မဟုတ်သော ဆုံးဖြတ်ချက်ဖြစ်မည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ နိုင်ငံတော် သမ္မတ၏ စိတ်၌ ဒို့ဟသံသယရှိနေ၍၊ မိမိသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ဝတ္တရားရှိသည့်အပြင်၊အခြေခံဥပဒေပုဒ်မ ၆၅ တွင်ပါရှိသည့်အတိုင်း ပါလီမန်တည်းဟူသော ဥပဒေပြုမှု အာဏာကို သုံးစွဲရမည့်အဖွဲ့တွင် နိုင်ငံတော်သမ္မတအနေနှင့် ပါရှိနေ၍၊ ရွှေးကောက်ပဲ့ကော်မရှင် ဥပဒေကြမ်းကို လွှတ်တော် နှစ်ရပ်တွင် အတည်ပြုခဲ့ရာ၌၊တရားဥပဒေနှင့် ငြိစွန်းသည်၊ မငြိစွန်းသည်ကို ရှင်းလင်းစွာ သိုင့်နိုင်စေရန် ဥပဒေကြမ်းကို လက်မှတ်မထိုးဘဲ နိုင်ငံတော်ရွှေနေချုပ်၏ ထင်မြင်ယူဆချက်ကို တောင်းယူခြင်းမှာလျော်ကန်သင့်မြတ်ပေသည်။

သို့ပင်ဖြစ်ငြားသော်လည်း၊ အာဏာတည်ပြီး အက်ဥပဒေ (Act) နှင့် ယင်းသို့သော အက်ဥပဒေဖြစ်မြောက်ရန်ကို ရည်မှန်း၍ တင်သွင်း ဆွေးနွေးအတည်ပြုသော ဥပဒေကြမ်း (Bill) တို့ ကွဲပြား ခြားနားချက်ကို သတိမူအပ်ပါသည်။ ပါလီမန် လွှတ်တော် နှစ်ရပ် သဘောတူ အတည်ပြုပြီးရုံမျှဖြင့်၊ ဥပဒေကြမ်း တရပ်သည် အကောင်အထည် မပေါ်သေးပါ။ အတည်ပြုပြီး ဥပဒေကြမ်း (Bill) (၀ါ) ဆုံးဖြတ်ချက် (Resolution) အဖြစ်နှင့်သာလျှင် တည်ရှိ နေပါသေးသည်။ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၆၅ နှင့် ပုဒ်မ ၉၀ တို့အရ၊ ပြည်ထောင်စု နိုင်ငံ၏ ဥပဒေပြုမှု အာဏာသည်၊ နိုင်ငံတော် သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစု လွှတ်တော်တို့ ပါဝင်သည့်၊ ပါလီမန်တွင်သာ တည်ရှိသည် ဖြစ်ရကား၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၁၁၁ နှင့် ၁၁၂ ပါ၊ ပြဋ္ဌာန်းချက်များအရ၊ လွှတ်တော် နှစ်ရပ် အတည်ပြုပြီး ဖြစ်သော ဥပဒေကြမ်းကို၊ နိုင်ငံတော် သမ္မတက လက်မှတ် ရေးထိုးလျှင်သော်၎င်း၊ အကယ်၍ လက်မှတ် ရေးထိုးခြင်း မပြုပါက၊ နိုင်ငံတော် သမ္မတသည် တင်ပြပြီး၊ ခုနစ်ရက် မြောက်သောနေ့၌သော်၎င်း၊ အက်ဥပဒေ အဖြစ် အကောင် အထည်ပေါ် လာပါသည်။ ထိုအက်ဥပဒေကို၊ နိုင်ငံတော် သမ္မတ၏ အမိန့်အရ၊ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာသောအခါ၊ အသက်ဝင် အာဏာတည်လာပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ရေးဆွဲစဉ်က၊ ပါလီမန် ဒီမိုကရေစီ ထွန်းကားသော၊ ဗြိတိသျှ နိုင်ငံ၊ အမေရိကန်နိုင်ငံ စသည်တို့၌ လိုက်နာကျင့်သုံးသော ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေများကို လေ့လာခဲ့သည် ဖြစ်၍၊ ဗြိတိသျှပါလီမန်၌ လိုက်နာကျင့်သုံးသောကျင့်စဉ် ကျင့်ထုံးများဆိုင်ရာ၊ ဆာသောမတ် (စ်) အာ စကင်းမေ (Sir Thomas Erskine May) ပြုစုခဲ့သော၊ ၁၉၅၀ ခုနှစ်ထုတ်၊ ကျမ်းကြီး ကျမ်းခိုင်တွင်၊ ဖော်ပြထားသော ထင်မြင် ယူဆချက်နှင့် သာဓက အနည်းငယ်ကို၊ ဤနေရာ၌ အလျဉ်းသင့်သဖြင့် ဖော်ပြ အပ်ပါသည်။ ထိုကျမ်း စာမျက်နှာ ၂၇၁ ၌ အောက်ပါအတိုင်းဖော်ပြထားပါသည်။

> "A Bill is a draft of a legislative proposal which, when it has passed through its various stages in both Houses and received the Royal Assent, becomes an Act of Parliament or a Statute."

ထို့ပြင်၊ ဗြိတိန်နိုင်ငံ၌လည်း၊ ပါလီမန် နှစ်ရပ်အတည်ပြုသော ဥပဒေကြမ်းများကို ဘုရင်မင်းမြတ်က၊ သဘောတူညီမှုသာလျှင် အက်ဥပဒေအဖြစ်သို့ ရောက်ရှိကြောင်းကို၊ ထို ကျမ်း စာမျက်နှာ ၅၆၇ ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> "When bills either public or private have been finally agreed to by both Houses, they only await the Royal Assent to give them, as Lord Hale says, 'The complement and perfection of a law'; and from that sanction they cannot be legally withheld."

ထိုနောက်တဖန်၊ စာမျက်နှာ ၅၇၇ ၌၊ ဘုရင်မင်းမြတ်၏သဘောတူညီချက် မရလျှင် ဥပဒေကြမ်းသည် အက်ဥပဒေ အဖြစ်သို့ မရောက်နိုင်ကြောင်းကို အောက်ပါ သာဓကက ထပ်လောင်း၍ ဖော်ပြထားပါသည်။

> "In 1546, when Henry VIII was dying, the Royal Assent was not formally given in Parliament to the Act of Attainder against the Duke of Norfolk. The Duke was saved, owing to the King's death. Some years later the Act of Attainder was declared void by Statute because, after reciting certain informalities in the commission, no record existed showing that the commissioners did give the King's Royal Assent to the bill, which therefore 'remayneth in verie dede as no Acte of Parlyament, but as a bill onelie exhibited in the saide Parlyament, *and onelie assented unto by the saide lordes and commons*, and not by the saide late king'."

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွှေကောက်ပဲ့ကော်မရှင်ဥပဒေ ကြမ်းနှင့်ရွှေကောက်ပဲ့ကော်မရှင်၊ ရွှေကောက်ပဲ့မင်း ကြီးချုပ်နှင့်မင်း ကြီးများခန့် ထားနိုင်ရန် ကိစ္စများနှင့်စပ် လျဉ်း၍ဖွဲ့စည်း အုပ်ချုပ်ပုံအခြေ ခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲ အပ်မှု။

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွှေကောက်ပဲ့ကော်မရှင်ဥပဒေကြမ်းနှင့်ရွှေကောက်ပဲ့ကော်မရှင်၊ ရွှေကောက်ပဲ့မင်းကြီးချုပ်နှင့်မင်းကြီးများနှင့် ထားနိုင်ရန် ကိစ္စများနှင့်စပ်လျဉ်း၍ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲအပ်မှု။

အထက် ဖေါ်ပြပါ အကြောင်းများကြောင့် ၁၉၆၁ ခုနှစ်၊ ရွှေကောက်ပဲ့ ကော်မရှင် ဥပဒေ ကြမ်းကို လူမျိုးစု လွှတ်တော်တွင်၎င်း၊ ပြည်သူ့လွှတ်တော်တွင်၎င်း ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေအာဏာ မတည်သေးမီ တင်သွင်း အတည်ပြုခြင်းသည် လွှတ်တော်များဆိုင်ရာ လုပ်ငန်းစဉ် နည်းလမ်းအတိုင်း မကျနရုံမျှလောက်သာ ချို့ယွင်းချက်ဖြစ်၍ ဥပဒေကြမ်းလည်း အခြေခံ ဥပဒေပုဒ်မ ၁၁၂ (၁) အရ၊ အလိုအလျောက် အက်ဥပဒေဖြစ်လာပြီးသည့် အတွက် နိုင်ငံတော် သမ္မတက ထုတ်ပြန် ကျေညာခဲ့ပါလျှင် တရားဥပဒေနှင့် မကိုက်ညီသော အက်ဥပဒေ ဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပါ။ ထို့ပြင်လည်း၊ လွှတ်တော်များဆိုင်ရာ လုပ်ငန်းစဉ် နည်းလမ်းအတိုင်း မကျနရုံမျှနှင့် ပါလီမန်တွင် ဆောင်ရွက်သည့် မှုခင်း ကိစ္စတရပ်သည် မခိုင်လုံဟု မည်သည့် တရားရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့် မရှိစေရဟု အခြေခံ ဥပဒေပုဒ်မ ၈၂ (၁)တွင် ပြဋ္ဌာန်းထားပါသည်။

အကယ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေ ကြမ်း အတည်မဖြစ်သေးမီ၊ ရွှေကောက်ပဲ့ ကော်မရှင် ဥပဒေကြမ်းကို အတည်ပြုပြီး၊ အက်ဥပဒေအဖြစ် ကျေညာခဲ့လျှင်၊ ထိုရွှေကောက်ပဲ့ ကော်မရှင် အက်ဥပဒေမှာ၊ တရားဝင်အတည် ဖြစ်နိုင်မည်လော ဟူသည့် ပြဿနာ ပေါ်ပေါက်ဘွယ်ရာ ရှိနိုင်ပေမည်။ ယခုမူကား၊ ယင်းကဲ့သို့မဟုတ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေသည်၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ အာဏာတည်ပြီး ဖြစ်၍၊ ရွှေကောက်ပဲ့ ကော်မရှင် ဥပဒေကြမ်းသည် ထိုနေ့နောက်မှ အက်ဥပဒေအဖြစ် သို့ ရောက်ရှိရကား၊ ထိုအက်ဥပဒေမှာ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေပါ၊ ပြဋ္ဌာန်း ချက်များအရ၊ တရားဝင်သည်သာ ဖြစ်ပါသည်။ အာဏာတည်စေခြင်းငှါ၊ နိုင်ငံတော် သမ္မတ၏ အမိန့်နှင့် အစိုးရပြန်တမ်းတွင် ထုတ်ပြန် ကျေညာရန်သာ ရှိပါတော့သည်။

ယင်းသို့ ထုတ်ပြန် ကျေညာခြင်းနှင့် ပတ်သက်၍၊ ပုဒ်မ ၁၁၂ (၂) က အပ်နှင်း သော ကျေညာရန် အာဏာ ဝတ္တရားမှာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေက အပ်နှင်း သည့် ဥပဒေပြု အာဏာဝတ္တရားဖြစ်သည့်အလျောက် အခြေခံ ဥပဒေပုဒ်မ ၁၂၁ အရ သော်၎င်း၊ ယေဘုယျ စကားရပ်များ အက်ဥပဒေပုဒ်မ ၁၃ အရသော်၎င်း၊ နိုင်ငံတော် အစိုးရက နိုင်ငံတော် သမ္မတ၏ အမည်ဖြင့် အရေးယူ ဆောင်ရွက်ပိုင်ခွင့် မရှိသော ကြောင့်၊ နိုင်ငံတော် သမ္မတ၏ အမိန့်နှင့်သာ ကျေညာရမည်ဖြစ်ကြောင်း ဖေါ်ပြအပ် ပါသည်။

ဒုတိယပြဿနာနှင့် စပ်လျဉ်း၍ကား၊ ၁၉၆၀ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေသည်၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ သာ အာဏာတည်သည်ဖြစ်သောကြောင့် ၁၉၆၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့၌ အာဏာ

မတည်သေးသော ထိုအက်ဥပဒေ ပုဒ်မ ၁၁၃ (ခ) ကိုမှီး၍၊ ပါလီမန်ဆိုင်ရာ လွှတ်တော် နှစ်ရပ်က ရွေးကောက်ပွဲ မင်းကြီးချုပ်နှင့် အခြား ရွေးကောက်ပွဲမင်းကြီးများကို ခန့်အပ်ရန်အတွက်၊ သဘောတူညီချက် မပြုနိုင်ပေ။ ထိုပုဒ်မ အပိုဒ် (၁) ပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

"၁၁၃ (ခ)။ ။(၁) ပါလီမန်ဆိုင်ရာ လွှတ်တော် နှစ်ရပ် တွဲဖက် အစည်းအဝေး၏ သဘောတူချက်ကို ရယူ၍၊ နိုင်ငံတော် သမ္မတ ကိုယ်တိုင် လက်မှတ်ရေးထိုး တံဆိပ်ခပ်နှိပ်သည့် အမိန့်စာဖြင့်၊ ခန့်ထားသော ရွေးကောက်ပွဲမင်းကြီးချုပ်နှင့် အခြား လေးဦးထက် မပိုသော ရွေးကောက်ပွဲမင်းကြီးများ ပါဝင်သော ရွေးကောက်ပွဲ ကော်မရှင်တခုကို ဖွဲ့စည်းရမည်။"

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ကြမ်းနှင့်ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲမင်းကြီးချုပ်နှင့်မင်းကြီးများခန့်ထားနိုင်ရန် ကိစ္စများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲအပ်မှု။

အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် ဥပဒေ၏ ရည်ရွယ်ရင်းမှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်၊ ပါလီမန် ဒီမိုကရေစီ ထွန်းကားစေရေးကို ရှေးရှုပြီး၊ လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် အလို့ငှါ၊ ရွေးကောက်ပွဲ လုပ်ငန်းဆိုင်ရာ အရပ်ရပ်တို့နှင့် စပ်လျဉ်း၍ ညွှန်ကြားခြင်း၊ အုပ်ချုပ်ခြင်းစသည်တို့ဖြင့် ကြီးကြပ် ကွပ်ကဲမည့် ရွေးကောက်ပွဲကော်မရှင်ကြီး တည်ထောင်ရန် ဖြစ်ပါသည်။ ထိုကော်မရှင်ကြီး တည်တန့် ခိုင်မြဲစေရန် ရည်သန်၍၊ သာမန် အက်ဥပဒေမျိုးဖြင့် ပြဋ္ဌာန်းခြင်း မပြုဘဲ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ပြင်ဆင်ဖြည့်စွက်ပြီး၊ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုမျှသာမကသေး၊ ရွေးကောက်ပွဲ မင်းကြီးချုပ်နှင့် အခြား ရွေးကောက်ပွဲ မင်းကြီးများကို ခန့်ထားရာ၌လည်း၊ ၎င်းတို့မှာ ပါလီမန် ဒီမိုကရေစီ ထွန်းကားရေးအတွက် အရေးပါ အရာရောက်လှသဖြင့်၊ သာမန် အရာရှိ အရာခံများ ခန့်ထားသည့် နည်းအတိုင်း ခန့်ထားခြင်း မပြုဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သားတို့ ရွေးကောက်တင်မြှောက်လိုက်သော ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ် တွဲဖက် အစည်းအဝေးက သဘောတူညီမှုသာလျှင်၊ နိုင်ငံတော် သမ္မတက ကိုယ်တိုင် လက်မှတ် ရေးထိုး တံဆိပ်ခပ်နှိပ်သည့် အမိန့်စာဖြင့် ခန့်ထားရမည်ဟု ပုဒ်မ ၁၁၃ (ခ) ၌ အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ယင်းသို့ သဘောတူညီ ခန့်ထားရမည့် ပုဂ္ဂိုလ်ကြီးများဖြင့်၊ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းရမည်ဖြစ်ရကား၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၁၁၃ (ခ) ပါ ပြဋ္ဌာန်းချက်များအရ၊ ရွေးကောက်ပွဲမင်းကြီးများကို ကျနစ်စွာ ခန့်ထားခြင်း မပြုလျှင်၊ ထိုကော်မရှင်သည် တရားဝင်သော ကော်မရှင် ဖြစ်ပါသလော၊ ထိုကော်မရှင် ဆောင်ရွက်သော လုပ်ငန်းဆောင်တာများသည် တရားဝင် အတည် ဖြစ်ပါသလောဟူသည့် ပြဿနာများ နောင်ကာလ၌ ပေါ်ပေါက်လာရန် အကြောင်းရှိပါသည်။ ထိုသို့သော အကြောင်းများကြောင့် ရွေးကောက်ပွဲ ကော်မရှင်မင်းကြီးများကို

၁၉၆၁

၁၉၆၁ ခုနှစ်၊ ရွှေကောက်ပဲ ကော်မရှင်ဥပဒေ ကြမ်းနှင့်ရွှေကောက်ပဲကော်မရှင်၊ ရွှေကောက်ပဲမင်းကြီးချုပ်နှင့်မင်းကြီးများခန့်ထားနိုင်ရန် ကိစ္စများနှင့်စပ်လျဉ်း၍ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ၊ လွှဲအပ်မှု။

ခန့်ထားရာ၌ အခြေခံ ဥပဒေအတိုင်း သေချာကျနစွာ ခန့်ထားရမည် ဖြစ်ပါသည်။ ယင်းသို့ ခန့်ထားရာတွင်၊ မူလပဌမ၌ အခြေခံ ဥပဒေပုဒ်မ ၁၁၃ (ခ) အရ၊ ပါလီမန် ဆိုင်ရာ လွှတ်တော် နှစ်ရပ်တွဲဖက် အစည်းအဝေး၏ သဘောတူညီချက်ကို ရယူပြီး နောက်မှ၊ နိုင်ငံတော် သမ္မတကိုယ်တိုင် လက်မှတ် ရေးထိုး တံဆိပ်ခပ်နှိပ်သည့် အမိန့်စာဖြင့် ခန့်အပ်ရပါမည်။ ယခုမူကား၊ ခန့်အပ်ရန်အတွက် သဘောတူညီရန် အာဏာကို၊ အခြေခံဥပဒေပုဒ်မ ၁၁၃ (ခ) အရ၊ မိမိတို့အား မအပ်နှင်းမီ၊ လွှတ်တော် နှစ်ရပ်က သဘောတူညီခဲ့သည်မှာ၊ တရားဝင်အတည် ဖြစ်သော သဘောတူညီချက်မျိုး မဖြစ်နိုင်ပါ။ သို့ကြောင့် ဆင့်ခေါ်လတ္တံ့သော ပါလီမန် ညီလာခံ၌၊ ရွှေကောက်ပဲ မင်းကြီးချုပ်နှင့် ရွှေကောက်ပဲ မင်းကြီးများကို ခန့်ထားရန် အတွက် ထပ်မံပြီး၊ လွှတ်တော် နှစ်ရပ်၏ သဘောတူညီချက်ကို ရယူရပေမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော် သမ္မတထံ အစီရင်ခံအပ်ပါသည်။

တရားလွှတ်တော်ချုပ်

လူထုစီးကရက်ကုမ္ပဏီ (လျှောက်ထားသူများ)

နှင့်

မြန်မာနိုင်ငံလက်ထောက် ကုန်သွယ်ခွန်မင်းကြီး ပါ ၃ (လျှောက်ထားခံရသူများ)*

†၁၉၆၁ ဇူလိုင်လ ၂၆ ရက်။

ရောင်းခွန်အက်ဥပဒေ ပုဒ်မ ၄၊ "ရောင်းရငွေ" ပေါ်တွင် အခွန်စည်းကြပ်ခြင်း။ ပုဒ်မ ၂ (၄) "ရောင်းရငွေ" ၏အဓိပ္ပါယ်၊ စီးကရက်ယစ်မျိုးခွန် ကောက်ယူသောဥတ္တရားကို၊ စီးကရက်ကုန်ထုတ်လုပ်သူအား ပေးမထား၊ ထမ်းဆောင်ပြီးသောစီးကရက်ယစ်မျိုးခွန်ကို စီးကရက်၏အဘိုးတွင်ထည့်သွင်းသဖြင့် အဘိုးစားနားအဖြစ်ပေးရသောငွေ၊ ၎င်းငွေပေါ်တွင် အခွန်စည်းကြပ်ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်။

လျှောက်ထားသူများက မိမိတို့ထုတ်လုပ်သော စီးကရက်များအပေါ်တွင်၊ ၁၉၅၆-၅၇ ခုနှစ်အတွက်ရောင်းခွန်တော် ၇,၈၆,၀၂၅ ကျပ် ၉၀ ပြား ပေးဆောင်ရန် ကုန်သွယ်လုပ်ငန်းခွန် အရာရှိက စည်းကြပ်ရာ၊ ၎င်းငွေများအနက် ငွေ ၂,၉၀,၅၄၀ ကျပ် ၂၀ ပြားမှာ၊ မိမိတို့ထမ်းဆောင်ရသော ယစ်မျိုးခွန်အပေါ်တွင်၊ ဥပဒေနှင့်မညီသည့် စည်းကြပ်သော ရောင်းခွန်တော်ဖြစ်သဖြင့် အဆိုပါငွေကို ပြန်လည်ထုတ်ပေးသင့်ကြောင်း လျှောက်ထားရာတွင် လျှောက်သောသူများက တင်ပြသော အကြောင်းလေးရပ်တို့မှာ—

(၁) ၁၉၅၂ ခုနှစ်၊ ရောင်းခွန်တော်အက်ဥပဒေ ပုဒ်မ ၄(၁)အရ၊ ရောင်းခွန်ကို "ကုန်တန်ဘိုး" အပေါ်တွင်သာ စည်းကြပ်ရမည်။

(၂) ယခုကိစ္စတွင် အဆိုပါအက်ဥပဒေ ပုဒ်မ ၄(၃)၉(က)အရ "ကုန်တန်ဘိုး" သည် "ရောင်းရငွေ" ဖြစ်သည်။

(၃) "ရောင်းရငွေ"ဆဲတွင်၊ အဆိုပါအက်ဥပဒေ ပုဒ်မ ၂(၃)အရ၊ ယစ်မျိုးခွန်မပါရှိချေ။

(၄) သို့ကြောင့်၊ ငွေပေါင်း ၂,၉၀,၅၄၀ ကျပ် ၂၀ ပြားကို၊ ရောင်းခွန်တော်အဖြစ် ယစ်မျိုးခွန်ပေါ်တွင် စည်းကြပ်ခြင်းမှာ ဥပဒေနှင့်မညီသောကြောင့် ပြန်လည်ထုတ်ပေးသင့်သည်။

---

* ၁၉၆၀ ခုနှစ်၊ တရားမအယေးအဖွဲ့လျှောက်လွှာအမှတ် ၁၈၁။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော်အဓိန်ချမှတ်သည်။

၁၉၆၁

လူထုစီးကရက်
ကုမ္ပဏီ
နှင့်
မြန်မာနိုင်ငံ
လက်ထေ က်
ကုန်သွယ်ခွန်
မင်းကြီး ပါ ၃။

ဆုံးဖြတ်ချက်။ ။လျှောက်သောသူများ ရောင်းချသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ရောင်းခွန်အက်ဥပဒေပုဒ်မ ၄ အရ၊ "ရောင်းရငွေ"ပေါ်တွင်ရောင်းခွန်တော် စည်းကြပ်ရမည်ဖြစ်သည်။

"ရောင်းရငွေ"ဆိုသည်မှာ၊ ရောင်းခွန်အက်ဥပဒေ ပုဒ်မ ၂(၃)အရအောက်ပါ အတိုင်းဖြစ်သည်။

"ရောင်းရငွေ" ဆိုသည်မှာ၊ ကုန်စည်ရောင်းသည့်အတွက် ကုန်ပြုလုပ်သူအား၊ သို့တည်းမဟုတ် ကုန်ထုတ်လုပ်သူအား၊ သို့တည်းမဟုတ် ကုန်တင်သွင်းသူအား အတိုးစားနားအဖြစ်ဖြင့် ပေးသင့်သောငွေထဲမှ ကုန်သွယ်မှု သာမန်ထုံးစံအတိုင်း ခွင့်ပြုသောလျော့နှုန်းကို နုတ်ပြီးသည့်နောက် ကျန်ရှိသောငွေကို ဆိုလိုသည်.....။

စီးကရက်ကုန်ထုတ်လုပ်သူမှာ မိမိထုတ်လုပ်သောကုန်များအပေါ်တွင် ကုန်ထုတ်လုပ်သည်နှင့်တပြိုင်နက်၊ စီးကရက်ယစ်မျိုးခွန် ထခံဆောင်ရန်ကျရောက်ခဲ့၍ ၎င်းယစ်မျိုးခွန်ကို စီးကရက်ကုန်ထုတ်လုပ်သူက မိမိထုတ်လုပ်သော စီးကရက်များကို ဝယ်ယူသူထံမှတဆင့် စီးကရက် အဘိုးစားနားအဖြစ် ပြန်၍ရယူခြင်းမျှသာဖြစ်သည်။

စီးကရက်ယစ်မျိုးခွန်ကို နိုင်ငံတော်အစိုးရက၊ စီးကရက်ဝယ်သူများထံမှ၊ စီးကရက်ကုန်ထုတ်လုပ်သူက စီးကရက်ဘိုးတွင်ထည့်သွင်း၍ ကောက်ယူနိုင်သည်ဟု အခွန်ကောက်ယူသော ဝတ္ထုရားကို ဥပဒေအရ သီးခြားတာဝန် ပေးအပ်ထားခြင်းမရှိချေ။ မိမိ၏စီးပွါးရေး လုပ်ငန်းစဉ်အရ၊ မိမိပေးဆောင်ပြီးသော စီးကရက်ယစ်မျိုးခွန်ကို စီးကရက်အဘိုးတွင်ထည့်သွင်း တောင်းဆိုခြင်းမျှသာဖြစ်သည်။

စီးကရက် ထုတ်လုပ်ပြီးနောက်၊ ၎င်းကုန်ပစ္စည်းများကို ရောင်းချသည့်အခါတွင်၊ နိုင်ငံတော်အစိုးရအား စီးကရက်ခွန်အဖြစ် ပေးထားပြီးသောငွေသည်၊ စီးကရက်ကုန်ထုတ်လုပ်သည့်ကိစ္စတွင် ကုန်ကျသောငွေဖြစ်သည့်အလျောက်၊ စီးကရက်ရောင်းချရသည့်အခါတွင်၊ စီးကရက်၏အဘိုးဖြင့်ထည့်သွင်းရောင်းချရသည်၊ ၎င်းအဘိုးဈေးနှုန်းသာလျှင် ကုန်ပြုလုပ်သူက ကုန်ဝယ်သူထံမှအဘိုးစားနားအဖြစ် တောင်းဆိုသောငွေဖြစ်သောကြောင့်၊ ဥပဒေအရပြဋ္ဌာန်းထားသော "ရောင်းရငွေ"မှာ ထိုကဲ့သို့စီးကရက်ဝယ်ယူသူက၊ ကုန်ထုတ်လုပ်သူအား ပေးရသောငွေပင်ဖြစ်သည်။

Bata Shoe Co. v. *Memr., Board of Revenue, West Bengal*, 53 C. W.N. 278; *Jethlal Virajlal, Assessee Applicant* v. *The State of Madhya Pradesh*, A.I.R., (1953) Nag. 194; *Messrs. Tata Iron & Steel Co. Ltd., Petitioners* v. *State of Bihar*, A.I.R. (1956) Pat. 92; အနိဒရောပြည် ကုန်သွယ်လုပ်ငန်းခွန် မင်းကြီးနှင့် *Messrs. Shree Bajranga Jute Mills Ltd., Guntar, Respondent*, A.I.R. (1955) Andhra 241; တို့ကိုရှင်းလင်းဖေါ်ပြသည်။

အစိုးရအား ကုန်ပစ္စည်းထုတ်လုပ်သည့်အတွက်၊ ယစ်မျိုးခွန်ပေးရသောငွေမှ အထက်ကဖေါ်ပြပြီးသည့်အတိုင်း မိမိစီးပွါးရေးလုပ်ငန်းတွင် ကုန်ကျရသောစရိတ်ငွေ တရပ်ပင်ဖြစ်သည်။ ထိုကဲ့သို့အစိုးရအား ပေးသင့်သောငွေကို မိမိကုန်ပစ္စည်း၏ အဘိုးစားနား

တွင် ထည့်သွင်း ကောက်ယူခြင်းမှာ သာမန်စီးပွါးရေးအရ ပြုလုပ်သောကိစ္စသာဖြစ်သည်။ အစိုးရကအပ်နှင်းထားသော ဝတ္တရားကိုဆောင်ရွက်သည့်အနေနှင့် ထည့်သွင်းတောင်းဆိုခြင်းမဟုတ်ချေ။

၁၉၆၁

လူထုစီးကရက် ကုမ္ပဏီ နှင့် မြန်မာနိုင်ငံ လက်ထောက် ကုန်သွယ်ခွန် မင်းကြီး ပါ ၃။

သို့အတွက်၊ အခွန်စည်းကြပ်သော ကုန်သွယ်လုပ်ငန်းအရာရှိသည် လျှောက်ထားသူက နိုင်ငံကော်အစိုးရအား၊ စီးကရက်များ ထုတ်လုပ်သည့်အတွက် ယစ်မျိုးခွန်အဖြစ် ပေးဆောင်ရသောငွေများကို ရောင်းရငွေထဲတွင်ထည့်သွင်း၍ ရောင်းခွန်ငီးကြပ်ခြင်းမှာ၊ တရားဥပဒေနှင့်မညီဟု မဆိုနိုင်ပေ။

လျှောက်ထားသူမျှားအတွက်။ ။မစ္စတာ စူးမားနှင့်ဦးမြင့်စိုးလိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူမျှားအတွက်။ ။အစိုးရလွှတ်တော် ရှေ့နေ ဒေါ်မြသန်းနု လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၆၄၅ ရှိ၊ လူထုစီးကရက် ကုမ္ပဏီ အပေါ်တွင် ၁၉၅၆-၅၇ ခုနှစ်အတွက် ရောင်းခွန်တော် ၇,၀၆,၀၂၅ ကျပ် ၉၀ ပြား ပေးဆောင်ရန်ကုန်သွယ်လုပ်ငန်းခွန် အရာရှိက ၁၉၅၈ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ရာ၊ အဆိုပါအခွန် စည်းကြပ်သော အမိန့်နှင့် စပ်လျဉ်း၍ ဥပဒေအရ၊ ခွင့်ပြုထားသော ရက်ကာလ အတွင်းတွင် အယူခံဝင်ခြင်း၊ စောဒကတက်ခြင်း စသောကိစ္စကိုတို့ ပြုလုပ်ဆောင်ရွက်ခြင်း မရှိခဲ့ဘဲ၊ ၁၉၆၀ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ ကျရောက်သည့် အခါမှ ကုန်သွယ်လုပ်ငန်းခွန် ဌာန သို့ ရောင်းခွန် အက်ဥပဒေပုဒ်မ ၁၂ ကို အကိုးအကားပြု၍ လျှောက်ထားသူ ကုမ္ပဏီက အထက်ဖော်ပြပါ အမိန့်အရ ပေးသွင်းခဲ့သည့် အခွန်ငွေသည်၊ မိမိတို့ ပေးထိုက်သော အခွန်ငွေထက် ငွေ ၂,၉၇,၅၄၀ ကျပ် ၂၀ ပြားပိုနေသည်ဟု အကြောင်းပြု၍၊ ထိုပိုနေသောငွေကိုပြန်ပေးရန်လျှောက်ထားလေသည်။ ထိုသို့လျှောက်ထားခြင်းကို သက်ဆိုင်ရာကုန်သွယ်လုပ်ငန်း ခွန်ဝန်ထောက်က ၁၉၆၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် မလိုက်လျောနိုင်ကြောင်း ပြန်ကြားခဲ့သည်။ ရောင်းခွန်တော် ဝန်ထောက်၏ ပြန်ကြားချက်နှင့် စပ်လျဉ်း၍ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၉ နှင့် နည်းဥပဒေ ၂၂ တို့အရ၊ ကုန်သွယ်လုပ်ငန်းခွန် မင်းကြီးထံ ၁၉၆၀ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် အယူခံဝင်ရောက်ရာ၊ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကုန်သွယ် လုပ်ငန်းခွန် မင်းကြီးက လျှောက်ထားသူထံ ကုန်သွယ်လုပ်ငန်း ခွန်ဝန်ထောက်က ပြန်ကြားချက်မှာ ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၉ နှင့် နည်းဥပဒေ ၂၂ တွင် အကျုံးဝင်သော အမိန့်မဟုတ်၊ အကြောင်းကြားစာမျှသာ ဖြစ်သောကြောင့် အယူခံလွှာကို ပယ်လိုက်သည်။ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာတော်မင်းကြီး (ကုန်သွယ်မှု)ထံ စောဒက တက်ပြန်

၁၉၆၁

လူထုစီးကရက်
ကုမ္ပဏီ
နှင့်
မြန်မာနိုင်ငံ
လက်ထောက်
ကုန်သွယ်ခွန်
မင်းကြီး ပါ ၃။

ရာ၊ မူလအစ ပဌမက ရောင်းခွန်တော်ပေးရန် ချမှတ်သော အမိန့်ကို အယူခံဝင်ခြင်း မပြုလုပ်ခဲ့သည့် အတွက်ကြောင့် ဘဏ္ဍာတော်မင်းကြီးက ၎င်းကိစ္စနှင့် စပ်လျဉ်း၍ ဒေါဒကလျှောက်လွှာကို လက်မခံဘဲ ပယ်ချလိုက်သည်။ အထက်ဖော်ပြပါ အာဏာပိုင်များက ချမှတ်ထားသော အမိန့်များကို မကျေနပ်၍ ဤရုံးတော်တွင် အမှုခေါ်စာချွန်တော်အား ဖြင့်၎င်း၊ အာဏာပေး စာချွန်တော် အားဖြင့်၎င်း အရေးယူ ဆောင်ရွက်ပေးရန် လျှောက်ထားခဲ့သည်။

လျှောက်ထားသူများက ရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၂ အရ၊ ပိုမိုပေးသွင်းထားသော ရောင်းခွန်တော်ကို ပြန်လည်ရရှိရန် လျှောက်ထားသော ကိစ္စသည်ကား၊ လျှောက်ထားသူ အပေါ်တွင် ချမှတ်ထားသော အမိန့်၏ အကျိုးအပြစ်နှင့် မသက်ရောက်သော အမှားရိုးရိုးကြောင့် ပိုမို၍ ပေးသွင်းထားမိသောငွေကို ပြန်ရလိုသော လျှောက်ထားခြင်းတရပ် မဟုတ်ချေ။ အခွန်တော် စည်းကြပ်ထားခြင်းကို အကြောင်းလေးရပ်ပြ၍ အပြစ်ဆိုလျက် တောင်းခံသော ကိစ္စတရပ်သာဖြစ်သည်။ ၎င်းအကြောင်းလေးရပ်တို့မှာ—

(၁) ၁၉၅၂ ခုနှစ်၊ ရောင်းခွန် အက်ဥပဒေပုဒ်မ ၄ (၁)အရ၊ ရောင်းခွန်ကို "ကုန်တန်ဘိုး" အပေါ်တွင်သာ စည်းကြပ်ရမည်။

(၂) ယခုကိစ္စတွင် အဆိုပါ အက်ဥပဒေ ပုဒ်မ ၄ (၃)(ဈ)(က)အရ၊ "ကုန်တန်ဘိုး" သည်၊ "ရောင်းရငွေ" ဖြစ်သည်။

(၃) "ရောင်းရငွေ" ထဲတွင် အဆိုပါ အက်ဥပဒေပုဒ်မ ၂ (၃)အရ၊ ယစ်မျိုးခွန် မပါရှိချေ။

(၄) ထို့ကြောင့် ငွေပေါင်း ၂,၉၇,၅၄၀ ကျပ် ၅၀ ပြားကိုရောင်းခွန်တော်အဖြစ် ယစ်မျိုးခွန်ပေါ်တွင် စည်းကြပ်ခြင်းမှာ ဥပဒေနှင့် မညီသောကြောင့် ပြန်လည်ထုတ်ပေးသင့်သည်။

ယခုကဲ့သို့ အခွန်စည်းကြပ်ထားသော အမိန့်၏ အပြစ်ကို ထုတ်ဖော်၍ ငွေပို ရလိုကြောင်း တောင်းဆိုခြင်းမှာ ထိုရောင်းခွန် အက်ဥပဒေ ပုဒ်မ ၁၂ အရ၊ လွယ်လင့်တကူ အမှားအမှန်ကို စစ်ဆေး၍ ပြုပြင်ပေးနိုင်သော ကိစ္စတရပ် မဟုတ်ချေ။ ဥပဒေ သဘောနှင့် သက်ရောက်သော ကန့်ကွက်ချက်တရပ်ဖြစ်၍၊ မူလအစက အခွန်စည်းကြပ်သောအမိန့်ကို အက်ဥပဒေ ပုဒ်မ ၁၉ နှင့် နည်းဥပဒေ ၂၂ အရ၊ အရေးယူဆောင်ရွက်သင့်ကြောင်းဟု သက်ဆိုင်ရာ အာဏာပိုင်များက ချမှတ်သော အမိန့်များမှာ တရားနည်းလမ်းအတိုင်းသာ ဖြစ်သည်ဟု ထင်မြင်ရသည်။

၁၉၆၁

လူထုစီးကရက် ကုမ္ပဏီနှင့် မြန်မာနိုင်ငံ လက်ထောက် ကုန်သွယ်ခွန် မင်းကြီး ပါ ၃။

လျှောက်ထားသူက မိမိအပေါ် တွင် ရောင်းခွန်းတော် ၇,၀၆,၀၂၅ ကျပ် ၉၀ ပြား ပေးဆောင်ရန် ကုန်သွယ် လုပ်ငန်းခွန် အရာရှိက ချမှတ်သော အမိန့်မှာ တရားဥပဒေနှင့် မညီပါဟု ကန့်ကွက်ခဲ့ရာ၊ အဆိုပါကန့်ကွက်ချက်ကို ဤရုံးတော်က အောက်ဖေါ်ပြပါ အကြောင်းများကြောင့် ထောက်ခံ လိုက်လျောနိုင်ခြင်းငှါ မစွမ်းနိုင်ပေ။

ရောင်းခွန်တော် စည်းကြပ်ရာ၌ သက်ဆိုင်ရာ အာဏာပိုင်များသည် ရောင်းခွန် အက်ဥပဒေ၌ ပြဋ္ဌာန်းထားသည့် အတိုင်းသာလျှင် စည်းကြပ်တောင်းဆိုခဲ့သည်။ အခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၄ တွင် အောက်ပါအတိုင်း ဖေါ်ပြထားသည်။

"၄။ ။(၁) အောက်ဖေါ်ပြရာပါ ကုန်စည်များ၏ 'တန်ဘိုး' ပေါ် တွင် အခွန်စည်းကြပ် ကောက်ခံရမည်။

(က) မှတ်ပုံတင် ကုန်ပြုလုပ်သူက၊ သို့တည်းမဟုတ် မှတ်ပုံတင် ကုန်ထုတ်လုပ်သူက အခွန်ပေးဆောင်ရမည့် ပြဋ္ဌာန်းသည့် ပြည်ထောင်စု မြန်မာ့နိုင်ငံအတွင်း ထုတ်လုပ်သော၊ သို့တည်းမဟုတ် ပြုလုပ်သော ဇိမ်ခံကုန်စည်များ (Luxury goods)၊ သို့တည်းမဟုတ် သာမန်ကုန်စည်များ (Standard goods)၊ သို့တည်းမဟုတ် အထူးအခွင့်အရေးရသော ကုန်စည်များ (Privileged goods) အား လုံး။

၄။ ။(၃) ကုန်စည်များ၏ 'တန်ဘိုး' မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပုဒ်မခွဲ (၁)၊ အပိုဒ် (က) နှင့် သက်ဆိုင်သည့် ကုန်စည်များ ဖြစ်လျှင်.... 'ရောင်းရငွေ'"

အထက်ပါ ဥပဒေ ပြဋ္ဌာန်းချက်အရ၊ လျှောက်ထားသူ ရောင်းချသော ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ "ရောင်းရငွေ" ပေါ် တွင် ရောင်းခွန်တော် စည်းကြပ်ရမည်ဖြစ်သည်။ "ရောင်းရငွေ" ဆိုသည်မှာ ရောင်းခွန် အက်ဥပဒေပုဒ်မ ၂ (၃) တွင် အောက်ပါအတိုင်း ဖေါ်ပြပါရှိသည်။

"၂။ ။(၃) 'ရောင်းရငွေ' ဆိုသည်မှာ၊ ကုန်စည် ရောင်းသည့်အတွက် ကုန်ပြုလုပ်သူအား၊ သို့တည်းမဟုတ် ကုန်ထုတ်လုပ်သူအား၊ သို့တည်းမဟုတ်ကုန်တင်သွင်းသူအား အဘိုးစားနား အဖြစ်ဖြင့် ပေးသင့်သော ငွေထဲမှ ကုန်သွယ်မှု သာမန် ထုံးစံအတိုင်း ခွင့်ပြုသော လျှော့နှုန်းကို နုတ်ပြီးသည့်နောက်၊ ကျန်ရှိသော ငွေကိုဆိုလိုသည်....."။

ရောင်းခွန် အက်ဥပဒေတွင် အထက်ပါအတိုင်း အခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ ပ ဒေရပ်များ ပါရှိသည့် အတိုင်းသာလျှင် အခွန်စည်းကြပ်သော ကုန်သွယ်လုပ်ငန်းခွန်

၁၉၆၁

လူထုဦးကရက်
ကုမ္ပဏီ
နှင့်
မြန်မာနိုင်ငံ
လက်ထောက်
ကုန်သွယ်ခွန်
မင်းကြီး ပါ ၃။

အရာရှိက လျှောက်ထားသူ အပေါ်တွင် အခွန်စည်းကြပ်ရပေမည်။ ယခုကိစ္စတွင် အခွန်စည်းကြပ်သော ကုန်သွယ်လုပ်ငန်းခွန် အရာရှိသည်၊ လျှောက်ထားသူက နိုင်ငံတော်အစိုးရအား စီးကရက်များ ထုတ်လုပ်သည့်အတွက် ယစ်မျိုးခွန်အဖြစ် ပေးဆောင်ရသော ငွေများကို ရောင်းရငွေထဲတွင် ထည့်သွင်း၍ အခွန်စည်းကြပ်ထားသည်။ ပေးဆောင်ရသော စီးကရက် ယစ်မျိုးခွန်ပေါ်တွင် ထပ်လောင်း၍ ရောင်းခွန်စည်းကြပ်ခြင်းမှာ တရားဥပဒေနှင့်မညီဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အစိုးရအား လျှောက်ထားသူက မိမိထုတ်လုပ်သော စီးကရက်များကို ဝယ်ယူသူထံမှတဆင့် စီးကရက် **အဘိုးစားနား၏** အစိတ်အပိုင်းအဖြစ် ပြန်၍ ရယူခြင်းမျှသာဖြစ်သည်။ စီးကရက်ကုန်ထုတ်လုပ်သူမှာ မိမိထုတ်လုပ်သော ကုန်များပေါ်တွင် ကုန်ထုတ်လုပ်သည်နှင့်တပြိုင်နက် စီးကရက် ယစ်မျိုးခွန် ထမ်းဆောင်ရန် တာဝန်ကျရောက်ခဲ့သည်။ ထိုစီးကရက် ယစ်မျိုးခွန်ကို နိုင်ငံတော် အစိုးရက စီးကရက် ဝယ်ယူသူများထံမှ လျှောက်ထားသူများက စီးကရက်ဘိုးတွင် ထည့်သွင်း၍ကောက်ယူနိုင်သည်ဟု အခွန်ကောက်ယူသော စတ်တရားကို ဥပဒေအရ သီးခြားတာဝန်ပေးအပ် ထားခြင်း မရှိချေ။ **မိမိ၏** စီးပွါးရေးလုပ်ငန်းစဉ်အရ၊ မိမိပေးဆောင်ပြီးသော စီးကရက် ယစ်မျိုးခွန်ကို စီးကရက်အဘိုးတွင် ထည့်သွင်းတောင်းဆိုခြင်းမျှသာဖြစ်သည်။ လျှောက်ထားသူများက မိမိတို့က စီးကရက်ဖေါက်သည်များအား စီးကရက်ရောင်းသည့်အခါတွင်ပြုလုပ်သောအရောင်း (voucher) လက်မှတ်များတွင် စီးကရက် ယစ်မျိုးခွန်ကို သီးခြားဖေါ်ပြထားသည်။ ထိုကဲ့သို့ သီးခြား ဖေါ်ပြထားသည့် အကိုင်းပင် ကုန်သွယ်မှု လုပ်ငန်း ဝန်ထောက်ကလည်း ရောင်းခွန် စည်းကြပ်သည့်အခါ၊ **မိမိ၏** အခွန်တွက်နည်းတွင် ဖေါ်ပြလေသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းကား ယစ်မျိုးခွန် သီးခြားကောက်ယူခြင်းကို အသိအမှတ်ပြုခြင်းမဟုတ်၊ အခွန်တွက်ချက်ရာ၌ လွယ်ကူသလို ပြုလုပ်ခြင်းသာဖြစ်သည်။

ထို့ပြင်၊ အစိုးရအား စီးကရက် ယစ်မျိုးခွန်အဖြစ် ပေးသွင်းရသောငွေကို ရောင်းရငွေတွက်ချက်ရာ၌ မဒရပ်(စ်)မှာကဲ့သို့ နည်းဥပဒေအရ ထည့်သွင်းခြင်း မပြုရဟု ကင်းလွတ်ချက် ပေးထားခြင်း မရှိချေ။ [**The Madras General Sales Tax (Turnover and Assessment Rules, 5 (1) (*a*)**]။

စီးကရက် ထုတ်လုပ်ပြီးနောက်၊ ၎င်းကုန်ပစ္စည်းများကို ရောင်းချသည့် အခါတွင် နိုင်ငံတော် အစိုးရအား စီးကရက်ခွန်အဖြစ် ပေးထားပြီးသောငွေသည် စီးကရက်ကုန်ထုတ်လုပ်သည့်ကိစ္စတွင် ကုန်ကျသော ငွေဖြစ်သည့်အလျောက် စီးကရက် ရောင်းချသည့်အခါတွင် စီးကရက်၏ အဘိုးအဖြစ် ထည့်သွင်းရောင်းချရသည်။ ၎င်းအဘိုးဈေးနှုန်းသာလျှင် ကုန်ပြုလုပ်သူက ကုန်ဝယ်ယူသူထံမှ **အဘိုးစားနား** အဖြစ်တောင်းဆိုသော ငွေဖြစ်သောကြောင့် ဥပဒေအရ ပြဋ္ဌာန်းထားသော "ရောင်းရငွေ" မှာ

ဒဂ္ဂဇ

လူထုစီးကရက်ကုမ္ပဏီနှင့် မြန်မာနိုင်ငံလက်ထောက်ကုန်သွယ်ခွန်မင်းကြီး ပါ ၃။

ထိုကဲ့သို့ စီးကရက်ဝယ်ယူသူက ကုန်ထုတ်လုပ်သူးကား ပေးရသော ငွေပင်ဖြစ်သည်။ ရောင်းခွန်တော် စည်းကြပ်ထိုက်သော "ရောင်းရငွေ" ထဲတွင် ကုန်ရောင်းသူက ကုန်ဝယ်သူထံမှ ရောင်းခွန်တော်အဖြစ် မိမိကုန်ဘိုး အပေါ်တွင် ကောက်ယူသော ငွေလည်း ပါဝင်သည်ဟု အိန္ဒိယပြည်ရှိ ကာလကတ္တား တရားလွှတ်တော်နှင့် နတ်ပူ တရားလွှတ်တော် စီရင်ထုံးများ၌ (*Bata Shoe Co.* v. *Memr., Board of Revenue, West Bengal*) (1) နှင့် (*Jethlal Virajlal, Assessee Applicant* v. *The State of Madhya Pradesh* (2) တို့အမှုတွင် တွေ့ရှိရသည်။

ကုန်ဝယ်ယူသူများထံမှ ရောင်းခွန်တော် တောင်းဆိုခွင့်ကို ဥပဒေအားဖြင့် ကုန်ထုတ်လုပ် ရောင်းချသူအား ပေးအပ်ထားခဲ့လျှင်၊ ထိုကဲ့သို့ ကောက်ခံရရှိသော ရောင်းခွန်တော်မှာ ရောင်းရငွေထဲတွင် မပါနိုင်ဟု နတ်နာ တရားလွှတ်တော်က (*Messrs. Tata Iron & Steel Co. Ltd., Petitioners* v. *State of Bihar* (3) တို့အမှုတွင် ဆုံးဖြတ်ထားသည်။

အလားတူပင် ကုန်ရောင်းသူက ကုန်ဝယ်သူထံမှ ကောက်ယူသော ရောင်းခွန်သည် "ရောင်းရငွေ" ထဲတွင် ပါဝင်သည် မပါဝင်သည်ဟူသော ပြဿနာကို အန်ဒရာပြည် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီးနှင့် *Messrs. Shree Bajranga Jute Mills Ltd., Guntar, Respondent* (4) အမှု၌ ဆုံးဖြတ်ရာတွင် ကုန်ရောင်းသူက အဆိုပါ ရောင်းခွန်တော်ကိုဥပဒေအရ အစိုးရ၏ကိုယ်စားကောက်ခံရသည့် အတွက်ကြောင့်တကြောင်း၊ ကုန်ရောင်းပြီးမှ အဆိုပါရောင်းခွန်ကို စည်းကြပ်ရသည့် တကြောင်းတို့ကြောင့် "ရောင်းရငွေ" ထဲတွင်ထိုကဲ့သို့ကောက်ခံရရှိသော ရောင်းခွန်တော်မပါသင့်ဟု ဆုံးဖြတ်ထားသည်။

အထက်ဖော်ပြပါ အမှုများတွင် ကုန်ရောင်းသူများမှာ၊ ၎င်းတို့အား ဥပဒေအရ၊ ပေးအပ်ထားသော တာဝန်ကို ဆောင်ရွက်လျက်၊ ရောင်းခွန်တော်များ ကောက်ယူခြင်းကြောင့်၊ ထိုသို့ကောက်ယူ ရရှိသော ငွေများကို "ရောင်းရငွေ"ထဲတွင် ထည့်သွင်းခြင်း မပြုထိုက်ဟု ဆုံးဖြတ်ခြင်းဖြစ်သည်။ ယခုအမှုဟူ လျှောက်ထားသူများက အကြောင်းပြသော အချက်အလက်များနှင့် စပ်လျဉ်း၍၊ ဆုံးဖြတ်ထားခြင်း မဟုတ်ချေ။ အစိုးရအား ကုန်ပစ္စည်း ထုတ်လုပ်သည့်အတွက် ယစ်မျိုးခွန် ပေးရသောငွေများ အထက်ကဖော်ပြပြီးသည့်အတိုင်း မိမိစီးပွါးရေး လုပ်ငန်းတွင် ကုန်ကျရသော စရိတ်ငွေတရပ်ပင် ဖြစ်သည်။ ထိုကဲ့သို့ အစိုးရအား ပေးသင့်သောငွေကို မိမိကုန်ပစ္စည်း၏ အဘိုးစားနား၊

(1) 53 C.W.N. 278.
(2) A.I.R. (1953) Nag. 194.
(3) A.I.R. (1956) Pat. 92.
(4) A.I.R. (1955) Andhra 241.

၁၉၆၁

လူထုစီးကရက်
ကုမ္ပဏီ
နှင့်
မြန်မာနိုင်ငံ
လက်ထောက်
ကုန်သွယ်ခွန်
မင်းကြီး ပါ ၃။

တွင် ထည့်သွင်း ကောက်ယူခြင်းမှာ သာမန်စီးပွါးရေး မူအရ၊ ပြုလုပ်သော ကိစ္စသာ ဖြစ်သည်။ အစိုးရက အပ်နှင်းထားသော ဝတ်တရားကို ဆောင်ရွက်သည့် အနေနှင့် ထည့်သွင်းတောင်းဆိုခြင်း မဟုတ်ချေ။

အထက် ဖေါ်ပြပါ အကြောင်းမျှားကြောင့် လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်လိုက်သည်။

တရားလွှတ်တော်ချုပ်

ဦးတင်အိန် (ခေါ်) ဦးတင် (အယူခံတရားလို)

နှင့်

ဦးဘရုတ် (အယူခံတရားခံ) *

† ၁၉၆၁ ခုနှစ် ဩဂုတ်လ ၂၉ ရက်။

အိမ်ခန်းကိုငှါးရမ်းရာတွင် ပါဝင်သင့်သည့်ကိစ္စ၊ အိမ်ငှါး၏သာမန်အခွင့်အရေး၊ အိမ်ပိုင်ရှင်သစ်ထံမှ ဆက်လက်ခံစားနိုင်ခွင့်၊ အိမ်ပိုင်ရှင်သစ်၏ သာမန်ရထိုက်သော အခွင့်အရေး။

အယူခံကရားလိုသည်၊ အင်းစိန်မြို့နယ်၊ ကမာရွတ်ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၂၀၊ "Wren's Nest" ခေါ်၊ တထပ်တိုက်အိမ်ကို၊ ဟင်နရီဂျာမစ်ဆိုသူ ပိုင်ရှင်ထံမှ၊ ၁၉၅၅ ခုနှစ် တွင်ဝယ်ယူခဲ့သည်။ ၎င်းဝယ်ယူခဲ့သည့် နေ့ရက်မတိုင်မီကပင် အယူခံတရားခံသည် အဆိုပါတထပ်တိုက်၏ သုံးပုံတပုံခြစ်သော တောင်ဘက်အခန်းများတွင် အိမ်ငှါးအဖြစ် နေထိုင်လျက်ရှိသည့် အယူခံတရားခံမှာ မိမိနေထိုင်သော အိမ်ခန်းများသို့ ဝင်ထွက်သွားလာရန် အိမ်၏အလယ်ပိုင်းခြစ်သော ခန်းမကြီးသို့အိမ်၏ဝရံတာမှ သံတံခါးမှ ၎င်း၊ အိမ်အလယ်ခန်းမကြီးမှတဖန် မိမိနေသောအိမ်ခန်းထဲသို့ တခြားတံခါးတခုမှ၎င်း သွားလာဝင်ထွက်ခွင့်ရရှိခဲ့သည်၊ အယူခံတရားလိုသည်၊ အထက်ဖေါ်ပြပါအိမ်ကိုဝယ်ပြီးနောက် တလလောက်အကြာတွင်၊ အယူခံတရားခံ အသုံးပြုလျက်ရှိသော တံခါးနှစ်ခုကိုအသုံးပြု၍ မိမိနေသောအခန်းများသို့ ဝင်ထွက်သွားလာခြင်းကို ထာဝစဉ်ပိတ်ပင်ပေးရန်၊ အယူခံတရားခံအားကရားစွဲဆိုရာ၊ အရေးရှုံးနိမ့်ခဲ့သဖြင့်၊ တရားလွှတ်တော်တွင်အယူခံဝင်ပြန်ရာ၊ တဖန်အရေးရှုံးနိမ့်ခဲ့ပြန်၍၊ တရားလွှတ်တော်ချုပ်သို့ ထပ်မံအယူခံဝင်လေသည်။

ဆုံးဖြတ်ချက်။ ။အိမ်ငှါးဘဒကိုပိုင်ရှင်က အိမ်ငှါးအား ငှါးရမ်းသည်ရှိသော် အဆိုပါအိမ်ခန်းကို ဝင်ရောက်နေထိုင်ရန်အတွက် သို့အပ်သောတံခါးလမ်းပေါက်၊ လှေခါး စသည်တို့ကို အသုံးပြုသည့်ကိစ္စများလည်း ငှါးရမ်းသည့်ကိစ္စတွင်ပါဝင်သင့်သည်။ အိမ်ခန်းများမှ အိမ်ပြင်ဘက်ဝရံတာသို့ထွက်ပေါက်များ၊ တောင်တပေါက်၊ မြောက်တပေါက်

---

* ၁၉၆၀ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများ ဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးအောင်သာကျော် အမိန့်ချမှတ်သည်။

မှတ်ချက်။ ။၁၉၅၇ ခုနှစ်၊ မြန်မာစီရင်ထုံးများ စာမျက်နှာ ၃၄၁ တွင်၊ ဖေါ်ပြထားသောတရားလွှတ်တော်၏ စီရင်ချက်ကိုအတည်ပြုသည် (အယ်ဒီတာ)။

၁၉၆၁

ဦးတင်အိန်
(ခေါ်)
ဦးတင်
နှင့်
ဦးဘရွတ်။

သီးခြားရှိနေ၍ အယူခံတရားခံအားငှါးရမ်းသော တောင်ဘက်ရှိအိမ်ခန်းများသို့ တောင်ဘက်ရှိသံတံခါးမှ ဝင်ရခြင်း၊ ထွက်ရခြင်းသည် အိမ်ငှါး၏သာမန်အခွင့်အရေး တရပ်ဖြစ်သည်။

ထိုကဲ့သို့အယူခံတရားခံက ၎င်းတံခါးများကိုသုံးစွဲခြင်းသည် အိမ်ငှါး၏သာမန် အခွင့်အရေးများထဲတွင် ပါဝင်ခဲ့သည်ဖြစ်၍၊ အိမ်ကိုအထက်ပိုင်ရှင်က အယူခံတရားလို အား ရောင်းချသည့်အခါတွင်၊ ထိုအခွင့်အရေးသည် အယူခံတရားခံ၏ လက်ထဲတွင်ပင် ကျရောက်ခဲ့၍ ပိုင်ရှင်သစ်ဖြစ်သော အယူခံတရားလိုထံမှ အခွင့်အရေးကို အယူခံတရားခံက ဆက်လက်ခံစားပိုင်ခွင့်ရှိသည်။

အယူခံတရားခံက အိမ်၏အလယ်ခန်းမဆောင်မှတဆင့် မိမိနေထိုင်သော**အခန်း**သို့ ဝင်ထွက်သွားလာသော ကိစ္စနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံအခွင့်အရေး ရှိသည်မရှိသည် အကြောင်းကို ရောင်းသူတဦးထံမှမဟုတ်ဘဲ၊ ထိုအိမ်တွင်အိမ်ငှါးအဖြစ် နေထိုင်သူများထံမှလည်း စုံစမ်းမေးမြန်းပြီး သင့်တော်သလိုစေ့စပ်မှုမပြုလုပ်ဘဲ တရားစွဲဆိုခဲ့ရာ၊ အယူခံတရားလိုပိုင်ရှင်သစ်၏ သာမန်ရထိုက်သော အခွင့်အရေးမှာ မိမိအားပစ္စည်းရောင်းချသူ၏ အခွင့်အရေးမျှသာဖြစ်ချေသည်။

အယူခံတရားလိုသည် အယူခံတရားခံက အငြင်းပွားသော တံခါးနှစ်ခုမှဝင်ထွက်သွားလာခြင်းကို ပိတ်ပင်တားမြစ်နိုင်ခြင်းငှါ အခွင့်အရေးမရှိ။

အယူခံတရားလိုအတွက်။ ။ဦးကျော်မြင့်လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးထွန်းစိန်လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးအောင်သာကျော်။ ။အယူခံ တရားလိုသည်၊ အင်းစိန်မြို့နယ်၊ ကမာရွတ်ရပ်ကွက်၊ပြည်လမ်း၊ အမှတ် ၂၀၊ "Wren's Nest" ခေါ်တထပ်တိုက်အိမ်ကို ဟင်နရီဂျာဗစ်ဆိုသူ ပိုင်ရှင်ထံမှ ၁၉၅၅ ခုနှစ်၊ပြေလ ဂ ရက်နေ့တွင် ငယ်ယူခဲ့သည်။ ၎င်းငယ်ယူခဲ့သည့် နေ့ရက် မတိုင်မီကပင် အယူခံတရားခံ ဦးဘရွတ်သည် အဆိုပါ တထပ်တိုက်၏ သုံးပုံတပုံဖြစ်သော တောင်ဘက် အခန်းများတွင် အိမ်ငှါးအဖြစ် နေထိုင်လျက်ရှိသည်။ အယူခံ တရားခံမှာ မိမိနေထိုင်သော အိမ်ခန်းများသို့ ဝင်ထွက်သွားလာရန် အိမ်၏ အလယ်ပိုင်းဖြစ်သော ခန်းမကြီးသို့ အိမ်၏ ဝရံတာမှ သံတံခါးမှ ၎င်း၊ အိမ်အလယ် ခန်းမကြီးမှတဖန် မိမိနေသော အိမ်ခန်းထဲသို့ တခြားတံခါးတခုမှ ၎င်း သွားလာဝင်ထွက်ခွင့် ရရှိခဲ့သည်။ အဆိုပါ တံခါးပေါက် နှစ်ပေါက်တို့ကို အသုံးပြုခွင့် မရှိလျှင် မိမိငှါးရမ်းနေထိုင်သော အိမ်ခန်းများသို့ ဝင်ရောက်ရန် တခုတည်းသာ ကျန်ရှိသော တံခါးပေါက်မှာ နောက်ဖေး ရေချိုးခန်း၌ရှိသော တံခါးပေါက်သာ ဖြစ်သည်။

အယူခံ တရားလိုသည်၊ အထက်ဖော်ပြပါအိမ်ကို ဧပြီလ ၈ ရက်နေ့တွင် ဝယ်ယူပြီးနောက် မေလအတွင်းတွင် အယူခံတရားခံ အပေါ်တွင် ၎င်းအသုံးပြုလျက်ရှိသော တံခါးနှစ်ခုကို အသုံးပြု၍ မိမိနေသော အခန်းများသို့ ဝင်ထွက်သွားလာခြင်းကို ထာဝစဉ် ပိတ်ပင်ပေးရန် တရားစွဲဆိုလေသည်။ အယူခံ တရားခံက မိမိသည် အဆိုပါ တံခါးပေါက်နှစ်ပေါက်ကို မူလ ၁၉၄၉ ခုနှစ်ကစ၍၊ ယခင် အိမ်ပိုင်ရှင်များ၏ အိမ်ငှါးအဖြစ် အသုံးပြုလာခဲ့သည်ဖြစ်၍ အယူခံတရားလို စွဲဆိုသော တားမြစ်ခြင်းအမိန့် ဒီကရီကို ရုံးတော်က မချမှတ်သင့်ဟု ချေပလေသည်။ အမှုကိုစစ်ဆေးသော ခရိုင်တရားမ တရားသူကြီးက အယူခံ တရားခံ ချေပသည့်အတိုင်း ၎င်းတံခါး နှစ်ပေါက်ကို အသုံးပြု၍၊ မိမိအား ငှါးရမ်းသော အိမ်ခန်းထဲသို့ ဝင်နိုင်ခွင့်သည် အိမ်ငှါးခြင်းတွင် ပါဝင်သော အခွင့်အရေးတရပ် ဖြစ်သည်ဟု ယူဆပြီးလျှင်၊ အယူခံ တရားလို၏အမှုကို ပလပ်လိုက်လေသည်။ တရားလွှတ်တော်တွင် အယူခံဝင်ရာ တရားလွှတ်တော်ကလည်း ထိုနည်းတူပင်လျှင် အယူခံတရားခံက အဆိုပါ တံခါးနှစ်ခုကို အသုံးပြု၍ မိမိငှါးရမ်းနေထိုင်သော အခန်းသို့ သွားလာဝင်ထွက်ခြင်း ကိစ္စသည် အိမ်ငှါး၏ အခွင့်အရေးအရ သုံးစွဲသော ကိစ္စတရပ်သာ ဖြစ်သည်ဟု ယူဆပြီး၊ အယူခံလွှာကို ပယ်ချလိုက်လေသည်။ ဤရုံးတော်တွင် တဖန် ထပ်လောင်း၍ အဆိုပါ အောက်ရုံး နှစ်ရုံးမှ ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်များသည် ဥပဒေသဘောအားဖြင့် မှားယွင်းသော ဆုံးဖြတ်ချက်များ ဖြစ်သည်ဟု အထူးအယူခံ တင်သွင်းလျက် အရေးဆိုခဲ့သည်။

၁၉၆၁

ဦးတင်အိန် (ခေါ်) ဦးတင်နှင့် ဦးဘရုတ်။

အယူခံ တရားလိုက အထက်ပိုင်ရှင်များထံမှ ပြည်လမ်း၊ အမှတ် ၂၈ နေအိမ်ကို ဝယ်ယူသည့်အခါတွင် တောင်ဘက်၌ရှိသော အိမ်ခန်းများတွင် အယူခံ တရားခံများ နေထိုင်လျက် ရှိကြသည်ကို ကောင်းစွာ သိရှိသည်။ အယူခံတရားခံက အိမ်၏အလယ်ခန်းမဆောင်မှတဆင့်မိမိနေထိုင်သောအခန်းသို့ဝင်ထွက်သွားလာသောကိစ္စနှင့်စပ်လျဉ်း၍မည်သို့မည်ပုံ အခွင့်အရေးရှိသည် မရှိသည်အကြောင်းကို ရောင်းသူ တဦးတည်းထံမှ မဟုတ်ဘဲ၊ ထိုအိမ်တွင် အိမ်ငှါးအဖြစ် နေထိုင်သူများထံမှလည်း စုံစမ်းမေးမြန်းပြီး သင့်တော်သလို စီမံပြုလုပ်သင့်ပေသည်။ ထိုကဲ့သို့ စုံစမ်းမေးမြန်းပြီး အိမ်ငှါးများနှင့် တစုံတရာ စေ့စပ်မှု မပြုလုပ်ဘဲ တရားစွဲဆိုခဲ့ရာ အယူခံတရားလို ပိုင်ရှင်သစ်၏ သာမန်ရထိုက်သော အခွင့်အရေးမှာ မိမိအား ပစ္စည်းရောင်းချသူ၏ အခွင့်အရေးမျှသာ ဖြစ်ချေသည်။ အယူခံ တရားလိုအား ပစ္စည်းရောင်းချသော ပစ္စည်းပိုင်ရှင်မှာ တရားစွဲဆိုပြီး နောက်ပိုင်းတွင် ဩစတြေးလီးယားပြည်သို့ ထွက်ခွါသွားလေရာ၊ ယခုအထက်ပိုင်ရှင်နှင့် အိမ်ငှါးဖြစ်သူတို့ အချင်းဖြစ်ပွါးသော တံခါးနှစ်ပေါက်နှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ သဘောတူညီချက်များ ရှိခဲ့ကြသည်ကို မသိနိုင်တော့ချေ။ သို့အတွက်ကြောင့် အယူခံ တရားခံကအဆိုပါ တံခါးနှစ်ခုကို အိမ်ငှါး၏ အခွင့်အရေးအဖြစ် အသုံးပြုလာ

၁၉၆၁
ဦးတင်အိန်
(ခေါ်)
ဦးတင်
နှင့်
ဦးဘမူတ်။

ခဲ့သည်ဟူသော ထုက်ဆိုချက်ကို မည်သို့မျှထိရောက်စွာ အယူခံ တရားလိုက ငြင်းဆို ချေပနိုင်ခြင်း မရှိချေ။ မူလအိမ်ရှင် မစ္စတာ ဂျာဘစ်ရေးသော ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့စွဲပါ စာတစောင်ကို အယူခံတရားလိုအတွက်အကိုးအကားပြုခဲ့ရာ၊ ၎င်းစာမှာ တဦးနှင့်တဦး မသင့်မတင့် ဖြစ်ပြီးမှ ရေးသောစာ ဖြစ်သောကြောင့် အားထား ယုံကြည်ထိုက်သော သက်သေခံချက်တရပ် မဟုတ်ချေ။ သို့အတွက်ကြောင့် အောက်ရုံး များက အယူခံ တရားခံ၏ ချေပချက်ကို လက်ခံခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထိုကဲ့သို့ ၎င်းတံခါးများကို သုံးစွဲခြင်းသည် အိမ်ငှါး၏ သာမန် အခွင့်အရေးများ ထဲတွင် ပါဝင်ခဲ့သည်ဖြစ်၍၊ အိမ်ကို အထက်ပိုင်ရှင်က အယူခံ တရားလိုအား ရောင်းချ သည့်အခါတွင် အဆိုပါ အခွင့်အရေးသည် အယူခံ တရားခံ၏ လက်ထဲတွင်ပင် ကျရောက် ခဲ့၍ ပိုင်ရှင်သစ်ဖြစ်သော အယူခံ တရားလိုထံမှ ၎င်းအခွင့်အရေးကို အယူခံတရားခံက ဆက်လက် ခံစားပိုင်ခွင့်ရှိသည်။

အောက် အယူခံရုံးတော်က အယူခံ တရားခံ၏ အခွင့်အရေးကို ထိုကဲ့သို့ ဆုံးဖြတ် သည်သာမက အယူခံတရားလို ချေပသည့်အတိုင်း အယူခံ တရားခံက ရရှိလော အခွင့် အရေးမှာ သာမန်အိမ်ငှါးများ ရရှိသော အခွင့်အရေးတရပ် မဟုတ်ဘဲ၊ အိမ်ရှင်၏ သဘောအတိုင်း အိမ်ငှါးခြင်းနှင့် မဆက်စပ်ဘဲ သီးခြားခွင့်ပြုထားသော ကိစ္စတရပ် ဖြစ်သည်ဟု ယူဆစေကာမူ၊ တရားမျှတရေးမူကို ရှေးရှု၍ အဆိုပါ တံခါးနှစ်ခုကို အသုံး ပြုခြင်း အခွင့်အရေးကို အယူခံ တရားလိုက မိမိသဘောအတိုင်း အယူခံ တရားခံထံမှ ပြန်လည် ရွှေ့သိမ်းပိုင်ခွင့် မရှိဟု **၁၉၅၂ ခုနှစ်၊ (I.K.B. 290) ပါ၊ အယ်ရင်တန် နှင့် အယ်ရင်တန် (၁)** အမှုကို ကိုးကား၍ ဆုံးဖြတ်ခဲ့သည်။ အဆိုပါအမှုတွင် အိမ်တအိမ် တွင် ပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်လာခဲ့သူကို နောင် အိမ်လွှဲပြောင်းပေးရန် ပဋိညာဉ်အရ အိမ်ဘိုးငွေကို အရစ်ကျ ပေးဆောင်နေဆဲတွင် အိမ်ပိုင်သူက မိမိ နေခွင့် ပြုထားခြင်းကို မရုပ်သိမ်းနိုင်ဟု ပြဋ္ဌာန်းထားသည်။

ဤအမှုတွင် အဆိုပါ စီရင်ထုံးက ချမှတ်သောမူကို အထူးဆွေးနွေးရန် မလိုပေ။ အိမ်ခန်းတခုကို ပိုင်ရှင်က အိမ်ငှါးအား ငှါးရမ်းသည်ရှိသော် အဆိုပါ အိမ်ခန်းကို ဝင်ရောက်နေထိုင်ရန်အတွက် လိုအပ်သော တံခါးလမ်းပေါက်၊ လှေကား စသည်တို့ကို အသုံးပြုသည့် ကိစ္စများလည်း ငှါးရမ်းသည့် ကိစ္စတွင် ပါဝင်သင့်ကြောင်းကို အောက် အယူခံရုံး၏ စီရင်ချက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ အိမ်ခန်းများမှ အိမ်ပြင်ဘက် ဝရံတာသို့ ထုက်ပေါက်များ တောင်တပေါက်၊ မြောက်တပေါက် သီးခြားရှိနေ၍၊ အယူခံ တရားခံအား ငှါးရမ်းသော တောင်ဘက်ရှိ အိမ်ခန်းများသို့ တောင်ဘက်ရှိ

(1) (1952) I. K. B. 290.

၁၉၆၁

ဦးတင်အိန် (ခေါ်) ဦးတင်နှင့် ဦးဘရှတ်။

သံတံခါးမှ ဝင်ရထွက်ရခြင်းသည် အိမ်ငှါး၏ သာမန်အခွင့်အရေးတရပ် ဖြစ်ကြောင်း ပိုမိုထင်ရှားသည်။

သို့ဖြစ်ခြင်းကြောင့် အယူခံ တရားလိုသည် အယူခံ တရားခံက အငြင်းပွါးသော တံခါးနှစ်ခုမှ ဝင်ထွက်သွားလာခြင်းကို ပိတ်ပင်တားမြစ် နိုင်ခြင်းငှါ အခွင့်အရေးမရှိဟု ယူဆ၍ ၎င်း၏အယူခံလွှာကို ပယ်လိုက်သည်။ အထက်ဖော်ပြပါ တံခါးနှစ်ခုမှ သွားလာ ဝင်ထွက်ခြင်းသည် မိမိတို့၏ နေထိုင်မှုကို အနှောင့်အယှက် ဖြစ်စေနိုင်လျှင်၊ အယူခံ တရားလိုက အယူခံ တရားခံ၏ အိမ်ခန်းများသို့ တခြားနည်းဖြင့် ဝင်ထွက် သွားလာ နိုင်သော တံခါးပေါက်တခု အစားထိုး၍ ပေးသင့်သည်။

အမှု၏ အကျိုးအကြောင်း အားလုံးကို ထောက်ထား၍၊ အမှုသည်များသည် မိမိတို့၏ တရားစရိတ်ကို မိမိတို့ ကျခံစေရမည်။

တရားလွှတ်တော်ချုပ်

†၁၉၆၁
ဩဂုတ်လ
၂၂ ရက်။

ဦးထွေး(ခေါ်)အော၊ အီး၊ မဒါရီ (လျှောက်ထားသူ)

နှင့်

ဘာလွာတော်မင်းကြီး၊ ရန်ကုန်မြို့ ပါ ၂ (လျှောက်ထားခံရသူများ)*

အမြတ်တော်ခွန်အက်ဥပဒေပုဒ်မ ၃၃၊ အမြတ်တော်မင်းကြီးထံစောဒကဝင်သည့်ကိစ္စ။

မိမိလက်ထောက်အမြတ်တော်မင်းကြီးဖြစ်စဉ်က ချမှတ်ခဲ့သော အမိန့်ကိုတွဘက်အမြတ်တော်မင်းကြီးဖြစ်လာသောအခါ၊ ပြန်လည်စစ်ဆေးဆုံးဖြတ်ခြင်းမပြုနိုင်။

လျှောက်ထားသူ အပေါ်တွင်အမြတ်တော်ဝန်ထောက်က၊ အမြတ်တော်ခွန်စည်းကြပ်သည့်အမိန့်ကို၊ အမြတ်တော်လက်ထောက်မင်းကြီးထံတွင်အယူခံရာ တရားရုံးသဖြင့် ထိုအမိန့်များကို ပယ်ဖျက်ရန်အတွက်၊ အမြတ်တော်မင်းကြီးထံစောဒကဝင်ရာ၊ အယူခံအမိန့်ကိုချမှတ်သော လက်ထောက်အမြတ်တော်မင်းကြီးပင်လျှင် အမှုအတောအတွင်းတွဘက်အမြတ်တော်မင်းကြီး အဖြစ်ဖြင့်ခန့်အပ်ခြင်းခံရသဖြင့် စောဒကာအမှုကို၊ မြန်မာပြည် အမြတ်တော်ခွန်အက်ဥပဒေပုဒ်မ ၃၃ အရ၊ ကြားနာစစ်ဆေးပြီးလျှင်လက်ထောက်မင်းကြီး အဖြစ်ဖြင့်မိမိကိုယ်တိုင်ချမှတ်ခဲ့သောအမိန့်ကိုအတည်ပြုလိုက်လေသည်။

ဆုံးဖြတ်ချက်။ ။၁၉၅၄ ခုနှစ်၊ မြန်မာပြည်အမြတ်တော်ခွန် (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ (အက်ဥပဒေအမှတ် ၅၀/၅၄)အရ၊ အမြတ်တော်မင်းကြီးဆိုသည်မှာမြန်မာပြည်အမြတ်တော်ခွန်အက်ဥပဒေပုဒ်မ ၅ အရ၊ ခန့်အပ်သည့် အမြတ်တော်မင်းကြီးဟုဆိုလိုသည့်အပြင်၊ တွဲဘက်အမြတ်တော်မင်းကြီးအဖြစ် ခန့်အပ်ခြင်းခံရသူလည်း ပါဝင်သည်ဟုပြဋ္ဌာန်းထား၍၊ အခြင်အာဏာဖြင့်တွဲဘက်အမြတ်တော်မင်းကြီးသည် အမြတ်တော်မင်းကြီး၏ အာဏာများကို အသုံးပြုနိုင်ပေမည်ဖြစ်သော်လည်း၊ မိမိကိုယ်တိုင်လက်ထောက် အမြတ်တော်မင်းကြီးအဖြစ်ဖြင့်ချမှတ်ခဲ့သောအမိန့်ကိုမကျေနပ်သူကစောဒကဝင်ရာတွင်၊ တွဲဘက်အမြတ်တော်မင်းကြီးအဖြစ်ဖြင့် ပြန်လည်စစ်ဆေးဆုံးဖြတ်ခြင်းမပြုနိုင်။

ဦးပစ်နှင့် သဲကုံးကျေးရွာ၊ သီးစား၊ဆထားရေးကော်မိတီ (၁၉၄၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ ၇၅၉) ကိုရည်ညွှန်းသည်။

---

* ၁၉၆၁ ခု၊ တရားမအယေးအဖွဲလျှောက်လွှာအမှတ် ၆၀။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများဖွဲ့စည်းကြသော ဦးဘိုကြီးနှင့်ဦးအောင်သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

လျှောက်ထားသူအတွက်။ ။ဦးဘသော့လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရလွှတ်တော်ရွှေနေ ဦးဘကျော် လိုက်ပါ ဦးထွေး (ခေါ်) အေ၊ အီး၊ မဒါရီ နှင့် ဘဏ္ဍာတော်မင်းကြီး၊ ရန်ကုန်မြို့ ပါ ၂။
ဆောင်ရွက်သည်။

၁၉၆၁

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှုတွင် ယခုလျှောက်ထားသူ ဦးထွေး (ခေါ်) အေ၊ အီး၊ မဒါရီ အပေါ်၌၊ ရန်ကုန်အမြတ်တော်ဌာန (၇) အုပ်စုအမြတ်တော် ဝန်ထောက်က အမြတ်တော်ကြေး စည်းကြပ်သည်တွင်၊ ထိုအမိန့်ကို မကျေနပ်သဖြင့် အမြတ်တော်ဌာန အရှေ့တိုင်း၊ အနောက်တိုင်း လက်ထောက် အမြတ်တော်မင်းကြီးထံ အယူခံဝင်ရာတွင်လည်း တရားရှုံးခဲ့လေသည်။ ဦးထွေးသည် ထိုအမိန့်များကို ပယ်ဖျက်ရန်အတွက် အမြတ်တော်မင်းကြီးထံ စာဒကဝင်ရာ၊ အယူခံအမိန့်ကို ချမှတ်သော လက်ထောက် အမြတ်တော် မင်းကြီးပင်လျှင်၊ အမှုအတောအတွင်း တွဲဘက် အမြတ်တော်မင်းကြီးအဖြစ်ဖြင့် ခန့်အပ်ခြင်း ခံရသဖြင့် စောဒကမူကို မြန်မာပြည် အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၃ အရ၊ ကြားနာ စစ်ဆေးပြီးလျှင်၊ လက်ထောက် အမြတ်တော် မင်းကြီးအဖြစ်ဖြင့် မိမိကိုယ်တိုင် ချမှတ်ခဲ့သော အမိန့်ကို အတည်ပြုလိုက်လေသည်။ ဘဏ္ဍာတော်မင်းကြီးထံ ထပ်မံ လျှောက်ထားရာ၌လည်း၊ ဘဏ္ဍာတော်မင်းကြီးက အမြတ်တော်မင်းကြီး၏ အမိန့်ကို ဝင်ရောက် စွက်ဖက်ခြင်း မပြုဘဲ လျှောက်လွှာကို ပယ်လိုက်လေသည်။

ဤအမှု၌ အဓိကအားဖြင့် လျှောက်ထားသည့် အချက်မှာ လက်ထောက် အမြတ်တော်မင်းကြီးသည်၊ မိမိကိုယ်တိုင် ချမှတ်ခဲ့သောအမိန့်ကို တွဲဘက်အမြတ်တော်မင်းကြီး အဖြစ်ဖြင့် ပြန်လည်စဉ်းစား၍ အတည်ပြုသည်မှာ သဘာဝ တရားမျှတရေး စည်းကမ်းများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သောကြောင့်၊ ထိုအမိန့်ကို အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ရန် လျှောက်ထားခြင်း ဖြစ်သည်။ လျှောက်ထားခံရသည့် အာဏာပိုင်များက တွဲဘက် အမြတ်တော်မင်းကြီးသည် အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၃ အရ၊ အပ်နှင်းထားသော အာဏာများကို အသုံးပြုနိုင်သည်ဖြစ်၍ ထိုအမိန့်မှာ အတည်ပြုထိုက်ပါသည်ဟု ချေပလေသည်။ ထိုပုဒ်မ ၃၃ ပါ၊ ပြဋ္ဌာန်းချက်များအရဆိုလျှင်၊ ပါလီမန်၏ မူလ ရည်ရွယ်ချက်မှာ၊ အမြတ်တော်မင်းကြီးသည် မိမိလက်အောက်ရှိ အာဏာပိုင်က ချမှတ်သော အမိန့်ကိုငင်း၊ မိမိကိုယ်တိုင် လက်ထောက် အမြတ်တော်မင်းကြီး အဖြစ်ဖြင့် ချမှတ်ခဲ့သော အမိန့်ကိုငင်း အလိုအလျောက် ဆင့်ခေါ် ပြန်လည် သုံးသပ်ပြီးလျှင်၊ သင့်တော်သည့် အမိန့်ကို ချမှတ်နိုင်သည် ဖြစ်သည်။ ယင်းကဲ့သို့ မိမိ အလိုအလျောက် သက်ဆိုင်ရာ အမှုများကို ဆင့်ခေါ်ပြီး အမိန့်များကို ပြင်ဆင်ရာ၌၊ အမြတ်တော်မင်းကြီးသည်၊ မိမိကိုယ်တိုင် လက်ထောက်အမြတ်တော်မင်းကြီးအဖြစ်ဖြင့်

၁၉၆၁

ဦးထွေး (ခေါ်) အေး၊ အီး၊ မဒါရီ နှင့် ဘဏ္ဍာတော် မင်းကြီး၊ ရန်ကုန်မြို့ ပါ ၂။

ချမှတ်ခဲ့သော အမိန့်များကို ပြန်လည် ကြည့်ရှု နိုင်ပေလိမ့်မည်။ သို့သော် ၁၉၅၈ ခုနှစ်၊ မြန်မာပြည် အမြတ်တော်ခွန် (ပြင်ဆင်ချက်) အက်ဥပဒေ (အက်ဥပဒေအမှတ် ၂၇/၅၈) အရ၊ အထက်ဖော်ပြပါ ပုဒ်မ ၃၃ တွင် အမြတ်တော်မင်းကြီးသည်၊ မိမိအလို အလျောက် အမှုများကို ကြည့်ရှု စစ်ဆေး ဆုံးဖြတ်နိုင်သည်သာမက အခွန် စည်းကြပ် ခံရသူ လျှောက်ထားလျှင်လည်း ထိုနည်းတူစွာ အရေးယူနိုင်သည်ဟု အတည့်အလင်း ပြဋ္ဌာန်းထားလေသည်။ ယခုအမှုတွင် လျှောက်ထားသူ ဦးထွေးသည်၊ လက်ထောက် အမြတ်တော် မင်းကြီး ချမှတ်လိုက်သော အမိန့်ကို မကျေနပ်သဖြင့် ပုဒ်မ ၃၃ အရ၊ အမြတ်တော် မင်းကြီးထံ စောဒကဝင်ရာ၊ တွဲဘက် အမြတ်တော် မင်းကြီးသည် မိမိချမှတ်ခဲ့သော အမိန့်ကို ပြန်လည် စစ်ဆေးသည်မှာ သဘာဝ တရားမျှတရေး စည်းကမ်းများနှင့် ဆန့်ကျင်နေသည်ကို တွေ့ရှိရလေသည်။ ဤရုံးတော် ဦးပစ်နှင့်သဲကုံးကျေးရွာ သီးစားချထားရေးကော်မိတီ (၁) အမှုတွင်၊ အောက်ပါအတိုင်း မြွက်ကြားခဲ့လေသည်။

> **"It is a rule of universal application and therefore of natural justice that no man can be a judge in his own cause. A person who has an interest in the matter arising for decision cannot constitute himself a judge at the hearing. Natural justice also requires that those entrusted with the power of adjudicating upon any dispute must act in good faith and give the parties an opportunity of being heard and stating their case and their view-point"**

မြန်မာပြည် အမြတ်တော်ခွန် အက်ဥပဒေအရ၊ မူလ၌ မြန်မာပြည်တွင် အမြတ်တော်မင်းကြီး တပါးသာလျှင်ရှိ၏။ သို့သော် ၁၉၅၄ ခုနှစ်၊ မြန်မာပြည် အမြတ်တော်ခွန် (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ (အက်ဥပဒေအမှတ် ၅၀/၅၄) အရ၊ အမြတ်တော် မင်းကြီးဆိုသည်မှာ မြန်မာပြည် အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၅ အရ ခန့်အပ်သည့် အမြတ်တော်မင်းကြီးဟု ဆိုလိုသည့်အပြင်၊ တွဲဘက် အမြတ်တော်မင်းကြီးအဖြစ် ခန့်အပ်ခြင်း ခံရသူလည်း ပါဝင်သည်ဟု ပြဋ္ဌာန်းထားလေသည်။ အမြင်အားဖြင့် တွဲဘက် အမြတ်တော်မင်းကြီးသည် အမြတ်တော်မင်းကြီး၏ အာဏာများကို အသုံးပြုနိုင်ပေမည်။ သို့သော် ဤအမှုတွင် အထက်၌ ဖော်ပြခဲ့သော အကြောင်းများကြောင့်၊ မိမိကိုယ်တိုင် လက်ထောက် အမြတ်တော်မင်းကြီး အဖြစ်ဖြင့် ချမှတ်ခဲ့သော အမိန့်ကို မကျေနပ်သူက စောဒကဝင်ရာတွင်၊ တွဲဘက်အမြတ်တော်မင်းကြီး အဖြစ်ဖြင့် ပြန်လည် စစ်ဆေး ဆုံးဖြတ်ခြင်း ပြုနိုင်မည်မဟုတ်ချေ။

---

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ ၇၅၉။

ထို့ကြောင့် လျှောက်ထားခံရသူများ၏ အမိန့်များကို အမှုခေါ် စာချုန်တော အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့တရားစရိတ်ကို မ်မိတို့အသီးသီး ကျခံကြရမည်ဖြစ်သည်။

၁၉၆၁

ဦးထွေး(ခေါ်)
အေ၊ အီး၊
မဒါရီ
နှင့်
ဘဏ္ဍာတော်
မင်းကြီး၊
ရန်ကုန်မြို့ ပါ၂။

တရားလွှတ်တော်ချုပ်

†၁၉၆၁
ဇူလိုင်လ
၃၁ ရက်။

ဦးအောင်ဘ ပါ ၃ (လျှောက်ထားသူများ)
နှင့်
ဥက္ကဋ္ဌ၊ ပဲခူးတိုင်း သီးစားချထားရေးအဖွဲ့ ပါ ၅ (လျှောက်ထားခံရသူများ)*

သီးစားချထားရေး နည်းဥပဒေ ၁၉၅၃ ခုနှစ်၊ အပိုဒ် ၁၁၊ မည်သူကိုသီးစားချထား ရမည်နည်း။

ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေအပိုဒ် ၁၁ အရ၊ ပျက်ကွက်မှုမရှိခဲ့လျှင်၊ ၎င်းနည်းဥပဒေအပိုဒ်အရ၊ လက်ငုံတ်သီးစားဖြစ်သူကိုသာ သီးစား ချထားရေးကော်မီတီက သီးစားချထားရမည်ဖြစ်သည်။

လျှောက်ထားသူအတွက်။ ။ဦးဘအုန်းလိုက်ပါဆောင်ရွက်သည။

လျှောက်ထားခံရသူအမှတ် (၁) နှင့် (၂) တို့အတွက်။ ။အစိုးရလွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၃) ၊(၄) နှင့် (၅) တို့အတွက်။ ။ဦးဘသော့လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။အခင်းဖြစ်သည့်မြေသည်၊ ပြည်ခရိုင်၊ ပန်းတောင်း မြို့နယ်၊ ရေလည်ကျွန်းကျေးရွာရှိ၊ မြေသစ်တောင်ကျွန်း ကွင်းအမှတ် ၁၀၉ ဖြစ်သော မြေနုကျွန်းပေါ်ဖြစ်သည်။ ထိုမြေအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ယခု လျှောက်ထားသူ စိတ္တဲရွာသားများ ဖြစ်ကြသူ ဦးအောင်ဘ၊ မောင်ငွေ၊ မောင်ရှင်နှင့် အပေါင်းပါတို့က လွန်ခဲ့သည့် ၁၀ နှစ်ခန့်က စတင်၍ လုပ်ကိုင်လာခဲ့ကြဟန်တူသည်။ သို့သော် တိုင်းသီးစားချထားရေးကော်မီတီက ယင်းသို့ လုပ်ကိုင်လာခဲ့သည်မှာ အခင်း ဖြစ်မြေရှိ ဒေသတဝိုက်၌ ထိုစဉ်က သောင်းကျန်းသူများ စိုးမိုးခဲ့သဖြင့်၊ သောင်းကျန်း

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲ့လျှောက်လွှာအမှတ် ၅၉။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်တရားဝန်ကြီးများ ဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အခိန့်ချမှတ်သည်။

သူများ၏ အာဏာကို မဖိဆန်ဝံ့၍ သက်ဆိုင်ရာ ကျေးရွာသီးစားချထားရေး ကော်မီတီက ထိုမြေကို စိတ်တဲရွာသားများအား သီးစားချထားခဲ့ဟန် တူသည်ဟု ယူဆလေသည်။

၁၉၆၁
ဦးအောင်ဘ
ပါ ၃
နှင့်
ဥက္ကဋ္ဌ၊ပခုံးတိုင်း
သီးစားချထား
ရေးအဖွဲ့ ပါ ၅။

၁၉၅၈-၅၉ ခုနှစ်အတွင်း၊ အခင်းဖြစ်မြေကို လုပ်ကိုင်ရန်အတွက် လျှောက်ထား ခံရသူများဖြစ်သူ ဦးမောင်ဟန်၊ မောင်ရန်ရှင်း၊ ဦးအုန်းမောင်နှင့် အခြားသောင်ကြီး ရွာသားများကတဘက်၊ လျှောက်ထားသူများနှင့် အပေါင်းပါတို့ စိတ်တဲရွာသားများက တဘက်၊ အပြိုင်အဆိုင်လျှောက်ထားကြလေသည်။ ထိုနှစ်အတွက် ပဲခူးတိုင်းသီးစားချ ထားရေးကော်မီတီက ၁၉၆၀ ခု၊ ဇွန်လ ၁၆ ရက်နေ့၌ အမိန့်ချမှတ်သည်မှာ၊ သောင်း ကျန်းသူရဲဘော်ဖြူများကြီးစိုးနေစဉ်က၊ ၎င်းတို့ညွှန်ကြားချက်အရ အခင်းဖြစ်မြေအချို့ အတွက်ကို စိတ်တဲရွာသားများအား ချထားခဲ့ရသည်ကို တွေ့ရှိကြောင်း။ ယခုလျှောက် ထားခံရသူနှင့် အပေါင်းပါများသည် သောင်ကြီး ရွာသားများဖြစ်၍၊ အခင်းဖြစ် မြေမှာလည်း သောင်ကြီး သူကြီးပိုင်နက်အတွင်း ကျရောက်သောကြောင့် ထိုမြေကို သောင်ကြီး ရွာသားများသို့ သီးစားချထားရမည်ဟုဆုံးဖြတ်လိုက်လေသည်။ ယင်းသို့ ဆုံးဖြတ်သော်လည်း၊ တိုင်းသီးစားချထားရေး ကော်မီတီက ဆက်လက်အမိန့် ချမှတ် သည်မှာ၊ "မြေလုပ်လို၍ စိတ်တဲရွာသားများက သောင်ကြီး သူကြီးပိုင်နက်သို့ ပြောင်း လိုပါက ပြောင်းနိုင်သည်။"

ထိုသို့ မှတ်ချက်ချသည်ကို အကြောင်းပြု၍၊ လျှောက်ထားသူများနှင့် အပေါင်း ပါတို့သည်၊ သောင်ကြီး သူကြီးပိုင်နက်အတွင်းသို့ ပြောင်းရွှေ့ကြလေသည်။ သို့သော် ယင်းသို့ပြောင်းရွှေ့ရာ၌၊ နိုင်ငံတော်အစိုးရ သတ်မှတ်သောစည်းကမ်းချက်နှင့် မညီ၍ သော်၎င်း၊ သောင်ကြီးရွာသားများနှင့် စိတ်တဲရွာသားတို့အဓိကရုဏ်း ဖြစ်မည်ကိုစိုးရိမ်၍ သော်၎င်း၊ အကြောင်းတခုခုကြောင့် တိုင်းမင်းကြီးက ယင်းသို့ရွှေ့ပြောင်းသည်ကို အတည်မပြုထားခဲ့ဟန်တူသည်။

ထို့နောက် ယခုအခင်းဖြစ်သော ၁၉၅၉-၆၀ စိုက်ပျိုးရေးနှစ်အတွက်၊ သောင်ကြီး ရွာသားများနှင့် စိတ်တဲရွာသားများ အပြိုင်အဆိုင် လျှောက်ထားကြပြန်ရာ၊ သောင်ကြီး ကျေးရွာသီးစား ချထားရေး ကော်မီတီက အခင်းဖြစ်မြေကို သောင်ကြီးရွာသား များအား ချထားလိုက်လေသည်။ ပြည်ခရိုင် သီးစားချထားရေးကော်မီတီက ထိုအမိန့် ကို ပယ်ဖျက်ပြီးလျှင် စိတ်တဲရွာသားများသည်၊ သောင်ကြီးသူကြီးပိုင်နက် နယ်နိမိတ် အတွင်းသို့၊ လုံးဝရွှေ့ပြောင်းနေထိုင်ပါက အခင်းဖြစ်မြေကို ၎င်းတို့အား ချထားရမည် ဟုဆုံးဖြတ်လေသည်။ တိုင်းသီးစားချထားရေး ကော်မီတီကမူကား အခင်းဖြစ် မြေသည်၊ သောင်ကြီး ကျေးရွာသူကြီးပိုင်နက် အတွင်း ကျရောက်သည်ဖြစ်၍၊ သောင်

၁၉၆၁

ဦးအောင်ဘ
ပါ ၃
နှင့်
ဥက္ကဋ္ဌ၊ ပဲခူးတိုင်း
သီးစားချထား
ရေး အဖွဲ့ ပါ ၅ ။

ကြီး ရွာသားများကိုသာ ချထားရမည်ဟု ဆုံးဖြတ်ပြီး ခရိုင်သီးစားချထားရေး ကော်မီတီ၏ အမိန့်ကို ပယ်ဖျက်လိုက်လေသည်။

ဥပဒေ ကြောင်းအရဆိုလျှင်၊ ၁၉၅၈-၅၉ ခု၊ စိုက်ပျိုးရေးနှစ်တွင် တိုင်းသီးစားချထားရေးကော်မီတီက အခင်းဖြစ်မြေကို သောင်ကြီးရွာသားများအား ချထားခဲ့ပြီးဖြစ်၍၊ ၎င်းတို့သည် ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ အပိုဒ် ၁၁ အရ တရားဝင်သီးစား လက်ငုတ်များ ဖြစ်သဖြင့်၊ ၁၉၅၉-၆၀ ခုနှစ်အတွက်လည်း သာမန်အားဖြင့် ၎င်းတို့အားသာလျှင် ချထားရမည်ဖြစ်သည်။ ၎င်းတို့သည် ထိုနည်းဥပဒေ အပိုဒ် ၁၁ ပါပြဋ္ဌာန်းချက်များအရ ပျက်ကွက်မှု ရှိသည်ဟု ဤအမှုတွင်မပေါ်ပေ။

ထို့ကြောင့်တိုင်း သီးနှံချထားရေး ကော်မီတီ၏ အမိန့်ကို ဝင်ရောက် စွက်ဖက်ရန် အကြောင်း မမြင်သဖြင့် လျှောက်လွှာကို ပလပ်လိုက်သည်။ အမှုသည်များသည် မိမိတို့တရားစရိတ်ကို မိမိတို့အသီးသီး ကျခံရမည်ဖြစ်သည်။

SUPREME COURT

HWE NGWE CHEW (APPELLANT)

ခုံတော်အဖွဲ့သည်စုံစမ်းစစ်ဆေးရာ၌ အခြေခံဥပဒေအရဖြစ်စေ၊ အက်ဥပဒေအရဖြစ်စေတည်ထောင်ထား‌သော တရား‌ရုံး‌များကဲ့သို့ပင် တရား‌ဥပဒေနှင့်ကျင့်ထုံးတို့ကိုလိုက်နာ ဆောင်ရွက်ရမည်ဖြစ်သော်လည်း သာမန်တရား‌ရုံး‌များကဲ့သို့လူသိနတ်ကြား‌စီရင်ချက်အမိန့် ချမှတ်နိုင်ခွင့်မရှိ၊ နိုင်ငံတော်သမ္မတထံသို့သာ အစီရင်ခံစာတင်သွင်း‌ရမည်ဖြစ်သည်။

ခုံတော်အဖွဲ့ကပခါနအား‌ဖြင့် စဉ်း‌စား‌ဆုံးဖြတ်ရမည့်အချက်မှာ ကျင်းပခဲ့သည့်ရွေး ကောက်ပွဲသည်၊ တရား‌မဲ့ပြုကျင့်မှုမျာ‌းမှ ကင်းရှင်း၍တရား‌မှုတပြိုးလွတ်လပ်စွာမဲပေးနိုင်ခွင့် ရှိသောရွေး‌ကောက်ပွဲဟုတ်မဟုတ်ဟူသော အချက်ပင်ဖြစ်သည်။

ရွေးကောက်ပွဲခုံရုံး‌တော်အဖွဲ့သည် တရား‌ရုံး‌စစ်စစ်မဖြစ်နိုင်၊အခြေခံဥပဒေပုဒ်မ ၁၅၀ အရ၊ တရား‌စီရင်မှုဆိုင်ရာအလုပ်ဝတ်တရား‌နှင့် အာဏာများကိုသုံးစွဲဆောင်ရွက်လျက်မိမိ တို့၏ယူဆချက်နှင့်တွေ့ရှိချက်တို့ကို အစီရင်ခံစာဖြင့်၊ နိုင်ငံတော်သမ္မတထံသို့ပေးစည်း‌ထား‌ သည့်အဖွဲ့ပင်ဖြစ်သည်။ သို့ရာတွင် ထိုအဖွဲ့သည် ပြည်ထောင်စုတရား‌စီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ တွင်အကျုံး‌ဝင်၍ တရား‌လွှတ်တော်ချုပ်က ကြီး‌ကြပ်ကြည့်ရှုရမည်ဖြစ်သော "တရား‌ရုံး‌" တခုပင်ဖြစ်သည်။

ဒီ၊ ဒီ၊ ဂရိဘာနှင့် ကော်၊ စီ၊ ကွန်ဒါ၊ 1955 B.L.R.(S.C.) 54 ကိုရည်ညွှန်းသည်။

တရား‌စီရင်မှုဆိုင်ရာ အာဏာ ဝတ်တရား‌များကို ကျင့်သုံး‌ဆောင်ရွက်ပြီး‌နောက် ဥပဒေအရ၊ နိုင်ငံတော်သမ္မတထံသို့ တင်သွင်း‌သည့် အစီရင်ခံစာမှာလည်း၊ တရား‌စီရင်မှု ဆိုင်ရာ အစီအရင်တရပ်ဟူ၍ပင်ယူဆရပေမည်။ နိုင်ငံတော်သမ္မတထံသို့ရောက်ရှိသည့်အခါ နိုင်ငံတော် သမ္မတသည် မိမိ၏ သဘော‌အတိုင်း ဆောင်ရွက်နိုင်ခွင့်မရှိ၊ အစီရင်ခံစာကို လက်ခံရမည်သာမက၊အစီရင်ခံစာအတိုင်းအမိန့်ထုတ်၍ လူသိနတ်ကြား‌ဖြစ်မြောက်အောင် အစီရင်ခံစာကိုပါ၊ အစိုး‌ရပြန်တမ်းတွင် ကျေညာရမည်ဖြစ်သည်။ ဤကဲ့သို့ကျေညာရာ၌ အစီရင်ခံစာတွင်ပါရှိသည့်အတိုင်း၊ မိမိအနေဖြင့် အမိန့်ထုတ်ပြန်ခြင်းမှာလည်း တရား‌စီရင် ရေးဆိုင်ရာ အာဏာဝတ်တရား‌ကို ကျင့်သုံး‌ဆောင်ရွက်ခြင်း‌သာဖြစ်ရပေမည်။ အမှန်မှာ အစီရင်ခံစာနှင့် နိုင်ငံတော်သမ္မတ၏ အမိန့်သည် တစပ်တည်း ဖြစ်၍၊ တရား‌စီရင်ရေး ဆိုင်ရာအရေး‌ယူဆောင်ရွက်ချက်များဖြစ်သည်ဟုယူဆရပေမည်။

အခြေခံ ဥပဒေအခန်း (၈) ပုဒ်မ ၁၃၄ အထိပါပြဋ္ဌာန်း‌ချက်များသည်တရား‌ စီရင်ရေး‌အာဏာအား‌လုံး‌ကိုတရား‌လွှတ်တော်ချုပ်လျှင်အမှုးပြုသော တရား‌ရုံး‌များသို့အပ်

နှင်းထားသည်။ ထိုအာဏာများတွင် ပုဒ်မ ၁၅၀ အရ၊ ရည်ညွှန်းသည့်ပုဂ္ဂိုလ်၊သို့မဟုတ် အဖွဲ့သို့ကန့်သတ်လျက် လွှဲအပ်သည့်အာဏာမျိုးလည်းအကျုံးဝင်ပြီးဖြစ်သည်။ ဤကဲ့သို့ ပေးအပ်ပြီးသော တရားစီရင်ရေးအာဏာကိုသုံးစွဲရာတွင် ဝိုမိုထိရောက်နိုင်စေရန်အလို့ငှါ တရားလွှတ်တော်ချုပ်အားထပ်ဖြည့်အာဏာများအပ်နှင်းနိုင်ရန်၊ ပုဒ်မ ၁၅၃ တွင် ရည်ညွှန်းထားသည့်အလျောက်၊ ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၄ ကိုထပ်မံ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

၁၉၆၁

ဗိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုး နှင့် ဦးထွန်းအောင် ပါ ၃။

ထိုကြောင့် တရားလွှတ်တော်ချုပ်သည် ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၄ အရ၊ အပ်နှင်းသောကြီးကြပ်ရေး အာဏာကိုသုံးစွဲရာ၌ အခြေခံ ဥပဒေအရ ပေးအပ်ထားသောတရားစီရင်ရေး အာဏာကိုဝိုမိုထိရောက်စွာစုံစွဲခြင်းပင်ဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ရည်ရွယ်ရင်းမှာ၊ တရားစီရင်ရေးဆိုင်ရာ အချုပ်အချာအာဏာကို နိုင်ငံသားတို့၏ကိုယ်စား ထိရောက်စွာသုံးစွဲ ဆောင်ရွက်နိုင်စေခြင်းအလို့ငှါ၊ တရားလွှတ်တော်ချုပ်အား၊ တရားမဏ္ဍိုင်၏အထွဋ်အထိပ်အဖြစ်ဖြင့်၊ ကြီးကြပ်ကွပ်ကဲကြည့်ရှုစေလျက်၊ တရားရုံးအဆင့်ဆင့်ကို တည်ထောင်ထားခြင်း ဖြစ်လေရာ၊ သာမန်တရားရုံးများသည်ငင်း၊ အခြေခံဥပဒေပုဒ်မ ၁၅၀ တွင် ရည်ညွှန်းသည့် ကန့်သတ်ထားသော တရားစီရင်ရေးဆိုင်ရာ အလုပ်ဝတ်တရားနှင့် အာဏာများကို သုံးစွဲဆောင်ရွက်သည့် တရားရုံးများသည်ငင်း၊ တရားလွှတ်တော်ချုပ်၏ ကြီးကြပ်ကွပ်ကဲရေးအာဏာစက်အတွင်း၌သာ တည်ရှိရမည်ဖြစ်သည်။ ကင်းရှိမတည်ရှိနိုင်ချေ။ ထိုကြီးကြပ်ရေးအာဏာသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အချုပ်အခြာဖြစ်သော တရားလွှတ်တော်ချုပ်ကို တည်ထောင်သည်နှင့်တပြိုင်နက် တပါတည်းအပ်နှင်းပြီး ဖြစ်သည်ဟု ယူဆရပေမည်။ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ အရ၊ တရားလွှတ်တော်ချုပ်အား ကြီးကြပ်ရေးအာဏာ အပ်နှင်းသည်မှာလည်း၊ အခြေခံဥပဒေအရ ပေးအပ်ထားသောစီရင်ပိုင်ခွင့် အာဏာကိုဝိုမိုထိရောက်စွာ သုံးစွဲရန်အတွက်ဖြစ်ရကား၊ မူလ ရှိပြီးအာဏာကို ပေါ်လွင်ထင်ရှားစေခြင်းမျှသာ ဖြစ်သည်ဟုယူဆရပေမည်။

ပါလီမန်ရွေးကောက်ခဲ့ အက်ဥပဒေ ပုဒ်မ ၄၂ (၃)တွင် ပါရှိသော "အပြီးသတ်အဖြတ်ဖြစ်စေရမည်"ဟုဆိုသောစကားရပ်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ပုဒ်မ ၁၀၇(၁)တွင် သုံးစွဲသော (final and conclusive) စကားရပ်မျိုးဖြစ်သည်။

သခင်ဗမောင်နှင့် တရားဝန်ကြီး ဦးအောင်သာကျော် (1949) *B.L.R.* (*S.C.*)188 *Commonwealth* v. *Limerick Steamship Co.*, 35 *C.L.R.* 63; *Novain* v. *Freeman*, (1889)15 *A.C.* 1 တို့ကိုရည်ညွှန်းသည်။

မည်သို့ပင်ဖြစ်စေ၊ တရားလွှတ်တော်ချုပ်က အခြေခံဥပဒေအရ အပ်နှင်းထားသည့် တရားစီရင်ပိုင်ခွင့်အာဏာတွင် အကျုံးဝင်သော ကြီးကြပ်ရေးအာဏာကိုသုံးစွဲရာ၌ သာမန်အက်ဥပဒေအရ ပြဋ္ဌာန်းသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ချုတ်ချယ်ပိတ်ပင်ခြင်းမပြုနိုင်ချေ။

၁၉၆၁

ဗိုလ်စိန်တိုး (ခ၅၊) ဦးစိန်တိုး နှင့် ဦးထွန်းအောင် မ၊ ၃။

ဒိုက်ဦးမဲဆန္ဒနယ်အတွက် မဲရုံ ၃၂ ရုံအနက်၊ မဲရုံ ၂၀ အတွက်ထုတ်ပေးသည့် မဲပြားများမှာ၊ ၁၆,၀၄၆ ပြား ဖြစ်သော်ငြားလည်း၊ ထိုမဲရုံများရှိမဲပုံးများတွင် ထည့်ထားသောမဲများမှာ၊ ၁၉,၂၉၉ ဖြစ်နေရာ၊ ၎င်းမဲပုံးများထဲသို့ မရောက်ထိုက်သော မဲပြား ၂,၄၅၃ ပြား ရောက်ရှိနေ၍ချို့ယွင်းသည် ယူဆရမည်သာဖြစ်၍၊ မဲရုံ ၂၀ ၌အသစ်တဖန်ရွေးကောက်ပွဲ မကျင်းပခဲ့သည်မှာ၊ ဒိုယ်ဦးမဲဆန္ဒနယ်အတွက် တရားမျှတသော ရွေးကောက်ပွဲကျင်းပခဲ့သည်ဟု ယူဆနိုင်ရန်ခဲယဉ်းပေသည်။ ဝိုနေသည့်မဲပြားများသည်။ မတရားမဲ၊ သို့မဟုတ်ယုတ်ပြယ်သော မဲများဖြစ်ခဲ့ပါမူ၊ အရေးပါအရာရောက်လောက်အောင် အကျိုးသက်ရောက်သည် မသက်ရောက်သည်ကို ထည့်သွင်းစဉ်းစားရန် မလိုချေ။ ရွေးကောက်ပွဲသည်တရားမျှတသော ရွေးကောက်ပွဲ ဖြစ်မဖြစ်ကိုသာ စဉ်းစားဆုံးဖြတ်ရပေမည်၊ " လက်ခံသည် " ဟူသောစကားရပ် အဓိပ္ပါယ် ကောက်ရာ တဦးတယောက်၏လက်ထဲသို့ထည့်မှလက်ခံခြင်း ဖြစ်ရမည်ဟုမဆိုနိုင်။

ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေ ပုဒ်မ(၄)အရ၊ ဤရုံးတော်က ကြီးကြပ်ရေးအာဏာကိုသုံးစွဲရာ၌၊ စာချုန်တော်များ ထုတ်သည့်နည်းအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်သောကြောင့်၊ နိုင်ငံတော်သမ္မတ၏အမိန့်ကိုပယ်ဖျက်သင့်ကပယ်ဖျက်၍၊ တည်မြဲစေသင့်ကတည်မြဲစေရမည်သာဖြစ်သည်။ ခုံတော်အဖွဲ့၏အစီရင်ခံစာအစား၊ ဤရုံးတော်၏အဆုံးအဖြတ်ကို အစားထည့်သွင်း၍မပေးနိုင်။

လျှောက်ထားသူအတွက်။ ။ဦးကျော်မြင့် နှင့် ဦးမွန်စံလှိုင် တို့ လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ်(၁) အတွက်။ ။ဦးအောင်ရှိန်ဝင်း လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ်(၂)နှင့် (၃) တို့အတွက်။ ။နိုင်ငံတော်ရှေ့နေချုပ်ဦးဘဆွေနှင့် အစိုးရ ရှေ့နေ ဦးလှမောင်တို့ လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီးချုပ ဦးမြင့်သိန်း။ ။၁၉၆၀ ခုနှစ်ကကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲတွင်ပြည်သူ့လွှတ်တော် ဒိုက်ဦးမဲဆန္ဒနယ်အတွက်၊ ပ-ထ-စ- (ပြည်ထောင်စုအဖွဲ့) ဗိုလ်စိန်တိုး၊ ဖ-ဆ-ပ-လ-(ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွှတ်လပ်ရေးအဖွဲ့) ဦးထွန်းအောင်နှင့် ပ-မ-ည-တ-(ပြည်ထောင်စုအမျိုးသား ညီညွတ်ရေးတပ်ပေါင်းစု) ဦးတိုးမြင့်တို့ဝင်ရောက် အရွေးခံခဲ့ကြရာ၊ မဲအများဆုံးရသူ ဦးထွန်းအောင်အား အမှတ်ဖြစ်သည်ဟု ကျေညာခဲ့သည်ကို၊ ဒုတိယ မဲအများဆုံးရသူ ဗိုလ်စိန်တိုးကမကျေနပ်၍ ကန့်ကွက်လွှာတင်သွင်း လျှောက်ထားခဲ့သည်။ ၎င်းကန့်ကွက်လွှာကို စစ်ဆေး

သည့် ရွေးကောက်ပွဲ ခုံတော်အဖွဲ့က ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေ ပုဒ်မ ၄၂(၃) အရ၊နိုင်ငံတော်သမ္မတထံသို့ အစီရင်ခံစာ တင်သွင်းရာ၌၊ဦးထွန်းအောင်ကိုအမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းမှာ တရားဥပဒေနှင့် ကိုက်ညီကြောင်း ဖော်ပြပါရှိသည်။

နိုင်ငံတော် သမ္မတသည်လည်း၊ အစီရင်ခံစာတွင် ပါရှိသည့်အတိုင်း၊ ထိုပုဒ်မအရ အမိန့်ထုတ်ရသည်ဖြစ်၍၊ အစီရင်ခံစာနှင့်အတူ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် နေ့စွဲပါ တရားရေးဝန်ကြီးဌာန (ရွေးကောက်ပွဲ ဌာနခွဲ) အမိန့်ကြော်ငြာစာအမှတ် ၃၈ ဖြစ်သော အောက်ပါအမိန့်ကို အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာခဲ့သည်။

၁၉၆၁
ဗိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုး နှင့် ဦးထွန်းအောင် ပါ ၃။

အမိန့်။

" (၁) လျှောက်ထားခံရသူ အမှတ်(၁) ဦးထွန်းအောင်အားပြည်သူ့လွှတ်တော် ဒိုက်ဦးမဲဆန္ဒနယ်အတွက် အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းမှာ တရားဥပဒေနှင့် အညီ ရွေးကောက် တင်မြှောက်ခြင်းဖြစ်ကြောင်း။

(၂) လျှောက်ထားသူ ဗိုလ်စိန်တိုး၏ ရွေးကောက်ပွဲ ကန့်ကွက်လွှာကို ပယ်လိုက်သည်။

(၃) ပြည်သူ့လွှတ်တော် ဒိုက်ဦး မဲဆန္ဒနယ် ရွေးကောက်ပွဲတွင် မည်သူတဦးတယောက်မျှ တရားမဲ့ပြုကျင့်မှု ကျူးလွန်သည်ကို မတွေ့ရပါကြောင်း။

(၄) အထက်ပါ ရွေးကောက်ပွဲ ကန့်ကွက်လွှာ အမှုနှင့် ပတ်သက်၍ နှစ်ဘက်သော အမှုသည်တို့သည်၊ မိမိတို့၏ စရိတ်များကို မိမိတို့ပင် အသီးသီး ကျခံကြရမည်။ "

ထိုအမိန့်ကို မနေ့ကျနပ်၍ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ ဗိုလ်စိန်တိုးက၊ဤရုံးတော်တွင်အထူးအယူခံခွင့်လျှောက်ထားသည့်အပြင်၊ စာချွန်တော် အမိန့်မျိုးဖြင့် နိုင်ငံတော် သမ္မတ၏ အမိန့်ကို ပယ်ဖျက်ပေးရန်ကိုလည်း လျှောက်ထားသေးသည်။

အထူးအယူခံခွင့် လျှောက်တောင်းခြင်းနှင့် စပ်လျဉ်း၍၊ ဤမှု နဲ့ပက်တွင် ဖော်ပြလတ္တံ့သောအကြောင်းများကြောင့်၊ ရွေးကောက်ပွဲခုံတော်အဖွဲ့သည်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ တွင်အကျုံးဝင်သော တရားရုံးမျိုး မဟုတ်သောကြောင့်၊ လျှောက်လွှာကို ပယ်ရပေမည်။ ဤအချက်ကို လျှောက်သူအတွက် လိုက်ပါဆောင်ရွက်သူ ပညာရှိ ရွှေနေကြီး ဦးကျော်မြင့်က လက်ခံသော်လည်း၊ ရှေ့သို့တဆင့် တက်သည်မှာ " အပြီးသတ် အတည်ဖြစ်စေရမည် " ဟုပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေတွင် ပါရှိလင့်ကစား၊ ဤစကားရပ်သည် တရားလွှတ်တော်ချုပ်၏ စာချွန်တော်

၁၉၆၁

မိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုး နှင့် ဦးထွန်းအောင် ပါ ၃။

ထုတ်ပြန်ခွင့် အာဏာကို ပိတ်ပင်နိုင်ခြင်းမရှိကြောင်းဖြင့်၊ **သခင် မောင်နှင့် တရား ဝန်ကြီး ဦးအောင်သာကျော်** (၁) တို့၏အမှုတွင်ပင် အတည့်အလင်း ဖော်ပြထားသည့် စီရင်ထုံးကို ကိုးကားလျက်၊ အမှုခေါ် စာချုပ်တော် အမိန့်မျိုးဖြင့် နိုင်ငံတော် သမ္မတကြီး၏ အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည်။

ဦးထွန်းအောင်အတွက် လိုက်ပါ ဆောင်ရွက်သည့် ပညာရှိရွှေနေကြီး ဦးရှိန်ဝန်း ကမူ၊ ခုံတော်အဖွဲ့သည် တရားရုံး ဖြစ်မှသာလျှင်၊ ဤရုံးတော်က စာချုပ်တော် အာဏာ ကို သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ပယ်ဖျက်ရမည့် အမိန့်သည် ခုံတော် အဖွဲ့၏အစီရင်ခံစာ မဟုတ်။ နိုင်ငံတော် သမ္မတ၏ အုပ်ချုပ်မှု ဆိုင်ရာအမိန့်ဖြစ်၍ စာချုပ်တော် ထုတ် ပိုင်ခွင့် မရှိကြောင်း။ တရားစီရင်ရေးဆိုင်ရာ အမိန့်ဟု ယူဆစေကာမူ၊ လွှတ်တော် အမတ်ဖြစ်ပိုင်ခွင့်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအခန်း ၂ တွင်ဖော်ပြထား သည့် မူလအခွင့်အရေး တခုခုမဟုတ်သဖြင့်၊ အခြေခံဥပဒေပုဒ်မ ၂၅ အရ၊ စာချုပ်တော် အမိန့်မထုတ်နိုင်ကြောင်း။ တရား စီရင်ရေး အက်ဥပဒေပုဒ်မ ၄ အရ၊ မြန်မာနိုင်ငံရှိ တရားရုံးများ အားလုံးကို တရားလွှတ်တော်ချုပ်က ကြီးကြပ်ကြည့်ရှု နိုင်ခွင့်ရှိသော်လည်း၊ အသေအချာ စစ်ဆေး ဝေဖန်ပြီးမှ တင်ဆက်သည့် အစီရင်ခံစာအတိုင်း နိုင်ငံတော် သမ္မတက ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ရန် မသင့်ကြောင်း။ ယင်းကြီး ကြပ်ကြည့်ရှုနိုင်ခွင့် အာဏာကို တရားလွှတ်တော်ချုပ်က အကြောင်း လုံလောက်မှ သုံးနိုင်သည့် အာဏာဖြစ်၍၊ ဤကိစ္စတွင် ဝင်ရောက်စွက်ဖက်ရန် မသင့်ကြောင်း **လျှောက်ထားသည်။**

လွှတ်တော် အမတ်အဖြစ် အရွေးခံပိုင်ခွင့်သည် မူလအခွင့်အရေးတခု မဟုတ် ဆိုသည်ကို လက်ခံရပေမည်။ ဤအမှုတွင် ဆုံးဖြတ်ရမည့် အဓိကအချက်မှာ၊ နိုင်ငံတော် သမ္မတ၏ အမိန့်သည် အုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သလော၊ သို့မဟုတ် တရားစီရင် ရေးဆိုင်ရာ အမိန့်ဖြစ်သလောဟူသည့် အချက်ပင်ဖြစ်သည်။

ပြည်ထောင်စု တဝှန်းလုံး၌ တရားစီရင်ရေး ကိစ္စကို (အခြေခံဥပဒေအရသော်၎င်း၊ တရားဥပဒေအရသော်၎င်း၊ တည်ထောင်ထားသည့်) တရားရုံးများတွင်၊ အခြေခံ ဥပဒေနှင့်အညီ၊ သို့မဟုတ် တရားဥပဒေနှင့်အညီ ခန့်ထားသည့် တရားသူကြီးများက စီမံအုပ်ချုပ်စေရမည်ဟု အခြေခံဥပဒေပုဒ်မ ၁၃၁ တွင်ပြဋ္ဌာန်းသည့်အတိုင်း၊ တရား လွှတ်တော်ချုပ်နှင့် တရားလွှတ်တော်ကို အခြေခံဥပဒေက တည်ထောင်ခဲ့သည်။ ထို့ပြင် တရားစီရင်ရေးအက်ဥပဒေ၊ တရားရုံးများအက်ဥပဒေ၊ ရန်ကုန်မြို့ တရားမရုံးအက် ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးအက်ဥပဒေ၊အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ အက်ဥပဒေစသော

(၁) (1949) B.L.R. (S.C.) 188.

အက်ဥပဒေများအရ၊ တည်ထောင်ထားသော အမြဲတန်း တရားရုံးများလည်းရှိသည်။ ထို့ပြင် ရံဖန်ရံခါ အထူးရာဇဝတ်ခုံရုံး အက်ဥပဒေအရ၊ တရားသူကြီး သုံးဦး ပါဝင်သည့် ခုံရုံးများကိုလည်း၊ သောင်းကျန်းသူများကြောင့် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ဝယ်ရေး အဖွဲ့သို့ ပေးအပ်ပြီးဖြစ်သော ဆန်စပါးများ ဆုံးရှုံးခဲ့ရသဖြင့် ပေါ်ပေါက်သည့် အမှုများကို အချိန်မကြန့်ကြာစေဘဲ စစ်ဆေးနိုင်ရန် အထူးတရားမရုံး အက်ဥပဒေအရ တရားဝန်ကြီး သုံးဦးပါဝင်သည့် ရုံးကိုလည်း၊ အခိုက်အတန့်အားဖြင့် တည်ထောင်ခဲ့ဘူးသည်။ ဤကဲ့သို့ တရားရုံးများမှအပ၊ ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အလုပ်ဝတ်တရားများကိုလည်း၊ အာဏာများကိုလည်းသုံးစွဲဆောင်ရွက်စေရန်ပုဂ္ဂိုလ်တဦး တယောက်အားဖြစ်စေ၊ အဖွဲ့တဖွဲ့အားဖြစ်စေ၊ အခြေခံ ဥပဒေပုဒ်မ ၁၅၀ အရလွှဲအပ်နိုင်သည်။ ပမာဆိုသော်၊ မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေးအက်ဥပဒေအရ ခန့်အပ်သည့် ကြီးကြပ်ရေးဝန်သည်၊ ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အလုပ်ဝတ်တရားနှင့် အာဏာများကိုသုံးစွဲဆောင်ရွက်နိုင်သူပုဂ္ဂိုလ်တဦးဖြစ်သည်။ ထိုနည်းတူ ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေအရ၊ တည်ထောင်သည့် ဝါဏိဇ္ဇခုံရုံးသည်လည်း၊ ပုဒ်မ ၁၅၀ အရ၊ ကန့်သတ်ထားသည့်တရားစီရင်ရေးဆိုင်ရာအလုပ်ဝတ်တရားများနှင့်အာဏာများကို သုံးစွဲ ဆောင်ရွက်သည့် ခုံအဖွဲ့ဖြစ်သည်ဟု **မြန်မာပြည် ရေနံကုမ္ပဏီနှင့် မြန်မာပြည် ရေနံ** ကုမ္ပဏီအလုပ်သမားများ (၁) **၏**အမှုတွင်၊ ဤရုံးတော်က ဆုံးဖြတ်ပြီးဖြစ်သည်။

ရွှေကောက်ပဲ ခုံတော်အဖွဲ့နှင့် အမြဲတန်းတရားရုံးများမှာ ခြားနားသည်။ ပါလီမန် ရွှေကောက်ပဲ အက်ဥပဒေပုဒ်မ ၃၈(၁) အရ၊ မကျေနပ်သော ယှဉ်ပြိုင်အရွေးခံခဲ့သူ တဦးက၊ သို့မဟုတ် မဲဆန္ဒရှင်တဦးက ရွှေကောက်ပဲ ကန့်ကွက်လွှာ တင်သွင်းမှ နိုင်ငံတော် သမ္မတက ခုံအဖွဲ့ဖွဲ့စည်းရသည်။ ဤကဲ့သို့ဖွဲ့စည်းရာတွင်လည်း နှစ်စဉ် နိုင်ငံတော် တရားဝန်ကြီးချုပ်က ဥပဒေအရ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူ ၁၅ ဦး၏ အမည်များကို တင်သွင်းထားသည့် စာရင်းမှ သုံးဦးကိုရွေးချယ်သာ ခန့်ရမည်ဖြစ်သည်။ ခုံတော်အဖွဲ့သည် စုံစမ်းစစ်ဆေးရာ၌ အခြေခံဥပဒေအရဖြစ်စေ၊ အက်ဥပဒေအရဖြစ်စေ တည်ထောင်ထားသော တရားရုံးများကဲ့သို့ပင် တရားဥပဒေနှင့် ကျင့်ထုံးတို့ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သော်လည်း၊ သာမန် တရားရုံးများကဲ့သို့ လူသိနတ်ကြား စီရင်ချက်အမိန့် ချမှတ်နိုင်ခွင့်မရှိ။ နိုင်ငံတော် သမ္မတထံသို့သာ အစီရင်ခံစာတင်သွင်းရမည်ဖြစ်သည်။

ခုံတော်အဖွဲ့က စုံစမ်းစစ်ဆေးရာ၌လည်း၊ သာမန်တရားတရောင်များမှာကဲ့သို့ တဦးနှင့်တဦး အငြင်းပွါးသည်ကို အဓိကထား၍ စစ်ဆေးခြင်းမဟုတ်၊ စစ်ဆေးရာ၌ အရွေးခံသူသည်၊ အရည်အချင်းနှင့် ပြည့်စုံပါသလော၊ ၎င်းသည် အရွေးခံရန် အမည်

၁၉၆၁
ဗိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုးနှင့် ဦးထွန်းအောင် ပါ ၃။

(1) (1957) B.L.R. (S.C.) 61.

၁၉၆၁

ဗိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုးနှင့် ဦးထွန်းအောင်ပါ ၃။

တင်သွင်းရာ၌ ဥပဒေစည်းမျဉ်းများနှင့် ကိုက်ညီပါသလော၊ ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်နောက် သတ်မှတ်သည့်အချိန်အတွင်း သတ်မှတ်သည့် ပုံစံအတိုင်း ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ် ငွေစာရင်းများ တင်သွင်းပါသလော စသည့် ပြဿနာများပေါ် ပေါက်က ထည့်သွင်းစဉ်းစား ဆုံးဖြတ်ရမည် ဖြစ်သော်လည်း၊ ပဓါနအားဖြင့် စဉ်းစား ဆုံးဖြတ်ရမည်အချက်မှာ ကျင်းပခဲ့သည့် ရွေးကောက်ပွဲသည် တရားမဲ့ပြုကျင့်မှုများမှ ကင်းရှင်း၍ တရားမျှတပြီး လွတ်လပ်စွာ မဲပေးနိုင်ခွင့်ရှိသော ရွေးကောက်ပွဲ ဟုတ်မဟုတ်ဟူသောအချက်ပင်ဖြစ်သည်။ အင်္ဂလန်ပြည် ပါလီမန်သမိုင်းတွင် ရှေးအခါက ပါလီမန် အဖွဲ့ဝင် အမတ်တဦးသည် တရားဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့သည် မခံခဲ့သည်ဟူသော ပြဿနာကို ပါလီမန်အဖွဲ့ကပင် စစ်ဆေးဆုံးဖြတ်ခဲ့ကြောင်းတွေ့ရသည်။ ၁၇၇၀ ခုနှစ်တွင် ထိုသို့ဆုံးဖြတ်ရန် အာဏာကို စုံစမ်းစစ်ဆေးရန် ရွေးချယ်ခန့်ထားသော ကော်မီတီသို့ လွှဲအပ်ခဲ့သည်။ထို့နောက် ၁၈၆၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေအရ တရားလွှတ်တော်တရားဝန်ကြီးတပါးအား ဆုံးဖြတ်နိုင်ခွင့်အာဏာအပ်နှင်းခဲ့သည်။ယခုအခါ၌ ၁၈၇၉ ခုနှစ်၊ပါလီမန်ရွေးကောက်ပွဲ တရားမဲ့ပြုကျင့်မှုများ အက်ဥပဒေအရ၊ တရားဝန်ကြီးနှစ်ပါးက စစ်ဆေး ဆုံးဖြတ်ရသည်။ တရားမဲ့ပြုကျင့်၍ အရွေးခံအနိုင်ရခဲ့သော်လည်း၊ ကန့်ကွက်လွှာတင်သွင်းခြင်းမရှိလျှင်သော်၎င်း၊ အမတ် ဖြစ်ပြီးမှ အရည်အချင်း ပျက်ယွင်းခဲ့လျှင်သော်၎င်း၊ ထိုကိစ္စများကို စစ်ဆေးရန် ရွေးချယ်ခန့်ထားသော ကော်မီတီက ယခုအထိ စုံစမ်းစစ်ဆေးဆုံးဖြတ်နိုင်သည်။ (၁)

ဤအကြောင်းများကြောင့် ရွေးကောက်ပွဲ ခုံတော်အဖွဲ့သည်၊ တရားရုံးစစ်စစ်မဖြစ်နိုင်။ အခြေခံဥပဒေပုဒ်မ ၁၅၀ အရ၊ တရားစီရင်မှုဆိုင်ရာ အလုပ်ဝတ်တရားနှင့် အာဏာများကို သုံးစွဲဆောင်ရွက်လျက်၊ မိမိတို့၏ယူဆချက်နှင့် တွေ့ရှိချက်တို့ကို အရင်ခံစာဖြင့်၊ နိုင်ငံတော် သမ္မတထံသို့ တင်သွင်းရန် ဖွဲ့စည်းထားသည့်အဖွဲ့ပင်ဖြစ်သည်။ သို့ရာတွင်၊ဒီ၊ ဒီ၊ ဂရိုဘာနှင့် ကေ၊ စီ၊ ကွန်ဒါ (၂) တို့၏စီရင်ထုံးအရ၊ထိုအဖွဲ့သည် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၄ တွင် အကျုံးဝင်၍၊ တရားလွှတ်တော်ချုပ်က ကြီးကြပ် ကြည့်ရှုရမည်ဖြစ်သော "တရားရုံး" တခုပင်ဖြစ်သည်။

တရားစီရင်မှုဆိုင်ရာ အာဏာဝတ်တရားများကို ကျင့်သုံးဆောင်ရွက် ပြီးနောက်၊ ဥပဒေအရ နိုင်ငံတော် သမ္မတထံသို့တင်သွင်းသည့် အစီရင်ခံစာမှာလည်း၊ တရားစီရင်မှုဆိုင်ရာ အစီအရင်တရပ်ဟူ၍ပင် ယူဆရပေမည်။ နိုင်ငံတော် သမ္မတထံသို့ ရောက်ရှိသည့်အခါ၊ နိုင်ငံတော် သမ္မတသည်၊ မိမိသဘောအတိုင်း ဆောင်ရွက်နိုင်ခွင့်မရှိ။

(1) Schofield's Parliamentary Elections, 3rd Edit., p. 503.
(2) (1955) B.L.R. (S.C.) 54.

အစီရင်ခံစာကို လက်ခံရမည်သာမက၊ အစီရင်ခံစာအတိုင်း အမိန့်ထုတ်၍ လူသိနတ်ကြားဖြစ်မြောက်အောင် အစီရင်ခံစာကိုပါ၊ အစိုးရပြန်တမ်းတွင် ကျေညာရမည်ဖြစ်သည်။ ဤကဲ့သို့ကျေညာ၍ အစီရင်ခံစာတွင် ပါရှိသည့်အတိုင်း၊ မိမိအနေဖြင့်အမိန့်ထုတ်ပြန်ခြင်းမှာလည်း၊ တရား စီရင်ရေးဆိုင်ရာ အာဏာ ဝတ်တရားကို ကျင့်သုံးဆောင်ရွက်ခြင်းသာ ဖြစ်ရပေမည်။ အမှန်မှာ အစီရင်ခံစာနှင့် နိုင်ငံတော် သမ္မတ၏ အမိန့်သည် တစပ်တည်းဖြစ်၍၊ တရားစီရင်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက် ဖြစ်သည်ဟု ယူဆရပေမည်။

၁၉၆၀
—
ဗိုလ်စိန်တိုး
(ခေါ်)
ဦးစိန်တိုး
နှင့်
ဦးထွန်းအောင်
ပါ ၃။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ဤအမှုကို ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၄ အရ၊ တရားရုံးတခု၏ အမိန့်ကိုကြီးကြပ်ကြည့်ရှုခြင်းသဘောဖြင့်သာ ဝေဖန်ဆုံးဖြတ်ရပေမည်။ ပုဒ်မ ၄ အရ အာဏာသုံးစွဲရာ၌၊ အခြေခံဥပဒေပုဒ်မ ၂၅ ဖြင့်၊ တရားလွှတ်တော်ချုပ်အား အပ်နှင်းထားသည့်အာဏာများကို သုံးစွဲနိုင်သကဲ့သို့ပင်သုံးစွဲနိုင်ကြောင်းကို၊ ဒီ၊ ဒီ၊ ဂရိဘာနှင့် ကော၊ စီ၊ ကွန်ဒါတို့၏အမှုတွင် ဖော်ပြပြီးဖြစ်သည်။ အကြောင်းသင့်၍ ဖော်ပြလိုသည်မှာ၊ ဗြိတိသျှ ဘုရင်မင်းမြတ်၌၊ ယခင်က တည်ရှိခဲ့သော အခွင့်အရေး၊ အခွင့်အာဏာ၊ စီရင်ပိုင်ခွင့်အာဏာ၊ ကိုယ်ပိုင်အခွင့်အာဏာစသော အချုပ်အခြာ အာဏာအားလုံးကို အခြေခံဥပဒေပုဒ်မ ၂၂၃ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်က၊ သိမ်းပိုက် ရယူပိုင်ဆိုင်ပြီးဖြစ်သည်။ ပုဒ်မ ၃ အရ၊ ထိုအချုပ်အခြာ အာဏာကို နိုင်ငံသားတို့၌ တည်စေပြီးနောက်၊ ပုဒ်မ ၄ အရ၊ ဥပဒေပြု အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာဟု ပိုင်းခြားပြီးလျှင်၊ ဥပဒေပြုဌာန၊ အုပ်ချုပ်ရေးဌာန၊ တရားစီရင်ရေးဌာန တည်းဟူသော ဌာနကြီးသုံးခုက၊ နိုင်ငံသားတို့ထံမှ ခံယူကာ၊ ထိုအာဏာများကို သုံးစွဲဆောင်ရွက်ရမည်ဖြစ်သည်။အခြေခံဥပဒေ အခန်း (၈) ပုဒ်မ ၁၃၃ မှ ၁၅၃ အထိပါပြဋ္ဌာန်းချက်များသည်၊ စာရားစီရင်ရေး အာဏာအားလုံးကိုတရားလွှတ်တော်ချုပ်သာလျှင်အမှူးပြုသောတရားရုံးများသို့ အပ်နှင်းထားသည်။ ထိုအာဏာများတွင် ပုဒ်မ ၁၅၀ အရ၊ ရည်ညွှန်းသည့် ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့သို့ကန့်သတ်လျက်၊ လွှဲအပ်သည့်အာဏာမျိုးလည်း အကျုံးဝင်ပြီးဖြစ်သည်။ ဤကဲ့သို့ပေးအပ်ပြီးသော တရားစီရင်ရေးအာဏာကို၊ သုံးစွဲရာတွင် ပိုမိုထိရောက်နိုင်စေရန်အလို့ငှါ တရားလွှတ်တော်ချုပ်အား ထပ်ဖြည့်အာဏာများ အပ်နှင်းနိုင်ရန် ပုဒ်မ ၁၅၃ တွင်ရည်ညွှန်းထားသည့်အလျောက်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ ကို ထပ်မံပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်၊ တရားလွှတ်တော်ချုပ်သည်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၄ အရ၊ အပ်နှင်းသော ကြီးကြပ်ရေး အာဏာကိုသုံးစွဲရာ၌၊ အခြေခံဥပဒေအရ ပေးအပ်ထားသောတရားစီရင်ရေးအာဏာကို ပိုမိုထိရောက်စွာ သုံးစွဲခြင်းပင်ဖြစ်သည်။

၁၉၆၁

မိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုး နှင့် ဦးထွန်းအောင် ပါ ၃။

အမှန်အားဖြင့်ဆိုသော်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ရည်ရွယ်ရင်းမှာ၊ တရားစီရင်ရေးဆိုင်ရာ အချုပ်အခြာအာဏာကို နိုင်ငံသားတို့၏ ကိုယ်စားထိရောက်စွာ သုံးစွဲ ဆောင်ရွက်နိုင်စေခြင်းအလို့ငှါ၊ တရားလွှတ်တော်ချုပ်အား၊ တရားမဏ္ဍိုင်၏ အထွဋ်အထိပ်အဖြစ်ဖြင့်၊ ကြီးကြပ် ကွပ်ကဲကြည့်ရှုစေလျက်၊ တရားရုံးအဆင့်ဆင့်ကို တည်ထောင်ထားခြင်းဖြစ်လေရာ၊ သာမန်တရားရုံးမျှားသည်ငင်း၊ အခြေခံဥပဒေ ပုဒ်မ ၁၅၀ တွင် ရည်ညွှန်းသည့် ကန့်သတ်ထားသော တရားစီရင်ရေးဆိုင်ရာ အလုပ်ဝတ်တရားနှင့်၊ အာဏာမျှားကို သုံးစွဲဆောင်ရွက်သည့် တရားရုံးမျှားသည်ငင်း၊ တရားလွှတ်တော်ချုပ်၏ ကြီးကြပ်ကွပ်ကဲရေး အာဏာစက်အတွင်း၌သာ တည်ရှိရမည်ဖြစ်သည်။ ကင်းဝေးတည်ရှိနိုင်ချေ။ ထိုကြီးကြပ်ရေး အာဏာသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ အချုပ်အခြာဖြစ်သော တရားလွှတ်တော်ချုပ်ကို တည်ထောင်သည်နှင့်တပြိုင်နက် တပါးတည်း အပ်နှင်းပြီးဖြစ်သည်ဟုယူဆရပေမည်။ ပြည့်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၄ အရ၊ တရားလွှတ်တော်ချုပ်အား ကြီးကြပ်ရေး အာဏာအပ်နှင်းသည်မှာလည်း၊ အခြေခံဥပဒေအရ ပေးအပ်ထားသော စီရင်ပိုင်ခွင့် အာဏာကို ပိုမိုထိရောက်စွာ သုံးစွဲရန်အတွက် ဖြစ်ရကား၊ မူလရှိပြီး အာဏာကို ပေါ်လွင်ထင်ရှားစေခြင်းမျှသာ ဖြစ်သည်ဟု ယူဆရပေမည်။

ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေ ပုဒ်မ ၄၂(၃) အရ၊ "အစီရင်ခံစာရသော အခါ၊ နိုင်ငံတော် သမ္မတ သည်၊ အစီရင်ခံထားသည့်အတိုင်း အမိန့်ထုတ်၍ **အစီရင်ခံစာ** ကို၊ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာရမည်။ နိုင်ငံတော် သမ္မတ၏အမိန့်သည်၊ အပြီးသတ်အတည်ဖြစ်စေရမည်" ဟုပါရှိသည်။ "အပြီးသတ်အတည်ဖြစ်စေရမည်" ဆိုသောစကားရပ်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၀၇(၁) တွင် သုံးစွဲသော စကားရပ်မျိုးပင်ဖြစ်သည်။ ပုဒ်မ ၁၀၇(၁) အရ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် မိမိထင်ထင်မြင်ယူဆချက်အတိုင်း၊ ဥပဒေကြမ်းတခုခုကို ငွေဥပဒေကြမ်းဖြစ်ကြောင်း ထောက်ခံချက် ပေးခဲ့လျှင်၊ ထိုထောက်ခံချက်သည်အပြီးအပြတ်အတည်ဖြစ်စေရမည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့်ပုဒ်မ ၁၀၇(၁)တွင်၊ အပြီးအပြတ်အတည်ဖြစ်ရမည်ဆိုသည်ကို၊ **final and conclusive** ဟုရေးသားထားသည်။ ဤအင်္ဂလိပ် ဘာသာ စကားရပ်ကို၊ ရန်ကုန်မြို့နီစီပါယ် အက်ဥပဒေပုဒ်မ ၁၅ (၃) တွင်လည်း သုံးစွဲထား၍၊ယင်းစကားရပ်၏ အဓိပ္ပါယ်ကိုရန်ကုန်မြို့နီစီပါယ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍၊ ပေါ်ပေါက်လာသော**သခင် ဘမောင်နှင့်တရားဝန်ကြီး ဦးအောင်သာကျော်** (၁) တို့၏ အမှုတွင်၊ဤရုံးတော်ကဝေဖန်ရာ၌၊ "အပြီးအပြတ် အတည်ဖြစ်

(1) (1949) B.L.R. (S.C.) 188.

၁၉၆၁

ဗိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုး နှင့် ဦးထွန်းအောင် ပါ ၃။

ရမည်" ဆိုသည်ကား၊ ချမှတ်သည့် အမိန့်သည် ထိုရုံး၌ အပြီး အပြတ် ဖြစ်သော ကြောင့် ပြင်ဆင်ခြင်း မပြုလုပ်နိုင်။ အထက်ရုံးသို့ပင် အယူခံဝင်ခွင့် မရှိဟု ဆိုးဖြတ်ခဲ့သည်။ ဤကဲ့သို့ ဆုံးဖြတ်ရာ၌၊ *Commonwealth v. Limerick Steamship Co.* (1) နှင့် *Novain v. Freeman* (2) စီရင်ထုံး များကို ကိုးကားခဲ့သည်။မည်သို့ပင်ဖြစ်စေ တရားလွှတ်တော်ချုပ်က အခြေခံ ဥပဒေ အရ၊ အပ်နှင်းထားသည့် တရားစီရင်ပိုင်ခွင့် အာဏာတွင် အကျုံးဝင်သော ကြီးကြပ် ရေးအာဏာကို သုံးစွဲရာ၌ သာမန်အက်ဥပဒေအရပြဋ္ဌာန်းသော မည်သည့်ပြဋ္ဌာန်း ချက်ကမျှ ချုတ်ချယ်ပိတ်ပင်ခြင်း မပြုနိုင်ချေ။

ရွှေကောက်ပွဲနှင့် စပ်လျဉ်း၍ အကြောင်းခြင်းရာမှာ၊ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ကဒိုက်ဦးမဲဆန္ဒနယ်အတွက် မဲရုံ ၃၂ ရုံ၌ မဲပေးခဲ့ကြသည့် မဲပုံများကို ထိုနေ့ ညက မဲရုံမှူးနှင့် နီးသော ရဲဌာနများတွင် အပ်နှံပြီး နောက်တနေ့၌၊ ဒိုက်ဦးမြို့သို့ပို့ ခဲ့သည်။ နောက်တနေ့ (၉-၂-၆၀) တွင် ရွှေကောက်ပွဲ တာဝန်ခံအရာရှိက၊ မဲများ ရေတွက်မည်ပြုလုပ်ရာ၊ ဗိုလ်စိန်တိုး၏ ကိုယ်စားလှယ်က ဗိုလ်စိန်တိုး၏ မဲပုံးများမှာ ချိုယွင်းနေကြောင်းဖြင့် ကန့်ကွက်သဖြင့်၊ စစ်ဆေးရာတွင် မဲရုံ ၁၂ ရုံမှပေးပို့သော ဗိုလ်စိန်တိုး၏မဲပုံးများမှာ အမှန်ပင်ချိုယွင်းနေသည်ကို တွေ့ရှိရသောကြောင့်၊ ထိုမဲရုံ များက ပေးပို့သော မဲပုံးများတွင်ရှိမဲများကို ထုတ်မယူဘဲ၊ မဲပုံးများကို သိမ်းဆည်း ထားလိုက်သည်။ ကျန်မဲရုံ ၂၀ မှမဲပုံးများကိုမူကား၊ ဤကဲ့သို့ ချိုယွင်းခြင်းရှိသည်ကို မတွေ့ရ၍ ဖွင့်ပြီးမဲများရေတွက်ရာယင်းမဲရုံ ၂၀ အတွက်ထုတ်ပေးသည့် မဲပြားများမှာ ၁၆,၀၄၆ သာဖြစ်သော်လည်း၊ရေတွက်ရသည့် မဲပြားများမှာ ၁၉,၂၉၉ ပြားဖြစ်နေ၍ ၂,၄၅၃ မဲပိုနေလေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ရွှေကောက်ပွဲ တာဝန်ခံ အရာရှိက ရေတွက်ရသည့်မဲများမှာ ၁၉,၂၄၀ ဟုဆိုရာ၌၊ ရေတွက်ရာတွင် ပယ်ခဲ့သည့် မဲပြား ၅၁ ပြားကို၊ ထည့်သွင်းခြင်းမပြုသောကြောင့်ဖြစ်ပေမည်။ဗိုလ်စိန်တိုးကထိုမဲပြားပိုများမှာ ပျက်စီးယိုယွင်းနေ သော မဲပုံးများမှ မဲများဖြစ်သည်ဟု စွပ်စွဲသည်။ ထိုအချိန်အခါက အဘယ်အကြောင်းကြောင့် ဤကဲ့သို့ဖြစ်ရသည်ကို သိရှိနိုင်ရန် ခက်ခဲလှမည်မဟုတ်။ ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေအပိုဒ် ၅၀ အရ၊ မဲပေးလာသူအား မဲပြားမပေးမီ မဲပြား၏ ကျောဘက်တွင် မဲရုံမှူး၏ လက်မှတ်ပါရှိရမည်ဖြစ်သောကြောင့် ပိုမိုနေသော မဲပြားများသည်မည်သည့်မဲရုံမှ မဲပြားဖြစ်သည်ကို အတိအကျ ပြောနိုင်ပေမည်။ ထို့ပြင် လည်း ပယ်ထားသည့် မဲရုံ ၁၂ ရုံမှ မဲပုံးများကို ရေတွက်ပြီး ထုတ်ပေးသောမဲပြားအရေ အတွက်နှင့်နိုင်းယှဉ်ခဲ့လျှင်လည်း၊ အဖြစ် မှန်ကိုသိရှိရပေမည်။

---

(1) 35 C.L.R. 63. (2) (1889) 15 A.C.I.

၁၉၆၁

ဗိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုး နှင့် ဦးထွန်းအောင် ပါ ၃။

ဤကဲ့သို့ဖြစ်ပျက်နေ၍၊ ရွှေးကောက်ပွဲ တာဝန်ခံ အရာရှိက မဲရုံ ၁၂ ရုံ၌ မဲပုံများ ပျက်စီးချိုယွင်းသည်လည်းတကြောင်း၊ မဲရုံ ၂၀ ၌ ၁၅ ရာခိုင်နှုန်းမျှဖြစ်သော မဲပြားပိုများ တွေ့ရသည်လည်းတကြောင်း၊ ထိုအကြောင်းများကြောင့် "ဤမဲဆန္ဒနယ် တနယ်လုံးကို ပြန်လည်ရွေးကောက်ခြင်း ပြုလုပ်မှသာ ကောင်းလိမ့်မည်ဟု သဘော ရသည့်အတိုင်း၊ ပြန်လည်ရွေးကောက်ရန်၊ ၂၀-၂-၆၀ ရက်နေ့သို့------ - - ချိန်းဆို လိုက်သည်" ဟု ရွေးကောက်ပွဲ မင်းကြီးနှင့် တွဲဘက်အတွင်းဝန်ထံသို့၊ နည်းဥပဒေ ပုဒ်မ ၅၇ (က) (၂)အရ၊ အစီရင်ခံခဲ့သည်။ သို့ရာတွင် မဲရုံ ၁၂ ရုံ၌သာရွေးကောက်ပွဲ ထပ်မံ ကျင်းပရန် ညွှန်ကြားချက်ရရှိခဲ့သည်။

ဤကဲ့သို့သောညွှန်ကြားချက် ချမှတ်ခြင်းကို နားမလည်နိုင်သဖြင့် ရွေးကောက်ပွဲ တာဝန်ခံအရာရှိအတွက် လိုက်ပါ ဆောင်ရွက်သော နိုင်ငံတော် ရွှေနေချုပ်ကြီးအား မေးမြန်းရာ၊ ထိုစဉ်အခါက နည်းဥပဒေအပိုဒ် ၅၇(က) ကို ကိုးကား ဆောင်ရွက်ခဲ့ပုံရကြောင်းလျောက်ထားသည်။

ထိုအပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

> ၅၇-က။ (၁) ရွေးကောက်ပွဲ တရပ်ရပ် ကျင်းပရာတွင် မဲပုံးတခုခုကိုမတရား ယူဆောင်သွားလျှင်၊ သို့တည်းမဟုတ် မဲပုံးကို တနည်းနည်းဖြင့် ချိုယွင်းအောင် နှောင့်ယှက်လျှင်၊ သို့တည်းမဟုတ် မတော်တဆဖြစ်စေ၊ တမင်ဖျက်ဆီး၍ဖြစ်စေ မဲပုံးပျက်စီး ပျောက်ဆုံးလျှင်၊ ထိုမဲပုံးကို အသုံးပြုသော မဲရုံ၌ မဲပေးခြင်းသာ ပျက်ပြယ်သည်ဟု မှတ်ယူရမည်။ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍၊ အခြားဆောင်ရွက်မှုများသည် ပျက်ပြယ်ခြင်းမရှိစေရ။

မဲရုံ ၁၂ ရုံ၌ မဲပုံးများသည် ချိုယွင်းနေ၍ ထိုရုံများ၌ မဲပေးခြင်းမှာ ပျက်ပြယ်ရမည်မှာ ထင်ရှားသည်။ ကျန်မဲရုံ ၂၀ ၌မဲပုံးများသည် ကွဲပျက်ပိန်ပေါက်နေခြင်းမရှိသော်လည်း၊ ၎င်းမဲပုံးများထဲသို့ မရောက်ထိုက်သော မဲပြား ၂,၄၅၃ ပြား ရောက်ရှိနေ၍၊ ချိုယွင်းမည်ဟု ယူဆရမည်သာဖြစ်၍၊ မဲရုံ ၂၀ ၌လည်း အသစ်တဖန်ရွေးကောက်ပွဲ မကျင်းပခဲ့သည်မှာ၊ ဒိုက်ဦးမဲဆန္ဒနယ်အတွက်တရားမျှတသောရွေးကောက်ပွဲ ကျင်းပခဲ့သည်ဟု ယူဆနိုင်ရန် ခဲယဉ်းသည်။

မည်သို့ပင်ဖြစ်စေကာမူ၊ သက်ဆိုင်ရာ ဌာနက အမိန့်ပေးသည့် အတိုင်း၊ မဲရုံ ၁၂ ရုံ၌ ၂၃-၈-၆၀ နေ့ကရွေးကောက်ပွဲ ကျင်းပခဲ့ပြန်ရာ နောက်တနေ့၌၊ မဲပြားများရေတွက်ခြင်း မပြုမီ ဗိုလ်စိန်တိုး၏ ကိုယ်စားလှယ်က၊ မဲပုံးများ ချိုယွင်းနေသည်ဟု ကန့်ကွက်ပြန်၍ ဗိုလ်စိန်တိုး၏ မဲပုံးများကို တတ်ကျွမ်းသူ ပါရဂူများက စစ်ဆေးနိုင်

စေရန်၊ ရွေးကောက်ပွဲမင်းကြီးထံသို့ ပို့ခဲ့သော်လည်း၊ ရွေးကောက်ပွဲ တာဝန်ခံအရာရှိ သည် ၂၅-၄-၆၀ နေ့စွဲနှင့်၊ ပါလီမန် ရွေးကောက်ပဲ နည်းဥပဒေ ၇၄(၁)(ဂ) နှင့် (ဃ)အရ လိုအပ်သလိုအရေးယူ ဆောင်ရွက်ရန် ညွှန်ကြားချက်ရခဲ့၍၊ ရည်ညွှန်းသည့် နည်းဥပဒေ ၇၄(ဃ) အရ၊ မဲပုံးများ၌ချိယွင်းအောင် အနှောင့်အယှက် ပြုလုပ်ထား ခြင်း မရှိဟု ၂၇-၄-၆၀ နေ့စွဲနှင့် မှတ်တမ်းတင်ပြီး မဲပြားများကို ရေတွက်ခဲ့သည်။ မဲရုံ ၂၀ ရုံ၌ဗိုလ်စိန်တိုးက မဲပေါင်း ၁,၆၀၀ လောက်သာခဲ့သော်လည်း၊ မဲရုံ ၁၂ ရုံ၌ ဦးထွန်းအောင်က မဲပေါင်း ၅,၆၀၀ လောက်သာ၍၊ ၃၂ ရုံလုံးတွင်ရရှိသောမဲများကို ပေါင်းလိုက်သော ဦးထွန်းအောင်ကမဲ ၄,၀၀၀ လောက် သာနေ သောကြောင့်၊ ဦးထွန်းအောင်သည် အမတ်ရွေးကောက်တင်မြှောက်ခံရကြောင်း ကျေညာခံရသည်။

၁၉၆၁

ဗိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုး နှင့် ဦးထွန်းအောင် ပါ ၃။

တင်သွင်းသည့် ကန့်ကွက်လွှာ၌၊ မတရားပြုကျင့်မှုများကို ဖော်ပြခဲ့သော်လည်း၊ အမှုစစ်ဆေးသည့် အခါတွင် မဲရုံ ၂၀ ၌မဲပို ၂,၄၅၃ ပြားရှိနေသောကြောင့်၊ ဒိုက်ဦး မဲဆန္ဒနယ်အတွက် ကျင်းပခဲ့သည့်ရွေးကောက်ပွဲသည် တရားမျှတသော ရွေးကောက်ပွဲ မဟုတ်၍ ပျက်ပြယ်ရမည်ဟူသော အချက်သာ လျှောက်ထားခဲ့သည်။

ရွေးကောက်ပွဲ ခုံတော်အဖွဲ့က၊ ပိုနေသောမဲပြားများမှာ ဦးထွန်းအောင်၏ မဲပုံး များထဲသို့ ရောက်ရှိသည်ဟု သက်သေခံ အထောက်အထားမရှိ၊ ၎င်း၏မဲပုံးများထဲသို့ ရောက်သည်ဟု ယူဆစေကာမူ၊ဦးထွန်းအောင်၏ စုစုပေါင်းပိုမိုရှိရရှိသောမဲ ၄,၀၀၀ မှ မဲပြား ၂,၄၅၃ ပြားကိုနုတ်လျှင်၊ မဲ ၁,၅၀၀ ကျော်သာသေး၍၊ မဲပြားများ ပိုမိုနေ သည်မှာ၊ အနိုင်အရှုံးတွင် အရေးပါ အရာရောက်လောက်အောင် အကျိုးသက်ရောက် ခြင်း မရှိ၍ (Not materially affected) ဗိုလ် စိန်တိုး၏ ကန့်ကွက်လွှာကို ပယ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ယူဆခြင်းသည် အခြားမှရောက်လာသည့် မဲများမှာ ၂,၄၅၃ ပြားထက်ပိုမိုနိုင်သေးသည်ဟူသော အချက်ကို မစဉ်းစားမိ၍သာလျှင် ဖြစ်သည်။ ထိုကြောင့်မဲပြားပို ၂,၄၅၃ ပြားတွေ့ရှိမှုကြောင့် အနိုင်အရှုံးကို မထိခိုက်နိုင်ဟု ယူဆ ခြင်းသည် မှားယွင်းနိုင်သည်။ အနိုင်အရှုံးတွင် အရေးပါ အရာ ရောက်လောက်အောင် အကျိုးသက်ရောက်ခြင်း မရှိဆိုသည်မှာလည်း အင်္ဂလိပ်ခေတ်က ရွေးကောက်ပွဲ အက် ဥပဒေကို ကိုးကားပုံရသည်။ ယခုလက်ရှိ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေတွင် သက်ဆိုင်သည့်ပုဒ်မမှာ အောက်ပါအတိုင်း ဖြစ်သည်။

"၄၁။ (၁)။ ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ခုံတော် အဖွဲ့၏သဘောဌ်—

(က) အရွေးခံရသူသည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးကို အရ ယူသည်ဟုသော်၎င်း၊ ထိုနည်းဖြင့်ပင် သွေးဆောင်၍ ယူသည်ဟု

၁၉၆၁

မိုလ်စိန်တိုး (ခေါ်) ဦးစိန်တိုး နှင့် ဦးထွန်းအောင် ပါ ၃။

သော်၎င်း၊ ရွေးကောက်ပွဲ အနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှုများကြောင့်သာဖြစ်ရသည်ဟုသော်၎င်း ထင်မြင်သော်၊ သို့တည်းမဟုတ်

(ခ) ဤအက်ဥပဒေရှိ ပဌမဇယား၌ သီးခြားဖေါ်ပြထားသော တရားမဲ့ပြုကျင့်မှုတခုခုကို၊ အရွေးခံရသူ၏ အကျိုးငှါ ပြုသည်ဟုထင်မြင်သော်၊ သို့တည်းမဟုတ်

(ဂ) အရွေးခံသူအဖြစ်ဖြင့် အမည်တင်သွင်းခြင်းကို မတရားသဖြင့် လက်ခံသောကြောင့် သော်၎င်း၊ မတရားသဖြင့် ငြင်းပယ်သောကြောင့် သော်၎င်း၊ သို့တည်းမဟုတ် အမည်တင်သွင်းခြင်း ခံရသူသည် အရွေးခံရန် အရည်အချင်း မပြည့်စုံ သောကြောင့် သော်၎င်း၊ အရည်အချင်း ပျက်ယွင်းသောကြောင့်သော်၎င်း၊ သို့တည်းမဟုတ် မတရားသဖြင့်မဲကိုလက်ခံခြင်း ငြင်းပယ်ခြင်းတို့ကြောင့် သော်၎င်း၊ သို့တည်းမဟုတ် ပျက်ပြယ်သော မဲကို လက်ခံ သောကြောင့် သော်၎င်း၊ သို့တည်းမဟုတ် အခြေခံဥပဒေ၌ဖြစ်စေ၊ ဤအက်ဥပဒေ၌ဖြစ်စေ၊ ရွေးကောက်ပွဲ ဆိုင်ရာ ပါလီမန် အက်ဥပဒေတခုခု၌ ဖြစ်စေ၊ ပါရှိသော ပြဋ္ဌာန်းချက်များကို မလိုက်နာသောကြောင့် သော်၎င်း၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသတ်မှတ်ထားသော ပုံစံအတိုင်း မှန်ကန်စွာ မလိုက်နာသောကြောင့်သော်၎င်း တရားမျှတသော ရွေးကောက်ပွဲ မဟုတ်ဟု ထင်မြင်သော်၊ သို့တည်းမဟုတ်

(ဃ) လာဘ်ပေး လာဘ်ယူပြုခြင်း၊ ရွေးကောက်မှု အခွင့်အရေးများကို နှောင့်ယှက်ခြင်းတို့ကြောင့် လွှတ်လပ်စွာ မဲပေးနိုင်ခွင့်ရှိသော ရွေးကောက်ပွဲ မဟုတ်ဟု ထင်မြင်သော်

ထိုအရွေးခံရသူအား ရွေးကောက်ခြင်းသည်၊ ပျက်ပြယ်ရမည်။"

ခုံတော်အဖွဲ့သည် အပိုဒ်ငယ် (က)၏ ဒုတိယအပိုင်းကိုသာ စဉ်းစားဝေဖန်ခဲ့သည်။ ပိုမို၍သက်ဆိုင်သော ပြဋ္ဌာန်းချက်မှာ အပိုဒ်ငယ်(ဂ)ဖြစ်၍၊ "မတရားသဖြင့် မဲကို လက်ခံခြင်း"၊သို့တည်းမဟုတ် "ပျက်ပြယ်သော မဲကိုလက်ခံခြင်း" ဆိုသည့်အချက်များကို စဉ်းစားဝေဖန်သင့်သည်။ ပိုမိုနေသည့် မဲပြားများသည်၊ မတရားမဲ၊ သို့မဟုတ် ပျက်ပြယ်သောမဲများ ဖြစ်ခဲ့ပါမူ၊ အရေးပါ အရာရောက်လောက်အောင် အကျိုးသက်ရောက်သည် မသက်ရောက်သည်ကို ထည့်သွင်း စဉ်းစားရန်မလိုချေ။

ရွေးကောက်ပွဲသည် တရားမျှတသော ရွေးကောက်ပွဲ ဖြစ်မဖြစ်ကိုသာ စဉ်းစားဆုံးဖြတ်ရပေမည်။ "လက်ခံသည်" ဟူသောစကားရပ်ကို အပြေပြေယ်ကောက်ရာ၌

တဦးတယောက်၏ လက်ထဲသို့ထည့်မှ လက်ခံခြင်း ဖြစ်ရမည်ဟုမဆိုနိုင်။ ထို့ပြင်လည်း၊ မဲရုံတခုအတွက် ထုတ်ပေးသော မဲပြားကို အခြားမဲရုံတခုရှိ မဲပုံးထဲသို့ ထည့်ခဲ့လျှင်လည်း ပျက်ပြယ်သော မဲပြားဖြစ်မဖြစ်ကို စဉ်စားဆုံးဖြတ်ရပေမည်။

၁၉၆၁
ဗိုလ်စိန်တိုး (ခ၁) ဦးစိန်တိုး နှင့် ဦးထွန်းအောင် ပါ ၃။

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ (၄)အရ၊ ဤရုံးတော်က ကြီးကြပ်ရေးအာဏာကို သုံးစွဲရာ၌၊ စာချုန်တော်များ ထုတ်သည့်နည်း အတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်သောကြောင့်၊ နိုင်ငံတော် သမ္မတ၏ အမိန့်ကို ပယ်ဖျက်သင့်က ပယ်ဖျက်၍၊ တည်မြဲစေသင့်က တည်မြဲစေရမည်သာဖြစ်သည်။ ခုံတော်အဖွဲ့၏ အစီရင်ခံစာအစား၊ ဤရုံးတော်၏ အဆုံးအဖြတ်ကို အစား ထည့်သွင်း၍မပေးနိုင်။

မဲရုံ ၂၀ ၌ထားရှိသော ပုံမျှား၌၊ မဲပေါင်း ၂,၄၅၃ မဲပိုမိုနေသည်မှာ မတရားသော နည်းဖြင့် ရောက်သည် မရောက်သည်ကို ရွေးကောက်ပွဲ ခုံတော်ရုံးက မဆုံးဖြတ်ရသေးသည့်အလျောက်၊ နိုင်ငံတော်သမ္မတ၏ အမိန့်အပိုဒ် (၃)တွင် ရွေးကောက်ပွဲတွင် မည်သူ တဦးတယောက်မျှ တရားမဲ့ပြုကျင့်မှု ကျူးလွန်သည်ကို မတွေ့ရကြောင်းဟု ပါရှိသည်မှာ၊ အမြင်အားဖြင့်ပင် မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်၍၊ ခုံတော်အဖွဲ့၏ အစီရင်ခံစာနှင့်တကွ ၁၉၆၁ ခုနှစ်၊ ဇန္နဝါရီလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၀ ကိုပယ်ဖျက်လိုက်သည်။

ထိုကြောင့် ဗိုလ်စိန်တိုး၏ ကန့်ကွက်လွှာကို အခြားရွေးကောက်ပွဲ ခုံတော်အဖွဲ့တဖွဲ့က ထပ်မံစစ်ဆေးပြီးလျှင်၊ တရားဥပဒေနှင့်ကိုက်ညီသောအမိန့်ကိုချမှတ်ရန် ညွှန်ကြားလိုက်သည်။

† ၁၉၆၁

အောက်တိုဘာ
လ ၂ ရက်။

တရားလွှတ်တော်ချုပ်

အထောင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရပါ ၂ (အယူခံတရားခံများ)*

ယစ်မျိုးလိုင်စင်ကို လေလံပွဲတွင်ရောင်းချသည့်အရာ၊ သာမန်ပစ္စည်းများမဟုတ်၊ နိုင်ငံတော်အစိုးရအားတရားစွဲဆိုပိုင်ခွင့်မရှိသော အကြောင်းပြချက်။ ယစ်မျိုးလိုင်စင်ရောင်းပြီးနောက် အစိုးရတွင်ထပ်မံဆောင်ရွက်ရန်တာဝန်မရှိခြင်း။ ယစ်မျိုးအခွန်တော်ငွေကိုအရစ်ကျပေးရန်အခွင့်။ အခွန်တော်ငွေကိုပေးနိုင်စွမ်းရှိအောင်ပြုလုပ်သောအစီအစဉ်မျှသာ၊ လိုင်စင်ရောင်းချမှုအပြီးအပြတ် မဟုတ်သေးဟုမဆိုနိုင်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ နှင့်မဆိုင်။

ဆုံးဖြတ်ချက်။ ။ယစ်မျိုးလိုင်စင်ကို လေလံပွဲတွင်ရောင်းချသည့် အရာသည်သာမန်ပစ္စည်းမျိုးမဟုတ်၊ မြန်မာပြည်ယစ်မျိုးအက်ဥပဒေ ၁၂ အရ၊ တားမြစ်ထားသောလိုင်စင်မရှိဘဲ၊ ယစ်မျိုးဝင်ပစ္စည်းများကိုပြုလုပ်ခြင်းနှင့်ထိုအက်ဥပဒေပုဒ်မ ၁၀ အရ၊ တားမြစ်ထားသောလိုင်စင်မရှိဘဲ၊ သေရည်သေးရက်များကို ရောင်းချခြင်းလုပ်ငန်းတို့ကို လုပ်ဆောင်ရန်အတွက်အခွင့်မျှသာဖြစ်သဖြင့်၊ ယင်းသို့ပြုလုပ်ခွင့်ကိုဝယ်ယူရရှိခဲ့ခြင်းမှာ၊ သာမန်ပစ္စည်းအနေနှင့်ဝယ်ယူရရှိခဲ့သည်မဟုတ်၊ တရားဥပဒေအရတားမြစ်ထားသော ထုပ်ငန်းကိုလုပ်ဆောင်ရန်အတွက် အခွင့်ရရှိခဲ့ခြင်းမျှသာဖြစ်သဖြင့်၊ လိုင်စင်ဝယ်သူမှာ ပစ္စည်းအနေနှင့်မည်သည့်အရာကိုမျှမရရှိခဲ့ချေ။

၁၉၅၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများတရားလွှတ်တော်ချုပ်စာမျက်နှာ ၀၆ ကိုရည်ညွှန်းသည်။

သို့ဖြစ်၍လိုင်စင်ဝယ်ယူသူသည်သောင်းကျန်းမှုကြောင့်၊ လိုင်စင်နှစ်အတွင်း အချို့လများတွင်မိမိ၏ယစ်မျိုးဆိုင် ပိတ်ထားခဲ့ရသည့်အတွက်၊ အကျိုးခံစားခွင့်ဆုံးရှုံးရသည်ဟူသောအကြောင်းပြချက်ဖြင့်၊ မိမိကပေးသွင်းရန်ကျန်ရှိနေသေးသော ယစ်မျိုးအခွန်တော်ကိုမိမိထံမတောင်းခံသင့်ကြောင်းကျေညာရန်နှင့် အစိုးရအားထိုငွေတောင်းခံခြင်းမှတားမြစ်သည့်ဒိကရီရရန်အတွက် နိုင်ငံတော်အစိုးရအားတရားစွဲပိုင်ခွင့်မရှိချေ။

ယစ်မျိုးလိုင်စင်ကို ရောင်းချပြီးနောက် နိုင်ငံတော်အစိုးရက ထပ်မံဆောင်ရွက်ရန်ကျန်ရှိသော မည်သည့်ကိစ္စမျှမရှိတော့ချေ။

---

* ၁၉၅၈ ခုနှစ်၊ တရားမအယူခံအမှုအမှတ် ၃။

† နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများ ဖြစ်ကြသောဦးချန်ထွန်းနှင့် ဦးဘိုကြီးတို့ရှေ့မှောက်တွင် တရားဝန်ကြီးဦးဘိုကြီးအမိန့်ချမှတ်သည်။

၁၉၆၁

အထောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပါ ၂။

ဝယ်ငွေဖြစ်သော ယစ်မျိုးအခွန်တော်ကို လိုင်စင်ဆွဲဝယ်သူက၊ အရစ်ကျပေးရန်အခွင့်မှာ၊ ဝယ်ယူသူယစ်မျိုးလုပ်ငန်းကိုလုပ်ဆောင်ပြီး အရစ်ကျပေးနိုင်စွမ်းရှိအောင် ပြုလုပ်ထားသောအစီအစဉ်မျှသာဖြစ်ချေသည်။ ထိုအစီအစဉ်ပြုရုံမျှဖြင့် ယစ်မျိုးလိုင်စင်ရောင်းချမှုမှာ အပြီးအပြတ်မဟုတ်သေးဟုမဆိုနိုင်ချေ။ ထိုကြောင့်မပြီးပြတ်သေးသော ပဋိညာဉ်များနှင့်သဘက်ဆိုင်သော ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ လာပြဋ္ဌာန်းချက် များတွင် ပါရှိသည်။ အမှုတခုခုကိုဆောင်ရွက်ရန်အတွက်၊ ပဋိညာဉ်ပြုလုပ်ရာ၌၊ ထိုပဋိညာဉ်ပြုလုပ်ပြီးနောက်၊ ထိုအမှုကိုဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့်အခြေသို့ ဆိုက်ရောက်လျှင် ထိုပဋိညာဉ်မှာ ပျက်ပြယ်ရမည်ဟူသောပြဋ္ဌာန်းချက်သည်၊ ဤအမှုအဖြစ်အပျက်များဖြင့် လုံးဝသက်ဆိုင်ချေ။

အယူခံတရားလိုအတွက်။ ။ဦးမွန်စံလှိုင်လိုက်ပါဆောင်ရွက်သည်။

အယူခံ တရားခံများအတွက် ။ ။အစိုးရ လွှတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှုတွင် အယူခံလို အထောင်သည်၊ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ထိုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ၊ ဘိုကလေးမြို့၌လှော်စာရည်ဖေါက်၊ အရက်ဖြူချက်ပြီး၊ ယစ်မျိုးဆိုင် တည်ခင်းရောင်းချရန်အတွက် လုင်စင်ကို ငွေ ၉၀,၀၀၀ နှင့် လေလံပွဲတွင် ဆွဲဝယ်ခဲ့လေသည်။ ထို့နောက် ယစ်မျိုးလုပ်ငန်းကို၊ ထိုနှစ်ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်လုပ်ကိုင်ခဲ့ရာတွင်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့၌၊ ကွန်မြူနစ်သူပုန်များ ဘိုကလေးမြို့သို့ ချဉ်းနင်းဝင်ရောက် အုပ်စိုးသဖြင့်၊ လုပ်ငန်းကို ရပ်ဆိုင်းခဲ့ရလေသည်။ ထိုအချိန်အခါ၌ အထောင်သည်၊ လေလံဆွဲဝယ်စဉ်ကပေးခဲ့သောအရစ်ကျငွေနှင့် နောက်ထပ်ပေးခဲ့သောအရစ်ကျငွေများစုစုပေါင်းကျပ် ၂၇,၀၀၀ ကိုပေးဆောင်ခဲ့ပြီးဖြစ်လေသည်။ ဘိုကလေးမြို့ကို ထိုနှစ် ဩဂုတ်လတွင် အစိုးရပြန်လည်သိမ်းပိုက်ပြီးနောက်၊ အထောင်သည်၊ မိမိလုပ်ငန်းကို ပြန်လည်လုပ်ကိုင်ပြီး အရစ်ကျငွေ စုစုပေါင်းကျပ် ၁၇,၀၀၀ ထပ်မံပေးဆောင်လေသည်။ မူလဈေးငွေ ၉၀,၀၀၀ အနက် ငွေ ၄၅,၀၀၀ ပေးဆောင်ပြီးဖြစ်လေရာ၊ အထောင်သည်၊ ကျန်ငွေ ၄၅,၀၀၀ ကို၊ ယစ်မျိုးဆိုင်မဖွင့်နိုင်ခဲ့သော ကာလအပိုင်းအခြားအတွက်၊ အချိုးကျ ယစ်မျိုးခွန်အဖြစ် ပေးဆောင်ခြင်းမှ သက်သာခွင့်ရရှိရန်အတွက်၊ အစိုးရထံသို့ငင်း၊ တရားလွှတ်တော်ချုပ်သို့ငင်း လျှောက်ထားခဲ့ရာ၊ မအောင်မြင်သဖြင့် နောက်ဆုံး၌၊ တရားလွှတ်တော် မူလဘက်ဆိုင်ရာ တရားမကြီးမှု အမှတ် ၉၅/၅၂ တွင်တရားစွဲဆိုပြီး၊ ထိုကျန်ငွေ ၄၅,၀၀၀ ကို မိမိထံမှ မတောင်းခံသင့်ကြောင်း ကျေညာရန်နှင့်၊ အစိုးရအား ထိုငွေ တောင်းခံခြင်းမှ တားမြစ်ရန် ဒီကရီလျှောက်ထားလေသည်။ မူလ တရားဝန်ကြီးက

၁၉၆၁

အထောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပါ ၂။

အမှုကို ပလပ်လိုက်သဖြင့်၊ အယူခံဝင်ရာ၌လည်း တရားရုံးသောကြောင့်၊ အထောင်သည် ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၅ အရ၊ ဤရုံးတော်သို့ အယူခံဝင်လေသည်။

အစကနဦး ဆင်ခြင်သုံးသပ်ရန်အချက်မှာ၊ လေလံပွဲတွင် ရောင်းချသည့်အရာသည်၊ မည်သို့သောအရာဖြစ်သည်ကို စဉ်းစားရမည်ပင် ဖြစ်သည်။ ထိုရောင်းချသည့်အရာသည်၊ သာမန်ပစ္စည်းမျိုးမဟုတ်ချေ။ မြန်မာပြည် ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၁၂ အရ၊ ယစ်မျိုးဝင်ပစ္စည်းများကို လိုင်စင်မရှိဘဲ ပြုလုပ်ခြင်းမှ တားမြစ်ပြီး၊ ထို အက်ဥပဒေ ပုဒ်မ ၁၈ အရ၊ သေရည်သေရက်များကို လိုင်စင်မရှိဘဲ ရောင်းချခြင်းမှ တားမြစ်ထားလေသည်။ ထိုလုပ်ငန်းများကို အစိုးရထံမှ လိုင်စင်ရရှိမှသာလျှင်၊ ပြုလုပ်ရောင်းချနိုင်လေသည်။ ထိုကြောင့်ပင် ဖျာပုံ ကော်လိဘ်တော် အရာရှိသည်၊ ကျည်ဂျပြီး လေလံပွဲကျင်းပရာတွင် ဆွဲဝယ်သူများအနက်၊ အထောင်သည်ငွေအများဆုံးပေး၍ လှော်စာရည်ဖေါက်ခြင်း၊ အရက်ဖြူချက်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ပြီး၊ ယစ်မျိုးဆိုင်တည်ခင်းရောင်းချခွင့်ရရှိခဲ့လေသည်။ ယင်းသို့ပြုလုပ်ခွင့်ကို ဝယ်ယူရရှိခဲ့ခြင်းမှာ သာမန်ပစ္စည်းအနေနှင့် ဝယ်ယူရရှိခဲ့သည်မဟုတ်။ တရားဥပဒေအရ တားမြစ်ထားသောလုပ်ငန်းကို လုပ်ဆောင်ရန်အတွက်၊ အခွင့်ရရှိခဲ့ခြင်းသာဖြစ်သဖြင့်၊ အထောင်မှာ ပစ္စည်းအနေဖြင့် မည်သည့်အရာကိုမျှမရရှိခဲ့ချေ။ ***Hup For*** v. ***The Deputy Commissioner.*** **Insein and two others** (1) အမှုတွင် ဤရုံးတော်ကအောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုခဲ့လေသည်။

> **" Section 18 of the Burma Excise Act seems to us to be sufficient authority for the view that an excise license gives nothing more than a right *ex-contractu* which is a right *in personam*. There is no room under the Excise Act for a license coupled with an interest."**

သို့ဖြစ်၍ အထောင်သည် သောင်းကျန်းမှုများကြောင့် ယစ်မျိုးဆိုင်ပိတ်ထားခဲ့ရသည့်အတွက်၊ အကျိုးခံစားခွင့် ဆုံးရှုံးခဲ့ရသည်ဟူသော အကြောင်းပြချက်ဖြင့်၊ နိုင်ငံတော် အစိုးရအား တရားစွဲပိုင်ခွင့်မရှိချေ။

ထို့ပြင်လည်း ယစ်မျိုးလိုင်စင်ရောင်းချသည့် လေလံပွဲတွင် ပါဝင်ဆွဲဝယ်ရန် အားထုတ်သည့်သူများအနက်၊ အထောင်သည် ငွေအများဆုံးပေးသဖြင့်၊ ၎င်းအား ကော်လိတ်တော်အရာရှိက ယစ်မျိုးလိုင်စင်ကို ရောင်းချခဲ့လေသည်။ ယင်းသို့ ရောင်းချပြီးနောက်၊ နိုင်ငံတော်အစိုးရက ထုပ်မံဆောင်ရွက်ရန် ကျန်ရှိသော မည်သည့်ကိစ္စမျှမရှိ

(၁) ၁၉၅၀ ခုနှစ်၊ မြန်မာပြည်ဓိရင်ဆုံးများ၊ တရားလွှတ်တော်ချုပ်၊ စာမျက်နှာ ၈၆။

၁၉၆၁

အထောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပါ၅။

တော့ချေ။ အထောင်သည် ဝယ်ငွေဖြစ်သော ယစ်မျိုးအခွန်တော်ကို အရစ်ကျပေးဆောင်ခွင့်ရရှိခဲ့သည်မှာ မှန်ပေသည်။ သို့ရာတွင်၊ ထိုအစီအစဉ်မှာ ဝယ်ယူသူယစ်မျိုးလုပ်ငန်းကို လုပ်ဆောင်ပြီး၊ အရစ်ကျပေးနိုင်စွမ်းရှိအောင် ပြုလုပ်ထားသော အစီအစဉ်မျှသာဖြစ်ချေသည်။ ထိုအစီအစဉ်ပြုရုံမျှဖြင့် ယစ်မျိုးလိုင်စင် ရောင်းချမှုမှာ အပြီးအပြတ်မဟုတ်သေးဟု မဆိုနိုင်ချေ။ ထို့ကြောင့် မပြီးပြတ်သေးသော ပဋိညာဉ်များနှင့်သာ သက်ဆိုင်သော ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၅၆-လာ ပြဋ္ဌာန်းချက်များတွင် ပါရှိသည့်၊ အမှုတခုခုကိုဆောင်ရွက်ရန်အတွက်၊ ပဋိညာဉ် ပြုလုပ်ရာ၌ထိုပဋိညာဉ် ပြုလုပ်ပြီးနောက်၊ ထိုအမှုကို ဆောင်ရွက်ရန်မဖြစ်နိုင်တော့သည့်အခြေသို့ ဆိုက်ရောက်လျှင်၊ ထိုပဋိညာဉ်မှာ ပျက်ပြယ်ရမည်ဟူသော ပြဋ္ဌာန်းချက်သည်၊ ဤအမှုအဖြစ်အပျက်များနှင့်လုံးဝမသက်ဆိုင်ချေ။

အထောင်အား၊ လိုင်စင်ရောင်းချရာ၌၊ နိုင်ငံတော်အစိုးရထုတ်ပေးသော လိုင်စင်တွင်၊ ဆူပူသောင်းကျန်းမှုများကြောင့်သော်၎င်း၊ အခြားတခုခုသော အကြောင်းကြောင့်သော်၎င်း၊ ယစ်မျိုးလုပ်ငန်းကို မဆောင်ရွက်နိုင်သော်၊ အစိုးရကတာဝန်ယူမည်ဟု အာမခံချက်မရှိခဲ့ချေ။

အထက်ပါ ဖေါ်ပြပါအကြောင်းများကြောင့်၊ ဤအယူခံလွှာကို ပလပ်ရမည်ဖြစ်သည်။

အထောင်မှာမိမိ၌ အပြစ်မရှိဘဲ နှစ်နာဆုံးရှုံးခဲ့ရသည်ကို အကြောင်းပြု၍၊ နိုင်ငံတော်အစိုးရထံ သက်ညှာခွင့်ရရှိရန်အတွက်၊အနှုးအညွှတ်လျှောက်ထားရန်သာရှိတော့သည်။

အမှုအဖြစ်အပျက်အားလုံးကို ဆင်ခြင်သုံးသပ်ပြီးနောက်၊ အမှုသည်များသည်၊ မိမိတို့တရားစရိတ်ကို မိမိတို့ကိုယ်တိုင်ကျခံကြစေရန် အမိန့်ချမှတ်လိုက်သည်။ ။

တရားလွှတ်တော်ချုပ်

၁၉၆၁ ခု နိုဝင်ဘာလ ၁၃ ရက်။

ပီ၊အယ်(လ်)၊ ကေ၊ ကာစီချစ်တီးယား (ခေါ်) ဦးကာစီ ပါ ၂ (လျှောက်ထားသူများ)

နှင့်

ပီ၊ ဂါမဆာပုန္နပဏ္ဏ ပါ ၄ (လျှောက်ထားခံရသူများ)*

ချေပလွှာပြင်ဆင်ရန် အခွင့်အရေး၊ မူလအခွင့်အရေးမျိုးမဟုတ်၊ အခြေခံဥပဒေ ပုဒ်မ ၂၅ အရ အရေးယူပိုင်ခွင့်မရှိ၊ အမှုခေါ် စာချွန်တော်အမိန့်ထုတ်ပေးမည်မဟုတ်သော အမှု။

ဆုံးဖြတ်ချက်။ ။ချေပလွှာကို ပြင်ဆင်ရန် အခွင့်အရေးမျိုးသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ နိုင်ငံသားများအား ပေးအပ်သော မူလအခွင့်အရေးမျိုးမဟုတ်သဖြင့်၊ အခြေခံဥပဒေ ပုဒ်မ ၂၅ အရ၊ အရေးယူနိုင်ခွင့်မရှိခေါ်။

ချေပလွှာပြင်ဆင်ရန် လျှောက်လွှာပယ်သည့်အမိန့်ကို အယူခံရာတွင် အယူခံငြင်းချက်တရပ် အဖြစ်ဖြင့် ထည့်သွင်းလျှောက်ထားနိုင်သဖြင့်၊ ဤရုံးတော်က ဤကဲ့သို့သော အမှုမျိုးတွင် အမှုခေါ် စာချွန်တော်အမိန့်ထုတ်မည်မဟုတ်ခေါ်။

လျှောက်ထားသူများအတွက်။ ။ဦးထွန်းစိန် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှုတွင် လျှောက်ထားသူ ပီ၊အယ်(လ်)၊ကေ၊ ကာစီ ချစ်တီးယား (ခေါ်) ဦးကာစီနှင့် ၎င်း၏ဇနီး ဒေါ်တင် တို့က ပုသိမ်ခရိုင်၊တရားမ တရားသူကြီးရုံးတော်၊တရားမကြီးမှုအမှတ် ၃/၅၁ တွင် ၁၉၆၁ ခု၊ မတ်လ ၂၀ ရက်နေ့စွဲ ဖြင့်၎င်းတို့၏ချေပလွှာကိုပြင်ဆင်ခွင့်လျှောက်ထားသည်ကို ခရိုင်တရားမတရားသူကြီးက ပလပ်သဖြင့် ထိုပလပ်သည့်အမိန့်ကို ပြင်ဆင်ရန်အတွက် တရားလွှတ်တော်သို့ လျှောက် ထားပြန်သော်လည်းမအောင်မြင်သောကြောင့် ထိုအမိန့်နှစ်ရပ်ကိုအမှုခေါ် စာချွန်တော့ အမိန့်ဖြင့်သော်၎င်း၊အာဏာပေးစာချွန်တော် အမိန့်ဖြင့်သော်၎င်း ဝင်ရောက်စွက်ဖက်ရန် လျှောက်ထားကြလေသည်။ ယင်းသို့ ချေပလွှာကို ပြင်ဆင်ရန် အခွင့်အရေးမျိုးသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ နိုင်ငံသားများအား ပေးအပ်သော မူလ အခွင့် အရေးမျိုးမဟုတ်သဖြင့် အခြေခံ ဥပဒေပုဒ်မ ၂၅ အရ အရေးယူနိုင်ခွင့်မရှိခေါ်။ သို့ဖြစ်၍

---

* ၁၉၆၁ ခု နှုန်စ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၁၀၅။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ အရ အရေးယူနိုင်ခွင့် ရှိ မရှိ။ ရှိလျှင်လည်း အရေးယူသင့်၊မယူသင့်ကိုသာ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။

၁၉၆၁

ပီ၊ အယ် (လ်)၊ ကေ၊ ကာစီ ချစ်တီးယား (ခေါ်) ဦးကာစီ ပါ ၂ နှင့် ပီ၊ ဂါမဆာ ပုန္နပဏ္ဏ ပါ ၄။

အမှုအဖြစ်အပျက်များကို ခရိုင်တရားမတရားသူကြီး၏ ၁၉၆၁ ခု၊ ဇွန်လ ၂၉ ရက် နေ့စွဲပါအမိန့်တွင် အပြည့်အစုံဖေါ်ပြထားပြီးဖြစ်သဖြင့် ယခုလျှောက်လွှာနှင့်စပ်လျဉ်း၍ လိုအပ်သမျှ ကိုသာ ဖေါ်ပြရန် လိုပေတော့သည်။ အဆိုပါ တရားမကြီးမှုတွင် ယခု ကွယ်လွန်သူ ရှေရှမ(လ်)ဆိုသူ အိန္ဒိယ အမျိုးသမီး တယောက်က လျှောက်ထားသူ ပီ၊အယ်(လ်)၊ ကေ၊ကာစီ ချစ်တီးယား (ခေါ်) ဦးကာစီနှင့်ဒေါ်တင်တို့အား အခင်းဖြစ် အိမ်နှင့်မြေမှတ္ထက်ခွါသွားစေရန် တရားစွဲဆိုခဲ့ရာ၊ တရားရုံးတော်၏ အမိန့်တရပ်ကို ဦးကာစီနှင့် ဒေါ်တင်တို့ကမကျေနပ်သဖြင့် တရားလွှတ်တော် ပြင်ဆင်မှု အမှတ် ၅၂/၅၂ ၌ စောဒက ဝင်စဉ်တွင် ရှေရှမ(လ်)အနိစ္စရောက်သဖြင့် ထိုသို့ အနိစ္စရောက်ပြီး ရက်အနည်းငယ်အတွင်း၊ ယခုလျှောက်ထားခံရသူ အမှတ်(၁)ပီကေနေဆာ ပုန္နပဏ္ဏက မိမိအား သေဆုံးသူ၏ သားဖြစ်သည့်အတိုင်း တရားဝင် ကိုယ်စားလှယ်အဖြစ် အမှုတွင် ထည့်သွင်းပါရန်လျှောက်ထားလေသည်။ ယင်းသို့ လျှောက်ထားသည်ကို မူလ၌ ဦးကာစီနှင့် ဒေါ်တင်တို့က ကန့်ကွက်ရာတွင် ဦးကာစီ၏ ကျမ်းကျိန်လွှာ၌ ပီ၊ကနေဆာပုန္နပဏ္ဏသည် သေသူ၏သားဖြစ်သော်လည်း တရားမဝင်သော သားမျှသာဖြစ်ကြောင်း။ သေသူမှာ တရားဝင်သမီး အာမန်နီအာမ(လ်) ကျန်ရှိခဲ့ကြောင်း မြွက်ဆိုလေသည်။ ပီ၊ကနေဆာပုန္နပဏ္ဏ၏ ကိုယ်စားလှယ်က ပုန္နပဏ္ဏသည် သေသူ၏ တရားဝင် သားမဟုတ်ကြောင်း မြွက်ဆိုချက်မှာ မမှန်ကန်ကြောင်းဖြင့် ချေပလေသည်။ နောက်ဆုံး၌ အမှုသည်များ၏ ရှေနေကြီးများသည် တရားလွှတ်တော်တွင် ပုန္နပဏ္ဏနှင့် အာမန်နီအာမ(လ်) နှစ်ဦးစလုံးအား သေဆုံးသူ ရှေရှမ(လ်)၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန် သဘောတူညီကြသဖြင့် ယင်းသို့ ထည့်သွင်းရန် တရားလွှတ်တော်က ၁၉၅၃ ခု၊ ဇူလိုင်လ ၉ ရက်နေ့၌ အမိန့်ချမှတ်လိုက်လေသည်။

ဤအမှုမှာ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း ၁၉၅၁ ခု၊ မတ်လ ၁၄ ရက်နေ့တွင် တင်သွင်းခဲ့သော်လည်း ဦးကာစီနှင့် ဒေါ်တင်တို့က ဥပဒေကြောင်းဆိုင်ရာ အချက်အလက် အမျိုးမျိုးဖြင့် ခုခံထုချေသဖြင့် တရားလွှတ်တော်သို့ အကြိမ်ကြိမ် ရောက်ရှိခဲ့ရသည် တကြောင်း၊ အာမန်နီအာမ(လ်)သည်လည်း အိန္ဒိယပြည်တွင် နေထိုင်သဖြင့် ၎င်းအား ဆင့်စာများထုတ်ရာ၌ ကြန့်ကြာသည် တကြောင်းတို့ကြောင့် ယနေ့တိုင် အောင်ပင် မည်သည့်သက်သေကိုမျှ မယ်မယ်ရရ စစ်ဆေးခြင်း မပြုရသေးချေ။

ယခု နောက်ဆုံးလျှောက်ထားသော ချေပလွှာပြင်ဆင်ရန်အတွက် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဖေါ်ပြလိုသည်မှာ အထက်၌ဖေါ်ပြခဲ့သောတရားလွှတ်တော်ပြင်ဆင်မှုအမှတ် ၅၂/၅၂ တွင် ဦးကာစီ တင်သွင်းသော ၁၉၅၃ ခု၊ မေလ ၂၂ ရက်နေ့စွဲပါ ကျမ်း

၁၉၆၁

ပီ၊ အယ် (လ်)၊ ကော၊ ကာစီ ချစ်တီးယား (ခေါ်) ဦးကာစီ ပါ ၂ နှင့် ပီ၊ ဂါမဆာ ပုန္နပဏ္ဏ ပါ ၄။

ကျိန်လွှာ၌ ပီ၊ကနေဆာပုန္နပဏ္ဏသည် သေဆုံးသူ ရှေ့ရှမ (လ်)၏ တရားဝင်သား မဟုတ်ကြောင်း ဖော်ပြခဲ့သည်။ ထိုသို့ ဖော်ပြပြီးနောက်၊ ၎င်းအားကိုပင် သေဆုံးသူ၏တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန် သဘောတူခဲ့လေသည်။ ၁၉၆၁ ခု၊ မတ်လ ၂၇ ရက်နေ့ကျမှသာ ပီ၊ကနေဆာပုန္နပဏ္ဏသည် သေသူ မူလတရားလို၏ တရားဝင် ကိုယ်စားလှယ် မဟုတ်ကြောင်းဖြင့် ချေပလွှာကို ပြင်ဆင်ရန် လျှောက်ထားလေသည်။

တရားလွှတ်တော် ပြင်ဆင်မှုအမှတ် ၇၄/၆၁ တွင် ဖော်ပြသည့်အတိုင်း အကယ်၍ ဦးကာစီနှင့် ဒေါ်တင်တို့ တရားမကြီးမှုတွင် တရားရှုံးပါက အယူခံရာ၌ ခရိုင်တရားမရုံးတော်က ချေပလွှာ ပြင်ဆင်ရန် လျှောက်လွှာပယ်သည့်အမိန့်ကို အယူခံငြင်းချက်တရပ်အဖြစ်ဖြင့် ထည့်သွင်း လျှောက်ထားနိုင်လေသည်။ သို့ဖြစ်၍ ဤရုံးတော်က ဤကဲ့သို့သော အမှုမျိုးတွင် အမှုခေါ် စာချုန်တော် အမိန့် ထုတ်မည်မဟုတ်ချေ။

ထိုမှတပါး၊ ခရိုင်တရားမတရားသူကြီး ရုံးတော်၏ အမိန့်ကို စောဒကဝင်ရန် လမ်းပွင့်နေသေးသည်ဖြစ်၍၊ မှားသည်၊ မှန်သည်ကို ဤရုံးတော်က ဝေဖန်မည် မဟုတ်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ယခု လျှောက်လွှာကို ကြားနာရန် အတက် လက်မခံဘဲ ပယ်လိုက်သည်။

တရားလွှတ်တော်ချုပ်

မက်ဆာ၊ ဂန်ဂျန်ဒတ် (စ်) ရန်နရိန်ဂျန်ဒတ် (စ်) (လျှောက်ထားသူ) † ၁၉၆၁

နှင့်

ရန်ကုန်မြို့၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန် (လျှောက်ထားခံရသူ)* နိုဝင်ဘာလ ၁၃ ရက်။

မရွှေမပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းရေး (ကန့်သတ်ချက်) အက်ဥပဒေ ပုဒ်မ ၃ တားမြစ်သည့် အရာ။

မည်သည့်အခါ နေအိမ်ကို လစဉ်ငှါးစံနှစ်ဖြင့် ငှါးရမ်းသည်ဟု ယူဆခြင်း။

လျှောက်ထားသူက မိမိမူလပိုင်ထံမှ လစဉ်ငှါးစံနှစ်ဖြင့် ငှါးရမ်းထားသည့် အိမ်ခန်းကို အခြားသူ တဦးအား ထိုစံနှစ်ဖြင့်ပင် ငှါးရမ်းခွင့်ပေးရန် လျှောက်ထားသည်ကို၊ ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က လစဉ်စံနှစ်ဖြင့် ငှါးရမ်းခြင်းသည် ကာလအပိုင်းအခြားသတ်မှတ်၍ ငှါးရမ်းသည်မဟုတ်သောကြောင့် တန့်စ်ထက်ကျော်လွန်၍ ငှါးရမ်းသည်ဟု ယူဆရမည်ဖြစ်ကြောင်းနှင့် ဆုံးဖြတ်ပြီး မရွှေမပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းရေး (ကန့်သတ်ချက်) အက်ဥပဒေ ပုဒ်မ ၃ အရ၊ ဆန့်ကျင်သည်ဟု ယူဆ၍ လျှောက်လွှာကိုပယ်လိုက်လေသည်။

ဆုံးဖြတ်ချက်။ ။အထက်ပါ ငှါးရမ်းသည့်ဥပစာသည် နေအိမ်ဖြစ်ပြီး၊ ကာလအပိုင်းအခြားဖြင့် ငှါးရမ်းသည်မဟုတ်သောကြောင့်၊ လစဉ်ငှါးစံနှစ်ဖြင့်သာ ငှါးရမ်းသည်ဟု ယူဆရပေမည်။ မရွှေမပြောင်းနိုင်သည့်ပစ္စည်း လွှဲပြောင်းရေး (ကန့်သတ်ချက်) အက်ဥပဒေ ပုဒ်မ ၃ သည်၊ နိုင်ငံခြားသားမျှားအား တန့်စ်ထက်ကျော်လွန်သည့်ကာလအပိုင်းအခြားအတွက် မရွှေမပြောင်းနိုင်သည့်ပစ္စည်းကိုငှါးရမ်းခြင်းမှတားမြစ်သည်။

လျှောက်ထားသူအတွက်။ ။မစ္စတာ အင်၊အာ(ရ်)၊ ဘက္ကျော်ကျီ လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရ လွှတ်တော် ရွှေနေ ဦးလှမောင်လိုက်ပါ ဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှုတွင် ယခု လျှောက်ထားသူက မိမိမူလပိုင်ရှင်ထံမှ၊လစဉ်ငှါး စံနှစ်ဖြင့် ငှါးရမ်းထားသည့် ရန်ကုန်မြို့၊ရွှေဘုံသာလမ်း၊အမှတ် ၆၃၈/၆၅၀ ရှိ အိမ်ခန်းကို အခြားသူ တဦးအား ထိုစံနှစ်ဖြင့်ပင် ငှါးရမ်းနိုင်ခွင့် ပေးရန်အတွက်၊

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖဲလျှောက်လွှာအမှတ် ၁၇၂။

† နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးမျှားဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ရွှေမှောက်တွင် တရားဝန်ကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

၁၉၆၁

မက်ဆာ၊ ရန်ရွှန်ဒတ်(စ်) ရှန်နရိန်ဂျန် ဒတ် (စ်) နှင့် ရန်ကုန်မြို့၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန်။

ရန်ကုန်မြို့၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန်ထံ လျှောက်ထားရာ၊ ကြီးကြပ်ရေးဝန်က လစဉ် ဌါးစံနှစ်ဖြင့် ဌါးရမ်းခြင်းသည်၊ ကာလအပိုင်းအခြား သတ်မှတ်၍ ဌါးရမ်းသည် မဟုတ်သောကြောင့် တနှစ်ထက် ကျော်လွန်၍ ဌါးရမ်းသည်ဟု ယူဆရမည်ဖြစ်ကြောင်းနှင့် ဆုံးဖြတ်ပြီး၊ မင်္ဂလမပြောင်းနိုင်သည့် ပစ္စည်းလွဲပြောင်းရေး (ကန့်သတ်ချက်) အက်ဥပဒေ ပုဒ်မ ၃ အရနှင့် ဆန့်ကျင်သည်ဟုယူဆ၍၊ လျှောက်လွှာကို ပယ်လိုက်လေသည်။ ထိုသို့လျှောက်လွှာပယ်သည့် အမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူက အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန် ဤရုံးတော်သို့ လျှောက်ထားလေသည်။

ဤအမှုနှင့် အလားတူအမှုကို ဤရုံးတော် တရားမသေးမှု အမှတ် ၁၆၆/၆၁ တွင် ၁၉၆၁ ခု၊ အောက်တိုဘာလ ၃ ရက်နေ့၌ အမိန့်ချမှတ်ပြီး၊ ထိုအမှုတွင် ကြီးကြပ်ရေးဝန်၏ အမိန့်ကို ဤရုံးတော်ကပယ်ဖျက်ခဲ့သည်။

ဤအမှုတွင်လည်း ဌါးရမ်းသည့် ဥပစာသည် နေအိမ်ဖြစ်ပြီး၊ ကာလအပိုင်းအခြားဖြင့် ဌါးရမ်းသည် မဟုတ်သောကြောင့် လစဉ်ဌါးစံနှစ်ဖြင့်သာ ဌါးရမ်းသည်ဟု ယူဆရပေမည်။ အထက်၌ ဖော်ပြခဲ့သည့် **မင်္ဂလမပြောင်းနိုင်သည့် ပစ္စည်းလွဲပြောင်းရေး** (ကန့်သတ်ချက်) အက်ဥပဒေပုဒ်မ ၃ သည်၊ နိုင်ငံခြားသားများအား တနှစ်ထက်ကျော်လွန်သည့် ကာလအပိုင်းအခြားအတွက်၊မင်္ဂလမပြောင်းနိုင်သည့် ပစ္စည်းကို ဌါးရမ်းခြင်းမှ တားမြစ်ထားသည်ဖြစ်၍၊ ဤအမှုတွင် ပေါ်ပေါက်သည့် အဖြစ်အပျက်နှင့် မသက်ဆိုင်ချေ။

သို့ဖြစ်၍၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်ကို အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံကြရမည်ဖြစ်သည်။

တရားလွှတ်တော်ချုပ်

ဦးဟရန်နော် (လ) (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ချင်းရေးရာဝန်ကြီးဌာန (လျှောက်ထားခံရသူ)*

† ၁၉၆၁ ဒီဇင်ဘာလ ၁၁ ရက်။

ချင်းရေးရာကောင်စီ လုပ်ငန်းစဉ် နည်းဥပဒေများသည်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ ပုဒ်မ ၅ (၂) အရ၊ ပြဋ္ဌာန်းသော နည်းဥပဒေများဖြစ်သည်။ ချင်းရေးရာကောင်စီ ညီလာခံဆင့်ခေါ်ရေး သည် မူလအခွင့်အရေးမဟုတ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ချင်းရေးရာကောင်စီ လုပ်ငန်းစဉ် နည်းဥပဒေများကို ပြဋ္ဌာန်းရာ၌၊ အခြေခံဥပဒေအရ ပြုလုပ်သော ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ ပုဒ်မ ၅ (၂) အရ၊ ပြဋ္ဌာန်းသည်ဟု အတိအလင်းမဖော်ပြသော်လည်း အဆိုပါ နည်းဥပဒေများသည်၊ ချင်းဝိသေသတိုင်း အက်ဥပဒေပုဒ်မ ၅ (၂) အရ၊ ပြဋ္ဌာန်းသော နည်းဥပဒေများဖြစ်သည်ဟု ယူဆရမည်။

သို့သော်ငြားလည်း၊ ချင်းရေးရာကောင်စီညီလာခံ ဆင့်ခေါ်ရေးနှင့် သက်ဆိုင်သည့် အခွင့်အရေးသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအခန်း ၂ တွင် ပြဋ္ဌာန်းထားသော မူလအခွင့်အရေးမျိုးမဟုတ်ပေ။

လျှောက်ထားသူအတွက်။ ။ဦးကျော်မြင့်လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရ လွှတ်တော် ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှုနှင့် သက်ဆိုင်သည့် အဓိက အကြောင်းခြင်းရာများမှာ၊ အောက်ပါအတိုင်းဖြစ်သည်။ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့၌ ယခုလျှောက်ထားသူ ဦးဟရန်နော်(လ)သည်၊ တက်ကတောင်ပိုင်း မဲဆန္ဒနယ်မှလူမျိုးစု လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခြင်း ခံရသော အမတ်ဖြစ်၍၊ ချင်းရေးရာကောင်စီညီလာခံတွင် ချင်းရေးရာ ကောင်စီလုပ်ငန်းစဉ် နည်းဥပဒေအပိုဒ် ၆၅ အရ၊ ယခု လျှောက်ထားခံရသူ လက်ရှိ ချင်းရေးရာဝန်ကြီးအား အယုံအကြည် မရှိကြောင်း အဆိုကို တင်သွင်းလေသည်။ ထိုနှစ် အောက်တိုဘာလ ၄ ရက်နေ့၌၊ ယင်း

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၂၀၈။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီးအမိန့်ချမှတ်သည်။

† ၁၉၆၁

ဦးဟရန် နော် (လ်) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ချင်းရေးရာ ဝန်ကြီး။

ကောင်စီ သဘာပတိသည်၊ ညီလာခံကို အောက်တိုဘာလ ၁၂ ရက်တိုင် ခေါ်ဆိုင်းလိုက်လေသည်။ ဤကဲ့သို့ ခေါ်ဆိုင်းခြင်းသည်၊ နည်းဥပဒေ ၂၉ ပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသည့်အပြင်၊ ထိုနေ့မှာပင် သဘာပတိသည်ဌင်း၊ ဒုတိယ သဘာပတိသည်ဌင်း၊ မိမိတို့၏ ရာထူးမှ အသီးသီးနုတ်ထွက်ကြလေသည်။ ချင်းရေးရာ ဝန်ကြီးသည် ဤကဲ့သို့ အဆင်မပြေသည့် အခြေအနေသို့ ရောက်ရှိနေသဖြင့် အောက်တိုဘာလ ၆ ရက်နေ့၌ နည်းဥပဒေ ၃ အရ ကောင်စီညီလာခံကို ရုပ်သိမ်းလိုက်ရဟန်တူသည်။ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ယခု လျှောက်ထားသူ အပါအဝင် ကောင်စီလူကြီး ၁၄ ဦး အနက်၊ ဂ ဦးသည် မိမိတို့ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး၊ ချင်းရေးရာကောင်စီ လုပ်ငန်းစဉ် နည်းဥပဒေအပိုဒ် ၁၂(၁)အရ၊ ကောင်စီ ညီလာခံတရပ် အမြန်ဆုံး ကျင်းပရန် ဝန်ကြီးအား စာဖြင့် ပန်ကြားကြလေသည်။ ထိုနည်းဥပဒေအပိုဒ် ၁၂(၁)သည် အောက်ပါအတိုင်းဖြစ်သည်။

"၁၂။ ။(၁) သဘာပတိ ရာထူးသော်၎င်း၊ ဒုတိယသဘာပတိ ရာထူးသော်၎င်း လစ်လပ်၍၊သဘာပတိ၊ သို့တည်းမဟုတ် ဒုတိယ သဘာပတိကို ရွေးကောက်တင်မြှောက်ရန် လိုအပ်သောအခါ ဝန်ကြီးသည် ရွေးကောက်ပွဲ ကျင်းပရန် နေ့ရက်ကို လျှင်မြန်နိုင်သမျှ လျှင်မြန်စွာ သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်သော နေ့ရက်ကို အဇ္ဈတ်ဝန်က အမတ်အသီးသီးထံသို့ အကြောင်းကြားစာများ ပေးပို့ရမည်။"

ထို့ပြင်လည်း၊ ယင်းနည်းဥပဒေများ အပိုဒ် ၄ အရ ကောင်စီ၏ လက်ရှိ အမတ်ဦးရေ ထက်ဝက်အောက်မနည်းသော အမတ်များက ကိစ္စတရပ်ရပ်ကို ဖော်ပြ၍ ကောင်စီညီလာခံတရပ်ကို ဆင့်ခေါ်ပေးရန် လက်မှတ်ရေးထိုးပြီး ဝန်ကြီးနှင့် သဘာပတိထံတောင်းဆိုလျှင် ဝန်ကြီးသည် ထိုသို့ တောင်းဆိုသော နေ့မှစ၍ ၁၅ ရက်အတွင်း ကောင်စီကို ဆင့်ခေါ်ပေးရမည်ဖြစ်သည်။ယင်းသို့ဖြစ်လျက်ဝန်ကြီးသည် ကောင်စီညီလာခံကို ဆင့်ခေါ်ပေးခြင်းမပြုသဖြင့် ယခု လျှောက်ထားသူသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၅ အရ ကောင်စီ ညီလာခံ ဆင့်ခေါ်စေရန်အတွက် ဝန်ကြီးအား အာဏာပေး စာချွန်တော် အမိန့်တရပ် ထုတ်ပေးရန် လျှောက်ထားလေသည်။

ဝန်ကြီးသည် အထက်ပါပြဿနာများကို မငြင်းဆိုချေ။ သို့သော် ချင်းရေးရာ ကောင်စီ လုပ်ငန်းစဉ် နည်းဥပဒေများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ ဖြစ်စေ၊ အက်ဥပဒေတရပ်ရပ်အရဖြစ်စေ၊ ပြုလုပ်ထားသော နည်းဥပဒေများ မဟုတ်သဖြင့် တရားဥပဒေအဖြစ် အကျိုးသက်ရောက်သော နည်းဥပဒေများ မဟုတ်သည်တကြောင်း၊ ကောင်စီ ညီလာခံ ဆင့်ခေါ်ရန်အတွက်လည်း အရေးကြီးသော ကိစ္စရပ်

† ၁၉၆၁

ဦးဟရန် နော် (လ်) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ချင်းရေးရာ ဝန်ကြီး။

များ မပေါ်ပေါက်သေးသည် တကြောင်းတို့ကြောင့် ဆင့်ခေါ်ခြင်းမပြုဘဲ နေကြောင်း ဖြင့်ချေပလေသည်။

ချင်းဝိသေသတိုင်းနှင့် သက်ဆိုင်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပြဋ္ဌာန်း ချက်များအနက်၊ ပုဒ်မ ၁၉၈ ပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

"၁၉၈။ ။ဤအခြေခံ ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ချင်းရေးရာ ဝန်ကြီးနှင့် ချင်းရေးရာ ကောင်စီတို့၏ အာဏာနှင့် တာဝန်ဝတ်တရား များဆိုင်ရာကိစ္စအားလုံးကိုငှင်း၊ ထိုဝန်ကြီးနှင့် ထိုကောင်စီတို့၏ ဆက်ဆံရေး ဆိုင်ရာ ကိစ္စအားလုံးကိုငှင်း၊ ထိုဝန်ကြီး၊ထိုကောင်စီတို့နှင့် ပြည်ထောင်စုအစိုးရ၏ ဆက်ဆံရေးဆိုင်ရာ ကိစ္စအားလုံးကိုငှင်း တရားဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ် ရမည်။"

ထိုအခြေခံ ဥပဒေအရ ပြုလုပ်သော ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ ပုဒ်မ ၅(၂)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားလေသည်။

"၅။ ။(၂)ဝန်ကြီးနှင့် ချင်းရေးရာ ကောင်စီတို့ မှုခင်းကိစ္စကိုသင့်တင့်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှါ၊ ဝန်ကြီးသည် ကောင်စီ၏ အကြံပေးချက်နှင့်အညီ၊ မှုခင်းကိစ္စဆောင်ရွက်မှုဆိုင်ရာ နည်းဥပဒေများကို ပြုလုပ်နိုင်သည်။"

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ချင်းရေးရာ ကောင်စီ လုပ်ငန်းစဉ် နည်းဥပဒေများဟူသော ခေါင်းစဉ်ဖြင့် အထက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း သည့် နည်းဥပဒေများကို ပြဋ္ဌာန်းလေသည်။ ယင်းသို့ နည်းဥပဒေများ ပြဋ္ဌာန်းရာ၌၊ ချင်းဝိသေသတိုင်း အက်ဥပဒေပုဒ်မ ၅(၂)အရ ပြဋ္ဌာန်းသည်ဟု အတိအလင်း မဖော်ပြ သော်လည်း၊ အဆိုပါ နည်းဥပဒေများသည် ချင်းဝိသေသတိုင်း အက်ဥပဒေပုဒ် ၅(၂) အရ ပြဋ္ဌာန်းသော နည်းဥပဒေများဖြစ်သည်ဟုယူဆရပေမည်။

သို့သော်ငြားလည်း ချင်းရေးရာ ကောင်စီညီလာခံ ဆင့်ခေါ်ရေးနှင့် သက်ဆိုင်သည့် အခွင့်အရေးသည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအခဏ်း ၂ တွင် ပြဋ္ဌာန်းထားသော မူလအခွင့်အရေးမျိုး မဟုတ်သဖြင့် ဤရုံးတော်က အာဏာပေး စာချွန်တော် အမိန့် ထုတ်ဆင့်မည်မဟုတ်ပေ။ ဤအမှုတွင် တင်သွင်းသော ချေပကျမ်းကျိန်လွှာတွင် ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ချင်းရေးရာ ကောင်စီ ညီလာခံ ကျင်းပရမည်ဟု ဖော်ပြ ထားသည်ဖြစ်၍၊ ဖော်ပြသည့်အတိုင်း ချင်းရေးရာကောင်စီညီလာခံကို ဆင့်ခေါ်ပြီး၊ ပြုဘွယ်ကိစ္စရပ်များကို ဆောင်ရွက်လိမ့်မည်ဟု ဤရုံးတော်က ယုံကြည်ပေသည်။

† ၁၉၆၁

ဦးဟရန်
ဓနာ် (လ်)
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်အစိုးရ၊
ချင်းရေးရာ
ဝန်ကြီး။

ဤရုံးတော်က အာဏာပေး စာချွန်တော်အမိန့်ကို အမှုတွင် ပေါ်ပေါက်သော အခြေအနေအရ ထုတ်ပေးခြင်း ပြုမည်မဟုတ်သဖြင့် ယခု လျှောက်လွှာကို ပယ်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံကြရမည်ဖြစ်သည်။

တရားလွှတ်တော်ချုပ်

ဦးအာစိတ္ထ ပါ ၄ (စောဒကများ)

နှင့်

ဦးဥတ္တမ ပါ ၁၀ (စုဒိတကများ)*

၁၉၆၁ †
ဒီဇင်ဘာ
လ ၄ ရက်။

ဝိနိစ္ဆယခုံမပေးနိုင်သောအဆုံးအဖြတ်။

